
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## သပွတ်အူရိပ်ငြိမ်

စာမူခွင့်ပြုချက်အမှတ် - ၉၄၆/၂၀၀၃ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၀၂/၂၀၀၃ (၇)

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)

ရွှေနံ့သာကျေးရွာ ပုလဲမြို့(၃)၊

မင်္ဂလာဒုံ၊ ရန်ကုန်မြို့၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း ရန်ကုန်၊

စောင်ကျော်ရှိုင်

စေတနာစာပေ

# တက္ကသိုလ်တင်မြင့်

## သပွတ်အူရိပ်ငြိမ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



# ၁

BURMESE CLASSIC

မခံနိုင်တော့သည့်အထိ ပြောခံလာရတော့လည်း မင်းမင်း၏ ဒေါသသည် ပေါက်ကွဲတော့သည်။

မိမိကို အလေထာတောကောင်၊ ဘာမှအသုံးမကျဘူး၊ ဆယ်ပြားဖိုးသုံးကောင် အစားမျိုးဟု ပြောသည်အထိလည်း မင်းမင်း ငုံ့ခံပါ၏။ တဇောက်ရှူး၊ တော်သလင်းခွေးဟု ပြောသည်အထိလည်း မင်းမင်းခံနေပါသေး၏။

သို့သော်...

ဦးလေးအောင်သည် ထိုထက်ပိုပြီး သေဆုံးသွားခဲ့ပြီဖြစ်သော မင်းမင်း၏မိဘနှစ်ပါးကို စော်ကားလာသည်။

နှုတ်ဖြင့် စော်ကားရုံမက မော်တော်ကား ဝိုက်လှည့်သည့် သံတုတ်ဖြင့် မိမိကို ရိုက်မည်ဟု အနီးသို့ တိုးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှသောက်သုံးကျတဲ့ကောင်မဟုတ်ဘူး... စားဖို့နဲ့ အိပ်ဖို့ပဲ နားလည်တဲ့ကောင်... ဘယ်သောက်သုံးကျမလဲ... သူ့အဖေနဲ့အမေကမှ သောက်သုံးမကျတာ... ဒီမိဘက မွေးထားတဲ့သား... ဒီလိုပဲဖြစ်... "

"ခွပ်... "

တစ်ချက်ဆို တစ်ချက်တည်း မင်းမင်းသည် အနီးရှိ မော်တော်ကားဘီး ကျမ်းတုံးစ သစ်သားတုံးဖြင့် မိမိကို ရစရာ မရှိပြောရုံမက မိမိ၊ မိဘကိုပါ စော်ကားမော်ကားပြောရင်း ရိုက်မောင်းပုတ်မောင်းဝင်လာသည်နှင့် မင်းမင်းသည် သည်းမခံနိုင်သည့်အဆုံး ကျမ်းတုံးနှင့် ဦးလေးအောင်၏ ဦးခေါင်းကို ရိုက်ချလိုက်သည်။

သွေးတွေ ဦးခေါင်းမှ ဖြာခနဲ ထွက်လာသည်။

ဦးလေးအောင်တစ်ချက်တည်း အားလျားမှောက်ကြီး လဲကျသွားသည်။

မလှုပ်မယှက် ပြန်မထနိုင်ပါလေတော့။

မင်းမင်းအဖို့ ထိုအိမ်၊ ထိုနေရာ၊ ထိုဝပ်ရှော့မှ တခြားသို့ ထွက်ပြေးရတော့မည်။

ထိုအိမ်၊ ထိုဝပ်ရှော့မှ ခြေဦးတည့်ရာသို့ မင်းမင်း ထွက်ပြေးလာသည်။

ထိုနေရာ၊ ထိုဝပ်ရှော့က စမ်းချောင်းဆီဆုံလမ်းထဲ



မှာ ဖြစ်သည်။

ယခု မင်းမင်းသည် တွေ့ရာ ဘတ်စ်ကားစီး၊ အိမ်နှင့်ဝေးရာ ဆင်းချင်ရာနေရာဆင်းပြီး မပြေးရုံတမယ် လျှောက်လာနေသည်မှာ ဦးဝိစာရလမ်းမကြီးပေါ်၌ ဖြစ်ပါ၏။

လဲကျသော ဦးလေးအောင် သေမလား၊ ရှင်မလား။

မင်းမင်းသည် ဘယ်နည်းနှင့်မှ ရဲအဖမ်းမခံ ေပ။ မိမိအသက် (၂၀)စွန်းရုံလေးသာ ရှိသေးသည်။

ယခု လျှောက်ပြေးနေသည်ကလည်း နောက်မလိုတော့ပြီမို့ ရှေ့သို့ တိုးသွားနေသည့် သဘောသာ ရှိသည်။ တကယ်တော့... ဘယ်သွားလို့ ဘယ်လာရမှန်း မသိ။ ဘယ်သို့သွားမည်ဆိုသည့် စိတ်ကူးလုံးဝမရှိသေး။

ပြေးမိ ပြေးရာကို စွတ်ပြေးခြင်းသာ ဖြစ်သည်။

ထိုစဉ်မှာပင်...

၂/က အကွေ့ရာနံပါတ်လေးလုံးဖြင့် ဆလွန်းကားတစ်စီးသည် မင်းမင်း၏ဘေးတွင် ထိုးရပ်လိုက်သည်။

"လာဟေ့... မင်းမင်း ကားပေါ်တက်... "

မင်းမင်းရပ်ပြီး မော်တော်ကားထဲသို့ ကြည့်လိုက်သည်။

ကားထဲတွင် လူနှစ်ယောက်တည်း ပါသည်။

တစ်ယောက်က မောင်းပြီး၊ ကျန်တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘေးကုရှင်တွင် မောင်းသူနှင့်အတူ ထိုင်နေသည်။ အသက် (၃၀)ဝန်းကျင် လူရွယ်နှစ်ဦးဖြစ်ပါ၏။ သူတို့ နှစ်ယောက်လုံး ဝတ်စားထားသော အဝတ်အစားများအရလည်းကောင်း၊ သူတို့နှစ်ယောက်လုံး၏ ဥပဓိရုပ်ရည်အရ လည်းကောင်း၊ တန်းမြင့်လူတန်းစားနှစ်ဦးမှန်း သိသာသည်။ လူရည်သန့်များ ဖြစ်ကြပါ၏။

"လာလေကွာ မင်းမင်း... ကားပေါ်တက်လေ... ဒီလမ်းကြီးအတိုင်း အလျားလိုက် မင်းလျှောက်ပြေးနေရင် တစ်နေရာရာမှာ ရဲနဲ့တိုးပြီး ကွိခနဲမိသွားမယ်... ဒါမျိုးဖြစ်လာရင် လူမြင်သူမြင် ကိုယ်လုံးပြနေရမျိုးမှာ မနေရဘူးကွ... လုံခြုံတဲ့တစ်နေရာရာမှာ ခိုအောင်းပုန်းအောင်းပြီး ဝပ်နေရတယ်... "

"ခင်ဗျားတို့ နှစ်ယောက်က ဘယ်သူတွေလဲ... "

"ငါတို့နှစ်ယောက် ဘယ်သူဆိုတာက... မင်းအတွက် အရေးမကြီးပါဘူး... အခုလောလောဆယ် မင်းကို ရဲက မမိဖို့သာ အရေးကြီးတာ... ကဲ... ကားပေါ်တက်... မင်းမင်း... "

သူတို့နှစ်ယောက်သည် သူ့အား "မင်းမင်း"ဟု သိနေကြသည်။

"အခုလောလောဆယ် မင်းကို ရဲက မမိဖို့အရေးကြီးတယ်ဟုလည်းကောင်း... ဒီလိုဖြစ်လာရင် လုံခြုံတဲ့တစ်နေရာ



မှာ ဝပ်နေရမည်ဟုလည်းကောင်း" ပြောနေကြသည်။

ကေန္တ... ဦးလေးအောင်ကို မိမိက ကျွမ်းတုံးနှင့် ဆော်ထည့်ခဲ့သည်ကို သူတို့နှစ်ယောက်က သိပြီးသားဖြစ်နေပုံရသည်။

"ခင်ဗျားတို့က... ကျုပ်... ဦးလေးအောင် ဦးခေါင်းကို ရိုက်လိုက်တာ သိနေသလား... နောက်ပြီး... ကျုပ်နာမည် မင်းမင်းမှန်း ခင်ဗျားတို့ ဘာကြောင့် သိနေသလဲ... "

"အေး... ငါတို့မင်းကို "မင်းမင်း"မှန်းလည်း သိတယ်... ဝပ်ရှော့ဆရာကြီး ဦးအောင်ကို မင်းကျွမ်းတုံးနဲ့ ရိုက်ခဲ့တာလည်း ငါတို့မြင်တယ်... အဘိုးကြီးတစ်ချက်ထည်း ပုံလဲသွားတာပဲ... မင်းရိုက်ချက်တော်တော်ပြင်းပုံရတယ်... မင်းကို အဘိုးကြီးက သံတုတ်နဲ့ရိုက်ဖို့ဝင်လာတာလည်း မြင်တယ်... မင်းအသတ်အပုတ်ကျွမ်းကျင်တာတွေ... ကိုယ်ခံပညာနဲ့ကာယပညာတွေကို လိုက်စားခဲ့ထားတာတွေကိုလည်း ငါတို့သိထားတာပဲ... အေးပါကွာ... မင်းက အင်မတန်သန်မာတဲ့ အသက်အရွယ်ပဲရှိသေးတာကိုး... "

"ခင်ဗျားတို့နှစ်ယောက် ရဲတွေတော့မဟုတ်ပါဘူးနော်... "

"ကြံကြံဖန်ဖန်ကွာ... ဘယ်ကလာပြီး ငါတို့က ရဲတွေဟုတ်မှာလဲ...ငါတို့ရဲတွေသာဆိုရင် မင်းနဲ့ဒီလောက် ဘယ်စကားပြောနေမလဲ... မင်းကို ဖမ်းဆွဲပြီး ရဲစခန်းခေါ်သွားရုံပေါ့...

www.burmeseclassic.com

www.burmeseclassic.com



အခု ငါတို့က မင်းကို ရဲတွေလက်က လွတ်အောင်ကူညီချင်လို့... မင်းနောက်ကို လိုက်လာတာ... ”

“ကျွန်တော့်ကို ဘာလို့ အစ်ကိုတို့နှစ်ယောက်က ကူညီချင်တာလဲ... အစ်ကိုတို့နှစ်ယောက်လုံးကို ကျွန်တော်တစ်ခါမှလည်း မမြင်ဖူးဘူး... သိလည်း မသိခဲ့ဘူး... ”

ဘေးတွင်ထိုင်သူက မင်းမင်းရပ်နေသော ပလက်ဖောင်းဘက်ကျသဖြင့် သူကပင် ကားပြတင်းမှခေါင်းထုတ်ကာ လက်နှစ်ချောင်းထောင်ပြရင်း ဆက်ပြောသည်။

“မင်းကို ကယ်ချင်တာ အကြောင်းနှစ်ခုကြောင့်ပဲကွ... ပထမအကြောင်းက မင်းနဲ့ဦးအောင် မပြေမလည်ဖြစ်ပြီး ဦးအောင်က မင်းကို ကြိမ်းမောင်းပြောဆိုနေတာတွေ... ငါတို့ နားထောင်ပြီး ကြားတယ်... ဦးအောင်ကြီးက မင်းကို တော်တော် နိုင်ထက်စီးနင်းပြောရုံမကဘူး... ရိုင်းရိုင်းစိုင်းစိုင်းစကားတွေတောင် ပြောတာပဲ... မင်းက ပထမတော့ သူပြောသမျှငုံ့ခံနေသားပဲ... ဘာလဲ... အဲဒီဝပ်ရှော့ပိုင်ရှင် ဦးအောင်က မင်းဦးလေးအရင်းလား... ”

“မဟုတ်ဘူး... ကျွန်တော့်အဒေါ်ရင်း... ဒေါ်စိန်ခင်ရဲ့ယောကျ်ားပါ... ဒါကြောင့် ကျွန်တော်က ဦးလေးအရင်းလိုပဲ ဆက်ဆံခဲ့ပါတယ်... ”

“အေး... ငါတို့လည်း ထင်သားပဲ... ဦးအောင်ဟာ ဦးလေး



အရင်းမဟုတ်နိုင်ဘူးလို့... ဒါကြောင့်လည်း မင်းမိဘတွေကို စော်ကားတဲ့စကားတွေပြောတာပေါ့... နောက်ပြီး... မင်းကို သူ့တူအရင်းမဟုတ်လို့ သံတုတ်နဲ့ ရိုက်မယ်လို့လုပ်တာပေါ့... တကယ်တော့ မင်းက ကိုယ့်ကိုယ်ကို ကာကွယ်ရင်း ကျမ်းတုံးဆွဲရိုက်တာပဲ... သူ တစ်ချက်တည်း လဲကျသွားတာလည်း တို့မြင်သားပဲ... မင်း မမှားပါဘူး မင်းမင်း... ဒီနေရာမှာ ဒီလိုဖြစ်ရင် ဒီလိုပဲ ကိုယ့်ကိုယ်ကို ကာကွယ်ကြမှာပဲပေါ့... ”

“ဟုတ်တယ်... ကျွန်တော် ဘာမဆိုသည်းခံတယ်... ခါတိုင်းလည်း နေ့စဉ်နေ့တိုင်း ကျွန်တော့်ကို ဆူပူကြိမ်းမောင်းနေတာကို ကျွန်တော်ခံပါတယ်... ဒီနေ့တော့... သေဆုံးသွားတဲ့ ကျွန်တော့်အဖေနဲ့အမေကို သူစော်ကားမော်ကားပြောလာတာ မခံနိုင်တော့လို့ ကျွန်တော် ရိုက်ပစ်မိတာ...”

ယခုလက်ရှိအခြေအနေမှာ ဦးလေးအောင်သေလည်း လူသတ်မှုပုဒ်မနှင့် ခံရမည်။ ဦးလေးအောင်မသေလည်း ရိုက်မှုပုဒ်မနှင့် ခံရမည်။

ယင်းသို့ ရဲအဖမ်းမခံနိုင်သောကြောင့်လည်း ထွက်ပြေးလာခြင်း ဖြစ်သည်။

ယခု လောလောဆယ် ထိုလူနှစ်ယောက်ခေါ်ရာသို့ လိုက်သွားသင့်သည်ဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ...

မင်းမင်းအဖို့ အဖေနှင့်အမေ သေဆုံးသွားပြီး ကတည်းက မိမိအပေါ်တွင် အကြင်နာ၊ ကရုဏာနှင့်ဆက်ဆံသူ ဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ခဲ့ဘူးပေ။

လူတွေအားလုံး၏ သဘောထားကိုက မြေနိမ့်ရာတွင် လှံစိုက်ချင်ကြသည်။

အဒေါ်ရင်း ဒေါ်လေးစိန်ခင်ကတော့... မင်းမင်း၏ မေမေ သေခါနီး "ငါ့ သားလေး မင်းမင်းကို ဂရုစိုက်လိုက်ပါ စိန်ခင်ရယ်..." ဟု တတွတ်တွတ်မှာကြားခဲ့သောကြောင့် တစ်ကြောင်း။

မိမိဘဝမှာ အဖေနှင့်အမေ သေဆုံးသွားသည်နှင့် တစ်ကောင်ကြွက်ဘဝကို ရောက်သွားသည်မို့လည်းကောင်း၊ မိမိအား စေတနာမေတ္တာလေးသက်ရောက်မှုရှိသည်ကိုတော့ တွေ့ရပါ၏။

သို့စေကာမူ... ဒေါ်လေးစိန်ခင် ကိုယ်တိုင်က သူ့ယောက်ျားကြီး ဦးလေးအောင်အား ကြောက်ရသူ ဖြစ်သည်။

ဦးလေးအောင်နှင့် ဒေါ်လေးစိန်ခင်တို့က မွေးသော တစ်ဦးတည်းသော သား... မင်းမင်းနှင့် ညီအစ်ကို တစ်ဝမ်းကွဲ တော်သူ အောင်မောင်းလည်း မိမိအား သူတို့အိမ်တွင် ခိုကပ်စားနေသူအမြင်နှင့် မိမိကို နှိုင်ချင်သည်။



မင်းမင်းအဖို့ ဖေဖေနှင့်မေမေ ဆုံးသွားပြီးနောက် ဘယ်လိုတခြား လူသားတစ်ယောက်မျိုးအပေါ်တွင်မှ စေတနာ မေတ္တာကို မယုံကြည်တော့ပေ။

ယခုလည်း... မိမိလုံးဝမမြင်ဘူး၊ မသိဘူးသော လူနှစ်ယောက်က မိမိအား ကူညီချင်သည်ဆိုခြင်းကို မင်းမင်း လွယ်လွယ်နှင့် အဘယ်မှာလျှင် ယုံကြည်ပါအံ့နည်း။

ထို့ကြောင့် ထိုလူနှစ်ယောက်က စွတ်ခေါ်နေသော်လည်း မင်းမင်း မယုံဘဲ အကဲခတ်နေပါ၏။ ထို့ကြောင့် ကားပေါ် တက်သေးဘဲ ရပ်မြဲရပ်နေမိသည်။ လက်နှစ်ချောင်းထောင်ပြီး ပြောနေသူက ဆက်၍ပြောပေသည်။

"ဒုတိယအချက်ကတော့... နွေးနွေးမွန်နဲ့ပတ်သက်လို့ပဲ ကွ..."

"ဗျာ... မမနွေးနဲ့ပတ်သက်လို့ဟုတ်လား..."

"ကဲပါ... မင်းမင်းရာ... ကားပေါ်တက်မှာသာ တက်ပါ... မင်းလည်း အခုထိ ညစာထမင်းမစားရသေးဘူး မဟုတ်လား... မင်းအတွက် လုံခြုံတဲ့နေရာကို ခေါ်သွားပြီး စားရင်းသောက်ရင်း စကားပြောကြတာပေါ့..."

မင်းမင်းသည် သူတို့က နွေးနွေးမွန်ဟု ပြောသောကြောင့် မမနွေးအကြောင်းကို မင်းမင်း စိတ်ထဲကိုယ်က သိချင်စိတ်ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောကြသော နွေးနွေးမွန် ဆိုသူမှာ မိမိက "မမနွေး"ဟု ခေါ်ခဲ့သော အသက် (၂၃) (၂၄)ခန့် သိပ်ချော သိပ်လှသော အမျိုးသမီးတစ်ဦး ဖြစ်ပါ၏။

ပြီး...

လက်ရှိကျရောက်နေသော အခြေအနေပေါ် မူတည်ပြီး ယခုလို လမ်းပေါ်တွင် ဘယ်သွားလို့ ဘယ်လာရမှန်း မသိ သွားနေခြင်းထက် နောင်ခါလာ နောင်ခါချေးဟု သဘောပိုက်ကာ ထိုလူနှစ်ယောက်၏ကားနှင့် လိုက်ပါသွားပါက ဘာပြောပြော ရဲအဖွဲ့လက်က ရှောင်တိမ်းနိုင်သည့် အခွင့်အရေးတစ်ခုဖြစ်နေသည်။

သူတို့၏စေတနာနှင့် ကူညီသည်ဆိုသည့် စေတနာစကားကို လုံးဝမယုံကြည်စေကာမူ... အခိုက်အတန့်လုံခြုံရာသို့ ရှောင်တိမ်းနိုင်ခြင်း။ မမနွေးအကြောင်းကို သိရှိနိုင်စေခြင်းတို့ကြောင့် သူတို့၏ ကားနောက်ပေါက်တံခါးကို ဖွင့်ကာ မင်းမင်း ဝင်ထိုင်လိုက်သည်။

တံခါးပြန်ပိတ်သည်နှင့် ကားဆက်မောင်းထွက်ခွာလာခဲ့ပါ၏။

ကားပေါ်ရောက်ပြီး မောင်းထွက်လာသည်နှင့် ရှေ့မှထိုင်သူ၏ထံမှ စကားသံထွက်လာပြန်သည်။

"မင်းမင်းနဲ့ နွေးနွေးမွန်ဟာ ဒီနေ့ နေ့ခင်းပိုင်းက နွေးနွေး



မွန်ရဲ့ ၃/က ခဲပုတ်ရောင် ဆန်နီဆလွန်းဖင်လုံးကားလေးနဲ့ ပဲခူးက အတူတူလာခဲ့ကြတယ် မဟုတ်လား... "

"မဟုတ်တာ... "

"မညာချင်နဲ့မင်းမင်း... ပဲခူးက ထွက်လာကြပြီး... ထောက်ကြံ့မှာ မင်းတို့ နွေးနွေးမွန်ကား ကွိုင်မကောင်းလို့ ကိုမူတူး ဝပ်ရှော့မှာ ကွိုင်သစ်တစ်လုံးလဲသွားသေးတာ ပဲ... "

"အဲဒါတော့ ဟုတ်တယ်... ထောက်ကြံ့က ကိုမူတူး ဝပ်ရှော့ဆိုင်မှာ မမနွေးရဲ့ကားကို ကွိုင်အသစ်လဲပေးလိုက်သားပဲ... ဒါက ဒီလိုလေ... မမနွေးရဲ့ကား ထောက်ကြံ့ မရောက်ခင် လေးငါးမိုင်အကွာလောက်မှာ လမ်းဘေးထိုး ရပ်ထားတယ်... ကျွန်တော်နဲ့ ဦးလေးအောင်ရဲ့သား အောင်မောင်းရော... သူငယ်ချင်းတွေရော... ကားစမ်းရင်း ပဲခူးကအပြန် မမနွေးတစ်ယောက်တည်း လမ်းဘေးမှာ ကားရပ်ထားတာတွေ့တယ်... ကျွန်တော်တို့ကားကို မမနွေးက လက်တားပြီး အကူအညီတောင်းတယ်... ကျွန်တော်က ကားပြင်သမားပဲ... ဒီတော့ ကျွန်တော့်ညီ အောင်မောင်းကို ကားရပ်ခိုင်းပြီး မမနွေးရဲ့ကားကို ပြင်ပေးဖို့ အပြစ်ရှာပေးတယ်... မမနွေးရဲ့ကားက ကွိုင်ရေ ဝင်နေတာကို စစ်ဆေးတွေ့ရတယ်... အဝတ်စစွတ်ပြီး နာရီဝက်လောက် ကွိုင်ကို အုပ်ထားပြီး ပြန်နှိုးရင် စက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



နှိုးလို့ရမယ်မှန်း ကျွန်တော်သိတယ်… အဲဒီလောက်အချိန် အကြာကြီး ကျွန်တော့်ညီဝမ်းကွဲ အောင်မောင်းက မဖုံးစောင့်နိုင်ဘူး… မင်းဟာမင်း… အဲဒီကားနဲ့ပြန်လိုက်ခဲ့တော့ဆိုပြီး ထားသွားတယ်…မမနွေးရဲ့ကားကို ခုနပြောတဲ့အတိုင်း လုပ်ပေးလို့ စက်ပြန်နိုးတယ်… ဆက်မောင်းလာပြီး ထောက်ကြံ့က ကိုမူတူးဝပ်ရှော့မှာ ကွိုင်အသစ်တစ်လုံး ဝယ်ထည့်ပေးတယ်… မမနွေးနဲ့ကျွန်တော် ပဲခူးက အတူတူလာတာ မဟုတ်ဘူး… ”

“အေး… အဲဒီထောက်ကြံ့က ဝပ်ရှော့ပိုင်ရှင် ကိုမူတူးက မင်းတို့ သိနေတယ်… မင်းဟာ ရန်ကုန်စမ်းချောင်းထဲက ဦးအောင်ရဲ့ဝပ်ရှော့က ဦးအောင်ရဲ့တူတဲ့… မင်းနဲ့နွေးနွေးမွန် ပဲခူးက အတူတူလာကြပြီး… သူ့ဆီမှာ ကွိုင်သစ်ဝင်လဲသွားတာတဲ့… ဒါကြောင့် ငါတို့နှစ်ယောက် မင်းတို့ ရန်ကုန်က ဝပ်ရှော့ကို လိုက်လာတာ… မင်းနဲ့ဦးအောင် စကားအချေအတင်များနေတာနဲ့ မသိမသာရပ်ကြည့်နေတာ… ငါတို့အားလုံးမြင်တယ်… ကြားတယ်…

ကားမောင်းနေသူက မင်းမင်းကို လှည့်ပြီး ပြောနေသော သူ့အဖော်အား…

“ဒီမယ်… ကြီးမြင့်… မင်းက ဒီချာတိတ်ကို ဒီလောက် အရှည်ကြီးများတောင် ရှင်းပြနေစရာလိုလို့လား… ဒီချာ



တိတ် မင်းမင်းနဲ့ နွေးနွေးမွန်ဟာ ပဲခူးကပဲအတူတူလာလာ… တာဝတိံသာကပဲ အတူတူလာလာ… အဲဒါက တကယ့်အကြောင်းရင်းမှ မဟုတ်တာ… အဓိကအကြောင်းက နွေးနွေးမွန်ဟာ ဒီချာတိတ်ကို ဘာတွေပြောသွားလဲ ဆိုတာ သိဖို့အဓိကပဲဟာ… ထောက်ကြံ့နဲ့ ရန်ကုန်ဟာ မိုင်နှစ်ဆယ်လောက်ရှိတယ်… ဖြည်းဖြည်းမှန်မှန်မောင်းရင် နာရီဝက်လောက် မိနစ်လေးဆယ်လောက်ကြာနိုင်တယ်… တစ်စက္ကန့်ကို စကားတစ်ခွန်းပဲပြောဦး… တစ်မိနစ်ကို အခွန်းခြောက်ဆယ်ပြောနိုင်တယ်… မိနစ်သုံးလေးဆယ်ဆိုရင် စကားအခွန်းပေါင်း ဘယ်လောက်အများကြီးပြောနိုင်မယ်ဆိုတာ မင်းတွက်ကြည့်… အေး…ဒီတော့ နွေးနွေးမွန်ဟာ သူ့ကို ဘာတွေပြောသွားသလဲဆိုတာ ကိုသာ အဓိက မေးပေါ့ကွာ… ”

မင်းမင်းက ကားရှေ့ဘူရှင်တွင်ထိုင်ပြီး မိမိကို စကားတွေပြောသူမှာ “ကိုကြီးမြင့်”နာမည်ရှိသူဟု ၊ှတ်သညာ ထားလိုက်သည်။

“မေးမှာပေါ့… ဝေလင်း… မင်းကလောရန်ကော…စကား ဆိုတာ တစ်ခါတလေကျရင် မော်တော်ကားဆီချ…ပဲလို ချူပြီးပြောမှ ပိုက်ထဲက ပိတ်နေတဲ့ ဆီတွေကျတာတာ…”

ကားမောင်းသူမှာ“ကိုဝေလင်း”ဟု…ပြီး မင်းမင်း

www.burmeseclassic.com

www.burmeseclassic.com



ကမှတ်သားလိုက်ပြန်သည်။

ကိုကြီးမြင့်က ခါးဆိမ်နောက်လှည့်ဖြင့် မင်းမင်းကို ဆက်မေးပြန်သည်။

"ဟဲ... မင်းမင်း... ဟိုကောင်ဝေလင်းပြောတာ မင်းကြားသားပဲ... နွေးနွေးမွန်ဟာ မင်းနဲ့အတူတူရှိနေတဲ့တစ်ချိန်လုံးမှာ ဘာတွေပြောသလဲ... "

"မမနွေးပြောတာတွေကတော့ အများကြီးပေါ့ဗျာ... "

"ဒီအများကြီးကိုပဲ ငါတို့သိချင်နေတာ... ပြောစမ်း... နွေးနွေးမွန်က မင်းကို ဘာတွေပြောခဲ့သလဲ... "

"ကားကိုလက်တားပြီး... ကျွန်တော်က ဆင်းတော့... ကားဘာဖြစ်မှန်းမသိဘူးတဲ့... မောင်းနေရင်း ထိုးရပ်သွားတာတဲ့... စက်ဘယ်လိုမှ ပြန်နှိုးလို့မရတော့ဘူးတဲ့... "

"ဒါဆို... မင်းနဲ့နွေးနွေးမွန်ဟာ ကားပျက်လို့ ခရီးကြုံလမ်းကြုံ မင်းကားဝင်ပြင်မှ သိကျွမ်းကြတာပေါ့... ဟိုတုန်းကတည်းက သိကျွမ်းပြီးသားမဟုတ်ဘူးပေါ့... ဟုတ်လား..."

"ကြံကြံဖန်ဖန်ဗျာ... မမနွေးလို သိပ်ပြီးအဆင့်အတန်းမြင့် အမျိုးသမီးတစ်ယောက်ကို ကျွန်တော့်လို ဝပ်ရှော့မှာ ထမင်းစားကျွန်ခံလုပ်နေတဲ့လူက ဘယ်မှာလာပြီး အသိအကျွမ်းဖြစ်နိုင်မှာတဲ့လဲ... "

မောင်းသူ ကိုဝေလင်းက ဦးဝိစာရလမ်းကြီးမှ မြို့မ



ကျောင်းဘက်လမ်းသို့ ကွေ့ချိုးလိုက်သည်။

"ဒါဆို... နွေးနွေးမွန်ပြောတာတွေ ဆက်ပြော... "

"သူ့အတွက် ကျွန်တော်က ကားပြင်ပေးလို့ ကျွန်တော့်အဖော်တွေက ကျွန်တော့်ကို ထားပစ်ခဲ့တာ သိပ်အားနာတာပဲတဲ့... "

"ဒါပြင်ကော... "

"မမနွေးက... မျက်နှာသုတ်ပဝါတစ်ထည် ထုတ်ပေးတယ်... အဲဒီမျက်နှာသုတ်ပဝါရှိထားတဲ့... အအေးမိမှာစိုးရတယ်တဲ့... "

မောင်းသူ ကိုဝေလင်းထံမှ ရယ်မောသံထွက်ပေါ်လာသည်။ မရယ်လိုဘဲ တမင်တကာ လုပ်ရယ်သံမျိုး ဖြစ်ပါ၏။

ပြီး... ကိုကြီးမြင့်ကို ကိုဝေလင်းက ပြောလိုက်သည်။

"ဒီမယ်ကြီးမြင့်... မင်းကတော့ မင်းကိုယ်မင်း သိပ်လည်တယ်... နပ်တယ် ထင်နေတယ်... တကယ်တော့... မင်းတုံးသေးတာပဲ... ဒီချာတိတ်က မင်းထက် ဇာတ်ပိုတတ်နေတယ်... သူပြန်ဖြေတာတွေကြည့်ပါလား... ဆင်ဝှေ့ရန်ရှောင်ဖြေနေတာမျိုး...အဖတ်တစ်ခုမှမပါသေးဘူး...အရေတွေချည်းပဲ... တကယ့်လိုချင်တဲ့ပွိုင့်ကို မပါဘူး... "

ကိုကြီးမြင့်ဆိုသူက ကားဒက်(ရှ်)ဘုတ်ထဲမှ မောင်းပြန်ဓားတစ်လက်ကို ထုတ်ယူကာ... ဖျောက်ခနဲ ခလုတ်နှိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ရှုလိုက်သည်။ သို့သော်... မောင်းပြန်ဓားကို ကိုင်ရုံ ကိုင်ထားသည်။ ဖြစ်လာပါက အသင့်ရှိနေစေသော သဘောမျှသာရှိသည်။

မင်းမင်းက ကိုကြီးမြင့်၏လုပ်ပုံ အဲမှုအရာကို ကြည့်ပြီး ပခုံးတွန့်လိုက်ပါ၏။

"ဒီမယ် မင်းမင်း... ငါမေးနေတာတွေကို မင်းက ကပြက်ကချော်တွေပြန်ဖြေနေတာ မင်းအတွက် အကျိုးမရှိနိုင်ဘူး မင်းမင်း... "

"အဲဗျာ... ကျွန်တော် အစ်ကိုတို့ကို ကပြက်ကချော် ဘာတစ်ခုမှ မလုပ်ရပါလား... မမနွေးနဲ့ ကျွန်တော် ဘာတွေပြောသလဲလို့မေးလို့ ပြောခဲ့သမျှ ကျွန်တော်က အမှန်အတိုင်း ဖြေနေတာပဲဗျာ... "

"ငါတို့သိချင်တာက... နွေးနွေးမွန်နဲ့ မင်းနဲ့ ကြင်နာတာတွေ... ယုယတာတွေ... ညုတာတွေ သိချင်တာမဟုတ်ဘူး... "

"မဟုတ်တာဘဲအစ်ကိုတို့ရာ... ကျွန်တော်နဲ့ မမနွေး တွေ့ကြတာ နာရီပိုင်းတောင် မပြည့်သေးဘူး... ညုတာတွေ ဘာတွေ ဘယ်မှာရှိမလဲ... ဟိုတုန်းကလည်း သိကျွမ်းဖူး ဆက်စပ်ဖူးတာလည်း မဟုတ်... နောက်ပြီး... မမနွေးက သိပ်အဆင့်အတန်းမြင့်ပြီး ကျွန်တော်က မမနွေးထက်



သိပ်အဲဆင့်အတန်း နိမ့်တဲ့လူပဲ... မမနွေးက ကျွန်တော့်ထက်လည်း အသက်လေးငါးနှစ်ပိုကြီးမှာပါ... ဘာမှ မမနွေးက ကျွန်တော့်ကို ညုစရာမရှိဘူး... ကျွန်တော်ကလည်း ညုဖို့မပြောနဲ့ အဆင့်ချင်းကွာလွန်းလို့ ရဲရဲတောင် မကြည့်ရဲတာပဲဗျာ... အဲ... မျက်နှာသုတ်ပဝါထုတ်ပေးတာကတော့... သူ့ကားကို ကျွန်တော်ပြင်နေတုန်း မိုးရွာချတယ်... ကျွန်တော့်တစ်ကိုယ်လုံး မိုးစိုတယ်... မမနွေးကတော့... ကားထဲဝင်ထိုင်လို့ မိုးမစိုဘူး... လူလူချင်းပဲဗျာ... သူ့ကိစ္စကို လုပ်ပေးလို့ မိုးစိုသွားတဲ့ ကျွန်တော့်ကို မျက်နှာသုတ်ပဝါပေးတာလောက်တော့ရှိမှာပေါ့... အဲဒါ... ညုတာမှမဖြစ်နိုင်တာ... "

"သူ့ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး နွေးနွေးမွန်က မင်းကို ဘာတွေပြောပြသလဲ... "

"သူ့နာမည် မနွေးနွေးမွန်တဲ့... မင်းမင်းကတော့... မမနွေးလို့ပဲခေါ်ပေါ့တဲ့... မင်းမင်းက သူ့မောင်အရွယ်လောက်ရှိတာပဲတဲ့... မမမွန်က မန္တလေးတက္ကသိုလ်က နည်းပြဆရာမတဲ့... အဲဒါပဲ ပြောတာ... "

"ဒီထက်ပိုပြီး မပြောဘူးလား မင်းမင်း... "

"ဟင့်အင်း... မပြောဘူး... "

မော်တော်ကားသည် ပဲခူးကလပ်ဘက်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ ဤနေရာသည် နေ့ပိုင်းဖြစ်စေ၊ ညပိုင်းဖြစ်စေ၊ လူပြတ်သောနေရာ ဖြစ်ပါ၏။

"ဒီမယ်... မောင်မင်းမင်း... မောင်ရင်ဟာ ငါတို့ထက် အသက်ငယ်တယ်... မင်းဘဝက ဆင်းရဲတယ်... အိမ်မှာလည်း ဝပ်ရှော့ပိုင်ရှင်က မင်းကိုအနိုင်အထက်ပြုမူတာတွေလည်း ငါတို့ မြင်ခဲ့ကြားခဲ့တယ်... ဒါတွေကြောင့်... မင်းကို ငါတို့ သက်သက်ညှာညှာဆက်ဆံနေတာ... ငါတို့သိချင်တာလေးတွေသိရပြီးရင် မင်းကို ထမင်းကောင်းကောင်းကျွေးပြီး မင်းသွားချင်တဲ့နေရာကို ငါတို့လိုက်ပို့ပေးမှာ... ကဲ... ငါကပဲ ရှေ့ကစကား အစဖော်ပြီးမေးသွားမယ်... မင်းမှန်တဲ့အတိုင်းဖြေနော်... နွေးနွေးမွန်ဟာ မင်းကို "ပိတောက်မြိုင်အိမ်ကြီး"အကြောင်း ဘာတွေပြောသွားလဲ... "

"ပိတောက်မြိုင်အိမ်ကြီး"ဆိုတာဘာလဲ... အခုအစ်ကိုတို့ပြောမှ ပထမဆုံးကြားဖူးတာပဲ... မမနွေးက ပိတောက်မြိုင်အိမ်ဆိုတဲ့စကား တစ်ခွန်းမှ ပြောမသွားဘူး... "

"အေး... ထားပါတော့... ပိတောက်မြိုင်အိမ်ကြီး အတွင်းရေးကိစ္စကို မင်းကို ဖြန်းခနဲသိရတဲ့သူတစ်ယောက်ကို နွေးနွေးမွန်က မပြောဘူးဆိုတာထားပါတော့... ကဲ... နောက်ထပ် ငါမေးမယ်... အခု နွေးနွေးမွန် ဘယ်မှာတည်းခိုနေ



သလဲ... သူတည်းခိုတဲ့နေရာကို မင်း ငါတို့ကိုလိုက်ပြ... ဒါမှဟုတ်... လိပ်စာသာပေးလိုက်... ငါတို့ဘာသာ သွားမယ်... "

"အဲဒါလည်း ကျွန်တော် မသိဘူး... "

"ခွပ်... "

မသိဘူး စကားအဆုံးဝယ် ကိုကြီးမြင့်သည် နောက်သို့လှည့်ကာ ရှေ့သို့ ကိုင်းထိုင်နေသည့် မင်းမင်း၏ မျက်နှာကို သူ့လက်သီးဖြင့် ခွပ်ခနဲလှမ်းထိုးလိုက်သည်။

မင်းမင်းမှာ နောက်ကျောကူရှင်သို့ ပက်လက်လဲကျသွားသည်။ ကျောမှီကူရှင်သာ မရှိပါက ပက်လက်တုံးလုံးလဲကျသွားမည် ဖြစ်ပါ၏။

မင်းမင်း... ချက်ချင်းကိုယ်ကို ပြန်မတ်ကာ သူ့ကိုထိုးသော ကိုကြီးမြင့်အား ပြန်လည် သတ်ပုတ်ဖို့ စိတ်ကူးလိုက်သေးသည်။

သို့သော်... ချက်ချင်းပင် အားမတန်၊ မာန်လျှော့လိုက်ပါ၏။ သူတို့က လူရွယ်နှစ်ယောက်။

သူတို့ မော်တော်ကားထဲသို့ မိမိရောက်နေချိန် ဖြစ်သည်။

ကိုကြီးမြင့်၏လက်ထဲတွင် ခလုတ်ဖွင့်ထားသော မောင်းပြန်ဓားအသင့်ကိုင်ထားသည်။ သူ့အား မိမိက ခုန်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ပုံးကပ်သည်နှင့် မိမိရင်ဘတ်ဝမ်းဗိုက်ထဲသို့ စားသွားထိုးထွင်း နိုင်သည်။ ပြီးအားပေါမှ ပစ်ချထားခဲ့လျှင် လှုပ်ရှားလွန်းသော နေရာမို့ ဘယ်သူမှ မမြင်နိုင်။

ကားမောင်းနေသော ကိုဝေလင်းထံမှ ရယ်သံ ထွက်လာပြန်သည်။

"ဘယ်လိုလဲကွ ကြီးမြင့်... တို့နေရာကိုတောင် မရောက် သေးဘဲ... မင်းက ချာတိတ်ကို ဆေးခါးတိုက်နေပြီလား..."

"ဒီကောင် မင်းမင်းက ရောဂါသည်းချင်နေတယ်လေ ဝေလင်း... ဒီတွေ့လည်း ပထမ ပဏာမဆေးခါးတိုက် ထားလိုက်ရတာပေါ့... ဒီကောင်က လူသာငယ်တယ်... မောင်မောင်ခေါ်လို့မှ ဗျာမထူးတာ... "

"ဟင်း... စိတ်ထဲ... ဒီကောင်ချာတိတ်ကို အော်ဟစ်ကျော်လို့ ခေါ်ရင်ကော ဗျာထူးမယ်ထင်သလား ကြီးမြင့်... "

"ကြည့်ပေါ့ကွာ... အိမ်ပေါ်ရောက်ပြီး မိနစ်ပိုင်းအတွင်း နွေးနွေးမွန်က သူ့ကိုပြောခဲ့သမျှတွေ... သူသိသမျှတွေ အန်ထွက်လာစေ့မယ်... "

ခက်ပဲ ခက်လှပါလား...

မင်းမင်းက ဘာမှမသိ၍ ဘာမှမပြောနိုင်။

မင်းမင်း... စဉ်းစားရတော့သည်။

ကိုကြီးမြင့်နှင့်ကိုဝေလင်း အပြန်အလှန်ပြောစကား



များကို ချင့်တွက်ကြည့်လျှင် မိမိအတွက် နိမိတ်ကောင်းသော စကားများ မဟုတ်။ သူတို့နှစ်ယောက်သည် မမနွေးထံမှ သူတို့ သိလိုသောအချက်တွေ မိမိ မင်းမင်းအား ပြောပြခဲ့သည်ဟု တစ် ယူသန် ထင်နေကြသည်။

သူတို့နှစ်ယောက်နှင့် မမနွေးတွင် ပြဿနာရှိနေ မှန်း သေချာနေသည်။ သူတို့ ကြားချင်သိချင်သောစကားကို မိမိ က ပြောပြနိုင်လျှင် မိမိကို ကောင်းကောင်းမွန်မွန် ကျွေးမွေးစည့် ခံပြီး မိမိသွားလိုရာကို လိုက်ပို့ပေးကြမည်။

ခက်သည်က... မမနွေးသည် မိမိအား သာမန် အာလာပ၊ သလ္လာပစကားမျိုးတွေကလွဲပြီး တခြားသူတို့သိချင် ကြားချင်သော စကားမျိုး ဘာတစ်ခွန်းမျှ ပြောမသွားပေ။

သူတို့သည် သူတို့အိမ်ရောက်လျှင် မိမ်ကို မမနွေး နှင့်ပတ်သက်ပြီး ဆက်၍မေးကြမည်။ သူတို့လိုချင်သောစကား မရပါက မိမိကို အရေခွံခွာသည်အထိ သူတို့ကြမ်းကြမည့် အရိပ် လက္ခဏာတွေရှိနေသည်။

မင်းမင်းသည် ဘယ်နည်းနှင့်မဆို သူတို့အိမ်ပေါ် သို့မရောက်မီ 'လွတ်ပေါက်' ပြေးပေါက်ရှာရမည်သာ။

မော်တော်ကားသည် ခြံကြီးဝန်းကျယ်ရှိသော တစ် ထပ်တိုက်အိမ်လေးဆီသို့ ချိုးကွေ့တော့ရန် ကားကို အနေအထား ယူ ဇွေ့ဝိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး စားကိုင်ထားသော ကိုကြီးမြင့်၏အနေ အထားကို မင်းမင်း အသေးစိတ်ကြည့်တော့သည်။

ကိုကြီးမြင့် ပုံစံမှာ အိမ်ထဲရောက်မှ မင်းမင်းကို ဆက်မေးမည်။ ဆက်ရှာမည်။ ယခုတော့ ဘာမှမမေးတော့ဟု ဆုံးဖြတ်ထားပြီး စားကိုင်ထားသော လက်ကို ကားမောင်းသူ ကိုဝေလင်း၏ နောက်ကျောကုရှင်ပေါ်တွင် သူ့လက်ဆန့်ပြီး တင်ထားသည်။

ခြံထဲဝင်ပေါက်တွင် ဟိုဘက် ဒီဘက် အုတ်တိုင် တပ် သံတံခါးဖြစ်သည်။ ပြီး... ခြံဝင်ပေါက်တွင် လူထိုင်ရန် အုတ်ခုံ ဟိုဘက်တစ်ခု ဒီဘက်တစ်ခုရှိသည်။

ခြံတံခါးမှာ ပွင့်ပြီးသားဖြစ်နေပါ၏။

မောင်းသူ ကိုဝေလင်းသည် ခြံထဲသို့ အုတ်ထိုင်ခုံ နှစ်ခုကြားမှ ကွေ့ဝင်လိုက်သည်။

မင်းမင်း အသွက်လက်ဆုံးလှုပ်ရှားလိုက်ပေတော့ သည်။

ပထမဆုံး စားကိုင်ပြီး ဆန့်တန်းထားသော ကိုကြီး မြင့်၏လက်ဖျံကို တုံးလုံးစင်းနေသည့် ငါးတစ်ကောင်အား ခါးလယ် မှ ပိုင်းချသည့်နယ် ကိုကြီးမြင့်၏ လက်ဖျံကို မင်းမင်းက သူ၏ လက်ဝါးစောင်းဖြင့် တစ်အားခုတ်ချလိုက်ပါ၏။

"အား... အား... အား..."



ကိုကြီးမြင့်၏ နှုတ်မှ နာကျင်လွန်းသောကြောင့် တအားအားညည်းသံကြီး ထွက်ပေါ်လာသည်။

မင်းမင်းသည် အသက်အားဖြင့် နှစ်ဆယ်ကျော်ရုံ လေးရှိသေးသည်။ လေးနှမ်နီးပါး မင်းမင်း၏လက်များသည် စပါနာ၊ ပလာယာ စသည့် ကားပြင်ပစ္စည်းများကို နေ့စဉ်အချိန် ပြည့်အားနှင့် အင်နှင့် ကိုင်တွယ်ခဲ့ရသော လက်နှစ်ဘက် ဖြစ် သည်။

အင်ဂျင်တုံး၊ ဂီယာဘောက်တစ်တုံးလုံးစသည်တို့ ကိုလည်း ဟိုမ၊ ဒီရွှေ့ နေ့စဉ်လုပ်ကိုင်ရသည်။ မင်းမင်းတွင် ခွန် အားဆိုသည်မှာ အမြဲတမ်းအပြည့်အဝရှိနေသည်။

ပြီး... မိမိရပ်ကွက် မှော်ရုံတွင် စေတနာဖြင့် အခမဲ့ သင်ပေးသော ကွန်ဖူးပညာတွေ၊ ကရာတေးတွေ၊ ဂျူဒို သိုင်း စသည့်ပညာတွေကို လေးနှစ်လောက် သင်ကြားတက်မြောက် ထားခြင်းလည်း ရှိထားသည်။

ထို့ကြောင့် မင်းမင်း၏လက်ဝါးစောင်းသည် အုတ် နီခဲတစ်ခဲကိုပင် ထက်ပိုင်းကျိုးစေလောက်အောင် ခုတ်အား ရိုက် အား ပြင်းသည်။

ထိုလက်ဝါးစောင်း အခုတ်ခံလိုက်ရသော ကိုကြီးမြင့် မှာ အဘလေး၊ အမေလေးအော်ပြီး တအားအားအော်နေပေပြီပေါ့။

ကိုကြီးမြင့် ကိုင်ထားသော စားမှာ အလိုလိုလွတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သွားသည်။

တစ်ပြိုင်နက်တည်းမှာပင်... မင်းမင်းသည် ကိုဝေလင်း တွေ့ချိုးမောင်းဝင်နေသည့် ကားစတီရာရင်ကို ခါးကိုင်းကာ တစ်ဖက်ဆီသို့ ဆွဲမွှေ့ဆွဲလှည့်လိုက်သည်။

"ဝုန်း... ဒိုင်း... "

မော်တော်ကားသည် ဝုန်းဒိုင်းနှင့် လူထိုင်အုတ်ခုံကိုရော ခြံတံခါးအုတ်တိုင်ကိုရော ကားမောင်းဝင်အရှိန်နှင့်တိုက်ပြီပေါ့။

ကိုကြီးမြင့်နှင့် ကိုဝေလင်း ဘာဖြစ်သလဲကို လုံးဝလှည့်မကြည့်တော့ဘဲ မင်းမင်းသည် ကားတံခါးဖွင့်ဆင်းကာ နောက်ပြန်မကြည့်၊ တစ်ချိုးတည်း ခြေဦးတည့်ရာသို့ ပြေးထွက်ခဲ့လေတော့သည်။

ပြည်ထောင်စုရိပ်သာလမ်းကိုဖောက်ကာ ဦးဝိစာရလမ်းကြီးဘက် ပြန်ထွက်ရင်း ရွှေတိဂုံဘုရားကြီးသို့ ဦးတိုက်ပြေးလာခဲ့သည်။

ကိုကြီးမြင့်နှင့် ကိုဝေလင်း ဘာဖြစ်ကျန်ခဲ့မှန်းတော့မသိ။ နောက်မှလိုက်လာသော အရိပ်အရောင် လုံးဝမတွေ့ရပေ။

❋



၂

မင်းမင်းသည် ရွှေတိဂုံစောင်းတန်းသို့ တက်ခဲ့သည်။

လူရှင်းသော စောင်းတန်းဘေး အုတ်ခုံတွင် ထိုင်ပြီး အုတ်ကိုင်ကိုမှီ ခြေဆင်းပြီး ဟင်းခနဲ သက်ပြင်းချလိုက်သည်။

အဝတ်တစ်ထည်ကိုယ်တစ်ခု ခါးဝတ်ပုဆိုး ခါးဝတ်အင်္ကျီမှအပ အပိုတစ်ထည်မျှ မပါပေ။

အိတ်ထဲမှာတော့ အဝေးသင်ကျူရှင်ခပေးရန် ငွေတစ်ထောင်ကျော် ပါလာသည်။

တော်သေးပါ၏။

လမ်းပေါ်တွင် ဘာမဆို ဝိုက်ဆံပေးမှရပေမည်။

မင်းမင်းသည် ဆင်းထားသောခြေကို ပြန်ကွေး၊ ဒူးထောင်ကာ ဒူးကို လက်ပိုက်ပြီး ဒူးပေါ်နဖူးတင်ရေးလိုက်ရင်း အတွေးတွေ ပလုံစီခေါင်းထဲဝင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းအား ဤသို့သောပြဿနာတွေ ဝင်လာသေးသည်မှာ မမနွေးနှင့်တွေ့ဆုံခဲ့ခြင်းကြောင့်ပင် ဖြစ်တော့သည်။

လမ်းကြီးမတော့တတ် မိန်းမပျိုတစ်ယောက်တည်း ကားမျက်နေရှာသည့် မမနွေးအား စေတနာထားပြီး မိမိက ကားဖြင့်ပေးမိသည်။

"အဲဒီကားဖြင့်ပေးခ ဘယ်လောက်ရသလဲ... ငါ့ကို ပေးစမ်း... "

ဟု ဦးလေးအောင် တောင်းခံလာသည်။ သူ့သားအောင်မောင်းက မင်းမင်း လမ်းမှာ ကားပြင်ပေးလို့ ကျန်ခဲ့သည်ဟု ပြောထားခြင်း ဖြစ်ပေသည်။

မမနွေးအား စေတနာနှင့်ကူညီခဲ့သည်မို့ မမနွေးက ငါးရာတန်တစ်ရွက်ထုတ်ပေးခဲ့သည်ကို မင်းမင်း ငြင်းဆန်ပြီး မယူခဲ့။ ယခု ဦးလေးအောင်က တောင်းသောအခါ ပေးစရာမရှိ။ အမှန်တကယ် မရသောကြောင့် မပေးခြင်းသာ ဖြစ်ပါ၏။

ဦးလေးအောင်က မယုံ။ မင်းမင်း ကားပြင်ခကို ဖြုတ်အုပ်သည်ဟု စွပ်စွဲသည်။ မင်းမင်းအား ရိုင်းပျသော မကြားဝံ့၊ မနာသာစကားတွေဖြင့် ကြိမ်းမောင်းသည်။ မင်းမင်း၏ သိက္ခာကို နှစ်ပြားမတန်ပြောသည်။

ဒီအထိလည်း မင်းမင်း ခေါင်းငုံ့ခံသည်။

"မိဘမျိုးရိုးကမှ မကောင်းတာ... ဖအေကလည်း...



အလေဏတောကောင်... မအေကလည်း မိန်းမရှုင်သာသာက မွေးတဲ့သားပဲ... ဘယ်မှာ ကောင်းတော့မလဲ..."

မိဘကို ထိပါးနစ်နာအောင်ပြောရုံမက သူ့လက်ထဲကိုင်ထားသော ဂျိုက်လှည့် သံချောင်းဖြင့်ရိုက်ရန် မင်းမင်းဆီသို့ တိုးကပ်လာသည်။ မင်းမင်း သည်းခံစိတ် ပြဒါးတိုင်အမှတ် လွန်သွားပြီ။

မထိန်းနိုင်ပါလေတော့။ အနီးရှိ ကားဘီးခုံကျမ်းတုံးကြီး၏ လက်ကိုင်ရိုးကို ကောက်ကိုင်ကာ ဦးလေးအောင်၏ ခေါင်း ကို ရိုက်ချလိုက်သည်။ ပြီး... ထွက်ပြေးလာခဲ့သည်။

ဦးလေးအောင် သွေးတွေနှင့်လဲကျ ကျန်ခဲ့သည်။ သေမလား မသိ။

တစ်ခါ... ဒီနောက် မမနွေးနှင့် ပတ်သက်၍ပင် ကိုကြီးမြင့်နှင့် ကိုဝေလင်း ဆိုသူနှစ်ဦးနှင့် ပြဿနာဖြစ်ခဲ့ပြန်သည်။

မင်းမင်းသည် သိပ်လျင်သိပ်သွက်သောကြောင့်သာ-သူတို့လက်က ထွက်ပြေးလွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော်... သူတို့လည်း ဘာဖြစ်ကျန်ခဲ့မှန်း မသိ။

သူတို့နှစ်ယောက်လုံးက မိမိကို သေချာသိထားသူများမို့ အမှုတွေ ဘာတွေ ဖွင့်လေမည်လားပဲ။ ဦးလေးအောင်ကိစ္စကလည်း သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ရိုက်မှုတော့ ဖြစ်နေပေပြီ။

www.burmeseclassic.com



ကိုကြီးမြင့်နှင့် ကိုဝေလင်းက မိမိအား နှာချင်သည်မှာ မခွေးနှင့် ပတ်သက်၍ပင် ဖြစ်ပေသည်။ သူတို့က ပိတောက်မြိုင်အိမ်ကြီးအကြောင်းကို မိမိအား မေးသည်။

မမခွေးနှင့် ပိတောက်မြိုင်အိမ်ကြီးက ဘယ်လိုပတ်သက်နေ၍ပေနည်း။

မသိ၊ မသိ၊ မင်းမင်း ဘာမှ မသိသဖြင့် ဘာမှ မပြောနိုင်ခြင်းပါပေ။

"ဘယ်လိုလဲ ငါ့ညီ... မှိုင်လှချည်လားကွာ..."

စဉ်းစားတွေးငေးနေစဉ်မှာပင် အပေါ်မတ်တတ်ရပ်အနေအထားမှ ပြောသောစကားသံကြားလိုက်သဖြင့် မင်းမင်း မော့ကြည့်လိုက်ပါ၏။

အသက်သုံးဆယ်တော့ ကျော်လောက်မည်... ။ အသားညိုသည်။ ထောင်မောင်းသောအရပ်နှင့် ကြံ့ခိုင်သောခန္ဓာကိုယ်မျိုးရှိသည့် လူတစ်ဦးကို မင်းမင်း တွေ့ရသည်။

ကော်လံကတုံးရှပ်အင်္ကျီပေါ်တွင် ခပ်နွမ်းနွမ်းအပေါ်အင်္ကျီ မီးခိုးရောင်ဝတ်ထားသည်။ အနီနှင့် အနက်ကွက်စိတ်တစ်ပတ်ရစ်ပိုးတွဲလုံချည် ဝတ်ထားသည်။ ဆေးတံကို ခဲထိုးထားပြီး ကချင်လွယ်အိတ်အပေါ်စားအဟောင်းတစ်လုံး လွယ်ထားသည်။

"အစ်ကိုက ကျွန်တော့်ကို သိလို့လား..."



"အင်း... သိတယ်ဆိုလည်း ဟုတ်ရဲ့... မသိဘူးဆိုလည်း ဟုတ်ရဲ့ပဲ ငါ့ညီ... သိတယ်ဆိုတာက... ငါ့ညီတို့လို အရွယ်ငယ် လူငယ်လေးတွေဟာ အကြောင်းတစ်ခုခု မပြေမလည်ဖြစ်ပြီး ထွက်ပြေးရင်းလွှားရင်းနဲ့ အစ်ကိုတို့လောကထဲရောက်လာတာမျိုးတွေ တွေ့ရဖန်များတော့... ငါ့ညီလည်း ဒီလိုပုံစံမျိုးနဲ့ လူငယ်တစ်ယောက်ဖြစ်ရမယ်လို့ သိတာမျိုးပေါ့... ဒါပေမဲ့... ငါ့ညီနာမည်က ဘယ်သူ... မိဘတွေက ဘယ်သူ... ဘယ်ဒေသမှာနေတယ်... ဘာလုပ်တယ်ဆိုတာတော့ အစ်ကိုမသိရိုးအမှန်ပဲ..."

ဆေးတံကို ခဲကြားမှထုတ်ယူကာ ဆေးမှုန့်မထည့်သေးဘဲ ခဲထားပြီး ဆက်ပြောသည်။

"ငါ့ညီကတော့ ရုပ်တော်တော်သန့်တယ်... မကောင်းတာတွေ... မဟုတ်တာတွေ... လုပ်မဲ့ရုပ်မျိုး မဟုတ်ဘူး... ဒီတော့... ငါ့ညီလို လူရည်သန့်လူငယ်တစ်ယောက် အစ်ကိုတို့ လောကထဲရောက်မလာစေချင်ဘူး... ဒါကြောင့်... အစ်ကိုတို့လောကထဲရောက်မလာချင် မလာပါနဲ့ကွာလို့ ကြိုတင်သတိပေးချင်လို့ တမင် ငါ့ညီကို လာစကားပြောတာပါ..."

"အစ်ကိုတို့လောက ဟုတ်လား... အစ်ကိုတို့လောကဆိုတာက ဘာကိုပြောတာလဲဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက လွယ်အိတ်ထဲမှ ဘူးနီနီတစ်ဘူး ထုတ်ယူသည်။ စိန်ရွှေရတနာဆိုင်များမှ လက်ဝတ်လက်စားရောင်းရာတွင် ထည့်ပေးသော ဘူးနီမျိုး ဖြစ်ပါ၏။

သူ့ဘူးနီထဲတွင်တော့ ဘာလက်ဝတ်လက်စားမှ မပါပေ။ ဆေးရွက်ကြီးကို နေလှမ်း၊ အမှုန့်လုပ်ထားသော ဆေးတံသောက် ဆေးမှုန့်များ ထည့်ထားသည်။ ထိုဘူးနီထဲမှ ဆေးမှုန့်ကို ဆေးတံထဲထည့်ရင်း ဆက်ပြောသည်။

"အစ်ကိုတို့လောကဆိုတာက... တိုရှင်း... လိုရင်းပြောရရင်... ဥပဒေနှင့်မကိုက်ညီ ဆန့်ကျင်ပြီး... မိရင် ထောင်ကျနိုင်တဲ့အလုပ်မျိုးပဲ ငါ့ညီ... "

"အဲဒီလောကဟာ... အစ်ကိုတို့လောကပဲ... ထားပါဦး... ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ အစ်ကို... "

"ကနေ့ ညနေပိုင်း ငါ့ညီဟာ ဦးဝိစာရလမ်းကြီးကို အလျားလိုက်လျှောက်နေတယ်... ဦးတည်ချက်မရှိဘဲ လျှောက်နေတဲ့ပုံစံပဲ... အဲဒီတုန်းမှာ ငါ့ညီရဲ့ဘေးကို ဆလွန်းကားဖြူတစ်စီး ထိုးရပ်တယ်... ငါ့ညီနဲ့ကားထဲက လူနဲ့ငါးမိနစ်လောက်စကားပြောပြီး ငါ့ညီက သူတို့ကားပေါ်တက်လိုက်သွားတယ်... အစ်ကိုက အဲဒါကို သွားရင်း လာရင်း မြင်လိုက်မိ... သတိထားလိုက်မိတာပါ... အစ်ကို ငှက်များလိုပဲ တစ်နေ့လုံး အစာရှာ ပျံသန်းပြီး နေဝင်တာနဲ့ ကိုယ့်



အိပ်တန်း ကိုယ်ပြန်လာတာ... အစ်ကို့ အိပ်တန်းက ဒီဘုရားစောင်းတန်းပဲလေ... အဲ... အစ်ကို အချိန်တန်လို့ ပြန်လာတော့ ငါ့ညီကို ဒီစောင်းတန်း ဒီအုတ်ခုံမှာ ထိုင်မှိုင်ငိုင်တွေးအဖြစ်နဲ့ တွေ့ရပြန်တယ်... သိပ်ပင်ပန်းနွမ်းနယ်လာပုံလည်း ရတယ်... အစ်ကို့ရင်ထဲမှာ ငါ့ညီကို ကရုဏာသက်မိတယ်... ကြေ ငါ့ညီဟာ ကားနဲ့ခေါ်သွားတဲ့လူတွေနဲ့ အဆင်မပြေလို့ ဒီမှာလာထိုင်နေတာလား... အင်း... ငါ့ညီကို ကားနဲ့ခေါ်သွားတဲ့... ဝေလင်းနဲ့ကြီးမြင့်တို့ နှစ်ယောက်နဲ့ ငါ့ညီပြဿနာဖြစ်ခဲ့ပြီး မပြေလည်လို့ ဒီမှာ ပြန်လာထိုင်နေသလားလို့ပါ... အဲဒါ... ငါ့ညီက ဘာဆိုင်လဲလို့ ပြန်မေးတာကို ပြေလည်အောင်ဖြေပြတာပဲ... "

"အဲဒီ... ကိုကြီးမြင့်နဲ့ ကိုဝေလင်းကို အစ်ကိုက သိနေသလား... "

"သူတို့အကြောင်းကို သိတယ်... ဒါပေမဲ့... သူတို့နဲ့တော့ လုံးဝမသိကျွမ်းဘူး... သူတို့နှစ်ယောက်က အစ်ကိုတို့လောကမှာ အတန်းသိပ်မြင့်တယ်... သိပ်လည်း အဆင့်မြင့်တယ်... အစ်ကိုတို့လို အောက်ပိုင်းတန်းနိမ့်ကလူမျိုးကို သူတို့က အပေါင်းအသင်းမလုပ်ဘူး... အစ်ကို့ရဲ့အတန်းက ခါးပိုက်နှိုက်လေ... သူတို့နှစ်ယောက်နဲ့တော့ အရမ်းအတန်းနိမ့်တယ်... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးမြင့်နဲ့ ကိုဝေလင်းက ဘယ်လိုလိုင်းမို့လဲ အစ်ကို..."

ထိုလူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းပြရင်း ဆေးထည့်ပြီးသား ဖ်ဆေးတံကို ကိုက်ခါ သစ်သားမီးခြစ်ဆံဖြင့် ခြစ်ပြီး မီးညှိဖွာနေသည်။ ပြီးမှဆက်ပြောသည်။

"မပြောကောင်းဘူး ငါ့ညီ... တို့လောကမှာ ဘယ်သူဟာ ဘယ်လိုင်းက ဘယ်လိုလူစားဆိုတာ မပြောကောင်းဘူး... အေး... ပြောရင် ငရဲတော့မကြီးဘူး... အန္တရာယ်တော့ ကြီးတယ်... ငရဲကြီးတယ်ဆိုတာက ဒီဘဝမှာ သေပြီး... နောက်ဘဝကျမှ ခံရမှာ... အေး... ဒီလောကမှာ အပြော မှားရင် ဥပဒေ့ဒဏ်ကထိုက်တဲ့ အန္တရာယ်ကြီးရှိတယ်... လက်သည်မပေါ်ဘဲ မြောင်းဘေး... ပန်းခြံဘေးမှာ အလောင်းဖြစ်သွားမယ်... "

မင်းမင်းသည် ကိုကြီးမြင့်နှင့် ကိုဝေလင်းလက်မှ လွတ်မြောက်လာခြင်းပင် ကံကောင်းပေစွဟု ပခုံးတွန့်ပြလိုက်မိသည်။ သူတို့လောကတွင် ကိုကြီးမြင့်နှင့် ကိုဝေလင်းသည် အရှိန်အဝါကြီးသော အကောင်နှစ်ကောင်ပါပေတကား။

ဤသို့သော အရှိန်အဝါကြီးမားသည့် ဒုစရိုက်သားနှစ်ကောင်နှင့် မမနွေးသည် ဘယ်လိုပတ်သက်ခဲ့ပေသနည်း။

မင်းမင်းက ကားမကွဲင်းနှစ်မို့ မမနွေး ကိုယ်ပိုင်စီးသော ကားအမျိုးအစားသည် ကာလပေါက်ဈေး သိန်းရှစ်ဆယ်



ပတ်ဝန်းကျင်တွင် ရှိသည်။

ပြီး... မမနွေးသည် တက္ကသိုလ်နည်းပြဆရာမ တစ်ဦး ဖြစ်သည်။ ရုပ်ချောပြီး ကိုယ်လုံးကိုယ်ထည် အချိုးကျပြေ ပြစ်ကြော့ရှင်းသည်မှာလည်း မြင်သူငေးဖြစ်သည်။

ဤသို့... အဘက်ဘက်မှ အထက်တန်းကျကျပြည့်စုံ အဆင့်မြင့်သော မမနွေးသည် ဒုစရိုက်လောကတွင် အကြီးစား ကိုကြီးမြင့်၊ ကိုဝေလင်းလို လူတွေနှင့် ဘယ်လိုများ ပတ်သက်နေပေသနည်း။

"ငါ့ညီကို အကဲခတ်ကြည့်ရတာ... ကြီးမြင့်၊ ဝေလင်းတို့နဲ့ အဆင်မချောခဲ့ဘူးထင်တယ်... "

မင်းမင်းက ဘာမှမပြောပေ။

တစ်လောကလုံးတွင် ဘယ်သူတစ်ယောက်မှ ယုံကြည်စရာမရှိဟုသာ မှတ်ယူလိုက်သည်။

"အင်း... သတိတော့ထား ငါ့ညီ... တောထဲမှာ ကျားနဲ့တွေ့ရင် လွတ်အောင်ပြေးနိုင်ခွင့်ရချင်ရမယ်... ရန်ကုန်မှာ ကြီးမြင့် ဝေလင်း ပြဿနာဖြစ်ပြီဆိုရင်တော့... "

ဆက်မပြောဘဲ ကိုယ့်ဟာကိုယ်သာ ဗွေးတော နှံးဖြတ်ပေဟော့ဟု အဓိပ္ပာယ်သက်ရောက်စေပါသည်။

"အစ်ကို့နာမည် ဘယ်သူလဲဟင်... "

"အစ်ကို့နာမည်ကတော့ ဘတိုးကွ... ဒါပေမဲ့... များ

www.burmeseclassic.com

www.burmeseclassic.com



သောအားဖြင့် တို့အချင်းချင်းတွေကြားမှာ 'ခါးပိုက်နှိုက်

ဘတိုး'လို့ ခေါ်ကြတယ်... 'ဘတိုး'ဆိုတဲ့ နာမည်တူတွေ

ရှိတော့ အစ်ကို့ရှေ့မှာ သဲကွဲအောင် ခါးပိုက်နှိုက်ဆို

နာမည်ဝိသေသတစ်လုံး ထပ်တိုးတော့တာပေါ့ကွာ...

ဟဲ... ဟဲ... အစ်ကိုက ခါးပိုက်နှိုက်ဘတိုးလေ... ငါ့ညီ

နာမည် ကကောကွာ... "

"မင်းမင်း... "

"အေး... မင်းမင်းကို အစ်ကိုက ကူညီမယ်ဆိုတာကိုကော

ယုံရဲ့လား... "

"ရှင်းရှင်းပြောရရင် မယုံဘူး... အစ်ကိုဘတိုး... "

"ဘာလို့... "

"ကျွန်တော့်ရဲ့အသက် အခုနှစ်ဆယ်ကျော်ထဲရောက်

ပြီ... ကနေ့အထိ ကျွန်တော့်ဘဝနဲ့ချာတာကို စေတနာ

ကူညီမယ့်သူတစ်ယောက်မှ မတွေ့ဖူးသေးဘူးလို့ပဲ

ကျွန်တော် အသက်ဆယ့်ခြောက်နှစ်နဲ့ ဆယ်တန်းအော

ခဲ့ပါတယ်... အဲဒီနှစ်မှာပဲ... မိဘနှစ်ပါးစလုံး အတူတူ

သွားရင်း ကားမှောက်သေဆုံးသွားတယ်... ကျွန်တေ

တစ်ယောက်တည်း ကျန်ခဲ့တာကို မေမေ့ညီမ ဒေါ်

စိန်ခင်က မလွှဲသာ၊ လွှဲသာ ခေါ်မွေးပါတယ်... အဲဒီအ

ကစပြီး ကျွန်တော်ဟာ ဦးလေးအောင် ဝပ်ရှော့မှာ ထမ



စားကျွန်ခံနဲ့ကားပြင်အလုပ်လုပ်ခဲ့ရတာပဲ... မသထာ

ရေစာ တစ်လကို ငွေတစ်ထောင်မုန့်ဖိုးဆိုပြီး ပေးတယ်...

အဲဒီငွေကို ကျွန်တော်က အဝေးသင်တက္ကသိုလ်ဆက်တက်

နိုင်ရေး... ကျူရှင်ခတွေပေးဖို့ စုဆောင်းတယ်... ဒါပေမဲ့...

ဘယ်လွယ်မလဲ... မုန်းဖိုးကို မုန့်မစားဘဲနေနိုင်တယ်...

အကျီလုံချည်ကျတော့ မဖြစ်မနေဝယ်ဝတ်ရကော... ပုမိ

လှတယ်လည်း မရှိခဲ့ဘူး... ဒီလိုနဲ့ အဝေးသင်လည်း

မတက်ဖြစ်ခဲ့ဘူး... အခုဆို ဝပ်ရှော့မှာ ထမင်းစားကျွန်ခံ

လုပ်လာခဲ့တာ လေးနှစ်ရှိပြီ... အဲ... ဦးလေးအောင်က

မနားမနေခိုင်းလွန်းတော့... ကျွန်တော်လည်း ကားပြင်

မကျွင်းနစ်အတတ်တွေတော့ တတ်လာတာပဲ အစ်ကို

ဘတိုး... ကျွန်တော် အဓိကဆိုလိုတာက... အဖေနဲ့အမေ

ဆုံးပြီးတဲ့ ဒီလေးနှစ်အတွင်းမှာ ကျွန်တော့်ကို စေတနာနဲ့

ကူညီချင်ပါတယ်ဆိုတဲ့ လူတစ်ယောက်မှမပေါ်ဖူးသေးဘူး...

ဒါကြောင့် အစ်ကိုဘတိုးက စေတနာနဲ့ကျွန်တော့်ကို ကူညီ

မယ်ဆိုတာလည်း မယုံဘူး... "

ခါးပိုက်နှိုက်ဘတိုး ခေါင်းညိတ်ပြပြီး မင်းမင်း၏

စကားကို စိတ်ဝင်စားစွာ နားထောင်ပါ၏။

မင်းမင်းကလည်း သူ၏လက်တွေ့နှင့် ခံစားချက်

ကို ဆက်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မော်တော်ကားမြင်းသမားတွေဟာ... သူတို့လာပြင်တဲ့ကားကို ကောင်းကောင်းနဲ့မြန်မြန်လုပ်စေချင်လို့ ဆိုင်ခေါ်ပြီး လက်ဖက်ရည်တိုက်တယ်... ထမင်းကျွေးတယ်... အဲဒါ... စေတနာမှမဟုတ်ဘဲ... ဆန်ပေးပြီး ဆေးယူတဲ့သဘောပဲ... အဲ... ဦးလေးအောင် လက်ခံလိုက်တဲ့ကားတွေကို ကျွန်တော်ကပဲ ဒိုင်ခံပြင်ပေးတယ်... ဒါကြောင့် တစ်နေ့ကို ထမင်းနှစ်နပ်ကျွေးတယ်... မုန့်ဖိုးပေးတယ်... လခရယ်လို့ သတ်မှတ်မပေးဘူး... ကျွန်တော်ပြင်ပေးလို့ကောင်းသွားတဲ့ ကားတွေက ပြင်ခ ထောင်ဂဏန်း၊ သောင်းဂဏန်းအထိ ဦးလေးအောင် ယူတယ်... ဒါပေမဲ့... ကျွန်တော့်ကို ထမင်းကျွေးမုန့်ဖိုးပေးယုံကလွဲပြီး အကျႌလုံချည်တောင် ဝယ်မပေးဘူး... ဒီတော့... ဘယ်မှာလဲ စေတနာ..., သူ့သားအောင်မောင်း ဆယ်တန်းမှာ တဖုတ်ဖုတ်ကျနေတဲ့ကောင်ကိုတော့ ထောင်နဲ့သောင်းနဲ့ ချီပြီးပေးရတဲ့ ကျူရှင်တွေ တက်ခိုင်းတယ်... နေ့စဉ် မုန့်ဖိုးနှစ်ရာပေးတယ်... အဲဒါက မိဘက သားသမီးအပေါ် စေတနာအပြည့်ထားတာကိုး... ကျွန်တော့်မိဘရှိရင်လည်း ကျွန်တော့်ကို ကျောင်းဆက်ထားမှာပေါ့... ဒီတော့... တစိမ်းတစ်ယောက်က စေတနာထားပါတယ်ဆိုတာ... အလကားစကား..."



"ဒါကတော့... ဒီလိုရှိသေးတယ် ငါ့ညီမင်းမင်း... စေတနာမှာလည်း နှစ်မျိုးရှိသေးတယ်ကွ... ငွေနဲ့ကြေးနဲ့ ပစ္စည်းဥစ္စာပေးတဲ့ စေတနာက တစ်မျိုး... အဲ... နောက်တစ်မျိုးက အဲဒီလိုတော့ မပေးကမ်းနိုင်ဘူး... နှုတ်ရဲ့ကောင်းမခြင်းကိုယ်ရဲ့ကောင်းမခြင်းမျိုးနဲ့ ကူညီတဲ့စေတနာကတစ်မျိုး..."

"ကျွန်တော့်မှာ အဲဒီလိုစေတနာရှင် နှစ်မျိုးလုံးနဲ့မကြုံဖူးသေးဘူး အစ်ကို..."

"မင်း... ငယ်ပါသေးတယ်... ဆင်ဖြူကို မမြင်ဘူးတဲ့လူကတော့... ဆင်ဆိုသည်မှာ အမည်းကြီးပါလားလို့ပဲ တစ်ယူသန်ပြောပေမှာပဲ... သူတောင်းစားကို ငွေတစ်ကျပ်လှူလိုက်တာဟာ ငွေကြေးပါတဲ့စေတနာမျိုး... အေး... လမ်းသွားရင်း မင်း ဆေးလိပ်သောက်သွားတယ်...တခြားလူတစ်ယောက်က ဆေးလိပ်မီးလေးတစ်တို့လောက်ဆိုလို့ မင်းက မင်းဆေးလိပ် သူ့ကိုပေးလိုက်တယ်... သူက မင်းဆေးလိပ်မီးနဲ့ သူ့ဆေးလိပ်ကိုတို့ညှိတယ်... အဲဒါလည်း စေတနာပဲ... ငွေကြေးတစ်ပြားမှ မကုန်တဲ့စေတနာ..."

မင်းမင်းသည် ထိုစကားကို ထောက်ခံပါ၏။

"ဒါဆို အစ်ကိုက... တစ်ပြားမှ မကုန်တဲ့စေတနာနဲ့ ကျွန်တော့်ကို ဘယ်လိုကူညီမှာလဲ..."

"ဘဲငယ်ငယ်လေးတွေ ရေဆင်းကူးတယ်... ကူးပလေ့စေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့… သူက ဘဲဖြစ်နေမှတော့ ရေနစ်မှာ မစိုးရိမ်ရဘူး လေကွာ… အဲ… ကြက်ငယ်ငယ်လေးတွေ ရေဆင်းကူး မယ်ဆိုတာ တွေ့ရင်တော့… ရေကန်နဲ့ဝေးရာကို မောင်း ပစ်ရတယ်… သူက ကြက်ကိုး… ရေမှမကူးတတ်တာ… ရေထဲ ဆင်းတာနဲ့နစ်သွားမှာပေါ့… ”

“အစ်ကိုဘတိုး…ဘာကိုရည်ညွှန်းပြောနေတာလဲ…ဝိုက်မနေ နဲ့ အစ်ကိုရာ…ပြောစရာရှိတည့်တည့်ပြောပြပါလား… ကျွန်တော့်ကို ထုံတယ်ပြောပြော… တည့်တည့်ပြောမှ သိမှာ… ”

“အစ်ကိုဟာ ခါးပိုက်နှိုက်တစ်ယောက်လို့ပြောပြီးပြီးနော်… ခါးပိုက်နှိုက်ဟာ နှိုက်တတ်ရုံ လက်သွက်ရုံ လက်လျင်ရုံနဲ့ မလုံလောက်ဘူး မင်းမင်း… လူကဲခတ်မှာလည်း ကျွမ်း ကျင်ရတယ်… အဲ… အစ်ကိုဟာ လူကဲခတ်ကျွမ်းတယ်ဆို ပါတော့… အစ်ကို မင်းမင်းကို အကဲခတ်တယ်… မင်းမင်း ဟာ လူငယ်တစ်ယောက်ပေမယ့် ဆေးသမားမဲဟုတ်ဘူး… အရက်သမား မဟုတ်ဘူး… မင်းမင်းရဲ့ ဥပမိရုပ်… နေပုံ ထိုင်ပုံ သွားလာလှုပ်ရှားပုံ အပြုအမူတွေကို အကဲခတ် ကြည့်တော့… ငါ့ညီဟာ လူရိုး… လူအေး… လူကောင်း… တည်တည်တံ့တံ့နဲ့ အကျင့်စာရိတ္တကောင်းတဲ့လူငယ်တစ် ယောက်လို့ အစ်ကို အကဲခတ်မိတယ်… အကြောင်းတစ်ခု



ခုကြောင့် အိမ်နဲ့အဆင်မပြေဘဲ အိမ်က ထွက်ပြေးလာ တာလို့ အကဲခတ်မိတယ်… ဟုတ်ရဲ့လား ငါ့ညီ… ”

“ကျွန်တော့်အဒေါ်ရဲ့ ဝပ်ရှော့… အဒေါ့်ယောကျ်ား ဦးလေး ရဲ့လက်အောက်မှာ မော်တော်ကားပြင်ရတယ်… ဆယ်တန်းအောင်ထားတာမို့ အဝေးသင်တက္ကသိုလ်တက်ဖို့ ကြိုးစားနေတယ်… ဒီနေ့ အဒေါ့်ယောကျ်ားဦးလေးနဲ့ ကျွန်တော် အဆင်မပြေလို့ ဆင်းလာခဲ့တာပဲ… အဲဒါ… ကျွန်တော်ပြောပြီးပြီပဲ… ”

“အေး… ထင်သားပဲ… ဒါကြောင့် ဘယ်ကိုသွားရမှန်း မသိ နဲ့ ရွှေတိဂုံဘုရားစောင်းတန်းမှာ လာခိုနေတယ်ဆိုပါတော့…”

“အဲဒီအတိုင်းပါပဲ အစ်ကိုဘတိုး… ”

“အေး… စိတ်ဆိုးတုန်းတော့ စိတ်လိုက်မာန်ပါ အိမ်ပေါ်က ဆင်းလာခဲ့ပေမယ့်… သွေးအေးအေးနဲ့ပြန်စဉ်းစားပြီး ကိုယ့်အိမ်ကိုယ်ပြန်တာ အကောင်းဆုံးပဲ ငါ့ညီ… ”

“ဟာ… ဒါတော့ လုံးဝမဖြစ်နိုင်ဘူး… ”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ… အခုလောက်ဆို မင်းအိမ်က လည်း မင်းကို စိတ်ပူပြီး လိုက်ရှာနေမှာပါ… ”

မင်းမင်းသည် ခေါင်းခါရမ်းပြလိုက်သည်။

“ကျွန်တော့်မှာ အမေလည်းမရှိ… အဖေလည်း မရှိ… ညီ အစ်ကိုမောင်နှမအရင်းလည်း ရှိမှမရှိတာ… ဘယ်သူက

www.burmeseclassic.com



ကျွန်တော့်ကို လိုက်ရှာပါ့မလဲ အစ်ကို… လိုက်ရှာဖို့နေနေ သာသာ ကျွန်တော်ပြန်သွားတောင် ပြန်လက်ခံမှာမဟုတ်ဘူး… ”

ခါးပိုက်နှိုက် ကိုဘတိုး ငြိမ်သွားသည်။ ဒါကျတော့လည်း မင်းမင်း ပြောတာဟုတ်သားပဲဟုလည်း စိတ်ထဲမှ ထောက်ခံလိုက်သည်။

“ဒါဆို… အိမ်မပြန်ရင် မင်းမင်း ဘာလုပ်မလဲ… များသောအားဖြင့် မင်းမင်းလို လေလွင့်လာတဲ့လူငယ်တွေဟာ ဒုစရိုက်သမားတွေရဲ့ တပည့်တွေဖြစ်သွားတတ်တယ်… ဒါကြောင့် အစ်ကိုက ဘဲနဲ့ကြက် ရေကန်ထဲဆင်းတဲ့ ဥပမာပေး ပြောပြတာ… နဂိုကတည်းက အကျင့်မကောင်းတဲ့ လူငယ်တစ်ယောက်အဖို့ ဒုစရိုက်လောကထဲဝင်တာ ဘာမှ မဆန်းဘူး… မင်းမင်းကျတော့… ရေမကူးတတ်တဲ့ ကြက်ငယ်ပဲ… ဒုစရိုက်သမားတွေနဲ့တွေ့ရင် မင်းမင်းရဲ့ဘဝဟာ ကြက်ငယ်လေးရေနစ်သလို နစ်သွားမယ်… အဲဒါကို စိုးရိမ်လို့ပဲ… မင်းမင်းဆီကို အစ်ကို တမင်လာပြောတာပါ မင်းမင်း… ”

“ကျွန်တော့်အတွက် အစ်ကို စိုးရိမ်တာရော… သတိပေးတာရော… ကျေးဇူးတင်ပါတယ်… ဒါပေမဲ့… ကျွန်တော့်ဘဝကို ကြက်…ကလေးရေ…ကူးတာမျိုး မဖြစ်စေရပါဘူး…



ကျွန်တော် မော်တော်ကားပြင်တဲ့ မဏ္ဍာင်းနစ်အလုပ်မှာ ကျွမ်းကျင်ထားသားပဲ… ဒီပြင် ဝပ်ရှော့တစ်ခုခုမှာ ကျွန် တော်ဝင်လုပ်ရင် ကျွန်တော့်တစ်ယောက်တည်းသမား အတွက် စားဖို့ ဝတ်ဖို့တော့ရမှာပေါ့… ”

“ဒါဆို သိပ်ကောင်းတာပေါ့… အစ်ကို့မှာ ထိုက်သင့်တဲ့ ဝပ်ရှော့ အသိတချို့ရှိပါတယ်… နက်ဖြန်ကျရင် မင်းမင်းနဲ့ ဆက်သွယ်ပေးမယ်… ကဲ… စိတ်အေးအေးထားပေတော့ မင်းမင်း… ”

မင်းမင်း ရင်ထဲက အစ်ကိုဘတိုးကို ကျေးဇူးတင်မိပါ၏။ သို့တစေ မိမိအနေနှင့် ရန်ကုန်က ဝပ်ရှော့တစ်ခုခုဝင်လုပ်လို့ ဖြစ်ပါ့မလား ဆိုသည်ကို စဉ်းစားရပေမည်။ ရန်ကုန်က ဝပ်ရှော့ဆိုလျှင် မိမိရိုက်ပစ်ခဲ့သော ဦးလေးအောင်နှင့် ဝပ်ရှော့သမား အချင်းချင်း အသိအကျွမ်းတွေ ဖြစ်နိုင်သည်။

မိမိရိုက်ပစ်ခဲ့သော ဦးလေးအောင်မှာ သေသလား ရှင်သလား မသိ။ မိမိအနေနှင့် ရန်ကုန်မှ တခြားဝေးရာတစ်နေရာရာကို သွားကို သွားရပါမည်။ သို့သော်… အစ်ကိုဘတိုးကိုတော့ ဝပ်ရှော့မှာ အလုပ်လုပ်မည့်ကိစ္စ ထပ်မပြောတော့ပေ။ အဲ… အစ်ကိုဘတိုးက ဒုစရိုက်လောကသားတစ်ယောက်မို့ သိလို သိငြား မေးချင်တာ တစ်ခုတော့ မင်းမင်းတွင် ရှိနေပါလေ၏။

“အစ်ကိုဘတိုး… ”

www.burmeseclassic.com

www.burmeseclassic.com



"ပြော... မင်းမင်း... "

"ပိတောက်မြိုင်အိမ်ကြီး'ဆိုတဲ့ နာမည်တစ်ခုဟာ အစ်ကိုတို့ ဒုစရိုက်လောကမှာ ဘယ်လိုအဓိပ္ပာယ်မျိုးရှိနေသလဲ ဟင်... "

"ပိတောက်မြိုင်အိမ်ကြီး... ဟုတ်လား... "

ပြန်မေးရင်း အစ်ကိုဘတိုးသည် ဆေးတံကို ဆက်ဖွာနေသည်။ မင်းမင်း မေးသော ပိတောက်မြိုင်အိမ်ဆိုသည်ကို စဉ်းစားနေဟန် တူပါ၏။

"ပိတောက်မြိုင်အိမ်ကြီးဆိုတာ အစ်ကို လုံးဝနားမလည်ဘူး မင်းမင်း... နေပါဦးကွ... အဲဒီ ပိတောက်မြိုင်အိမ်ကြီးဆိုတာ အစ်ကိုတို့ ဒုစရိုက်လောကနှင့် ဘယ်လိုဆက်နွှယ်နေတာကြောင့် အစ်ကို့ကို မေးတာလဲ မင်းမင်း... အစ်ကိုက ဒုစရိုက်လောကသားတစ်ယောက်အနေနဲ့ ပိတောက်မြိုင်အိမ်ကြီးလို့ ကြားတာနဲ့ တစ်ခုခုသိနေမလားဆိုတဲ့အနေနှင့် မင်းမင်း မေးတာလား... "

မင်းမင်း ခေါင်းညိတ်ပြသည်။

"ကျွန်တော့်ကို ဆလွန်းကားဖြူနှင့် ခေါ်သွားတဲ့ ကိုကြီးမြင့်နဲ့ ကိုဝေလင်းဟာ အဲဒီပိတောက်မြိုင်အိမ်ကြီးနှင့်ပတ်သက်တဲ့သူဖြစ်ရမယ်... ပြီး... အစ်ကို ကိုယ်တိုင်ကလည်း ကိုကြီးမြင့်နဲ့ ကိုဝေလင်းဟာ အစ်ကိုတို့ ဒုစရိုက်လောကမှာ အဆင့်မြင့် အတန်းမြင့် လောကသားလို့ပြောတာကြောင့်... အစ်ကိုဘတိုးလည်း ပိတောက်မြိုင်အိမ်ကြီးအကြောင်း သိလေမလားလို့ ကျွန်တော် မေးတာပါ... ကျွန်တော်ကတော့ လုံးဝ ပိတောက်မြိုင်အိမ်ကြီးဆိုတာ သိလည်း မသိဖူးဘူး... မကြားဖူးဘူး... ပြောတဲ့ကို ကိုကြီးမြင့်နဲ့ ကိုဝေလင်း မယုံကြဘဲ ကျွန်တော့်ကို နှိပ်ပြီး စစ်ဆေးတော့မှာမို့ သူတို့လက်က လွတ်အောင် ကျွန်တော် ပြေးခဲ့ရတယ်... "



"မင်းမင်းကို သူတို့က လူမှားပြီး ခေါ်သွားတာလားမှ မသိတာ... "

"ပြောတတ်ပါဘူး အစ်ကိုဘတိုးရာ... "

မင်းမင်းသည် မမနွေး၏အကြောင်းရော၊ ကိုကြီးမြင့်နှင့် ကိုဝေလင်းတို့နှစ်ယောက်ဟာ မမနွေးနဲ့ တစ်ခုခုပတ်သက်နေသည်ကိုရော လုံးဝဖွင့်မပြောပေ။

"ဒါဆို... ပိတောက်မြိုင်အိမ်ကြီးအကြောင်း သူတို့မေးတာကို မင်းမင်း ပြန်မဖြေနိုင်လို့ သူတို့နှစ်ယောက်နဲ့ မင်းမင်း ပဋိပက္ခ ဖြစ်လာကြတာပေါ့... ဟုတ်လား... "

"ရိုးရိုးပဋိပက္ခတောင် မဟုတ်ဘူး အစ်ကိုဘတိုးရေ... ဓားနှင့်ဓာတ်ကြောင်းခင်းပြီး ဖိုက်ပြီး လွှတ်အောင်ပြေးခဲ့ရတာ...သူတို့နှစ်ယောက် ဘယ်လိုတွေဖြစ်ကျန်ခဲ့မှန်းတောင်

www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ကျွန်တော် ကိုယ်လွတ်ရုန်းပြေးခဲ့တာ... ”

“ဒါဆို ဒုက္ခပဲ မင်းမင်း... ”

“ဘာလို့လဲ အစ်ကိုဘတိုး... ”

“ဘယ်လောက်ကျွမ်းကျင်တဲ့ အလမ္ပာယ်ဆရာဖြစ်ပါစေ... မြွေပွေးကိုတော့ အလမ္ပာယ်မပြဘူး မင်းမင်း... အခု ငါ့ညီ အဖြစ်က မြွေပွေးကို ခေါင်းပုတ်ခဲ့တဲ့လူဖြစ်နေပြီ... ကြီးမြင့်နဲ့ ဝေလင်းဟာ မြွေပွေးလိုအကောင်... မြွေပွေးကောင်မှ အစွယ်ကောက်နေပြီး... အကွက်သိပ်ကြီးတဲ့ သိပ်အဆိပ်ပြင်းတဲ့ မြွေပွေးနှစ်ကောင်လေကွာ... လာ... လာ... မင်းမင်း... ဒီနေရာမှာ ဒီလောက်အကြာကြီး မြင်မြင်ထင်ထင် ငါတို့နေတာတောင် လွန်လှပြီ... အစ်ကို့မှာ အခန်းလေးတစ်ခန်းရှိတယ်... လုံခြုံတယ်... အဲဒီအခန်းကို သွားစို့... ”

မင်းမင်းသည် အစ်ကိုဘတိုး လက်ဆွဲခေါ်ရာသို့ ထပြီး လိုက်လာခဲ့သည်။

“နက်ဖြန် မိုးမလင်းခင် ကျွန်တော် ရန်ကုန်က တခြားတစ်နေရာရာကို လစ်တော့မယ် အစ်ကို... ”

“ဘာလို့လဲ... ကြီးမြင့်နဲ့ဝေလင်း မြွေပွေးနှစ်ကောင်ရန် အန္တရာယ်ကြောင့်လား... ”

“အဲဒါလည်း ပါတော့ပါတယ်... ဒီပြင်အကြောင်းလည်း ရှိသေးလို့ပါ အစ်ကို... ”



မင်းမင်းသည် သူနှင့်ဦးလေးအောင်တို့ ရန်ဖြစ်ခဲ့ပြီး ဦးလေးအောင်အား ကျမ်းတုံးဖြင့် ရိုက်ခဲ့သည်မှာ သေမလား၊ ရှင်မလားပင် မသိရကြောင်းတွေကို ခါးပိုက်နှိုက်ဘတိုးအား အားလုံးရှင်းပြောပြလိုက်သည်။ မမနွေး၏ကားပြင်ပေးခကို ဦးလေးအောင်အား မပေးနိုင်သောကြောင့် ရန်ဖြစ်သည်ကိုတော့ မပြောပေ။ တခြားဦးလေးအောင်က ဒနိုင်ကျင့်လွန်းသောအကြောင်းကြောင့်ဟူ၍သာ ပြောခြင်းဖြစ်ပါ၏။

“အင်း... ဒါဆိုလည်း မင်းမင်း ရန်ကုန်က ဝေးရာကို လစ်သွားတာပဲ ကောင်းတယ်... အစ်ကိုက ရန်ကုန်က အစ်ကို့အသိဝပ်ရှော့မှာ အပ်ပေးမလို့ စိတ်ကူးထားတာ... ဒါဆို အခု မင်းမင်း ဘယ်ကိုလစ်ဖို့ စိတ်ကူးထားလဲ... ”

“မန္တလေးကို... ”

မင်းမင်းသည် အမှတ်တမဲ့ လွှတ်ခနဲပြောလိုက်မိခြင်း ဖြစ်လေသည်။ မမနွေးက မန္တလေးတက္ကသိုလ်တွင် ဆရာမလုပ်နေသည်ဆိုခြင်းကို စိတ်ထဲ စွဲမှတ်ထားမိသဖြင့် ယခု မန္တလေးကိုဟု လွှတ်ခနဲ ပြောလိုက်မိခြင်း ဖြစ်ပေသည်။

“ကျွန်တော်က အဝေးကိုထွက်ပြေးသွားရပေမဲ့ ရန်ကုန်မှာ ကျွန်တော့် သိချင်တဲ့အကြောင်းတစ်ခု ရှိနေတယ်... အစ်ကိုဘတိုး... စမ်းချောင်း ကျွန်တော်လုပ်ခဲ့တဲ့ ဝပ်ရှော့

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်ရိုက်ပစ်ခဲ့တဲ့ ဦးလေးအောင်ဟာ သေသလ
ရှင်သလားဆိုတာ ကျွန်တော်သိပ်သိချင်နေတယ်... အ
အစ်ကိုဘတိုးက သတင်းစုံစမ်းပြီး ကျွန်တော့်ဆီကို စာ
ပြီးအကြောင်းကြားပေးပါလား... ကျွန်တော် အစ်ကိုဘ
ဆီကို စာရေးလိုက်ပါ့မယ်... အဲဒီစာထဲမှာ ကျွန်တေ
ရောက်နေတဲ့ နေရပ်လိပ်စာကိုပါ ထည့်ပေးလိုက်ပါ့မယ်

"အေး... စိတ်ချ... မင်းပြောတာ ငါဆောင်ရွက်ပေးမ
မင်းမင်း... "

"နေဦး... အစ်ကိုဘတိုးဆီ စာထည့်ဖို့ လိပ်စာကကော

အစ်ကိုဘတိုးက ရောက်ရှိလာသော ဘေးအိမ်
လေးက ဆိုင်းဘုတ်ကို လက်ညှိုးတန်းခနဲ ထိုးပြရင်း "အဲဒါ ငါ့လ
စာပဲ... "ဟု ပြောသဖြင့် ဆိုင်းဘုတ်ကို မင်းမင်း လှမ်းကြည့်သ

***ဦးဗိန္ဒ***

***အတတ်ဟောဗေဒင်ဆရာ***

"အဲဒီအတိုင်း ဒီစောင်းတန်းလိပ်စာနဲ့ထည့်ရင် မင်းမင်း
စာ အစ်ကို့ဆီ ရောက်လာမယ်... "

ဆယ်ပေပတ်လည်ခန့်ရှိသော ထရံကာ သွပ်
တဲအိမ်လေးတစ်ခု ဖြစ်ပါ၏။

"ဗေဒင်ဆရာကြီး ဦးဗိန္ဒက မနက် ခုနစ်နာရီလောက် ဒီ
လာထိုင်ပြီး ဗေဒင်ဟောစားတယ်... ညနေခြောက်နာ



ပြန်တယ်... အစ်ကို့ကို ဒီမှာ ညအိပ်ဖို့ တစ်လငါးရာနဲ့ ငှား
တယ်... သော့တူတစ်ချောင်းပေးထားတယ်... အစ်ကိုက
မိုးလင်းတာနဲ့အပြင်ထွက်ပြီး ညတက်အိပ်ချိန်ရောက်မှ
ပြန်လာပြီး သော့ဖွင့်အိပ်တယ်... အစ်ကို့ရဲ့ ဂေဟာလိပ်စာ
ပဲ မင်းမင်း... "

အစ်ကိုဘတိုးလို လူသည် မိုးလင်းသည်နှင့် ရေ
ကြည်ရာ မြက်နုရာ သွားရောက်အကြံအဖန်တွေလုပ်ပြီး ညပိုင်း
မိုးချုပ်မှ ပြန်အိပ်ရုံအတွက် မိုးလုံလေလုံ ဗေဒင်ဆရာ၏ တဲအိမ်
လေးကို ငှားထားခြင်း ဖြစ်ပါ၏။

ဒီညအဖို့တော့ မင်းမင်းကိုယ်တိုင်လည်း အစ်ကို
ဘတိုး ကျေးဇူးကြောင့် မိုးလုံလေလုံ ဒီတဲအိမ်လေးမှာပင် နှစ်
ခြိုက်စွာ အိပ်ပျော်ခဲ့ရပေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



## ၃

နောက်တစ်နေ့ နံနက်(၅)နာရီမှာပင် မင်းမင်း အိပ်ရေးဝစွာဖြင့် နိုးလာသည်။ ဦးလေးအောင် ဝပ်ရှော့အပေါ် ထပ်ခိုးတွင် မင်းမင်းအိပ်ခဲ့ရပြီး နံနက် (၅)နာရီထိုးသည်နှင့် သွားတိုက်မျက်နှာသစ် ဝပ်ရှော့ကို သန့်ရှင်းရေးလုပ် လုပ်ကျင်းရသည်မှာ ထာဝရဖြစ်နေသောကြောင့် နံနက် (၅)နာရီထိုးလျှင် အလိုလို နိုးလာခြင်း အကျင့်ပါနေပါ၏။

နိုးလာသည်နှင့် မိမိရန်ကုန်မှ လစ်ရတော့မည်ကို ပထမဆုံး သတိရလိုက်သည်။

တဲအိမ်လေး၏ နောက်ဖေးဘက်ဝင် ခါးပြတ်ရေစည်ပိုင်းထဲမှ ရေဖြင့် မျက်နှာသစ်၊ ပလုတ်ကျင်းပြီး ကိုယ့်ပုဆိုးနှင့်ပင် သုတ်သည်။



အစ်ကိုဘတိုးကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ ဖြစ်ပါ၏။

တဲအိမ်လေးထဲမှ မင်းမင်း ထွက်လာခဲ့သည်။ ရန်ကုန်မှ ဝေးရာသို့ ထွက်ပြေးမသွားမီ ရွှေတိဂုံဘုရားစေတီတော်ကြီးအား ကြည်ညိုကန်တော့ချင်သဖြင့် စောင်းတန်းလှေကားထစ်များမှ ရင်ပြင်တော်သို့ တက်ရောက်ခဲ့သည်။

တျကျနနဆောင့်ကြောင့်ထိုင်ကာ စေတီတော်ကြီးအား အာရုံပြုရှိခိုးကန်တော့လိုက်သည်။

ကန်တော့ပြီးနောက် မိမိထွက်ပြေးဖို့ အစီအစဉ်ကို စဉ်းစားတော့သည်။

မီးရထားနှင့် လစ်မလား။ မကောင်း။

ရှာတန်းရှည်ကြီးလို လက်မှတ်တန်းစီရသည်။ လက်မှတ်တန်းစီနေစဉ် ရဲက ဝင်ဖမ်းနိုင်မည်။

သင်္ဘောတစ်ခုခုနှင့်သွားမလား။ ဒါတလည်း သိပ်မနိုင်။ ဘူတာရုံတို့ သင်္ဘောဆိပ်တို့တွင် တာဝန်ကျရဲတွေ အမြဲရှိနေတတ်သည်။

ဒါဆို... ဇော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်သွားကာ ကြုံရာကားနှင့်လိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

မင်းမင်း နောက်ဆုံးစေတီတော်ကြီးကို နှုတ်ဆက်ကန်တော့ ဦးသုံးချိုန်ချပြီး ထရပ်လိုက်စဉ်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... မင်းမင်း... "

မမေ့နိုင်အောင် နားထဲတွင် စွဲနေသည့် မမနွေး၏ အသံသြသြလေးဖြင့် မိမိအား ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ...

အင်မတိ အင်မတန် ချောမောလှပပြေပြစ်ကျော့ရှင်းလှသည်။ မမနွေးအား ဒုတိယအကြိမ်မြောက် မင်းမင်း တွေ့ရပြန်တော့သည်။

"ဪ... မမနွေးပါလား... တွေ့ကြပြန်ပြီနော်... "

မင်းမင်းက ပြန်ပြီး ပြောလိုက်သည်ကို မမနွေးက ပထမ အံ့အားသင့်ပြီး ဒုတိယ မျက်မှောင်လေးကျုံ့၍ ပြန်ပြောသည်။

"တွေ့ကြပြန်ပြီလို့ မင်းမင်း ပြန်ပြောပုံက တစ်မျိုးကြီးပါလား မင်းမင်း... မမနွေးကို မင်းမင်း ပြန်တွေ့ရမှာ မလိုမလားများဖြစ်နေလို့လား မင်းမင်း... "

မင်းမင်းက ဘာမှပြန်မပြော။ရပ်နေသော မမနွေးကိုသာ ငေးငေးလေးကြည့်နေမိပါ၏။

မမနွေးအား နှစ်ဆယ့်လေးနာရီလုံး မျက်တောင်မခတ်ကြည့်နေပါလျှင်လည်း လှမြဲလှ၊ ချောမြဲချော ကျော့ရှင်းမြဲကျော့ရှင်းနေလေမည်သာ။

ယခုတော့... မမနွေးသည် မျက်နှာတွင် ဘာလိမ်းခြယ်သပြီး ဘာဝတ်စုံကို ဝတ်ထားလေသနည်း။



မျက်နှာတွင် သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ်၊ ဘာဆိုဘာတစ်ခုမျှ လိမ်းခြယ်ထားသည် မဟုတ်။ ပကတိ နဂိုအရှိအတိုင်း မျက်နှာ၊ အိပ်ရာထ မျက်နှာသစ်ပြီး ထွက်လာသော မျက်နှာမျိုးသာ ဖြစ်ပါ၏။ ဆံကေသာ အုံကြီးကို နဖူးပြင်စပ်မှ အားလုံးနောက်ပြန်သိမ်း ကျောပြင်တွင် ဖားလျားချပုံစံ။

ဝတ်ထားသည်ကလည်း တစ်ပတ်ရစ် ထဘီအကျႌပေါ်တွင် သိုးမွေးစွယ်တာနီနီလေး ထပ်ဝတ်ထားခြင်းပင်။

ဝေလီဝေလင်း မလင်းမမှောင်ဝယ် ဘုရားတွင်ပူဇော်ထားသော မီးရောင်အလင်းဟပ်ပြီး နတ်ပြည်က နတ်သမီးအလှတစ်ပါး အရုဏ်ဦးစောစီးစွာတွင် ရွှေတိဂုံဘုရားကြီးအား ဘာရောက်ဖူးမြော်ကန်တော့လေသလားဟု တင်စားပြောနိုင်လောက်ပေသည်။

မမနွေးကလည်း မင်းမင်းကို သေသေချာချာ စူးစူးစိုက်စိုက်လေးကြည့်ပါ၏။

လူကောင်က အသက်လေးငယ်ငယ် ကိုယ်ခန္ဓာထွားကြီးဖြင့် ကပိုကရို ဖိုသီဖတ်သီ စုတ်တီးစုတ်ဖတ်ရှိနေစေကာမူ မမနွေး နှုတ်မှ ထင်မြင်ချက် ဝေဖန်ချက်စကားတွေ ထွက်လာသည်။

"ကြည့်စမ်း... မင်းမင်း... ခုချိန်ထိ... ကိုယ့်အိမ်ကို ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မပြန်သေးဘူးမဟုတ်လား... မနေ့က ကျွန်တော် မြန်နီကုန်းမှာပဲဆင်းမယ်... ကျွန်တော်နေတဲ့အိမ်က စမ်းချောင်းမှာ ဆိုပြီး ဆင်းနေခဲ့ပြီးတော့ အိမ်ကိုမပြန်ဘဲ တစ်ညလုံးပျောက်ပြီး... အခုမနက် ဘုရားပေါ် ရောက်လာတာမဟုတ်လား မင်းမင်း... "

"ကျွန်တော့်ကို မမနွေး ချပေးခဲ့တဲ့နေရာကပဲ ကျွန်တော် အိမ်ကို တန်းတန်းမတ်မတ်ပြန်ခဲ့ပါတယ် မမနွေး... အိမ်ရောက်တော့ ကျွန်တော့်ဦးလေးက ကျွန်တော့်ကို ပွမ်တယ်လေ... ဒါကြောင့် ကျွန်တော် အိမ်က ပြန်ထွက်လာတာ..."

"ဒါဆို... မင်းမင်း အိမ်နဲ့စကားများပြီး တစ်ညလုံးဘုရားပေါ်မှာလာနေတယ်ပေါ့ ဟုတ်လား... နေပါဦး... မင်းမင်းကို ဦးလေးက ပွမ်တာဟာ မမနွေးရဲ့ကားကို ပြင်ပေးရပြီး အိမ်ပြန်နောက်ကျလို့ ပွမ်တာလားဟင်... "

"အဲဒီအကြောင်း သက်သက်ကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး... အခေါ်ယောက်ျား ဦးလေးအောင်ဟာ ကျွန်တော့်ကို အမြဲအပြစ်စကားပြောနေကျပဲ... ကျွန်တော့်ရဲ့ဘဝတချို့အကြောင်းလည်း မမနွေးကို ကျွန်တော်ပြောခဲ့သားပဲ... အပြစ်ရှာချင်တဲ့လူအဖို့ကတော့ ထန်းလျက်ဟာ မချိုဘူး... ရှောက်သီးဟာ မစပ်ဘူး... သံပုရာသီး မချဉ်ဘူးလို့ပဲ ပြောမှာပဲ မမနွေး... ကျွန်တော့်ကို မလိုမလားနဲ့လက်



ခံထားရတာ... နှစ်နဲ့ချီပြီး ကြာပြီကို... မနေ့ကတော့ ကျွန်တော် ပွမ်ခံနိုင်တော့ဘဲ အကြီးအကျယ်ပေါက်ကွဲသွားတယ်... "

မမနွေး၏မျက်နှာလေးမှာ ကြားရသောစကားကြောင့် စိတ်မကောင်းဖြစ်သွားပြီး ချက်ချင်းမသာမယာလေးဖြစ်သွားလေသည်။

ဒါတောင် မင်းမင်းက ဦးလေးအောင်အား ကျွမ်းတုံးဖြင့် ရိုက်ခဲ့၍ သေမလား၊ ရှင်မလား ကိစ္စကို မမနွေးအား ထည့်မပြောပေ။

"ဒီပြင်ခါတိုင်း... မင်းမင်းဦးလေးနဲ့ မင်းမင်း စကားများတာကတော့ မမနွေး ဘာမှပြောဖို့မလိုဘူး... ဒါပေမဲ့... မနေ့က မမနွေးကြောင့် စကားများပြီး... အိမ်ပေါ်က မင်းမင်း ဆင်းလာတာဆိုတော့... မင်းမင်းအတွက် မမနွေးမှာ တာဝန်ရှိလာပြီ... "

"အဲဒီလို မတွက်နဲ့မမနွေး... ဦးလေးအောင်နဲ့ ကျွန်တော်ရဲ့အခြေအနေက စမ်းရေစီးမှာ အတူရေသောက်တဲ့ ဝံပုလွေနဲ့ သိုးငယ်ဖြစ်နေတာပဲ... ကျွန်တော့်မှာ ဘယ်လိုအပြစ်မှမရှိတော့... မင်းမဟုတ်ရင် မင်းအမေပဲဆိုပြီး ဝံပုလွေက သိုးငယ်ကို ကိုက်စားသလို ဦးလေးအောင်က ကျွန်တော့်ကို ကိုက်စားချင်နေတာ... သူနဲ့လွတ်ကင်းသွားတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ် မမနွေး... စိတ်မကောင်းမဖြစ်ပါနဲ့... တကယ်တမ်း မမနွေးနဲ့ပတ်သက်ပြီး ကျွန်တော် နောက်တစ်ခုဖြစ်တာက ကျွန်တော့်အတွက် ပိုပြီးဆိုးသွားတယ်..."

"ဘယ်လိုကွယ့် မင်းမင်း... မမနွေးနဲ့ပတ်သက်ပြီး နောက်တစ်ခုဖြစ်သွားတယ် ဟုတ်လား... အဲဒါကို... မမနွေးကို ပြောပြစမ်း မင်းမင်း... "

"ကိုကြီးမြင့်နဲ့ ကိုဝေလင်းဆိုတဲ့ လူနှစ်ယောက်ပဲ မမနွေး... သူတို့နှစ်ယောက်က မမနွေးနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ပြဿနာကြီးကြီးရှာတယ်... "

"ဟယ်... "

မမနွေးသည် မင်းမင်း စကားကြောင့် တုန်လှုပ်သွားကြောင်း မင်းမင်း သတိထားလိုက်မိပါ၏။ "ဟယ်"ဆိုသော အာမေဍိတ်သံပင် ထွက်လာသည်။

မမနွေး၏ ဟယ်အာမေဍိတ်သံနှင့် တုန်လှုပ်သွားခြင်းဖြင့် မမနွေးသည် ကိုကြီးမြင့်နဲ့ ကိုဝေလင်းနှစ်ယောက်နှင့် ပတ်သက်မှန်း မင်းမင်း သေချာသွားသည်။

"အဲဒီ... ကိုကြီးမြင့်နဲ့ ကိုဝေလင်းက မင်းမင်းကို နာနာကျင်ကျင်အန္တရာယ်တစ်ခုခုများ လုပ်လိုက်သလားဟင်... မသေကောင်း မပျောက်ကောင်းပါလား မင်းမင်းရယ်..."

"ဒီလူနှစ်ယောက်နဲ့ဆုံမိရင် သေလောက် ပျောက်လောက်



တဲ့အထိ ဖြစ်လေ့ရှိလို့လား မမနွေး... ကျွန်တော်လည်း ကျားလက်က လွတ်မြောက်သွားသော သားကောင်မျိုး ဘဝကို ရောက်ခဲ့သားပဲ... အခု သူတို့ရန်ကို ကြောက်လို့ပဲ ကျွန်တော် တခြားတစ်နေရာရာကို လစ်တော့မလို့ဘဲ မမနွေး..."

မမနွေးက စကားကို ဖြတ်လိုက်သည်။

"ကဲ... မင်းမင်း ဘုရားဝတ်မပြုသေးရင် ဝတ်ပြု... ပြီးရင် မမနွေးနဲ့လိုက်ခဲ့... မမနွေးကတော့ အရုဏ်ဦးကတည်းက ဘုရားပေါ်ရောက်နေပြီး ဝတ်ပြုပြီးပြီ... ပုတီးစိတ်ပြီးပြီ..."

"ကျွန်တော်လည်း ဝတ်ပြုပြီးပါပြီ... အခု အဝေးပြေးကားဂိတ်ကို သွားမလို့... မမနွေး ကားနဲ့အဲဒီကို လိုက်ပို့ပေးပါလား... ဒီအတိုင်း ဘတ်စ်ကားနဲ့သွားရမှာ ကျွန်တော် နောက်မလုံလို့... "

"ကဲပါ... ဒါဆို... လာ... သွားမယ်... "

စောင်းတန်းမှ ယှဉ်တွဲဆင်းခဲ့ကြသည်။

"မင်းမင်း... ဘုရားမှာ ဘာတွေဆုတောင်းခဲ့သလဲ... "

"ဘာဆုမှမတောင်းဘူး မမနွေး... "

"ဟဲ့... မင်းမင်းက ဘယ်လိုလဲ... ဘယ်သူပဲဖြစ်ဖြစ် ဘုရားမှာ ဒါနပြုပြီးပဲဖြစ်ဖြစ်... သာမန်ဘုရားရှိခိုးပြီးပဲဖြစ်ဖြစ်... ကိုယ်လိုရာကို ဆုတောင်းကြတာပဲဟာ... "

"ကျွန်တော် လူလူချင်းအပေါ်မှာပဲ ကိုယ်က ခါပေးလို့...

www.burmeseclassic.com

www.burmeseclassic.com



သူဘာ ဘာပြန်ပေးတယ်ဆိုတဲ့ ဖလှယ်တာမျိုးကိုပဲလုပ်တယ် မမနွေး… ဘုရားမှာဖြစ်ဖြစ်… ရဟန်းသံဃာမှာဖြစ်ဖြစ် ဖလှယ်တာမျိုး မလုပ်ချင်ဘူး… ”

“မင်းမင်း ဘာကိုဆိုလိုတာလဲ… ”

“လူလူချင်းမှာတော့ ငွေကြေးမပေါ်ခင်ခေတ်ကတည်းက ဖလှယ်တာတွေရှိတာပဲ မမနွေး… တံငါက ငါးပုစွန်ရှာတယ်… မုဆိုးက သားကောင်ရှာတယ်… လယ်သမားက ဆန်စပါးစိုက်တယ်… မုဆိုးတံငါက ဆန်စပါးစားချင်တယ်… လယ်သမားက သားငါးပုစွန်စားချင်တယ်… ဒီတော့… လယ်သမားက မုဆိုးတံငါကို ဆန်ပေးတယ်… မုဆိုးတံငါက လယ်သမားကို သားငါးပုစွန်ပြန်ပေးတယ်… ဒါနှစ်ဦးနှစ်ဘက် ဖလှယ်ကြတာပဲ… တစ်ဦးနဲ့တစ်ဦးအပေါ်မှာ ထားစေတနာမှမပါဘူး… ဒါကြောင့် ဆန်ပေးမှ ဆေးရတယ်ဆိုတဲ့ စကားပုံတောင်ရှိတာပဲ မမနွေး… ”

နွေးနွေးမွန်က လမ်းလျှောက်ရင်းပင် မင်းမင်းဘက်သို့ စွေစောင်းကြည့်ပြီး ပြုံးလိုက်မိပါ၏။

ဒီကောင်ငယ်လေးမင်းမင်းသည် လူလူချင်းထားရှိသော စေတနာအပေါ်တွင် လုံးဝယုံကြည်ချက်ကင်းနေပါလား။ သူ့ဘဝအပေါ်တွင် စံထားပြီး လူလူချင်းထားရှိသော စေတနာဆိုသည်ကို လုံးပေစ်ပယ်ထားပါလားဟု ရင်ထဲက မှတ်ချက်ပြုရင်း



င်းမင်း၏စကားကို ဆက်နားစွင့်ထောင်ထားမိသည်။

“ဘုရားမှာ ဆွမ်းတော်တင်တယ်… ပန်းကပ်တယ်… ရေချမ်းကပ်တယ်… ပြီးတော့… ဤကောင်းမှုကုသိုလ်ကြောင့် ဆင်းရဲခြင်းမှ ကင်းဝေးပြီး ရေလိုအေးလို့ ပန်းလိုလန်းရပါစေသားလို့ ဆုတောင်းတယ်… ဒါဟာ… ခဲတန်းမသန့်တဲ့သဘောပါတယ်… ကိုယ့်ဆီက ဆွမ်းပန်းရေချမ်းကပ်ပြီး ဘုရားဆီက တန်ရာတန်ကြေး ပြန်တောင်းတဲ့သဘောသက်ဝင်တယ်… ကျွန်တော်ကတော့ ဘုရားကို ကြည်ညိုလို့ လေးစားလို့ ဆွမ်းပန်းရေချမ်းကပ်လှူပူဇော်တာ… ဘုရားမှာ ဆုတွေပြန်တောင်းရင် ကိုယ်ကြည်ညိုလေးစားတာတွေ… အလကားဖြစ်သွားတယ်လို့ပဲ ယူဆတယ် မမနွေး… ”

နွေးနွေးမွန်သည် မင်းမင်း၏ပြောစကားကို အလေးအနက်ထားပြီး နားထောင်ပါ၏။

“မင်းမင်း ပြောတာတွေက တော်တော်လေးနက်နေတယ်… မမနွေးတောင် မင်းမင်းရဲ့ ဖီလော်ဆော်ဖီကို ဘယ်လိုပြန်ပြောရမလဲ… ဘယ်လိုပြန်ဖြေမယ်မှန်း မသိဘူး… ”

နွေးနွေးမွန်နှင့် မင်းမင်းတို့ ယှဉ်တွဲဆင်းလာသည့် စောင်းတန်းဘေးမှ လူတစ်ယောက်က စိုက်ကြည့်နေပြီး အနီးရှိ အရောက်တွင် ဖျတ်ခနဲ ဘေးပေါက်ထွက်ရှောင်တိမ်းလိုက်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



နားပါးပြီး မျက်စေ့လျှင်သော မင်းမင်းက တွေ့သဖြင့် ထိုလူကို သေချာလှမ်းကြည့်ရာ ထိုလူမှာ အစ်ကိုဘတိုး ဖြစ်နေမှန်း မြင်လိုက်ရပါ၏။

မင်းမင်း စဉ်းစားမရ ဖြစ်သွားသည်။

အစ်ကိုဘတိုးသည် ယနေ့မိုးလင်းသည်နှင့် မိမိ ရန်ကုန်မှလစ်ပြေးတော့မည်ဖြစ်ကြောင်း သိထားပါ၏။ မိမိတဲအိမ်လေးမှ ထွက်လာစဉ်က အစ်ကိုဘတိုးကြီး အိပ်မောကျကျန်ခဲ့သည်။

ယခု မိမိနှင့် ပြန်လည်တွေ့ဆုံပါလျက် နှုတ်ပင်မဆက်ဘဲ အဘယ်ကြောင့် ရှောင်တိမ်းထွက်သွားပေသနည်း။

တစ်ခုတော့ ရှိပါ၏။

မိမိက သိပ်ချော သိပ်လှသော အမျိုးသမီးတစ်ဦးနှင့် အဖွဲ့ကျနေသဖြင့် သူနှုတ်ဆက်လျှင် မိမိမှာ အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ရှောင်ထွက်သွားခြင်းမျိုးကာ ဖြစ်ကောင်းဖြစ်နိုင်သည်။

"မင်းမင်း... ဘာလိုက်ကြည့်နေတာလဲ... ပြုံးတူးပြဲတဲ့နဲ့..."

"ဘာမှမဟုတ်ပါဘူး မမနွေး... ကျွန်တော့်ရဲ့အသိများဖြစ်နေသလားလို့ လိုက်ကြည့်မိတာပါ... ဒါပေမယ့် မဟုတ်ပါဘူး... တခြားမသိတဲ့လူပါ..."



"ဒါဆို... မင်းမင်းရဲ့ စေတနာနဲ့ပတ်သက်တဲ့ အတွေးအခေါ် အယူအဆကို ဆက်ပြောပါလား..."

"ဘုရား တရား သံဃာကို ကြည်ညိုမြတ်နိုးလို့ ဝတ်ပြုတယ်ဆိုတာနဲ့ ကုသိုလ်ဟာ အလိုလိုရပြီးသားပါ မမနွေး... ကိုယ်က ဒါနစိတ်သက်ရောက်လို့ လှူဒါန်းနိုင်သလောက် လှူဒါန်းပြီးမှ ဇောတိကသူဌေးကြီးလို အနာတပိဏ်သူဌေးကြီးလို ပေးမကုန် လှူမခန်းသောဘဝကို ရပါလို၏လို့ ဆုတောင်းရင် ဖလှယ်ရာမှာ ကိုယ်ဘက်က သာသာထိုးထိုးကြီး ပြန်လိုချင်တပ်မက်ရာရောက်သွားမှာပေါ့ မမနွေး... အဲဒါ ကျွန်တော့်ရဲ့ အတွေးအခေါ် အယူအဆပဲ..."

"အင်း... မမနွေးဟာ မဟာဝိဇ္ဇာတန်းမှာ စာတန်းပြုရတဲ့သူတောင် မင်းမင်းရဲ့ဖီလော်ဆော်ဖီကို ဘယ်လိုဖြေရှင်းပေးရမယ် မသိဘူး... မမနွေးကိုယ်တိုင်... မမနွေး ကိုးကွယ်နေတဲ့ ဆရာတော်ဘုန်းတော်ကြီးနဲ့ကြုံမှ မင်းမင်းရဲ့ သြဝါဒကို နာခံကြည့်ဖို့ စိတ်ထဲမှာ ထားလိုက်တယ်..."

"ဒါထက်... မမနွေးကို ကျွန်တော်မေးချင်တာတစ်ခုရှိနေတယ်... ဒါလည်း... အခု မမနွေးနဲ့ပြန်တွေ့လို့ မေးဖြစ်တာပါ... နို့မို့ရင်တော့... မမနွေးနဲ့ ဒီတစ်သက်ပြန်တွေ့မှာလည်း မဟုတ်ဘူး... မေးဖြစ်မှာလည်း မဟုတ်ပါဘူး..."

"မေးလေ... မင်းမင်းက ဘာမေးချင်တာလဲ..."

www.burmeseclassic.com



"ခုနက… ကိုကြီးမြင့်နဲ့ ကိုဝေလင်းအကြောင်း ကျွန်တော် ပြောလိုက်တော့… မမနွေး အထိတ်တလန့်မျက်နှာပျက် သွားတာကို ကျွန်တော် သတိထားမိတယ်… ပြီး… သူ နှစ်ယောက်နဲ့ တွေ့ဆုံလိုက်တာဟာ ကျွန်တော့်အတွက် မသေကောင်း မပျောက်ကောင်းလို့လည်း မမနွေးပြော တယ်… အဲဒါ ဘာဖြစ်လို့လဲလို့ မေးချင်တာပါ… "

"မမနွေးက မင်းမင်းကို ပြန်မေးမယ်… အဲဒီလူနှစ်ယောက် နဲ့ မင်းမင်း တွေ့ဆုံခဲ့တာ ဘယ်ပုံမျိုးနဲ့တွေ့ခဲ့တာလဲ မင်းမင်း… "

မင်းမင်းက ကိုကြီးမြင့်နဲ့ ကိုဝေလင်း နှစ်ယောက် နှင့် တွေ့ဆုံကြုံကြိုက်ပုံကို အစမှအဆုံးအထိ ပြောပြလိုက်သည်

"မင်းမင်းက… သူတို့ကို ရှင်းမပြဘူးလား… မမနွေး မင်းမင်းဟာ… မမနွေး ကားပျက်တာကို ပြင်ပေးမှ နွေးနွေးသိရတာပါ… ဒီအရင်က တစ်ယောက်နဲ့တစ်ယောက် သိလည်း မသိဘူး… မြင်တောင် မမြင်ဖူးကြဘူးဆို လေ… "

"ပြောပြပါတယ်… တကယ်ဖြစ်ရပ်ကလည်း အဲဒီအတိုင်း အမှန်ပဲလေ… ဒါပေမဲ့ သူတို့နှစ်ယောက်က ကျွန်တော် ရှင်းပြပြောပြတာကို မယုံကြည်ဘူးလေ… နောက်ပြီး ပိတောက်မြိုင်အိမ်ကြီးအကြောင်း မေးတယ်… ကျွန်တော်



ပိတောက်မြိုင်အိမ်ကြီးဆိုတာ ဘာမှန်းတောင်မှ မသိ တာ… "

"ဖြစ်မှဖြစ်ရလေ မင်းမင်းရယ်… မင်းမင်းမှာ ဘုရင့်အတွက် ဝေက်ကျွန်ခံဆိုတာမျိုးဖြစ်ရတာ နှစ်ကြိမ်နှစ်ခါကြီးတောင် ပါလား… ပထမအကြိမ်က ဦးလေးနဲ့စကားများပြီး အိမ် ပေါ်က ဆင်းခဲ့တယ်… ဒုတိယ ကိုကြီးမြင့်နဲ့ ကိုဝေလင်းတို့ မမနွေးကြောင့် ဆက်ဆံရတယ်… သူတို့နှစ်ယောက်က မင်းမင်းကို ဆိုးဆိုးဝါးဝါးကြီးတွေများ လုပ်လိုက်သေးလား ကွယ်… "

"သူတို့က သူတို့ပိုင်နက်ထဲရောက်ရင် ကျွန်တော့်ကို အရေ ခွံခွာမယ်လို့တော့ ကြိမ်းမောင်းတာပဲ… ပထမ ကားပေါ် မှာပြီး မေးတာကို ကျွန်တော် မဖြေနိုင်ကတည်းက… ကျွန်တော့်မျက်နှာကို ကိုကြီးမြင့်က လက်သီးနဲ့ထိုးတယ်… အဲဒါကြောင့်လည်း ကျွန်တော့်က သေမထူး… နေမထူး ဘဝသမားပဲ… ပြန်ကြိမ်းပစ်လိုက်ပြီး လစ်ပေါက်ရတာနဲ့ ခြေကုန်သုတ်လစ်ထွက်ခဲ့ဟာပဲ မမနွေး… "

ကိုကြီးမြင့်နှင့် ကိုဝေလင်း သူတို့အိမ်ခြံတံခါးဝ အဝင်တွင် သူ၏တန်ပြန်လှုပ်ရှားတိုက်ခိုက်မှုကြောင့် မောင်တော် အား အုတ်ခဲနှင့်တိုက်ပြီး သူတို့နှစ်ယောက် ဘာဖြစ်ကျန်ခဲ့မှန်း သိ။ သူလစ်ပြေးလာခဲ့သည်ကို ဖြည်းစွာပြောပြလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမနွေးသည် မင်းမင်းဘက်သို့ မျက်နှာလေး
စောင်းကြည့်မိပြန်သည်။ မမနွေး၏ မျက်နှာတွင် စိတ်မကော
ဖြစ်ရကြောင်းနှင့် မင်းမင်းအပေါ် ကရုဏာသက်ကြောင်း
လွှင်နေပါ၏။

ရပ်ထားသော မမနွေး၏ကားသို့ ရောက်လာ
သည်။ မမနွေးက ကားတံခါးသော့ဖွင့်သည်။ မမနွေးပင် မော
သူနေရာတွင် ဝင်ထိုင်ပြီး ရှေ့ဟိုဘက်တံခါး သော့ချက်ကို လှမ်း
မှန်ချလိုက်သည်။

"ကဲ... တက်... မင်းမင်း... မမနွေးပဲ မောင်းမယ်...

မင်းမင်းက ကားခေါင်းကို ကွေ့ပတ်ခါ ဟိုဘ
တံခါးဖွင့်ပြီး မမနွေးနှင့် ယှဉ်တွဲထိုင်လိုက်သည်။

မမနွေး ကားစက်နှိုးပြီးမောင်းထွက်လာပါ၏။

မင်းမင်းသည် မိမိအတွက် ရန်ကုန်တွင် နေရခြ
သည် နောက်ဆုံးပါလားဆိုသော အသိဖြင့် ကားနောက်မှ
ရွှေတိဂုံစေတီတော်ကြီး တငေးတမောကြည့်ပြီးလိုက်ရာ စော
တန်းခြေရင်းတွင် ခါးပိုက်နှိုက်ကိုဘတိုးကြီး ရပ်ပြီး မိမိတို့ ထွ
လာသည့်ကားနောက်ပွိုင်းအား လှမ်းကြည့်နေသည်ကို လှမ်း
ရပေသည်။

အစ်ကိုဘတိုးသည် တစ်မျိုးကြီးပါလား။ မိမိ
မျက်နှာချင်းဆိုင် ပြန်မတွေ့အောင်ရှောင်ပြီး နောက်မှသာ မိမိ



ဘာကြောင့်များ ချောင်းကြည့်ပါလိမ့်။

"ကျွန်တော့်ကို စော်ဘွားကြီးကုန်းက အဝေးပြေးကားဂိတ်ကိုပဲ ပို့ပေးပါ မမနွေး... "

"မင်းမင်းက ဘယ်သွားမှာမို့လဲ... "

"ရေကြည်ရာ မြက်နုရာပေါ့ မမနွေး... ဘယ်မြို့ ဘယ်ဒေသလို့တော့ သတ်မှတ်ချက် မရှိသေးဘူး... ဝပ်ရှော့များများရှိတဲ့ မြို့ဆိုရင် ကျွန်တော် တစ်ဝမ်းတစ်ခါးအတွက်တော့ အလုပ်ဝင်လုပ်ရင်ရမှာပဲလို့ တွက်ထားတာပဲ... "

"အဲဒါ... မနေ့ကည ဒီနေ့မနက်အိပ်ရာထချိန်အထိ စိတ်ကူးထားတာ မဟုတ်လား... "

မင်းမင်းက ခေါင်းညိတ်ပြသည်။

"ဒီလိုလုပ်စို့ မင်းမင်း... အခု မင်းမင်းဖြစ်လာခဲ့ရတာတွေဟာ မမနွေးကြောင့်ချည်းပဲ ဖြစ်လာခဲ့ရတာဆိုတော့... မင်းမင်းအတွက် မမနွေးမှာ တာဝန်ရှိလာတယ်... မမနွေး မန္တလေးမှာနေတယ်ဆိုပေမယ့်... မန္တလေးရဲ့ မြို့ပြင်ပိုင်းကျတဲ့ ချမ်းမြသာစည်ရပ်မှာနေတာပါ... ဒီတော့... မမနွေး နေ့တိုင်းကျောင်းတက် ကျောင်းဆင်းမှာ မမနွေးကိုယ်တိုင် ဒီကားကိုး မောင်းပြီးလာရတယ်... မင်းမင်း မမနွေးနဲ့ လိုက်ခဲ့... မမနွေးတို့အိမ်မှာနေဖို့ နေရာပေးမယ်... ထမင်းကျွေးမယ်... မင်းမင်းသုံးဖို့တစ်လကို မမနွေး တစ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်... အဲဒါဘယ့်နှယ်လဲ မင်းမင်း... ”

“ကျွန်တော့်ကို ဒရိုင်ဘာနဲ့ကားပြင် အလုပ်ခန့်တယ်ဆိုပါတော့နော် မမနွေး... ”

“သဘောကတော့ အဲဒီသဘောပဲ... ဒါပေမဲ့... မင်းမင်းကို တခြားတစ်နေရာမှာ မျက်နှာငယ်နဲ့သွားလုပ်ရမှာကို မမနွေး စိတ်မကောင်းဘူး... ဒါကြောင့်... မမနွေးဆီမှာပဲ အလုပ်လုပ်စေချင်တဲ့သဘောမို့ ဒရိုင်ဘာသုံးတယ်ဆိုတဲ့ ဝေဟာရသုံးသဘောထက်တော့ အဆင့်ပိုမြင့်ပါတယ် မင်းမင်း... ဘာလဲ... မင်းမင်းက မမနွေး ဆီမှာ ဒရိုင်ဘာ မလုပ်ချင်လို့လား... ”

“ကျွန်တော် ဦးလေးအောင်ဆီမှာ လေးနှစ်လုပ်ခဲ့တာ လခရယ်လို့ မရခဲ့ပါဘူး မမနွေး... ဦးလေးအောင်ရဲ့ဇနီးဒေါ်လေးစိန်ခင်ဟာ ကျွန်တော်ရဲ့ အဒေါ်အရင်းခေါက်ခေါက်ပါ... ဒါကြောင့် ဒေါ်လေးနဲ့ ဦးလေးအောင်ဆီမှာ လခစကား ကျွန်တော် ဘယ်တုန်းကမှ မပြောခဲ့ပါဘူး... အခု မမနွေးက ကျွန်တော် နေဖို့နေရာပေးမယ်... ထမင်းကျွေးမယ်ဆိုရင်ပဲ လုံလောက်ပါပြီ... ဒါကြောင့်... မမနွေးဆီက လခတစ်ပြားမှ မယူဘဲ ကျွန်တော် ဒရိုင်ဘာကားပြင်လုပ်ပေးပါ့မယ်လို့ ပြောချင်တာပါ... ”

“ဒါဆိုရင် မင်းမင်းရဲ့ ဆန့်ပေးလို့ ဆေးရတယ်ဆိုတဲ့ စကား



ကြီးဟာ မမှန်မကန်ဖြစ်သွားမှာပေါ့... တံငါ မုဆိုးက ဆန်စပါးလိုချင်လို့ သူ့သားငါး ပုစွန်ပေးတယ်ဆိုတဲ့ အတွေးအခေါ်ကြီး မှားသွားမှာပေါ့... မင်းမင်းက မမနွေးရဲ့ကားမောင်း ကားပြင်လုပ်တယ်... မမနွေးက ဒါကြောင့်... ငွေတစ်ထောင်ပေးတာကို မင်းလက်ခံမှ မင်းအတွေးအခေါ်တွေ မှန်ရာရောက်မှာပေါ့ မင်းမင်း... ”

“မမှားပါဘူး မမနွေး... မမနွေးက စေတနာတွေပေးလို့ ကျွန်တော်က စေတနာတွေ ပြန်ပေးတဲ့သဘောသက်ရောက်နေတာပဲဟာ... ”

“ဟင်း... ကောင်ငယ်လေး... စကားတော်တော်တတ်တယ်... ”

“နောက်ပြီး... မမနွေး နားမှာနေပြီး ကျွန်တော် ဒရိုင်ဘာလုပ်တာဟာ မမနွေး အပေါ်ကျရောက်လာတဲ့ အန္တရာယ်ဘာကိုဖြစ်ဖြစ် ကျွန်တော်က ကာကွယ်ပေးချင်တာလည်း အများကြီးပါတယ် မမနွေး... ကျွန်တော် ကျောင်းပညာနဲ့ဝေးသက်ပြီး အတန်းကုန်မသင်ခဲ့ရပေမဲ့... အသတ်အပုတ် အထိုးအနှက် အခုခံ အကာအကွယ်အတတ်ပညာတွေ ဂုသနာအလျောက် သင်ကြားလေ့ကျင့်ထားတာမို့ ကျွန်တော့် စွမ်းအားရှိသလောက် ဆောင်ရွက်နိုင်ပါတယ်... ”

www.burmeseclassic.com



မမနွေးသည် မင်းမင်း၏စကားအဆုံးတွင် အ
ကြောင့်မှန်းမသိ။ မော်တော်ကားကို လမ်းဘေးတွင် ကပ်ရပ်
စက်သော့ပိတ်လိုက်သည်။

မမနွေး၏ မျက်နှာလှလှလေးတွင် ဝမ်းသာ
ကျေနပ်မှုအသွင်တွေ ရောပြွမ်းပေါ်လွင်နေပါ၏။

"ဝမ်းသာလိုက်တာ မင်းမင်းရယ်... တကယ့်ကို ဘုရား
မိုးကြိုးပစ် ဝမ်းသာတာ... မမနွေးမှာ အမှန်တကယ်
အပ်နေတာက မမနွေး နားမှာနေပြီး... မမနွေး အ
သစ္စာရှိရှိ... သံယောဇဉ်ရှိရှိနဲ့ ရပ်တည်ပေးမယ့်လူ လို
နေတာပါ... "

"ဒါဆို... မမနွေးမှာ ကိုကြီးမြင့်နှင့် ကိုဝေလင်းလို လူ
ယောက်နဲ့ မပြေလည်တဲ့ ပဋိပက္ခရှိနေပြီ... သူတို့ရ
ကြောက်နေရလို့လား မမနွေး... "

"ဖြည်းဖြည်း မင်းမင်း... ဖြည်းဖြည်း... အခုချက်
မမနွေးက မမနွေးမှာ ဒီပြဿနာ... ဒီအန္တရာယ်
နေမြဲတယ်လို့ ပြောလိုက်ရင် မင်းမင်းမှာ ဟောဟော
ဒိုင်းကြီး ဘာမှနားလည်မှာ မဟုတ်ဘူး... မမနွေးတို့
ရောက်မှ မမနွေးနဲ့ အနီးကပ်နေပြီး လှုပ်ရပ်တွေ... ဖြ
တွေကို မင်းမင်း အကဲခတ်ကြည့်လေ့လာရင်း အ
မမနွေးရဲ့ ပြဿနာတွေ ပဋိပက္ခတွေ... အန္တရာယ်



ကို သိလာမှာပါ... ကိုကြီးမြင့်နဲ့ ကိုဝေလင်း ဆိုတာက...
မမနွေးအတွက် အသေးအဖွဲ့ပါ... မမနွေးမှာ တခြား ကြီး
မားတဲ့ပြဿနာနှင့်အန္တရာယ်တွေရှိသေးတယ် မင်းမင်း..."

"ဒါဆို ပိတောက်မြိုင်အိမ်ကြီးဆိုတာ ဘယ်လိုအဓိပ္ပာယ်
ကို ညွှန်းနေလဲ မမနွေး... "

"ပိတောက်မြိုင်အိမ်ကြီးဆိုတာက... အခု မမနွေး လက်ရှိ
နေနေတဲ့ မန္တလေးချမ်းမြသာစည်ရပ်က ခြံအကြီးကြီး ဝင်း
အကျယ်ကြီးနဲ့ အိမ်အကြီးကြီးဟာ ပိတောက်မြိုင်အိမ်ကြီး
ပဲ မင်းမင်း... အခုလက်ရှိ... အဲဒီပိတောက်မြိုင်အိမ်ကြီး
ကို စိုးမိုးအုပ်ချုပ်နေသူကတော့... ဦးလှိုင်ဘွားနဲ့ သူ့ဇနီး
ဒေါ်နီမာ လင်မယားပဲ... ဦးလှိုင်ဘွားက မမနွေးရဲ့ဦးလေး
အရင်းတော်စပ်တယ်... အဲဒီ ပိတောက်မြိုင်အိမ်ကြီးဟာ
တကယ်တမ်း တရားဥပဒေအရ မမနွေးရဲ့ပိုင်ဆိုင်မှုအများ
ထဲက တစ်ခုအပါအဝင်ဆိုတာလောက်ပဲ... မင်းမင်း
နားလည်ထားဦး... ဒါပေမဲ့ အခုလောလောဆယ်မှာ
တော့... တရားဥပဒေအပိုင်းအရပဲ ရာနှုန်းပြည့် ပိတောက်
မြိုင်အိမ်ကြီးကို မမနွေး ပိုင်ဆိုင်ခွင့်မရသေးဘူး... "

"ပိတောက်မြိုင်အိမ်ကြီးလို့ ဘာလို့နာမည်ပေးထားတာ
လဲ... နာမည်ကြီးက ကြားရတာနဲ့ကြက်သီးထစရာကြီး..."

မမနွေးက ရယ်ပါ၏။

www.burmeseclassic.com



"ပိတောက်မြိုင်အိမ်ကြီးဆိုတာက နီးစပ်ရာ လူတွေက ကြီးကျယ်ခမ်းနားတာကို ရည်ရွယ်ပြီး... ပိတောက်မြ အိမ်ကြီးလို့ ခေါ်ကြတာပါ... တကယ်ကတော့...
"ပိတောက်မြိုင်ရိပ်ငြိမ်"ဆိုတဲ့ ဆိုင်းဘုတ်ချိတ်နာမည်နဲ့ပါ ခြံကြီးတစ်ခုလုံး ပတ်လည်မှာ ဟိုရှေးပဝေသဏီကတည် က ပိတောက်ပင်ကြီးတွေ ဝိုင်းနေတယ်လေ... ပိတော ပွင့်ချိန်ဆိုရင်... ပိတောက်မြိုင်ရိပ်ငြိမ် တစ်ခုလုံးဟ ပိတောက်ပန်းတွေနဲ့ ထိန်ထိန်ဝါပြီး အင်မတန်သာယ လှပတဲ့အိမ်ကြီးပေါ့... ပိတောက်ပင်တွေဟာ... မမနွေးတို့ ဘိုးဘွားလက်ထက်ကတည်းက စိုက်ခဲ့တဲ့အပင်တွေလေ အဲဒီပိတောက်ပင်တွေကို အစွဲပြုပြီး...ပိတောက်မြိုင်ရိပ်ငြိ လို့ အမည်ပေးထားတာ... အဲ... အဲဒီ ပိတောက်မြိုင်ရိ ငြိမ်ကို ဦးလေးဦးလှိုင်ဘွားစပြီး အုပ်ချုပ်ကတည်းက ပိတောက်မြိုင်အိမ်ကြီးလို့ နီးစပ်သူတွေပတ်သက်သူတွေ က ခေါ်ကြတာပဲ မင်းမင်း... ဒါထက် အဲဒီပိတောက်မြိုင် ရိပ်ငြိမ်ကို မရောက်ခင် မင်းမင်းကို မမနွေး အလေးအနက် တင်ကြိုပြီး တစ်ခုပြောထားချင်တယ်... "
"ပြောပါ မမနွေး... "
"အခု မမနွေး တင်ကြိုပြောထားချင်တာက... မင်းမင်းကို မမနွေးရဲ့ ဒရိုင်ဘာဆိုတဲ့အနေနဲ့မဟုတ်ဘူးနော်... မမနွေး



နားမှာ ရပ်တည်ပေးပြီး အန္တရာယ်တွေကို ခုခံပေးမယ့်သူ အနေနှင့် မမနွေးပြောမှာ... "
"ပြောမှာသာ ပြောပါ မမနွေး... ကျွန်တော် ပြောပြီးသားပဲ... မမနွေးအတွက်ကို ကာကွယ်ပေးချင်တဲ့ဆန္ဒ... ကျွန် တော့်မှာ အပြည့်အဝရှိတယ်ဆိုတာ... "
"ဒါဆိုပြောမယ်... ပိတောက်မြိုင်ရိပ်ငြိမ်ကိုရောက်တာနဲ့... မင်းမင်းဟာ မမနွေးရဲ့ဦးလေးဦးလှိုင်ဘွားနဲ့ ထိပ်တိုက် တွေ့မှာပဲ... ဦးလေးလှိုင်ဘွားက သူ့သဘောမကျတဲ့ကိစ္စ ဆိုရင် လူမိုက်အားကိုးလုပ်တတ်တဲ့ ဉာဏ်ရှိတယ်... အဲဒီ ဒဏ်ကို မင်းမင်း ခံနိုင်ပါ့မလား... "
"ရပါတယ် မမနွေးရာ... ကျွန်တော် ပြောပြီးသားပဲ... ကျွန်တော့်ဘဝက သေမထူး... နေမထူး ဘဝပဲ... တစ် လောကလုံးမှာ ဥတစ်လုံး တစ်ကောင်ကြွက်သမားပဲ... ကျွန်တော် သေလို့ ငိုမဲ့သူတောင် မရှိတာ... မမနွေး အတွက် ကျွန်တော် ဘာမဆို ဉာဏ်ရှိသလောက် အစွမ်း ရှိသလောက် ကူညီချင်နေတာ... "
"ဒါဆိုပြီးရော... မမနွေး မင်းမင်း အားကိုးနဲ့ စိတ်အေး လက်အေးနေတော့မယ်... ကဲ... မင်းမင်းလည်း အခုအချိန် ကစပြီး ကိုယ်လုပ်ရမယ့် အလုပ်ကို စလုပ်ပေတော့... "
"ကျွန်တော်... ဘာစပြီးလုပ်ရမှာလဲ မမနွေး... "

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း... မင်းမင်းက ခုချိန်ကစပြီး မမနွေးရဲ့ ဘော်ဒီဂတ်ဒရိုင်ဘာလေ... ဒရိုင်ဘာဆိုတော့ ကားမောင်းရမှာပေါ့... အခုပဲ မောင်းတော့လေ... မမနွေး ဘေးကထိုင်ပြီး စီမံနေလိုက်မယ်... "

မမနွေး ပြောပုံလေးမှာ ရွှင်နေပါ၏။ မြူးနေပါ၏။ ရယ်မောပြီး ဟာသသဘောပြောရင်း ကားပေါ်မှ ဆင်းသည်။ ဒီဘက် မင်းမင်းထိုင်ရာ ကုရှင်ဘက်သို့ ကားခေါင်းကွေ့ပြီး လျှောက်လာသည်။

မင်းမင်းကလည်း နားလည်သဘောပေါက်စွာ ဒရိုင်ဘာနေရာသို့ ဖင်ရွှေ့ပြောင်းပြီး မမနွေး ကားပေါ်တက် တံခါးပိတ်ပြီးသည်နှင့် မင်းမင်းက ကားကိုမောင်းထွက်လာလေတော့သည်။

❋



# ၄

ထည်ဝါလွန်းတော့လည်း မြင်ရုံနှင့် အရှိန်အဝါကို ခံနိုင်မှ...ပါ၏။

မျက်မမြင် ပုဏ္ဏားလက်ဝါးဖြင့် စမ်းပြီး ဆင်ဆိုသည်မှာ အကောင်အကြီးကြီးပါလားဟု ပြောဘိသကဲ့သို့ မင်းမင်း ပြောရမည် ထင်ပါ၏။

မန္တလေးမြို့ ချမ်းမြသာစည်ရပ်ရှိ မမနွေးတို့၏ ...တောက်မြိုင်ရိပ်ငြိမ်ကြီးကို မြင်တွေ့လိုက်သည်နှင့်...

အားပါးပါး... ပိတောက်မြိုင်ရိပ်ငြိမ်ဆိုသည်မှာ ...ကြီးမားလှပါလားဟု မင်းမင်း စိတ်ထဲတွင် ကျိတ်ပြီး ရေရွတ်လိုက်ပေသည်။

မျက်နှာအရှေ့ဘက် အုတ်ရိုးခံ သံပန်းတံခါးစည်း ...ပင် ပေါ်အချစ်ရာလောက်ရှိ အံ့သည်။ ဘေးနှင့်နောက်သည် ပေ

www.burmeseclassic.com



ပေါင်းမည်မျှရှည်လျားသည်ကို မမြင်ရသေး။

"ပွမ်… ပွမ်… ပွမ်… "

ပိတ်ထားသော သံပန်းတံခါးဘက်သို့ ဦးခေါင်းချီ ပြီးရပ်သည်နှင့် နွေးနွေးမွှန်က သူမ၏လက်ဖြင့် ကားဟွန်းသံ ချက်ကို လှမ်းနှိပ်လိုက်သည်။

ခြံသံပန်းတံခါးကြီး၏ ကပ်လျက်အတွင်းဘက် ဆေးရောင်သုတ် သစ်သားကင်းတဲအိမ်လေးထဲမှ ဟွန်းသံကြော အစောင့်လူတစ်ယောက် ထွက်လာသည်။

"အားပါပါး… "

မင်းမင်းသည် ကင်းတဲအိမ်လေးထဲမှ ထွက်လာ သော လူကို မြင်လိုက်ရသည်နှင့် ဒုတိယအကြိမ် ရင်ထဲမှ အားပ ပါး တမိရပြန်သည်။

ဤမျှမြင့်မားပြီး ဤမျှကိုယ်ခန္ဓာကြီး တုတ်ခိုင်ကြ မားလှသည်ကို မင်းမင်းသည် နိုင်ငံခြားရုပ်ရှင်ဇာတ်ကြမ်းများ သာ တစ်ခါတစ်ရံ တွေ့ခဲ့ဖူးပါ၏။ မြန်မာပြည်တွင်လည်းကောင် ရန်ကုန်မြို့ကြီးတွင်လည်းကောင်း ဤမျှ လူကောင်ကြီးမားထွ ကျိုင်းပြီး အရပ်မြင့်မားသူကို မမြင်ဘူးသေး။ လူ့ဘီလူးကြီး မင်းမင်းစိတ်ထဲက ကင်ပွန်းတပ်မိသည်။

အပေါ်ပိုင်းတွင် အင်္ကျီဝတ်ထားခြင်း မရှိ။ အော ပိုင်း၌ ရှမ်းဘောင်းဘီအနက်ကြီး ဝတ်ထားသည်။



ထိုလူ့ဘီလူးကြီးလက်တွင် အတွင်းမှပိတ်ထားသော ခြံတံခါးသော့ ကိုင်ဆောင်းလာပါ၏။ သူက ကားထဲတွင်ပါရှိသော လူတွေကို သေချာကြည့်သည်။

"ဩော်… ဆရာမ ပြန်လာတာကိုး… "

"ဟုတ်တယ်… ဦးလေး… "

မင်းမင်းက ထိုလူကြီး၏အမည် ဦးဝေလဟု မှတ် ထားလိုက်ရပြန်သည်။

"ဆရာမ ဘယ်သွားပြီး… ဘယ်ကပြန်လာတာလဲ… "

တံခါးသော့မဖွင့်သေးဘဲ ဘယ်သွားပြီး ဘယ်က ပြန်လာတာလဲဟု ဦးဝေလ မေးခွန်းကို မမေ့ ရှက်သွားသည်။

"ကျွန်မဘာသာ ဘယ်သွားသွား… ဘယ်ကလာလာ… ဦးဝေလက မေးစရာလား… ကျွန်မလာရင် တံခါးဖွင့်ပေး ဖို့က ဦးဝေလရဲ့တာဝန်… "

"မှန်ပါတယ် ဆရာမ… အိမ်ရှင်တွေ အပြင်က ပြန်လာရင် တံခါးဖွင့်ပေးရမှာ ကျုပ်တာဝန်မှန်တယ်… ဒါပေမဲ့… အခု ဆရာမနဲ့အတူ… "

ဦးဝေလက စကားဆုံးအောင် မပြောဘဲ ကား မောင်းလာသည့် မင်းမင်းကို လက်ညှိုးထိုးပြသည်။ အဓိပ္ပာယ် မှာ လူစိမ်းပါလာနေသည်ဟူသော အဓိပ္ပာယ်ဖြစ်ပါ၏။

"ဒါ… ကျွန်မ မိတ်ဆွေ… "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျုပ်မသိဘူး... ဒီကောင်လေးဟာ တစ်ခါမှ မမြင်ဘူးတဲ့... ပိတောက်မြိုင်ရိပ်ငြိမ်ရဲ့ လူစိမ်းသက်သက် ဖြစ်နေတယ်... ဆရာကြီးက ကျုပ်ကို တင်းတင်းကျပ်ကျပ် မှာထားပါတယ် ဆရာမ... ပိတောက်မြိုင်ရိပ်ငြိမ်ထဲကို ဘယ်လူစိမ်းမှ ဝင်ခွင့်မပေးရဘူးတဲ့... နောက်ပြီး... ဆရာကြီးက ဆရာမကို စိတ်ဆိုးနေတယ်... သူ့ကို ခွင့်မတောင်းဘဲ ညအိပ်ညနေ့ထွက်သွားလို့တဲ့... "

"အို... ကျွန်မဟာ ကျွန်မ ဘယ်သွားသွား... ဘယ်သူ့ဆီကမှ ခွင့်တောင်းဖို့ မလိုဘူး... ဒီပိတောက်မြိုင်ရိပ်ငြိမ်ထဲက ကျွန်မ သွားချင်တဲ့အချိန်သွားမယ်... ပြန်ချင်တဲ့အချိန် ပြန်မယ်... ဦးဝေလရဲ့တာဝန်က ကျွန်မ သွားသွား... ကျွန်မ လာလာ ခြံတံခါးဖွင့်ပေးဖို့ပဲ... အခု ဦးဝေလ တံခါးမဖွင့်ဘူးလား... ဖွင့်မလား... ဒါပဲပြော... "

"ဖွင့်ပေးမယ်ဆရာမ... ဒါပေမဲ့... ဒီကောင်ငယ်လေးကို အပြင်မှာထားခဲ့ပါ... ဆရာကြီး အိမ်ထဲမှာရှိနေပါ တယ်... ဆရာမက ကိုယ့်ဦးလေးကို ပြောပြပြီး ဆရာကြီးက ဖွင့်ပေးလိုက်ဆိုတာနဲ့ ဒီကောင်ငယ်လေးကို ကျုပ်တံခါး ဖွင့်ပေးပါ့မယ်... "

"အို... မလိုတာတွေပြောမနေနဲ့... ကျွန်မ မိတ်ဆွေပါဆိုတာနဲ့ စိမ်းချင်စိမ်း ကျက်ချင်ကျက်... ကျွန်မ လက်ခံရင်



ကျွန်မ အိမ်ထဲဝင်ခွင့်ရှိတယ်... ဦးဝေလ နားလည်ထားဖို့က ဒီပိတောက်မြိုင်ရိပ်ငြိမ်ဟာ ကျွန်မ မိဘရဲ့အမွေ... ဒီအမွေကို တစ်ဦးတည်းသောသမီး ကျွန်မက ဆက်ခံတာ... ဒါတွေကို ဦးလေးလှိုင်ဘွားရဲ့တပည့်ရင်းဆိုပေမဲ့ ဦးဝေလ ကောင်းကောင်းနားလည်ထားဖို့လိုတယ်... ကြားလား ဦးဝေလ... "

"မှန်တယ်ဗျို့... ဝေလကြီး... ကျုပ်တူမ ခွေးမွန် ပြောတာ သိပ်မှန်တယ်... ဒီပိတောက်မြိုင်ရိပ်ငြိမ်ကြီးဟာ ခွေးမွန် တစ်ဦးတည်း ဆက်ခံရမယ့် အိမ်ကြီးဗျ... "

ဦးဝေလ ကျောပေးထားသည့်ဘက် အိမ်ကြီးထဲမှ အမျိုးသားကြီးတစ်ဦး ထွက်လာကာ ရယ်ရယ်မောမောဖြင့် ဦးဝေလကို လှမ်းပြောရင်း ခြံတံခါးဆီသို့ လျှောက်လာလေသည်။

မင်းမင်းက ကားရှေ့မှန်မှ ထိုထွက်လာသော ပုဂ္ဂိုလ်ကို လှမ်းမြင်နေရပါ၏။

အသက်(၅၀)ခန့်ရှိအံ့သည်။ နားထင်ဆံစတချို့နှင့် နဖူးအထက် ဆံစတချို့ ဖြူရောင်သမ်းနေသည်။ ကော်လံကတုံးရှပ်လက်တိုအဖြူရောင် ဝတ်ထားသည်။ အဖြူနှင့်အမည်းဖောက်ထားသော ပိုးတွဲလုံချည် ဝတ်ထားသည်။

ဥပမိရုပ်တော်တော် ကောင်းပါ၏။ ခန့်ငြားပါ၏။ မပိန်မဝသော ခန္ဓာကိုယ်ရှိပြီး အရပ်မှာ ငါးပေငါးလက်မလောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ထိုပုဂ္ဂိုလ်ကားပြောသံမှာ ဩဇာအမိန့်ပေးနေကျအသံမျိုး ဖြစ်သည်။ လက်ထဲတွင် နိုင်ငံခြားဖြစ် တစ်ချောင်းလျှင် ခြောက်ထောင်ခန့်ပေးရသော သံမဏိတုတ်ကောက်ငွေရောင် ကိုင်ထားသည်။

လေးနှစ်လုံးလုံး ဝပ်ရှော့တွင် ကားပိုင်ရှင်ပုဂ္ဂိုလ်အမျိုးမျိုးနှင့် ဆက်ဆံခဲ့ဖူးသော မင်းမင်းသည် ဒီလိုပုံစံမျိုးလူကို တွေ့သည်နှင့် အကဲခတ်တန်သလောက် အကဲခတ်နိုင်ပေသည်။

ယင်းသို့သော ပုဂ္ဂိုလ်ကြီးမျိုးတို့သည် သူနှင့်ဆက်ဆံသူများအား အပေါ်စီးမှ ခက်ထန်စွာ ဆက်ဆံပြီး သူ့အတွက် အကျိုးပြု အမြတ်ရနိုင်မည့်သူဆိုလျှင် မျက်နှာချိုသွေး အကြိုက်ဆောင် အမြှောက်အပင့်တို့နှင့် ဆက်ဆံတတ်ကြသူများ ဖြစ်ကြသည်။

"သြော်... ဆရာကြီး... "

ဦးလှိုင်ဘွားကိုမြင်သည်နှင့် ဦးဝေလကြီးသည် သူ၏ ကြီးမားစွာသော ခန္ဓာကိုယ်ကြီးကို ကုန်း၍ပြီး ဝမ်းမိုက်ပူပူကြီးနှင့်ပင် ခါးကိုကိုင်းညွှတ်ခါ ရှိသေသမှုကို ပြသလိုက်ပါ၏။

ထိုပုဂ္ဂိုလ်ကြီးသည် ပီတောက်မြိုင်ရိပ်ငြိမ်ကြီး၏ အရှင်သခင် ဦးလှိုင်ဘွားဟု မင်းမင်း နားလည်လိုက်ရသည်။

ဦးလှိုင်ဘွားသည် ဖွင့်မပေးသေးသောတံခါးသော့ခလောက်ကို လက်ညှိုးထိုးပြပြီး ခေါင်းဆတ်ပြလိုက်သည်နှင့်



ဝေလကြီးက အပြေးကလေး သံပန်းတံခါးသော့ကို ဖွင့်လိုက်သည်။

"တော်ပြီ... ဆက်မဖွင့်နဲ့... "

ဦးလှိုင်ဘွားသည် ဦးဝေလကို အမိန့်ပေးပြီး... လူယ်တိုင် သံပန်းတံခါးကို သူ့တစ်ကိုယ်စာထွက်နိုင်ရုံဖွင့်၍ အပြင်ကိုထွက်ခါ ကားအတွင်းသို့ ကြည့်လိုက်သည်။

ထို့နောက် လက်ထဲမှ သံမဏိတုတ်ကောက်ဖြင့်တံခါးဘောင်ကို ထိုးပြီးဖွင့်လိုက်သည်။

"ကဲ... မောင်းဝင်ပေတော့ နွေးမွန်... "

မင်းမင်းကို ဆက်မောင်းရန် နွေးနွေးမွန်က အချက်သဖြင့် မင်းမင်း ခြံကြီးထဲသို့ ဆက်မောင်းဝင်ခဲ့သည်။

မင်းမင်း စိတ်ထဲတွင် ယခုလိုတွေ့ရှိရသည်ကြောင့်ဝေလကြီးကိုဖြစ်စေ၊ မမနွေး၏ ဦးလေးဆိုသူ ဦးလှိုင်ဘွားကိုစေ၊ စိတ်ထဲတွင် မနှစ်မသက်ဖြစ်မိသည်။

ကိစ္စမရှိ။

မင်းမင်းအနေနှင့် ဦးဝေလကြီးနှင့် ဦးလှိုင်ဘွား နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မိမိနှင့်မဆိုင်။ သည် မမနွေး တစ်ဦးတည်း၏ မျက်နှာနှင့်လိုက်ပါလာခြင်းသည်။ မမနွေးက မဟာအဝီစိငရဲသို့သွားမည်ဆိုလျှင်ပင်င်းက အဲသင့်လိုက်ပါလေမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



မမနွေးက ဖြူဖွေးဆိုလျှင် မိမိက ဝါဝွမ်းလို ဖြ
လိုက်ပြီး မမနွေးက မည်းလိုက်စမ်းဆိုပါက မိမိသည် ကျောက်
မီးသွေး ဖြစ်သွားရမည်။

ခြံကြီးထဲသို့ မင်းမင်းက တစ်ဘီးချင်း လိမ့်ဝင်
သောကြောင့် ရပ်ကျန်ခဲ့သော ဦးလှိုင်ဘွားနှင့် ဦးဝေလ ပြောသော
စကားကို ကြားနေရပါ၏။

“ဒီမယ်… ကိုဝေလ… ခင်ဗျားကို ကျုပ်ပေးထားတဲ့အမိန့်
ဟာ မပြောင်းလဲသေးဘူး… ကျုပ်ခြံထဲကို ဘယ်လိုလူစိမ်း
မှ မဝင်ရဘူး… ခြံတံခါးကိုကျော်ပြီး ကျုပ်ခြံထဲလူစိမ်းဝင်
ဦးရောက်လာရင် ခင်ဗျားတာဝန်မကျေလို့ဘဲ… ”

“ဟာ… ဆရာကြီး… အခုဟာက… ဆရာကြီးကိုယ်တိုင်
ဖွင့်ပေးတာပါ… ”

“မှန်တယ်… ကျုပ်ဖွင့်ပေးတာက ကျုပ်တူမနွေးမွန်အတွက်
သာ ဖွင့်ပေးတာ… ကျန်တဲ့လူစိမ်းအတွက်ကတော့ ဦးဝေလ
မှာ တာဝန်ရှိနေသေးတယ်… ”

“ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး… ”

ဦးဝေလကြီးက ပြောပြီး ကားရှိရာသို့ သူ့ခန္
ကိုယ်ကြီးကို တလိမ့်လိမ့်လျှောက်လာသည်။

ပြီး… ပေါ်တီကိုတွင်ရပ်လိုက်သော ကားထဲ
မင်းမင်းကို ဦးဝေလကြီးက ဘာမပြော ညာမပြော တံခါးဖွင့်ပြီး



မင်းမင်းကို ဆွဲချလိုက်ရာ မင်းမင်းမှာ ကားပေါ်မှအောက် တမံ
တလင်းပြင်သို့ ဖင်ထိုင်ပစ်လဲကျသွားလေတော့သည်။

“ဒါဘာလုပ်တာလဲ ဦးဝေလ… အဲဒီလို လုပ်ရမယ်လို့
ဦးလေးက ဦးဝေလကို အမိန့်ပေးလိုက်သလား… ”

ပြောပြောဆိုဆို နွေးနွေးမွန်သည် ကားပေါ်မှ
ဆင်းကာ ဦးလှိုင်ဘွားရှေ့တွင် မားမားလေးရပ်လိုက်သည်။

ဦးလှိုင်ဘွားကပင် ဆီး၍ပြောပါ၏။

“ဦးလေးဘွားကို ဘာမှမမေးနဲ့ နွေးမွန်… ဦးဝေလကြီးကို
အလုပ်ခန့်ကတည်းက ဒီအမိန့်ပေးထားတာပဲ… ဒီခြံနဲ့
ဒီအိမ်ကြီးထဲကို ဦးလေးဘွားရဲ့ခွင့်ပြုချက်မရဘဲ ဘယ်လူ
စိမ်းမှ မဝင်ရဘူးလေ… ”

“ဘာဆိုင်လဲ… တခြားဒီပြင်လူစိမ်းဆိုရင်တော့… ဦးလေး
ဘွားရဲ့အမိန့်အတိုင်းပေါ့… အခု မင်းမင်းကျတော့ နွေး
ခေါ်လာတာ… ”

“နွေးမွန် ခေါ်လာတယ်ဆိုပေမယ့်… ဒီကောင်လေးလူစိမ်း
ဟာ ဦးလေးဘွားအဖို့ လူစိမ်းပဲ… ဘယ်လိုမျက်နှာစိမ်း
ဖြစ်ဖြစ် ခြံထဲဝင်လာရင်တော့… ဦးဝေလနဲ့ရင်ဆိုင်ရမှာ
ပဲ… ဟဲ… ဟဲ… ဆိုးတော့ မဆိုးဘူး… နွေးမွန် ခေါ်လာ
တဲ့ချာတိတ်က ရုပ်ရော ကိုယ်ရော သိပ်ကြည့်ကောင်းရုံ
မကဘူး… အသတ်အပုတ်အထိုးအနက်လေးလည်း မခေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး... ဟိုမှာ... နောက်လှည့်ကြည့်လေ... ကိုဝေလနှ
ချာတိတ်ချနေကြပြီ... ”

-ပြောလေမှ နွေးနွေးမွန် နောက်လှည့်ကြည့်လိုက်
သည်။

သတ်ပုတ်ပွဲမှာ ပဏာမပျိုးနေပြီ။

ဆင်နှင့်ဆိတ် သတ်ပုတ်ပွဲဟု ဆိုလောက်သည်
လူကောင်ချင်း အကွာကြီးကွာသည်ကတော့ အမှန်။

မင်းမင်းသည် ဦးဝေလက ကားပေါ်မှ ကြမ်းကြမ်း
တမ်းတမ်း ဆွဲအချခံလိုက်ရကတည်းက ပွဲကြီးတစ်ပွဲတော့ ဆင်
ရတော့မည်မှန်း အလိုလိုနားလည်သောကြောင့် ပြိုင်ဘက် ဦးဝေလ
ကြီးကို မင်းမင်း အကဲခတ်လိုက်သည်။

အဓိကမှာ လူချင်းပူးမသွားဖို့မှန်း ချက်ချင်းဆုံး
ဖြတ်သည်။

မင်းမင်း ဖင်ထိုင်ကျသွားရာမှ ပြန်ပြီးမတ်တတ်
ရပ်ချိန်ဝယ် ဦးဝေလကြီးက မင်းမင်းဆီသို့ တစ်လှမ်းချင်း လှမ်း
လာနေပြီဖြစ်ပါ၏။

ဦးဝေလ၏ ခန္ဓာကိုယ်ကြီးဖြစ်သည့် ရင်အုပ်၊ ဝမ်း
ဗိုက်၊ ကျောပြင် စသည့်နေရာများကို မိမိက လက်သီးပဲ ဝင်ဝင်
လက်ဝါးစောင်းပဲ ခုတ်ခုတ်၊ ခြေဖြင့် ကန်ကန် ဖွဲအိပ်ကြီးတစ်အိပ်
ကို ထိုးရခုတ်ရ ကန်ရသလိုသာရှိလိမ့်မည်။ အရာရောက်လိမ့်မည်



မဟုတ်။

ဦးဝေလကြီး၏ မျက်လုံး၊ နှာရိုး၊ လည်မျိုနှင့် ပေါင်
ရင်းခွဆုံနေရာများကိုသာ ထိထိမိမိပြုလုပ်ရမည်ကို မင်းမင်းသတိ
ပြုလိုက်သည်။

မင်းမင်းသည် ဦးဝေလကြီး မိမိထံသို့ရောက်လာ
သည်အထိပင် မစောင့်တော့ဘဲ လှစ်ခနဲ သူ့ဆီပြေးဝင်ကာ သူ့
ဆီးမှ ပွတ်သွားရင်း မင်းမင်း၏ ညာလက်ဝါးနှင့် လက်ချောင်း
တ ဦးဝေလကြီး၏ နှခေါင်းနှင့် မျက်လုံးအစုံသို့ အုပ်ပြီးပစ်ရိုက်လိုက်
ပါလေ၏။

“အား... ”

အကောင်ကြီး ကြီးသလောက် အားခနဲ အော်ပြီး
ညည်းလိုက်သံကြီးမှာ အာဂလောင်သံကြီး ဟိန်းထွက်လာပါ၏။

ယင်းအခိုက်မှာပင် ဖွင့်နေသော သံပန်းတံခါးမှ
တန်နီစူပါဆလွန်းကားတစ်စီး ဝင်လာသည်။ ကားပေါ်တွင် ငယ်
ရွယ်လှပပျိုမြစ်သော မိန်းမငယ်လေးတစ်ယောက် ဇိမ်ဇက်ဇက်
ပုံမျိုးဖြင့်ဆင်းလာပြီး နွေးနွေးမွန်ကို တွေ့သည်နှင့်ပြေးဖက်ခါ
နွေးနွေးမွန်၏ ပါးပြင်ကို ရွှတ်ခနဲ ရွှတ်ခနဲ နမ်းလေသည်။

“ကြည့်စမ်း... မမနွေး ပြန်လာပြီ... နှင်းဆီ မမနွေးကို
အရမ်းလွမ်းနေတာ... မမနွေး ဘယ်တွေလျှောက်သွားနေ
လဲဟင်... ”

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးမွန်က ညီမငယ် နှင်းဆီအား ပြန်လည် ဖက်ထားရင်းကလွှဲပြီး ဘာတစ်ခွန်းမှပြန်မပြောနိုင်သေးဘဲ ဆင်နှ ဆိတ် သတ်ပုတ်ပွဲကိုသာ အာရုံစိုက်ကြည့်နေလေသည်။

မိမိခေါ်လာမိသဖြင့် ပဏာမနိဒါန်းမှာပင် မင်းမင် လေးခမျာ ဆင်နှင့်သတ်ပုတ်ပွဲဝင်ရသလိုဖြစ်နေသည်ကိုလည် စိတ်မကောင်းဖြစ်နေပါ၏။

အခြေအနေမှာ မိမိဟန့်တား၊ တားမြစ်နေသည် ကြားကပင်ဖြစ်သွားသော သတ်ပုတ်ပွဲမို့ မိမိဟန့်တားချက်၊ ခရ မရောက်ဖြစ်သွားသည်။

ဦးဝေလကြီး မျက်လုံးမှ မျက်ရည်တွေကျလာပြီ နှာခေါင်းမှ သွေးများ ထွက်လာသည်ကို သူ၏လက်ဝါးကြီးနှ ဘက်ဖြင့် ပွတ်ရင်း... သူ့နောက်ကျောဘက်သို့ရောက်သွားသည် မင်းမင်းဘက်သို့ ပြန်လှည့်ကာ ဂျပန်နဘန်းသမားကြီးလို လက် ကြီးနှစ်ဘက် ရှေ့ဆန့်ပြီး မိမိကို ဖြစ်ညှစ်ကိုင်ပေါက်ရန် ဝင်လာ ပြန်သည်။

ဒီတစ်ခါတော့ မင်းမင်းက တခြားသို့ရှောင်လွဲသွား ပြီး မပြုံဘဲရယ်မြဲရယ်နေသည်။

ဤမျှဆိုလျှင် ဦးဝေလကြီးသည် ဗလကြီးကြီး အကောင်ကြီးကြီး ခွန်အားကြီးကြီးကိုသာ အသုံးချတတ်ပြီး အသတ်အပုတ်ပညာတွင် မတတ်ကြောင်း မင်းမင်း သိသွားပြီ



ခွန်အားကြီးနှင့် ဖမ်းမိလျှင် လိမ်ချိုးမည်၊ ကိုင်ပေါက်မည်။ ဘက်ဖြင့် တအားဖျစ်ညှစ်မည်သာ ဖြစ်ပါ၏။ ဤပုံစံနှင့်ပင် ဝေလကြီး လက်ချက်ကို ခံရသူတွေရှိခဲ့ဖူးမည်မှာလည်း သေ သည်။ ဒါကြောင့်ပင် ဦးလှိုင်ဘွားက လခကောင်းကောင်းပေး ာ ခြံစောင့်ခန့် တပည့်မွေးထားခြင်း ဖြစ်လေသည်။

အနီးကပ်သည်အထိ မင်းမင်းက ရှောင်မပြေးသော ကြောင့် ဦးဝေလကြီးသည် သူ၏လက်နှစ်ဘက်ကို စက်ဝိုင်း ဟန်ဝိုင်းပြီး မင်းမင်းကို ဝိုက်ပြီး ဖမ်းရန် ကြိုးစားလိုက်သည်။

"ပြေးလေ မင်းမင်း... ပြေးလေ"ဟု နွေးနွေးမွန် စိုးရိမ်တကြီး လှမ်းအော်ပြောသည်။

မင်းမင်းက သူ့အကွက်နှင့် သူပါပေ။

ဦးဝေလ ဝိုက်၍ ပိုက်လိုက်သည့် လက်ဝိုင်းကြီးထဲ မင်းမင်းသည် ဖျတ်ခနဲထိုးချရင်း နောက်သို့ လေးငါးလှမ်းခြေ တ်ရှောင်ပြီးမှ တစ်ဖန် ရှေ့သို့အပြေးလေးဝင်ကာ ညာခြေကို လုံးတန်းလို တန်းပြီး ဦးဝေလကြီး၏ အောက်ပိုင်းပေါင်ရင်း ဆုံသို့ ခြေကန်ခြေထိုး ဝင်လိုက်သည်။

"အား... အား... အား..."

အာခေါင်ခြစ်ပြီး အော်သံကြီးထွက်လာကာ ဦးဝေလ ကြီးမှာ လက်ဝါးနှစ်ဘက်ဆီးခုံသို့ အုပ်ထားပြီး ခါးကြီးကိုင်းကာ န်းကွကွကြီးဖြစ်သွားတော့သည်။

www.burmeseclassic.com



မျက်လုံးမှ မျက်ရည်တွေကျသည်။ နှာရိုး နှာပေါက်မှ သွေးတွေ စီးကျနေသည်။ ယခုလည်း ခါးကြီးကိုင်းကာ လက်ဝါးနှစ်ဘက်လုံး ဆီးခုံကို အုပ်ထားသောကြောင့် လုပ်ချင်သလိုလုပ်ပေတော့ဟု လည်စင်းပေးသည့် ပုံအသွင်ရောက်နေပေပြီ။

မင်းမင်းကသာ မညှာမတာ လုပ်မည်ဆိုပါက ဦးဝေလကြီး၏မျက်နှာကို အောက်မှခြေပင့်ပြီး ခြေချောင်းများဖြင့် ဝင်လိုက်ပါက ဦးဝေလ မျက်စိနှစ်လုံးပေါက်သွားနိုင်သည်။ နှာခေါင်းရိုး သွင်သွင်ကျိုးသွားနိုင်သည်။

မင်းမင်း ထိုမျှအထိ မလုပ်ရက်ပါ။

ကိုယ့်အဖေအရွယ်လောက်ကြီးအပေါ်တွင် မရက်စက်လိုပါ။

သို့သော် ဦးဝေလကြီး လဲကျသည့်အထိတော့ မင်းမင်း လုပ်ရမည်သာ။ သို့မဟုတ်ပါက သတ်ပုတ်ပွဲထပ်မံရှည်ကြာပေမည်။

မင်းမင်း၏ လက်ဝါးစောင်းသည် ငုံ့စင်းသော ဦးဝေလကြီး၏ လည်ကုတ်ကို တစ်ချက်တည်း ခုတ်ချလိုက်သည်နှင့် ဦးဝေလကြီးမှာ ထပ်မံအားခနဲ အော်ရင်း မှောက်လျက်သားကြီး လဲကျသွားတော့သည်။

ရုတ်ချည်း ပြန်မထနိုင်ပါလေတော့။ မြေပြင်တွင် လူးလိမ့်နေပေတော့သည်။



ဆင်နှင့်ဆိတ် သတ်ပုတ်ပွဲပြီးသွားပါ၏။

ဦးလှိုင်ဘွား မျက်နှာကြီး နီနေသည်။ လက်ထဲမှ သံမဏိတုတ်ကောက်ထိပ်ဖျားနှင့် လူးလိမ့်နေသော ဦးဝေလကြီးအား ထိုးကာ "အလကား အတ္တကောင်ကြီး"ဟု ရေရွတ်လိုက်ပါ၏။

မိန်းမငယ်လေး စိမ်းဇက်ဇက်ကဝင်၍ ဦးလှိုင်ဘွားအား ပြောလိုက်သည်။

"ဒါတော့ အဖေကြီးမှားတာပေါ့... အဖေကြီးရဲ့ ဦးဝေလကြီးက ခွန်အားဗလနဲ့ အကောင်သာကြီးတာ ပညာသားမှ မပါတာ... ဟိုအစ်ကိုလေးက သူ့အသားတစ်ချက် အနာမခံဘဲ ပညာသားတွေနဲ့ ဦးဝေလကြီးကို လှဲသိပ်လိုက်တာပဲဟာ... "

"တော်စမ်း သမီး... သမီးပါးစပ်ပိတ်ထားစမ်း... ဆက်ပြောရင် သမီးပါ တုတ်ကောက်စာ မိသွားမယ်... "

ဦးလှိုင်ဘွားက ကုလားမနိုင် ရခိုင်မဲ့ သဘောမျိုးဖြင့် သမီးလေးနှင်းဆီကို ကြိမ်းမောင်းလိုက်ပါ၏။

နှင်းဆီသည် လျှာနီလေးတစ်လစ်ထုတ်ပြီး ပခုံး...တွန့်ပြလိုက်ပါ၏။

ပွဲသိမ်းပြီမို့ မင်းမင်းသည် သူ့ဘေးတစ်ဝိုက်သို့ ကြည့်လိုက်သည်။

သူ့ မမနွေးကို ပထမဆုံးကြည့်ပါ၏။

www.burmeseclassic.com



မမန္တေး၏မျက်နှာလေးမှာ ပြုံးတစ်ဝက်၊ မဲ့တစ်ဝက် ဖြစ်နေရှာသည်။

ပြုံးတစ်ဝက်မှာ ဒီပွဲတွင် ဦးဝေလကို မင်းမင်းက နိုင်လိုက်သောကြောင့်။

မဲ့တစ်ဝက်မှာ သူမ၏ဦးလေး ဦးလှိုင်ဘွား လုပ်ပုံ မကျေနပ်သောကြောင့် ဖြစ်ပါလေတော့၏။

မင်းမင်းက ဦးလှိုင်ဘွားကို ကြည့်လိုက်ပြန်သည်။ မျက်နှာကြီးနီ၊ နားရွက်ကြီးနီဖြင့်၊ မကျေမနပ်ဒေါသထွက်နေပုံကို တွေ့ရပါ၏။

ပြီးမှ မမန္တေးနှင့် ဦးလှိုင်ဘွားကြားတွင် ရပ်နေသော နှင်းဆီ ဆိုသည့်ကောင်မလေးကို မင်းမင်း ကြည့်ပြန်သည်။

အပျိုစားလေးမှ တကယ့်အပျိုစားမလေးကို တွေ့ရသည်။ အသက်ဆိုလည်း ဆယ့်ရှစ်ခန့် သို့မဟုတ် ဆယ့်ကိုးခန့်သာ ရှိမည်။

အဝတ်အစားဝတ်ဆင်ထားသည်ကိုလည်းကြည့်ဦး။ ဖဲကဲ့သို့ ပျော့ပျောင်းပြီး ပြောင်လက်သောအထည်ကို ပခုံးတွင် အတောင်တွေပေါက်နေသလားထင်ရအောင် အတွန့်အထောင်တွေနှင့် ချုပ်ထားသည်။ ရင်ဘတ်တွင်လည်း နှီစို့ကလေး သွားရည်ခံသဖွယ် ဖတ်လက်ချထားသည်။ လက်ရှည်ကျတော့ လက်အဖျားပိုင်းတွင် ပွဲထဲက ဝန်ကြီးအင်္ကျီကဲ့သို့ အပေါက်ကျယ်၊ အဝ



ယ်ကြီးဖြစ်ပါ၏။

ထဘီကလည်း အင်္ကျီနှင့်ဝမ်းဆက်ဖြစ်ပေသည်။ တစ်ကိုက်လျှင် လေးငါးထောင်ထက် မနည်းပေးရမည့် ပိတ်သား ဖြစ်ပါ၏။ ထဘီကျတော့ သူမ၏အောက်ပိုင်းကိုယ်လုံးပေါ်စေ သည်။ တင်းရင်းစိုပြေသော ကိုယ်လုံးပုံရိပ်ထွက်ပါ၏။ ထဘီအနား မှ ခြေသလုံးအဆုံး အထဲ... လမ်း လျှောက်လှုပ်ရှားလျှင် သူမ၏ ...လေး များကို တွေ့မြင်ရပေသည်။

မင်းမင်းက သူ...တွင် သူမ က မင်းမင်းကို ပြုံးပြလေသည်။ ပြီး... သူမ၏ ဖခင်ကြီး ဦးလှိုင် ဘွား ရှေ့မှပင် မင်းမင်းကို စကားစပြီး ပြောပေသည်။

"ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ အဖေကြီးက မပြော သေး... မိတ်ဆက်မပေးတော့လို့ ကျွန်တော် မသိရသေး ဘူး... ဒါပေမဲ့... ခင်ဗျားကို ကျွန်တော် အရမ်းကြီးကို ချီးမွမ်းတယ်ဗျာ... မန္တလေးတစ်မြို့လုံးမှာ ဟောဒီဦးဝေလ ကြီးနဲ့ယှဉ်သတ်ရဲတဲ့သူ မရှိသလောက်ကို ရှားတယ်... အခု ကျွန်တော့် အမြင်မှာပဲ ခင်ဗျားလက်ချက်နဲ့ ဦးဝေလကြီး ပက်လက်မှောက်ခုံလိုမှ့်နေပြီလေ... အဖေကြီးက ခင်ဗျား လိုလူကို ရွေးတာ မှန်တာပေါ့ဗျာ..."

နှင်းဆီသည် ဆယ်ကျော်သက်မလေးပီပီ ပြောချင်

www.burmeseclassic.com

www.burmeseclassic.com



ရာ ဇွတ်ပြောသည့်သဘော သက်ဝင်နေပါ၏။

"အမိး... ပါးစပ်ပိတ်ထားစမ်းလို့ ဖေဖေပြောထားတယ်... ဒီကောင်လေးကို ဖေဖေ ရွေးတာမဟုတ်ဘူး... နွေးမွန်နဲ့ အတူတူပါလာတာ... သူက လူစိမ်းမို့ ပိတောက်မြိုင်ရိပ်ငြိမ်မြို့ထဲ ဝင်လာတဲ့သူကို ကိုဝေလကြီးက ဒီအိမ်ကြီးမှာ ဖေဖေ ထုတ်ထားတဲ့[illegible]ကိုင်း တားဆီးတာ..."

[illegible]ဆိက [illegible]ကြည့်လိုက်ပါ၏။

[illegible]ကြ[illegible]နွေးက ဒီကောင်လေးကို ဘာလို့ ဒီအိမ်ကြီးကို ခေါ်[illegible]ပါလိမ့်[illegible]သော အကြည့်မျိုးဖြစ်ပေသည်။

နွေးနွေးမွန်နှင့် မင်းမင်းတို့ ခြံတံခါးအဝင်တွင် ဦးဝေလကြီးနှင့် အဆင်မပြေဖြစ်သည်မှအစ ဦးလှိုင်ဘွားရောက်လာပြီး ဦးဝေလနှင့် မင်းမင်း သတ်ပုတ်ပွဲနိဂုံးအထိ ထိုင်ကြည့်နေသူတစ်ဦးရှိပါ၏။ ဦးဝေလကြီး မထနိုင်အောင် လဲကျသွားပြီးသည်နှင့် ထိုလူသည် စီးကရက်တိုလက်စ ဆက်ရှူဖွာပြီး လက်ညှိုးလက်နှင့် တောက်၍ လွှင့်ပစ်ပြီး ဦးလှိုင်ဘွားရှိရာသို့ ဖြည်းဖြည်းမှန်မှန် ဘာမထီ ခြေလှမ်းမျိုးဖြင့် လျှောက်လာပြီး ဦးလှိုင်ဘွားရှေ့တွင် ရပ်၍ ဦးညွှတ်ရင်း ပြောလိုက်သည်။

"ဘယ်လိုလဲ ဆရာလှိုင်ဘွား... ဒီနောက်ပေါက်ကောင်ချာတိတ်ကို ကျွန်တော်နဲ့ယှဉ်ပြီး ပွဲဆင်ပေးပါလို့ ကျွန်



တော်က စိန်ခေါ်တယ် ဆရာလှိုင်ဘွား... ဒီပိတောက်မြိုင်အိမ်ကြီးထဲကို ဝင်လာသမျှလူစိမ်းဆိုရင် ပထမ...ကိုဝေလကြီးနဲ့ရင်ဆိုင်ရမယ်... ကိုဝေလကြီးကို ဖြတ်ကျော်နိုင်တဲ့လူဆိုရင်တော့... ဒုတိယ... ကျွန်တော်နဲ့ ပွဲထပ်ပေးရမယ် မဟုတ်လား... ကျွန်တော့်ကို ဖြတ်ကျော်နိုင်မှသာ ဒီပိတောက်မြိုင်အိမ်ကြီးထဲ... အဲဒီလူစိမ်းဝင်ခွင့်ရမယ် မဟုတ်လား... ကျွန်တော်ဟာ ကိုဝေလကြီးကို အနိုင်ချနိုင်တာမို့... အခု ဆရာလှိုင်ဘွားအဖွဲ့မှာ ခေါင်းဆောင်နေရာရတာပါ... ဒီချာတိတ်အကောင်လေးကလည်း ကိုဝေလကြီးကို ပွဲသိမ်းချနိုင်တော့... ကျွန်တော်နဲ့အဆင့်တူနေတယ်... ကျွန်တော်က တစ်ပုထဲမှာ နှစ်ကောင်မအောင်းဘူး ဆရာလှိုင်ဘွား... ဒီတော့... ဒီချာတိတ်ကောင်လေးနဲ့ ကျွန်တော် အခုပဲ နောက်ထပ်တစ်ပွဲ ကျင်းပရမယ်..."

ဦးလှိုင်ဘွားက ကျေနပ်စွာ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"အေး... ကောင်းတယ် သီဟ... လွန်အကျွံကြီးတော့ မလုပ်လိုက်နဲ့ပေါ့ကွာ... သူ့ကေ[illegible]လေး သိပ်နာသွားရင် နွေးမွန်က အရစ်ရှည်လာပြီး ပြဿနာတက်လိမ့်မယ်... ဒီချာတိတ်ကို မှတ်လောက်သားလောက်ရုံလောက်ပေါ့ သီဟ..."

www.burmeseclassic.com

www.burmeseclassic.com



"**နာဘယ် ဆရာလှိုင်ဘွား...** ကျွန်တော့် လက်အကြောင်း **လည်း သိသားနဲ့...** ကျွန်တော့်လက်က စိန်ဗေဒါလက်မျိုး **လေ...** ပတ်လုံးကြီးကြီးကို အသံကြီးကြီးမြည်အောင်လည်း **တီး**နိုင်တယ်... ပတ်လုံးသေးသေးဆိုလည်း အသံသေးသေးလေးထွက်ရုံလောက် တီးနိုင်ပါတယ် ဆရာလှိုင်ဘွား... အင်း... အညောင်းပြေလောက်ရုံပေါ့... ခြေဆန့်လက်ဆန့် မလုပ်ရတာလည်း ကြာသွားပြီ... "

သီဟဆိုသူက အရယ်အပြုံးနှင့် ပြောရင်း မင်းမင်း **ရှိရာသို့** မျက်နှာချင်းဆိုင်လိုက်သည်။

စိန်ခေါ်လိုက်ခြင်း ဖြစ်ပါ၏။

မင်းမင်းသည် လူမသိ သူမသိ သက်ပြင်းတစ်လုံး ချမိသည်။

မင်းမင်း ရင်ထဲတွင် မမနွေးနှင့်ပတ်သက်ပြီး ဘာလုပ်ပေးရ ပေးရ စေတနာဗလပွရင်ထဲတွင် ကိန်းအောင်းလျက်ရှိပါ၏။

သို့တစေ...

မမနွေးနှင့်ပတ်သက်ပြီး ဦးလေးအောင်နှင့်စကားများ ရိုက်ဖြစ်ခဲ့သည်။ ကိုကြီးမြင့်နဲ့ ကိုဝေလင်းနှင့်လည်း အသက်ပေးလုပြေးခဲ့ရသည်။ အခုလေးတင် ဦးဝေလကြီးနှင့် သတ်ပွဲတစ်ပွဲ နွှဲရသည်။ ယခု တစ်ဖန် ယင်း၍ ဟုသီဟဆိုသူနှင့် မကျေပွဲ



တစ်ပွဲနွှဲရပါလေဦးမည်လားဟု တွေးမိခြင်းကြောင့် ဖြစ်သည်။

မင်းမင်း ကြောက်နေပြီလားဟူ၍တော့ လုံးဝ မမေးပါလေနှင့်။ လုံးဝကြီးကို မကြောက်။ ဒါဖြင့် မင်းမင်း စိတ်ပျက်သွားပြီလားဟုလည်း မမေးပါနှင့်။ မမနွေးအတွက်မို့ လုံးဝ စိတ်မပျက်ပေ။ သိပ်ကြီးကို ပင်ပန်းနေခြင်းသာ ဖြစ်ပါ၏။

မင်းမင်းတွင် သံယောဇဉ်ဆို၍ ဘယ်သူတစ်ဦးမျှ မရှိ။ အိမ်တွင် ချစ်စနိုးမွေးထားသော ခွေးတစ်ကောင်၊ ကြောင်တက်မြီးပင် မရှိ။ ဘာဆို ဘာသံယောဇဉ်မျှ မရှိ။

အကယ်၍သာ မင်းမင်းတွင် မိခင်ဖြစ်စေ၊ ညီမဖြစ်စေ၊ ကိုယ့်အားမှီခိုသူ သံယောဇဉ်မျိုးရှိနေပါက ယခုလိုသတ္တိမျိုးတွေလည်း ရှိအံ့မထင်။ ငါတစ်ခုခုဖြစ်သွားလျှင် ငါ့အမေ၊ ငါ့ညီမလေး၊ ဒုက္ခဟု နောက်ပိုင်းသံယောဇဉ် ကင်းဦးမည်။

လောကကြီးတွင် သံယောဇဉ်မရှိသူတစ်ဦးသည် မိုက်ပြီဆိုလည်း သူများထက် ပိုမိုက်သည်။ သတ္တိရှိပြီဆိုလည်း သူများထက် ပိုရှိမည်သာ။

မင်းမင်းသည် ယခုပြိုင်ဘက် ကိုသီဟဆိုသူကို မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။ အသက်အားဖြင့် သုံးဆယ်ခန့်ရှိမည်။ ဆံပင်ကို အရှည်ထားရုံမက လည်ဂုတ်အပေါ်နောက်စေ့ ထိပ်တွင် ဆံပင်ရှည်များ စုစည်းထားပြီး ကြက်တောင်စည်းထားသေးသည်။ အသားညိုသည်။ မျက်နှာတွင် ဝက်ခြံတွေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းနှင့် မေးစေ့အကျ အားလုံ ကြည့်ပျော်ရှုပျော်ရှိသည်။ မျက်နှာပေါက်မဆိုး။

အရပ် ငါးပေခြောက်လက်ရှိမည်။ မင်းမင်းထက် တော့ နှစ်လက်မခန့် ပိုနိမ့်မည်။ တီရှပ်လက်စက အနက်ရော နှင့် ဂျင်းဘောင်းဘီ၊ ဝေါကင်းရှူးများ ဝတ်ဆင်ထားသည်။

သူ့ခန္ဓာကိုယ်တွင် မင်းမင်း ကဲ့သို့ပင် လက်မောင ကြွက်သားတွေ၊ မာဆယ်တွေ ရှိသည်။ သူ၏မျက်နှာရုပ်ကို ကြည သည်နှင့် ကိုသီဟသည် အရက်သောက်သောမျက်နှာနှင့် ကရက်မဖြတ်သောက်သော မျက်နှာမျိုးရှိနေပါ၏။

မင်းမင်းအဖို့ ပီတောက်မြိုင်အိမ်ကြီးထဲ ခြံကြီး ရောက်ပြီး လက်ငင်းဖြစ်ပျက်နေရသည့် တကယ့်အကြောင်းရ စစ်မြစ်ကို ဘာမှနားမလည်။

သို့သော် မမနွေးနှင့် ပတ်သက်ပြီး လာချင်သ လာစမ်း။ ဝေလမကလို့ ကျားကြီးလာလာ၊ ဆင်ကြီးလာလ ခြင်္သေ့ကြီးလာလာ၊ မင်းမင်းက ရင်ဆိုင်တိုက်ခိုက်ရန် အသင့်

ကိုသီဟက ပြုံးပြီးစိန်ခေါ်သည်ကို မင်းမင်းကပြ ပြီး စိတ်မပါဘဲ သွားဖြဲပြလိုက်သည်။

ဒီနောက်မှာတော့... မင်းမင်းက စတင်မဝင်။ ခေါ်သူ ကိုသီဟ ဘယ်ပုံဝင်လာမည်ကို စောင့်ကြည့်နေသည်

တကယ်တမ်းကျတော့ ကိုသီဟသည် မင်းမင်း



သို့ အရမ်းကြီးမဝင်ရဲပါပေ။ စောစောက ဦးဝေလကြီးနှင့်သတ် ဖုတ်ပွဲတွင် မင်းမင်း၏ဆင်ကွက်၊ တိုက်ကွက်၊ ဆုတ်ကွက်၊ ဝင် ကွက်၊ ခြေကန်၊ လက်ခုတ်၊ လက်သီးပညာတွေကို ကိုသီဟ မြင် တွေ့ပြီးသောကြောင့်ပင်။

ဒီချာတိတ်... လူကသာ ငယ်သည်၊ ပညာက မငယ်ဟု ကိုသီဟ ရင်ထဲက မှတ်ချက်ချထားပြီးသား။

ယင်းအခိုက်မှာပင် မမနွေးသည် ရင်ဆိုင်နေသော ကိုသီဟနှင့် မင်းမင်း ကြားတွင် ဝင်ရပ်ပြီး မင်းမင်းဘက်ကို လှည့် ပြောလိုက်သည်။

"တော်ပြီမင်းမင်း... မင်းသိပ်ပြီး ပင်ပန်းနေပြီ... ဒီပွဲကို မမနွေး ဖျက်တယ်... "

ပြီး... ဦးလှိုင်ဘွားအား နွေးနွေးမွှန် လှမ်းပြော လိုက်သည်။

"တော်ပြီ ဦးလေးဘွား... ဦးလေးဘွား အနေနဲ့ ဒီလောက် ပညာပြရရင် တော်ရောပေါ့... မင်းမင်းဟာ သိပ်ပင်ပန်း နေပြီ... တစ်နေ့တုန်းကတည်းကစပြီး မင်းမင်းဟာ... နွေးအတွက် သိပ်ပင်ပန်းနေပြီ... ဒီနေ့လည်း တစ်နေ့လုံး ကားမောင်းလာခဲ့ရတယ်... ပီတောက်မြိုင်ရိပ်ငြိမ်ရောက် လို့ နားရမလားမှတ်တယ်... ဦးဝေလကြီးနဲ့ မင်းမင်းကို သတ်ခိုင်းတယ်... အခုတစ်ခါ... ကိုသီဟနဲ့နောက်တစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ရှာရမယ်ဆိုတော့ ဦးလေးဘွား သိပ်လွန်သွားပြီ..."

"ဟဲ... ဟဲ... ဟဲ..."

ဦးလှိုင်ဘွားက ဟဲဟဲရယ်မောပြီး ကိုသီဟအား လှမ်းပြောလိုက်ပါ၏။

"ကဲ... သီဟ... နွေးမွန်က ဒီပွဲကို ဖျက်တယ်တဲ့... မင်းမင်းလေး သိပ်ပင်ပန်းနေပြီတဲ့... ကဲ... ကဲ... မ နေရာ မင်းပြန် သီဟ... ပွဲကြီးပွဲကောင်းတွေ ကျန်ပါသေး တယ်ကွာ..."

ဦးလှိုင်ဘွားပြောပုံမှာ ဦးလေးအရင်းက ကိုယ့်တူ အရင်းကို ပြောသံမျိုးမဟုတ်ဘဲ ယိတိတိ၊ ထေ့တေ့တေ့၊ အ ရော စကားလုံးရော ပြောခြင်းမျိုး ဖြစ်သည်။

ကိုသီဟသည် သူ့ဆရာ ဦးလှိုင်ဘွား အမိန့်အတိုင်း တခြားသို့ ထွက်သွားပါ၏။

ဦးလှိုင်ဘွားက သူ၏သံမဏိတုတ်ကောက်အဖ ပိုင်းကို သူ့လက်ဝဲဘက်လက်ဖဝါးတွင် တဖျတ်ဖျတ်ရိုက်ကစား၍ နွေးနွေးမွန်ကို ပြောလိုက်ပါ၏။

"ကဲ... နွေးမွန်... ညည်းနှုတ်ဖျားက ဒီကောင်လေး တဖွဖွခေါ်သံကြားရလို့ ဒီကောင်လေးနာမည် မင်းမင်း တဲ့သိရပြီ... ဒါပေမဲ့... ဒီကောင့်လေးဟာ ဘာကော လေးလဲ... ဘယ်သူဘယ်ဝါရဲ့သားလဲ... နွေးမွန်နဲ့ဘယ်



ပတ်သက်သလဲ... ဒီကောင်လေးကို ဘာဖြစ်လို့ ပိတောက် မြိုင်ရိပ်ငြိမ်အိမ်ကြီးကို ခေါ်လာခဲ့တာလဲ..."

"မင်းမင်းရဲ့မိဘတွေ ဘယ်သူဘယ်ဝါမှန်း နွေးမသိဘူး... မင်းမင်းဟာ အဝေးသင်တက္ကသိုလ်တက်ရင်း ဝပ်ရှော့မှာ အလုပ်လုပ်တယ်... နွေးရဲ့ကား လမ်းမှာပျက်လို့ သူက ပြင်ပေးတာကစပြီး နွေးနဲ့မိတ်ဆွေဖြစ်သွားတာပဲ... ဒီ အိမ်ကြီးကိုခေါ်လာတာကတော့... နွေးရဲ့မော်တော်ကား မောင်းပေးဖို့ရယ်... ပြင်ပေးဖို့ရယ်... အလုပ်ခန့်ပြီး ခေါ် လာတာပဲ... ကဲ... နောက်ထပ်ဘာသိချင်သေးလဲ ဦးလေး ဘွား..."

"ဒရိုင်ဘာကားပြင်အတွက် ခေါ်လာခဲ့တာဆိုရင်တော့... ဆောရီးပဲ နွေးမွန်... ဒီအိမ်ကြီးမှာ ဒရိုင်ဘာနေရာမလစ် လပ်ဘူး... ခန့်ထားပြီးသား မောင်သက်လည်း ရှိတယ်... ပြီး... သီဟလည်း မောင်းတတ်တယ်... ယာဉ်မောင်းလိုင် စင်ရထားပြီးသား... တခြားဦးလေးဘွားရဲ့ ကားမောင်း ကျွမ်းတဲ့ တပည့်တွေရှိသေးတယ်... သမီးနှင်းဆီကလည်း သူ့ကားသူမောင်း မောင်းနေတာပဲ... ဦးလေးဘွားတို့ လင်မယားအတွက် ပါဂျဲရိုတစ်စီး... နှင်းဆီရဲ့ကားတစ်စီး နဲ့ နွေးမွန်ရဲ့ကားတစ်စီး... အားလုံးပေါင်း သုံးစီးပဲရှိတာ... မောင်းတတ် ပြင်တတ်တဲ့လူတွေက တစ်ပုံကြီးရှိနေတော့

www.burmeseclassic.com



ဒရိုင်ဘာလှူထပ်မလိုဘူး နွေးမွှန်... ”

“လိုပါတယ် ဦးလေးဘွား... နွေးအတွက် ဒရိုင်ဘာလိုလို့ မင်းမင်းကို ဒရိုင်ဘာခန့်ပြီး နွေးခေါ်လာတာ... ”

“အင်းလေ... နွေးမွှန်က ကိုယ်တိုင်လည်း မမောင်းချင်ဘူး... ဒီအိမ်က လူတွေကိုလည်း မသုံးချင်ဘူး... သီးသန့်ဒရိုင်ဘာလိုချင်တယ်ဆိုလည်း ဦးလေးဘွားကို တစ်ခွန်းပြောရုံပေါ့... ဦးလေးဘွားက သင့်တော်တဲ့ဒရိုင်ဘာတစ်ယောက် သီးသန့်ခန့်ပေးမှာပေါ့... ဦးလေးဘွားက နွေးမွှန်ရဲ့ အုပ်ထိန်းသူပဲ... ပီတောက်မြိုင်ရိပ်ငြိမ်ကြီးတစ်အိမ်လုံးကိစ္စ မှန်သမျှ ဦးလေးဘွားပဲ စီမံခန့်ခွဲနေတာပဲဟာ... ဒီတော့... အခုကိစ္စမှာလည်း ဦးလေးဘွား စီစဉ်ပေးတာသာ အတည်ဖြစ်ရမှာပေါ့ နွေးမွှန်... ”

မင်းမင်းက တစ်ခုခုပြောလိုဟန်ဖြင့် ရှေ့သို့တိုးလာသည်ကို နွေးနွေးမွှန်က လက်တားကာဆီးပြီး ဦးလှိုင်ဘွားအား နွေးနွေးမွှန်ကပင် ဆက်ပြီးပြန်ပြောသည်။

“ဦးလေးဘွားဟာ... နွေးရဲ့အုပ်ထိန်းသူတောက်လျှောက်ဖြစ်လာခဲ့တယ်ဆိုတာ နွေးနားလည်သားပဲ... ဒါပေမဲ့ အခုချိန်လကုန်တော့မယ်... အခုလာမယ့် ဒီဇင်ဘာလဆိုရင် နွေးအသက် အစိတ်ပြည့်သွားပြီ... ”

“အဲဒါ... ဘာဖြစ်လဲ နွေးမွှန်... ”



နွေးနွေးမွှန်က အခုလာမယ့် ဒီဇင်ဘာတွင် သူမအသက်အစိတ်ပြည့်ပြီဟု ဆိုလိုက်သော စကားသည် ဘာကြောင့်မှန်းမသိ။ ဦးလှိုင်ဘွား၏ မျက်နှာကြီး ရုတ်ချည်းတင်းတင်းမာရှိသွားသည်ကို မင်းမင်း သတိထားလိုက်မိပါ၏။

“ဒီမယ် ဦးလေးဘွား... အခု နွေးရောက်နေတဲ့ အသက်နှစ်ဆယ့်လေးအရွယ်... ပညာအားဖြင့် မဟာဝိဇ္ဇာတန်းဖိုင်နယ်... အလုပ်အားဖြင့် တက္ကသိုလ်ကနည်းပြဆရာမပါ ဦးလေးဘွား... နှင်းဆီလို ဆယ်ကျော်သက်အရွယ်မှ မဟုတ်တာ... အဲဒီတော့ နွေးရဲ့ကိစ္စအဝဝမှာ ဦးလေးဘွားရဲ့ အစီအမံအဆုံးအဖြတ်နေရာတိုင်းမှာ မလိုဘူးလေ ဦးလေးဘွား... နွေးရဲ့အသက်အရွယ်ကိုက အုပ်ထိန်းခြင်းကင်းလွတ်တဲ့အရွယ်ပဲ... အခု... မင်းမင်း ကိစ္စမှာ နွေးက လိုချင်လို့ရော လိုအပ်လို့ရော... ဒရိုင်ဘာခန့်လိုက်တယ်... သူ့ကိုပေးရမဲ့ ဒရိုင်ဘာလခအတွက် ဒီအိမ်မှာ သူထမင်းစားလို့ လစဉ်ကုန်ကျစရိတ်ရော နွေးရဲ့ ကုန်ကျငွေထဲက ပေးပြီး ဦးလေးဘွားစာရင်းမှတ်ပေါ့... ”

“သြော်... သြော်... သြော်... ငါ့တူမက ငါ့ကို ဒီလေသံနဲ့ ဒီစကားတွေတောင် ပြောလာပြီကိုး... ဒါဆိုလည်းကောင်းပြီလေ... ဒီချာတိတ်ကောင်ဒရိုင်ဘာခန့်ရေးမှာ ဦးလေးဘွားကပဲ အလျှော့ပေးလိုက်ပါတယ်... ဒါပေမဲ့... ဒရိုင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



လူသစ်… လူစိမ်းကိုတော့ ဒီပိတောက်မြိုင်ရိပ်ငြိမ်ခြံထဲမှ
နေခွင့်မပေးနိုင်ဘူး… သူ့ဟာသူအပြင်မှာနေပေါ့… မနေ
ခြောက်နာရီလာ… ညနေခြောက်နာရီပြန်ပလေ့စေပေါ့
ဒီအိမ် ဒီခြံကြီးထဲမှာ သူ့ကို နေရာပေးဖို့မရှိဘူး…”

“ဦးလေးဘွား မှားပြန်ပြီ… ဒီပိတောက်မြိုင်ရိပ်ငြိမ်ကြီး
ခြံကျယ်ကြီးထဲမှာ မင်းမင်းကို ထားဖို့နေရာတွေအများ
ကြီးရှိနေတာပဲ… ကိုသိဟ နေတဲ့ အဆောင်မှာလည်း
အခန်းလွတ်တွေရှိနေတယ်… ကိုသက်နေတဲ့ ကားဂိုဒေါ
တန်းလျားအပေါ်မှာလည်း အခန်းလွတ်တွေ ရှိနေသေး
တာပဲ ဦးလေးဘွား… ”

“ကဲ… နွေးမွန်… ရှင်းအောင်ဘွင်းဘွင်းပြောမှ နားလည်
မယ့် အတူတူ ပြောင်ပဲပြောမယ်… နွေးမွန်ရဲ့လူကို မျ
နာစိမ်းမို့ ဒီပိတောက်မြိုင်အိမ်ကြီးမှာ ညအိပ်ညနေ မထား
ချင်ဘူး… ရှင်းပလား… ”

“ရှင်းသားပဲ ဦးလေးဘွား… ဦးလေးဘွားက ဒီလို ရှင်းရှင်း
ဘွင်းဘွင်းပြောမှတော့ နွေးမွန်ကလည်း ရှင်းရှင်းဘွင်း
ဘွင်းပဲ ပြန်ပြောပါရစေ… ဒီပိတောက်မြိုင်ရိပ်ငြိမ်ကြီး
အိမ်ဂရန်… မြေဂရန်တွေဟာ ဖေဖေ့နာမည်နဲ့ချည်းပဲ
အခု ဖေဖေမရှိတဲ့နောက်ပိုင်းမှာ တစ်ဦးတည်းသော
ဖေဖေ မေမေရဲ့သမီးဖြစ်တဲ့ နွေးက အလိုလိုတရားဝင



ကို နွေးက ကားပျက်ကိစ္စနဲ့သွားပတ်သက်မိတယ်… နွေး
နဲ့ပတ်သက်မိတဲ့ မင်းမင်းကို ချက်ချင်းပဲ ကိုကြီးမြင့်နဲ့
ကိုဝေလင်းက အနိုင်အထက် ဖမ်းခေါ်သွားပြီး အကြမ်း
နည်းနဲ့ အမေးအမြန်းတွေလုပ်တယ်… မင်းမင်းဟာ သူ့ကို
နှစ်ယောက်လက်က လွတ်အောင် မနည်းကြိုးစားသတ်
ပုတ်ပြီး ထွက်ပြေးခဲ့ရတယ်… အဲဒါကိုတော့ ဦးလေးဘွား
က ဘယ်လိုကောက်ချက်ပေးမလဲ ဦးလေးဘွား… ”

ယခုတစ်ချီမှာတော့ မမနွေး၏စကားကြောင့် ဦးလှိုင်ဘွားကြီး ပါးစပ်ပိတ်သွားပါ၏။

မင်းမင်းသည် ဤပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးတွင် နက်နဲသော လျှို့ဝှက်ချက်၊ အဖြေမထွက်သော ပဟေဠိ၊ ဦးလှိုင်ဘွားနှင့် မမနွေး ကြားတွင် အရှင်းရခက်သော အရှုပ်အထွေးတစ်ခုခုရှိနေပြီမှန်း အားလုံးကြားရပြီး အကဲခတ်မိပါ၏။

ထိုအခိုက်မှာပင် မြေတွင်လဲကျနေသော ဦးဝေလကြီးသည် ကုန်းရုန်းထနိုင်လာကာ သူ့ဆရာကြီး ဦးလှိုင်ဘွားကို ကြည့်လိုက်သည်။

သူ့ဆရာကြီး ဦးလှိုင်ဘွားက သူ့အား အထင်သေးပြီး အလိုမကျသောအကြည့်နှင့် အကြည့်ခံရသည်ကို ဦးဝေလကြီး မခံမရပ်နိုင်ဖြစ်ခါ မင်းမင်းရှိရာဘက်သို့…

“ဟင်း… ခွေးမသားလေး သေပေတော့… ”

www.burmeseclassic.com

www.burmeseclassic.com



မှာ ကြိမ်းမောင်းရင်း ခြေလှမ်းလိုက်သည်နှင့် အိမ်ကြီးဘက်ဆီမှ အမျိုးသမီးကြီးတစ်ဦး၏ ပြောလိုက်သောအသံထွက်လာသည်။

"တော်လောက်ပြီ ကိုဝေလ... ပွဲဆိုတာ ပထမပွဲပဲကြည့်ကောင်းတယ်... ဒုတိယအကြိမ် ပြန်ကြည့်ရင် ညည်းငွေ့စရာ ဖြစ်သွားတယ်... ရှင်သူ့လောက်မတော်လို့ ခံလိုက်ရပြီပဲ... ကျွန်မက တော်တော့လို့ပြောရင် ရှင်ရှေ့တစ်လှမ်းဆက်မတိုးနဲ့... ဒါပဲ... "

အမျိုးသမီးကြီး၏ ဩဇာအာဏာသည် ဦးဝေလကြီးအပေါ် စူးရောက်စွာ ထက်မြက်ပေစွ။ ဦးဝေလကြီး ချက်ချင်းတုံ့ခနဲရပ်သွားပြီး သူ့နေရာသို့ သူ့ဟာသူ တလိမ့်လိမ့် ထွက်သွားပေတော့သည်။

မင်းမင်းက အမိန့်ပေးသော အမျိုးသမီးကြီးအားလှမ်းကြည့်လိုက်ပါ၏။

ဤနေရာတွင် သူရောက်ရှိနေသော အသက်အရွယ်ပိုင်းနှင့် ခန့်ညားလှပသော အမျိုးသမီးကြီးတစ်ဦးကို လက်ညှိုးထိုးပြပါဆိုလျှင် မင်းမင်းသည် ယခုတွေ့ရသော အမျိုးသမီးကြီးအား လက်ဆန့်ပြီး လက်ညှိုးဖြင့်တန်းနေအောင် ထိုးပြမည်သာဖြစ်ပါ၏။

"အယ်... အမေကြီး... ကြည့်စမ်း အပြင်ခြံထဲကို မထွက်



စပူးထွက်လာပါလား... "

နှင်းဆီသည် သူမ၏ မိခင်ဆီသို့ အပြေးလေးသွားကာ ပခုံးဖက်ရင်း ပြောလိုက်သည်။ ဒါဆို ဤအမျိုးသမီးကြီးသည် နှင်းဆီ၏မိခင် ဦးလှိုင်ဘွား၏ ဇနီးဟု မင်းမင်း အမှတ်သညာထားလိုက်ရပြန်သည်။

"ဟင်... နီမာ... ခြံထဲကို ဘာလို့ဆင်းလာတာလဲ... ဒေါက်တာကြီးက နေ့ခင်းကပဲ ပြောသွားတယ်... နီမာ လှုပ်လှုပ်ရှားရှားမနေပါနဲ့ဦးလို့လေ... "

ဒေါ်နီမာ ဇနီးကို မြင်လိုက်သည်နှင့် ဦးလှိုင်ဘွား၏ မျက်နှာတွင် အတင်းအမာတွေ၊ ဒေါသအရိပ်အရောင်တွေချက်ချင်းပျောက်သွားပြီး သူ့ဇနီးအား ချိုသောအသံ၊ ချိုသောအပြုံး၊ ချိုသော မျက်နှာနှင့်ပြောလိုက်ပါလေ၏။

အမျိုးသမီးကြီး ဆက်လျှောက်မြဲလျှောက်လာသည်ကို နှင်းဆီက လက်မောင်းကိုင်တွဲလာပါ၏။

"ဟုတ်တယ် ကိုလှိုင်ဘွား... ကျွန်မလည်း ဘယ်မှာ လှုပ်လှုပ်ရှားရှားလုပ်ချင်ပါ့မလဲ... မဲ့... ဒီခြံကြီးထဲမှာ ကိုလှိုင်ဘွားတို့အော်ဟစ်ပြေ  သံတွေရော တဗုန်းဗုန်းနဲ့ ထိုးနက်သံတွေရော ကျွန်မ ကြားလို့... ဟြော်... ဒုမကြီး မှန် ပြန်ရောက်လာပြီလား... "

ဒေါ်နီမာက ဦးလှိုင်ဘွားကို ပြန်ပြောရင်းမှ နွေး

www.burmeseclassic.com

www.burmeseclassic.com



နွေးမွန်ကို တွေ့သဖြင့် စကားတစ်စပ်တည်း နွေးနွေးမွန်ကို နှုတ်ဆက်လိုက်သည်။

နွေးနွေးမွန်က သိမ်မွေ့စွာပင် ပြန်ပြောသည်။

"ဒေါ်ဒေါ်မာ နေမကောင်းဖြစ်နေလား... နွေး ထွက်သွားတုန်းက ဒေါ်ဒေါ်မာ နေကောင်းနေသားပဲ... "

နွေးနွေးမွန်က ဦးလေးဘွားနှင့် သူမ အခြေအတင်ဖြစ်နေသည်ကို ဒေါ်နီမာအား လုံးဝထည့်မပြောပေ။

"ဝမ်းကိုက်တာပါ နွေး... ဝမ်းကိုက်တယ်ဆိုတာက ဘယ်သူမဆို ကောက်ခါငင်ကာ ဖြစ်တတ်ပေမဲ့... တော်တော်အခံရခက်ပြီး လူ့စင်ပန်းတဲ့ ရောဂါမျိုးပဲ... အဲ... အခု နွေးပြန်ရောက်လာတာ ဒေါ်ဒေါ်မာ သိပ်ဝမ်းသာသွားတယ်... နို့မို့ရင်... နွေးရဲ့ဦးလေးဘွားက ဒီကောင်မလေး ဘယ်တွေလျှောက်သွားနေလဲ မသိဘူး... ရုပ်လေးချောချောနဲ့ တစ်ယောက်တည်း ကားတစ်စီးနှင့် လျှောက်သွားနေတာ ဒုက္ခတွေ့တော့မှာပဲနဲ့ တဖျစ်တောက်တောက်ပြောနေတာ နားကိုညည်းရောပဲ နွေး... သူ့မှာနွေးအတွက် တာဝန်ရှိလို့တဲ့လေ... "

"ရပါတယ်... ဒေါ်ဒေါ်မာ... နွေးက ကလေးမှမဟုတ်တော့တာ... ညီမလေး နှင်းဆီအရွယ်မျိုးမှ မဟုတ်တာဘာ ဒေါ်ဒေါ်မာ... "



"အင်း... သမီးလေးနှင်းဆီကလည်း... မမမွန် ဘယ်တွေလျှောက်သွားနေလဲ မသိဘူးဆိုပြီး... တဖွဖွနဲ့ သတိရနေတယ်... "

ဒေါ်နီမာ ပြောသမျှကို နွေးက ဘာမှပြန်မပြောတော့ဘဲ ပြုံးသည်လည်းမဟုတ်၊ တည်သည်လည်း မဟုတ် အမူအရာနှင့်ပင် နားထောင်နေလိုက်သည်။

"ကဲ... ကိုလှိုင်ဘွား... အားလုံးအထဲဝင်ကြစို့... နွေးလည်း ခရီးပန်းလာတယ်... ကိုလှိုင်ဘွားက သိပ်ခက်တာပဲ... တစ်ခါတလေ တစ်ယူသန် တစ်ခွတ်ထိုးနဲ့ပြောချင်လုပ်ချင်တယ်... ပြဿနာမဟုတ်တာကို ပြဿနာဖြစ်အောင်လုပ်တယ်... အခုကိစ္စမှာလည်း တူဝရီးနှစ်ယောက် ဘာမှ အခြေအတင်ဖြစ်စရာ မလိုဘူး... နွေးက... ဟို... သူငယ်... ဘယ်သူတဲ့ကွယ်... "

နွေးနွေးမွန်က မဖြေမီ နှင်းဆီက ကြားဝင်ပြီး အမြန်စကားပြောလိုက်သည်။

"မင်းမင်းတဲ့ အမေကြီး... သူ့နာမ[illegible] သးကောင်းတယ် နော်... ယောကျာ်းလေးတွေ နာ[illegible] လေးငါးခြောက်လုံး အရှည်ကြီးမှည့်တဲ့ခေတ်မှာ သူ့န[illegible]ည်က နှစ်လုံးတည်း... ခေါ်လို့လည်းကောင်းတယ်... မင်းမင်းတဲ့... "

နှင်းဆီက ဖြေကြားရင်း မျက်နက်[illegible]းအစုံထောင်

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီးလည်း မင်းမင်းကို ကြည့်လိုက်ပါသေး၏။

ဒေါ်နီမာက ဆက်ပြောပါ၏။

"အဲ... ဟုတ်ပြီ... နွေးက မင်းမင်းကို သူ့ကားမောင်းဖို့ ဒရိုင်ဘာအဖြစ် ခေါ်လာတယ်... နွေးဘက်ကကြည့်ရင် ဟုတ်နေသားပဲ ကိုလှိုင်ဘွားရယ်... နေ့တိုင်း ကျောင်းတက် ကျောင်းဆင်း နွေးကိုယ်တိုင် သူ့ကားသူမောင်းနေရတယ်... ဒါကြောင့် သူ့သဘောကျတဲ့ ဒရိုင်ဘာခေါ်လာတယ်... အဲဒါ... ပြဿနာတဲ့လား... ဒါကိုပဲ ကိုလှိုင်ဘွားက တိုက်ကြက်ဖကြီးမွေးထားပြီး ဘယ်ကြက်ဖနဲ့ဖြစ်ဖြစ် စမ်းပြီး တိုက်ချင်တဲ့ ကြက်သမားလို ကိုဝေလကြီးမွေးထားပြီး... မင်းမင်းကိုသတ်ပုတ်ခိုင်းတယ်... ကဲပါ နွေးရယ်... မင်းမင်းကို နွေး သင့်တော်မဲ့ အဆောင်အခန်းမှာထားပါ... သူက ကားမောင်းဖို့ ဒရိုင်ဘာဆိုတော့... ကားကိုဒေါင်တွေ အပေါ်ထပ်တန်းလျားက အခန်းတစ်ခန်းမှာ နေရာချပေးရင် ပိုအဆင်ပြေမယ် ထင်တာပဲ... အဲဒီမှာနေတဲ့ ဒရိုင်ဘာ မောင်သက်လည်း အဖော်ရတာပေါ့... မောင်သီဟကို ပေးထားတဲ့အဆောင်က အခန်းမှာဆိုရင် နှစ်ယောက် ဆက်ပြီး ရန်ဖြစ်ကြဦးမယ်... "

ဒေါ်နီမာ၏စကားကို ဦးလှိုင်ဘွားက တစ်ခုခုပြော ရန် လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားသေးသည်။ သို့သော်...



ဒေါ်နီမာက ဦးလှိုင်ဘွားအား မျက်လွှာတစ်ချက်သာပင့်ကြည့် သည်။ ဦးလှိုင်ဘွားမှာ ပါးပြင်းခွက်ထောင်ထနေသော မြွေဟောက် ပါးပြင်းခွက်ကျပြီး ခေါင်းငိုက်စိုက်ဖြစ်သွားသလို ဦးလှိုင်ဘွား ငြိမ် သွားပါ၏။

မမနွေး မျက်နှာတွင် ဒေါ်နီမာ ရောက်လာပြီး စီစဉ်လေမှ အဆင်ချောသွားသည်ကို ကျေနပ်သယောင်မျက်နှာ လေးရှိနေပါ၏။

သို့တိုင်အောင် ဒေါ်နီမာအား ကျေးဇူးတင်ပါတယ် ဟု တစ်ခွန်းမပြောပေ။

မင်းမင်း၏အမြင်တွင် ဒေါ်နီမာက မမနွေးအား လိုက်လျောစွာဆက်ဆံပုံရစေကာမူ မမနွေးက မှန်မှန်တည်တည် ဒေါ်နီမာအား ဆက်ဆံသည်ကို တွေ့ရသည်။

မမနွေး၏ပုံစံမှာ ဘယ်သူကဘယ်လိုတားတား မင်းမင်းကို ဒီအိမ်ကြီးမှာပင် ထားမည်ဟူသော သံမဏိဆုံးဖြတ် ချက်ချပြီးဖြစ်ဟန်တူပါ၏။

ဒေါ်နီမာ၏စကားအဆုံးတွင် မမနွေးက မင်းမင်း အား ပြောလိုက်သည်။

"လာ... မင်းမင်း... အိမ်ကြီးထဲ ခဏဝင်စို့... နေ့လည်ပြီး မှ... မင်းမင်း နေဖို့အခန်း မမနွေး စီစဉ်ပေးမယ်... "

မမနွေးက မင်းမင်းကို ခေါ်ပြီး ဝိုင်ဘာက်မြိုင်ရိပ်

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်း ညွှန်ကြီးထဲသို့ ဝင်ခဲ့သည်နှင့် ဦးလှိုင်ဘွား၊ ဒေါ်နီမာနှင့် နှင်းဆီတို့လည်း ဝင်ရောက်လာကြသည်။

အိမ်ကြီး၏အပြင်ဘက်အမြင်မှာထက်ပင် ပို၍ အိမ်ကြီး၏ ညွှန်ခန်းသည် ပိုမိုထည်ဝါခမ်းနားပါသေး၏။

မင်းမင်းအဖို့ ရောက်ဖူးခဲ့သည့် အခမ်းနား အထည်ဝါဆုံးမှာ အဒေါ်ဒေါ်စိန်ခင် ကိုးကွယ်သော ဆရာတော်၏ကျောင်းတိုက်ကြီးသာ ဖြစ်ခဲ့သည်။ အဒေါ်ဒေါ်စိန်ခင်က မိမိကို လှူဖွယ်ပစ္စည်းများ သယ်ယူခိုင်းပြီး ဆရာတော်၏ကျောင်းတိုက်သို့ မကြာခဏ ခေါ်သွားသောကြောင့် ရောက်ဖူးခြင်း ဖြစ်သည်။

ဆရာတော်၏ ကျောင်းတိုက်ထဲ ဝင်လိုက်လျှင် တစ်ခန်းလုံး မွေးပွကော်ဇောကြီးများ ခင်းထားသည်။

ယခု ပိတောက်မြိုင်ရိပ်ငြိမ်ကြီး၏ ညွှန်ခန်းသည် ဆရာတော်၏ကျောင်းတိုက်ထက် ဆယ်ဆပိုမိုခမ်းနားသည်ကို မင်းမင်း တွေ့မြင်ရပါ၏။

ပူအိုက်သော မန္တလေးမြို့ကြီးပင်ဖြစ်စေကာမူ ဤအိမ်ကြီး၏ ညွှန်ခန်းမှာ လေအေးစက်များဖွင့်ထားခြင်းဖြင့် အထဲတွင် အေးမြနေပါ၏။

မင်းမင်း စီးထားသော ဖိနပ်မှာ ဂျပန်ဖိနပ်သာ ဖြစ်သောကြောင့် စုတ်ချာပါ၏။ ဆရာတော်၏ ခမ်းနားသော ကျောင်းတိုက်အဝင်တွင် မင်းမင်း ဖိနပ်ချွတ်ပြီးဝင်သလို ယခုလည်း ပိတောက်မြိုင်ရိပ်ငြိမ်ကြီး ညွှန်ခန်းအဝင်တွင် မင်းမင်းသည် ဖိနပ်ချွတ်ဝင်မိလေသည်။



မင်းမင်းက ဖိနပ်ချွတ်သည်ကို နှင်းဆီက မြင်တွေ့သွားရာ ရယ်မောပြောဆိုလိုက်ပါသည်။

"အဲဗျာ...ကိုမင်းမင်းက နှင်းဆီတို့အိမ်ကို ဘုန်းကြီးကျောင်းများမှတ်နေသလား မသိဘူး... ဖိနပ်ချွတ်နေတယ်... "

နှင်းဆီ၏ပြောခြင်းမှာ မင်းမင်းကို သူတို့အတိုင်း ဖိနပ်စီးပြီး ဝင်စေလိုသောကြောင့် ပြောခြင်းဖြစ်ပေသည်။

ဦးလှိုင်ဘွားက သမီးနှင်းဆီကို လှမ်းပြောသည်။

"နေပလေ့စေသမီး... သူ့ဖိနပ်က ဖုန်တွေသဲတွေနဲ့... ချွတ်ထားခဲ့ပလေ့စေ... "

ဦးလှိုင်ဘွား စကားကြောင့် နွေးနွေးမွှန် ကွက်ခနဲ မျက်နှာပျက်သွားသည်ကို သိပ်အကင်းပါးသော ဒေါ်နီမာက သတိထားလိုက်မိပုံရသည်။

"ဖိနပ်ဆိုတာ ခြေဖဝါးမှာစီးပြီး မြေကြီးမှာ နင်းတာပဲ ကိုလှိုင်ဘွား... ခေါင်းမှာဆောင်းထားတဲ့ ဦးထုပ်မှမဟုတ်တာ... ဖိနပ်တိုင်းမှာ ဖုန်တို့ သဲတို့ အနည်းနဲ့အများပါမှာပဲ... အိမ်ကို ဖုန်စုပ်စက်နဲ့ မိနှင်းနဲ့ မိညို နေ့တိုင်းသန့်ရှင်းပေးနေသားပဲဟာ... စီးသာစီး... မောင်မင်းမင်း... "

"နေပါဦး နီမာ... နီမာတစ်ယောက် ဘယ်လိုဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ... ကိုယ့်ကို အတိုက်အခံလုပ်လှချည်လား နီမာ... ”

“ဩော်... ကိုလှိုင်ဘွားရယ်... လူဆိုတာ အရိပ်သုံးပါး
နားလည်မှပေါ့... တကယ်တော့... ဒီပိတောက်မြိုင်ရိပ်ငြိမ်
ကြီးဟာ မွန်ရဲ့ခြံ... မွန်ရဲ့တိုက်အိမ်ကြီးမဟုတ်လား...
ဒီတော့... မွန်ရဲ့အိမ်ကြီးမှာ မွန်လိုလားလက်ခံတဲ့လူဆို
ရင်... ကျွန်မတို့ ကိုလှိုင်ဘွားတို့ကလည်း လိုလားလက်
ရမှ မဟုတ်လား... ကျွန်မတို့က ဒီအိမ်ကြီးမှာ မွန် ခွင့်ပြု
သလောက်သာ ခိုကပ်နေကြရတဲ့သူတွေပဲ ကိုလှိုင်ဘွား
ရယ်... ”

ဒေါ်နီမာက ပြောပုံမှာ အကောင်းလိုလိုနှင့် နွေး
နွေးမွန်အပေါ် ခနဲ့တဲ့တဲ့ ရိုတိုတိုပြောခြင်းဖြစ်မှန်း နွေးနွေးမွန်
ရိပ်မိလိုက်ပါ၏။

“အဲဒီလိုတော့ မပြောပါနဲ့ ဒေါ်ဒေါ်မာ... ဦးလေးဘွားဟာ
နွေးရဲ့ ဦးလေးအရင်းခေါက်ခေါက်ပါ... ဒေါ်ဒေါ်မာ
လည်း နွေးရဲ့အဒေါ်အရင်းနဲ့မခြားပါဘူး... ညီမလေး
နှင်းဆီဆိုလည်း နွေးရဲ့အချစ်ဆုံးတစ်ဦးတည်းသော
ညီမငယ်လေးပါ... အခု အတူတကွနေထိုင်ကြတာလည်း
မိသားစုလို့ တသွေးတည်း တစည်းတည်းနေကြတာပါ
တစ်ခါတလေ ဦးလေးဘွားက နွေးအပေါ်နိုင်ထက်စီးန
လုပ်တယ်ထင်လို့ စကားပြောမတည့်ကြတာတဲ့ရှိပါတယ်



နွေး စိတ်ထဲမှာ တခြားဘာဆို ဘာမှမရှိဘူး... အခု
ဒေါ်ဒေါ်မာ ပြောပုံက... ဦးလေးဘွားနဲ့ နွေးကိုရော...
နွေးရဲ့ညီမလေးနှင်းဆီကိုရော သွေးခွဲတဲ့သဘော သက်
ရောက်နေတယ်... နွေးက ဘယ်တော့မှ သွေးမကွဲဘူး
ဒေါ်ဒေါ်မာ... ”

“အဲကွယ်... ဒါဆိုရင်တော့ ဆောရီးပဲ... ဒေါ်ဒေါ်မာ ပြော
လိုက်တာက သွေးကွဲစေတဲ့ဆန္ဒမျိုး လုံးဝမဟုတ်ပါဘူး
မွန်... ဦးလေးနဲ့တူမ ထပ်ပြီး ပဋိပက္ခဖြစ်ဦးမှာစိုးလို့
တင်ကြိုကာကွယ်တဲ့ အနေနဲ့ပြောတာပါ... ဒေါ်ဒေါ်မာ
မှားသွားရင် တောင်းပန်ပါတယ်ကွယ်... ”

ဤသည်ပင် ဤနေ့ဤရက်ဤအချိန်၌ ပိတောက်
မြိုင်အိမ်ကြီးသို့ မင်းမင်း စတင်ရောက်လာခြင်းပါပေ။

❋

www.burmeseclassic.com

www.burmeseclassic.com



# ၅

မမနွေး၏ စီစဉ်ပေးချက်အရ ကားဂိုဒေါင်တန်း လျားအပေါ်ထပ် ဒရိုင်ဘာကိုသက်၏ အခန်းနှင့်ကပ်လျက်အခန်း တွင် မင်းမင်း နေရန် မင်းမင်းကိုယ်တိုင် အပါအဝင်နှင့် အိမ်ဖော် နှင်း၊ ညိုညို၊ ကုလားလေးဂန်ဂယားတို့အားလုံး သန့်ရှင်းရေးလုပ် ကြပါ၏။

နှင်းနှင်းနှင့် ညိုညို အိမ်ဖော်ကလေးနှစ်ယောက် သည် အပျိုမလေးတွေဖြစ်သည်နှင့်အညီ လှုငယ်ရုပ်ချော၊ လူပျို ဖြစ်သည့် မင်းမင်းအား ရှိုးတိုးရှန့်တန့်လေးတွေဖြစ်နေကြသည်။ ရှက်သလိုလိုလေးတွေ ဖြစ်နေကြသည်။

မင်းမင်းကိုယ်တိုင်က သူတို့နှင့်အတူ တန်းတူရည် တူ သဘောထားပြီး ဝိုင်းလုပ်ဝိုင်းကိုင်ပုံစံနှင့် ဝင်လာသဖြင့် ရဲ



တင်းတင်း ရင်းရင်းနှီးနှီးလေး နှင်းနှင်းနှင့် ညိုညို ပြောရဲဆိုရဲရှိ လာလေသည်။ ရွှင်မြူးစွာလည်း အလုပ်ကိုင်ကြပေ၏။

တကယ်တော့လည်း မင်းမင်းက ဒရိုင်ဘာသာဖြစ် သည်မို့ နှင်းနှင်း၊ ညိုညိုနှင့် ဂန်ဂယားတို့နှင့် ဘဝတုဟု ဆိုနိုင်ပေ သည်။

"ကိုမင်းမင်းကို ရန်ကုန်က ခေါ်ခန့်လာတဲ့ ဒရိုင်ဘာမို့ထင် ပါရဲ့… တကယ့်အထူးစပါယ်ရှယ်ပဲ… ခုတင်နဲ့ မွေ့ယာနဲ့ စာကြည့်စားပွဲနဲ့… အဝတ်ထည့်ဗီရိုနဲ့ စမတ်ကို ပွမ်နေတာ ပဲ…"

အိမ်ပေါ်အပျိုမလေး နှင်းနှင်းက ရင်းနှီးလာပြီဖြစ် သောကြောင့် ပြောရဲဆိုရဲနှင့် သူမ၏ စိတ်ထဲရှိသည့်အတိုင်း ပြော လိုက်ပါ၏။

နှင်းနှင်း ပြောသောစကားကို ဟိုဘက်ခန်းတွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်ပြီး ဆေးပေါ့လိပ်ခဲနေသော ဒရိုင် ဘာကိုသက်က အခန်းချင်းကပ်လျက်သားမို့ ကြားပေသည်။

ဒရိုင်ဘာကိုသက်အား မင်းမင်း၏အခန်း သန့်ရှင်း ရေးတွင် ဝင်လုပ်ပါဟု နွေးနွေးမွန်က မခိုင်းပေ။ သူလည်း ဒရိုင် ဘာ၊ မင်းမင်းလည်း ဒရိုင်ဘာမို့ မင်းမင်း အခန်းကို ဝင်လုပ်ပေး နိုင်းလျှင် ဒရိုင်ဘာကိုသက် အနေနဲ့အောက်ကလိအာဖြစ်သွားမှာ စိုးသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကိုသက်ကလည်း တကယ်ပင် ဤသဘော မျိုးရှိပါ၏။ ဒီကောင်လေးလည်း ဒရိုင်ဘာ၊ ငါလည်း ဒရိုင်ဘာချင်း အတူတူ သူ့အခန်းကိုစွ ငါက ဘာဝင်လုပ်ပေးစရာလိုသလဲဟု ဒ ဘက်ခန်းမှာပင် ဆေးပေါ့လိပ်ထိုင်သောက်နေခြင်း ဖြစ်ပေသည်။

နှင်းနှင်းက ဆက်ပြောသည်။

"ဟိုဘက်ခန်းက ဦးသက်ကြီးကျတော့ ကိုယ့်အိပ်ရာလိပ် နဲ့ ကိုယ်လာပြီး... အခန်းကြမ်းပြင်မှာ အိပ်ရာခင်းအိပ် တာလေ... "

"ဟဲ့... မိနှင်း... နင်စွတ်ပြောမနေနဲ့... အခန်းဝမှာ ဦးသက် ရပ်နေပြီ... ရှေ့ပြောနောက်ကြည့်တဲ့ဟဲ့... "

ညိုညိုက အခန်းဝကို မေ့ကြည့်ပြီးပြောလေ ကြမ်းတိုက်နေသော နှင်းနှင်းက အခန်းဝသို့ မော့ကြည့်လိုက်သည်။

"ဟာ... ဦးသက်ကြီး... "

နှင်းနှင်းမှာ... သူ့အတင်းပြောနေစဉ် ဦးသက်ကြီး က ရောက်လာသည်ကို မြင်လိုက်ရသဖြင့် ထ,ခုန်မတတ်လန့်ဖျပ် သွားသည်ကို ကြည့်ပြီး အားလုံးပိုင်းရယ်ကြသည်။

ဒရိုင်ဘာကိုသက်က အပေါက်ဝတွင် ရပ်မြဲရပ်နေ ပါ၏။

မင်းမင်းက ဝင်ရောက်ဖြေရှင်းစကား စလိုက်သည်။

"ဒါကတော့... ဒီလိုရှိတယ် မနှင်းနှင်း... "



မင်းမင်း စကားစလိုက်သည်နှင့် ဘာမှန်းမသိ၊ နှင်းနှင်းရော၊ ညိုညိုရော၊ ဂန်ဂယားရော ရယ်ကြသဖြင့် မင်းမင်း မှာ ပြောရင်းကြောင်သွားသည်။

"နေပါဦး... ကျုပ်က ဘာတစ်ခွန်းမှ ဟာသစကားမပြော ဘဲနဲ့... ဘာလို့ပိုင်းရယ်နေကြတာလဲ... "

မင်းမင်း၏အမေးကို ညိုညိုက ရှင်းပြသည်။

"ဒီပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးမှာ မိနှင်းနဲ့မိညိုရဲ့ နာမည် ကို ရှေ့က "မ"တပ်ပြီး ခေါ်တဲ့သူတစ်ယောက်မှ မရှိဘူး... ခိုင်းစရာရှိရင်... ဟဲ့... မိနှင်း လုပ်လိုက်စမ်း... ဟဲ့... မိညို လုပ်လိုက်စမ်းချည်းပဲ...အခုကိုမင်းမင်းက မိနှင်းကို 'မနှင်း နှင်း'လို့ခေါ်တာကြားလို့ ပိုင်းရယ်မိကြတာပါ... ကိုမင်းမင်း ပြောမှာကို ဆက်ပြောလေ... "

"ကျွန်တော် ကြားဖူးနားဝရှိတာကို ပြောပြမှာနော်... ဟို ခေတ်တစ်ချိန်တုန်းက အင်္ဂလိပ်အစိုးရက မြန်မာပြည်ကို အုပ်ချုပ်ပြီး အရေးပိုင်တို့... ဝန်ထောက်တို့ စတဲ့ရာထူး ကြီးတွေကို သူတို့အင်္ဂလိပ်လူမျိုးတွေကိုပဲ အင်္ဂလန်ကခေါ် ယူပြီး ခန့်တယ်တဲ့... အဲလို ခေါ်ပြီးခန့်လို့ လာလုပ်ရတဲ့ အင်္ဂလိပ်ကို အိုဗာဆီးအလောင်းဝင့်(စ်)လို့ခေါ်တဲ့... ပင်လယ်ရပ်ခြားကလာပြီး အမှုထမ်းစရိတ်ဆိုပြီး ရိုးရိုး လခအပြင် အပိုပေးရတယ်တဲ့...

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝတွင်ရပ်နေသော ဒရိုင်ဘာဦးသက်မှ
မင်းမင်းပြောသည်ကို နားစွင့်နေပါ၏။

"ပင်လယ်ရပ်ခြားစရိတ်ဆိုတာက... ဘာလဲ ကိုမင်းမင်း...

"သူတို့က အင်္ဂလန်ကနေ ပင်လယ်ကို ဖြတ်ကျော်ပြီး ဒီမှာ
လာအလုပ်လုပ်မေးရတဲ့အတွက် ပင်လယ်ရပ်ခြားစရိ
ဆိုပြီး... အပိုထပ်ပေးရတာကို ပြောတာ... "

မိညိုသည် မင်းမင်း စကားကို နားထောင်ရာ
မိနှင်းကို လှမ်းပြောသည်။

"ဟဲ့... မိနှင်း... နင်က ကျောက်ပန်းတောင်းနားက မွေး
ရွာကနေပြီ... ဒီပိတောက်မြိုင်အိမ်ကြီးမှာ အိမ်ဖော်လ
လုပ်ရတာပဲ... ဒီတော့ အိမ်ရှင် ဘာဘကြီးဆီမှာ "ခွေး
စရိတ်"ဆိုပြီး အပိုထပ်တောင်းပါလား မိနှင်း... "

ဝါးခနဲ ဝိုင်းရယ်ကြပြန်ပါ၏။ ဒရိုင်ဘာကိုသ
လည်း ရယ်ပေးသည်။

"မလုပ်ပါနဲ့မိညိုရယ်... ငါမတောင်းရဲပါဘူး... မတော်တ
ငါက တောင်းမိလို့ပေးတယ် ထားဦး... ဘာဘကြီးဦးလှ
ဘွားရဲ့ ငွေချီစရိတ်ကြီး ငါမယူရဲပါဘူးဟယ်... နင်လ
တပ်ကုန်းကလာပြီး... ဒီအိမ်ကြီးမှာလာလုပ်ရတာပဲဟာ
ဘာဘကြီးဆီမှာ "တပ်ကုန်း"စရိတ် နင်ပဲတောင်းပါလား
"ဗုဒ္ဓေါ... မယူရဲပါဘူးတော်... "



တဝါးဝါး တဟားဟားရယ်ကြရပြန်သည်။

"ကျွန်တော် ဆက်ပြောမယ်... အကောင်းပြောတာနော်... ဟာသမဟုတ်ဘူး... တကယ်တော့... စားပွဲ ဗီရိုတွေပေးတာက အလုပ်ရှင် မခွေးခွေးမွန်ရဲ့အမိန့်နဲ့ စီစဉ်ပေးချက်ပဲဗျ... အဲ... ဒရိုင်ဘာဦးသက် ကျတော့... ဟိုလူကြီးဦးလှိုင်ဘွားက ခန့်တာဆိုတော့ သူ့အမိန့်အတိုင်းပေါ့... "

ဒရိုင်ဘာ ဦးသက်သည် အခန်းဝတွင် ရပ်နေရာမှ အခန်းထဲသို့ဝင်ရောက်လာသောကြောင့် မင်းမင်းက စားပွဲရှိ ကုလားထိုင်ကို ယူထိုင်ဖို့ ထိုးပေးသည်။ ဦးသက် ထိုင်ရင်း ပြောပြပါ၏။

"မဆိုးဘူးကွ မင်းမင်း... မင်းဟာ အသက်ငယ်တဲ့လူငယ်ပေမယ့်... မင်းမဆိုးတဲ့အပိုင်းတွေအများကြီးပဲ... မင်းကို ငါကြိုက်သွားပြီ... ငါပထမထင်နေတာက... မင်းကို ဦးလှိုင်ဘွားက ခန့်တာလို့ထင်နေတာ... မင်းဟာ... ဟိုလူသီဟလိုပဲ မိုက်တီမိုက်ကန်း အရိုင်းအစိုင်း မိုက်ကန်းကန်းနေရာမှာ သုံးဖို့ ဒရိုင်ဘာအဖြစ် ခန့်တယ်ထင်နေတာ... ဒါကြောင့် မင်းကို သီဟလိုပဲ အဆောင်အယောင်တွေပေးလို့ ဒရိုင်ဘာချင်းတူတဲ့ငါက စိတ်ထဲမှာ မကျေမနပ်ဖြစ်တယ်... ဒါကြောင့် ဒရိုင်ဘာချင်းအတူတူ... မင်းအခန်းသန့်ရှင်းရေးမှာ ငါက ဘာမှကူလုပ်ပေးစရာ မရှိဘူးလို့အောက်မေ့တာ...

www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ မင်းကို အိမ်ရှင်ဆရာမ နွေးနွေးမွန်က ခန့်လိုက်တာကို... ဆရာမက မင်းကို ဒရိုင်ဘာနာမည်ခံ ခန့်လိုက်တာကိုလည်း ငါသဘောပေါက်သွားပြီ... ဒီတော့ မင်းကိုငါက ပြောစရာတွေအများကြီးရှိလာတယ် မင်းမင်း..."

"ပြောစရာရှိတာတွေပြောပါ ဦးသက်... ကျွန်တော်က ခုမှ စရောက်တော့... ဒီအိမ်ကြီးမှာ လုံ့စိမ်းလူသစ်သက်သက်ပဲ... သိသင့်တာတွေ သိထားရရင် ပိုကောင်းတာပေါ့..."

ကိုသက်က အိမ်ဖော်ကောင်မလေးတွေကို လှမ်းကြည့်သည်။ သူတို့သည် သန့်ရှင်းရေးလုပ်ငန်း ခုတင်၊ စားပွဲ၊ ဗီရိုနေသားတကျထားပေးသောလုပ်ငန်းအားလုံး ပြီးသွားသည်ကတစ်ကြောင်း၊ ဒရိုင်ဘာဦးသက်ကြီးကို ရှိန်သည်ကတစ်ကြောင်းမို့ အလုပ်ပြီးပြီမို့ ကုံဒေါင်လှေကားထစ်မှ ဆင်းကြပေပြီ။

"ဒီလိုကွ... ငါက ဒီပိတောက်မြိုင်အိမ်ကြီးမှာ ဆရာမ နွေးနွေးမွန်ရဲ့ မိဘလက်ထက်ကတည်းက ဒရိုင်ဘာလုပ်လာတာ... အိမ်ရှင်တွေက... သဘောကောင်းလွန်းလို့ ဆက်ပြီးလုပ်ခဲ့တာ... ဒါပေမဲ့... ဒီအိမ်ကြီးဟာ ဦးလှိုင်ဘွားလက်ထက်ရောက်လာတော့... ငါ့မှာ နေစရာအိမ် ကျဉ်းကျပ်သွားတယ်... ငါက ဦးဝေလကိုလည်း မယှဉ်ရဲဘူး... သီဟကိုလည်း ငါက ကြောက်ရတာပဲ... မင်းကတော့... ဦးဝေလကြီးကိုလည်း အနိုင်ဆော်ထည့်တယ်...



သီဟနဲ့ယှဉ်ဖို့လည်း အဆင်သင့်သတ္တိမျိုးရှိတာကို ငါ မင်းတို့စဖြစ်ကတည်းက ဒီတန်းလျားပေါ်က ကြည့်နေတာ... ဒါထက် မင်းဟာ ဦးလှိုင်ဘွား အလုပ်ခန့်တဲ့လူမဟုတ်တာ သေချာတယ်နော်... "

"သေချာပါတယ် ဦးသက်... မမနွေးနဲ့ကျွန်တော် ရန်ကုန်မှာ တွေ့ကြတယ်... မမနွေးရဲ့ကိစ္စတချို့မှာ ကျွန်တော် ကူညီခဲ့တယ်... ဒါကြောင့် မမနွေးက ကျွန်တော့်ကိုကြည့်ရှုထောက်ပံ့တဲ့အနေနဲ့ ဒီကိုခေါ်လာပြီး ဒရိုင်ဘာခန့်တာ..."

"အေး... ဒါဆိုပြီးရော... ငါ... မင်းနဲ့ ဦးဝေလကြီး ချနေတာမြင်တော့... ဦးလှိုင်ဘွားဟာ အရည်အချင်းကောင်းတဲ့ မင်းကို မွေးချင်လို့ အရည်အချင်းစမ်းသပ်ပြီး ဒရိုင်ဘာခန့်လိုက်တာလို့ ထင်နေတာ မှားသွားတာပေါ့... အခုတော့ ရှင်းသွားပြီ... ဒီတော့ မင်းရဲ့မမနွေး ဆရာမအကြောင်း ငါဆက်ပြောမယ်... ဆရာမနွေးနွေးမွန်ဟာ ဆူးကြားထဲ ညပ်နေတဲ့ ဆူးသီးဖြစ်နေတယ်ကွ မင်း... ရှေ့တိုးရ အခက်... နောက်ဆုတ်ရအခက်"

"မမနွေးမှာ ရှေ့တိုးဆူး... နောက်တိုးဆူး ဖြစ်နေတဲ့ ပြဿနာနဲ့အန္တရာယ်က ဘာတွေလဲ ဦးသက်... "

"ဟာကွာ... အဲဒီလောက်ကြီးတော့ ငါဘယ်သိမလဲ... ဆရာမရဲ့ အရိပ်အကဲခတ်ပြီး သာ ပြောတာ... အေး...

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဒီဝိတောက်မြိုင်အိမ်ကြီးရဲ့အတွင်းရေးတွေ-လျှို့ဝှက်ချက်တွေ... ငါသိသွားရင် မန္တလေး ကျုံးရေဟာဘယ်လောက်နက်တယ်ဆိုတာ သိသွားမယ်... ဒါမှမဟုတ် မန္တလေးတောင်ကြီးဟာ... အောက်မြေအထိ ကမ်းပါးဘယ်လောက်မြင့်တယ်ဆိုတာ ငါသိသွားမယ်... ”

“အဲဒီစကားအဓိပ္ပာယ်က ဘာလဲ ဦးသက်... ”

“ဟာ... ဒီအိမ်ကြီးရဲ့လျှို့ဝှက်ချက်ကို သိသွားတာနဲ့... ငါ့ကို ကျုံးထဲပစ်ချသတ်ရင်သတ်... ဒါမှမဟုတ် မန္တလေးတောင်ကြီး ကမ်းပါးပေါ်က တွန်းချပြီး သတော့ဆိုတဲ့အဓိပ္ပာယ်ပေါ့ မင်းမင်း... ”

“ပွမ်... ပွမ်... ပွမ်... ”

ကားဟွန်းသံကြားသဖြင့် လှမ်းကြည့်လိုက်သည်။

✹



## ၆

မမနွေး ပင်ဖြစ်ပါ၏။

သူမ၏မော်တော်ကားသေးတွင်ရပ်ကာ သူတစ်နေရာသွားလိုသောကြောင့် မင်းမင်းကို ကားဟွန်းတီးခေါ်ခြင်း ဖြစ်လေသည်။

“ကဲ... ခေါ်နေပြီ... မင်းသွားတော့”ဟု ပြောရင်း ဦးသက်လည်း ထကာ သူ့အခန်း သူပြန်သွားပေတော့သည်။

မင်းမင်း အောက်ဆင်းပြီး မမနွေးဆီသို့ ရောက်သွားသည်။

“မမနွေး ညဈေးတန်းသွားမလို့... လာ... မင်းမင်း လိုက်ခဲ့... ”

ပြောပြောဆိုဆို မမနွေးက မောင်းသူဘက်မှ တံခါးကို ဖွင့်ပြီး ကားလက်ကိုင်ပြီး နောက်တွင် ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မောင်းပေးမယ် မမနွေး... ကျွန်တော်က မမနွေးရဲ့ ဒရိုင်ဘာလေ... "

"ဘေးကပဲထိုင်လိုက်ခဲ့ဦး မင်းမင်း... မန္တလေးလမ်းတွေနဲ့ ယာဉ်သွားယာဉ်လာအထာတွေကိုမှ မင်းမင်း လက်တွေ့ မဖြစ်သေးတာ... ဘေးကထိုင်ပြီးပဲ လိုက်လေ့လာဦး... မမနွေးက လက်တွေ့မောင်းပြသွားမယ်... အိမ်ပြန်ရောက်ရင် မန္တလေးမြေပုံတစ်ခု မင်းမင်းကို ပေးမယ်... မြေပုံထဲကလမ်းတွေကို မင်းမင်း လေ့လာကြည့်ပေါ့... "

ထိုသို့ဖြင့် မင်းမင်း ဘေးကထိုင်စေပြီး မောင်းထွက်လာခဲ့သည်။

ဂိတ်တံခါးတွင် ဦးဝေလကြီး ဆင်းပြီး တံခါးဖွင့်ပေးပါ၏။ ဦးဝေလသည် တည်တည်ကြီးဖြင့် မင်းမင်းကို ကြည့်သည်။ ဘာတစ်ခွန်းမှတော့ မပြောပေ။

ခြံထဲက မောင်းထွက်လာစေကာမူ မမနွေးသည် မင်းမင်းအား စကားတစ်ခွန်းမှမပြောသေး။ မင်းမင်းအဖို့ မမနွေးက ဘာမှမပြောလျှင် သူ့တွင် မမနွေးကို ပြောစရာစကား ဘာမှမရှိသဖြင့် ငုတ်တုတ်ငြိမ်သက်စွာပင် လိုက်ပါလာခဲ့သည်။

ထိုအခိုက်မှာပင်... မမနွေး၏ ကားနောက်မှ ဆန်နီစူပါဆလွန်းကားဖြူတစ်စီးက ဟွန်းတီးပြီး ကျော်တက်သွားသည်။



"နှင်းဆီလေ... ကျော်တက်မောင်းသွားတာ... ရော... မမနွေးကို စိတ်ကောက်နေတယ်... "

"သူ့အဖေ... ဦးလှိုင်ဘွားရဲ့ကားက ပါဂျရိုမဟုတ်လား မမနွေး... "

"ပါဂျရိုးကားက ဦးလေးဘွားနှင့် ဒေါ်ဒေါ်မာတို့ ပွဲလမ်းသဘင်နဲ့တခြားကိစ္စရှိမှ လင်မယားမိသားစုသွားလေ့ရှိတာ... ရိုးရိုးမှာတော့ နှင်းဆီတစ်ယောက်လိမ့်ချင်ရာလိမ့်ဖို့ ဆန်နီစူပါဆလွန်းကား ဝယ်ပေးထားတာ... "

"ဦးလှိုင်ဘွားတို့ကတော့... တကယ့်ဘော့(စ်)တွေပဲနော်... ဦးလှိုင်ဘွားရဲ့ ပါဂျရိုကားဆိုရင် သိန်းနှစ်ရာဝန်းကျင်မှာရှိမယ်... မနှင်းဆီရဲ့ စူပါဆလွန်းဆိုလည်း သိန်းခြောက်ဆယ်လောက် ရှိမယ်... ဒီလောက် ချမ်းသာတာ ဦးလှိုင်ဘွား ဘာအလုပ်တွေလုပ်လို့လဲ မမနွေး... "

"ဦးလေးဘွားကို သိပ်ချမ်းသာတယ် မထင်နဲ့ မင်းမင်း... ဦးလေးဘွားက သိပ်လူရှုပ်လည်တယ်... သူစီးတဲ့ ပါဂျရိုကားဆိုရင် သူ့အဆက်အသွယ် သူ့အပေါင်းအသင်းနဲ့ သံရုံးကျကားကို သိန်းရှစ်ဆယ်လောက်နဲ့ဝယ်လိုက်နိုင်တယ်... နှင်းဆီ စီးတဲ့ကားဆိုလည်း သဘောင်္သားတစ်ယောက် သဘောင်္ပြန်တက်ရကာနီး ရသလောက်ဈေးနဲ့ ထိုးရောင်းတာကို ဝယ်လိုက်တာ... ဒါတောင် ငွေအကြေမချေဘူး...

www.burmeseclassic.com

www.burmeseclassic.com



ကျန်ငွေကို သင်္ဘောကပြန်လာမှပေးမယ်ဆိုပြီး ယူထား လိုက်တာ... ဒေါ်ဒေါ်မာလည်း တော်တယ်... ”

“ဦးလှိုင်ဘွားရဲ့အဓိက စီးပွားရေးလုပ်ငန်းကကော... ဘာလဲ မမနွေး... ”

“အမရပူရဘက်မှာ ယက္ကန်းရုံတွေရှိတယ်... ”

မင်းမင်းအဖို့ ယက္ကန်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဗဟုသုတမရှိလှပေ။ ယက္ကန်းလုပ်ငန်းသည် အဘယ်မျှအထိ ချမ်းသာအောင် တွင်ကျယ်မှန်း မင်းမင်း မသိ။ နားမလည်ပေ။

“အဲ... မင်းမင်းကို ဝိတောက်မြိုင်ရိပ်ငြိမ်ကြီးနဲ့ပတ်သက် ပြီး မမနွေး မှာထားမယ်... ”

“မှာပါ မမနွေး... ”

“ဝိတောက်မြိုင်ရိပ်ငြိမ်ခြံကြီးရဲ့ နောက်ဖေးဘက် ခြေရင်း ထောင့်ဂိုဒေါင်ကြီးတစ်လုံးရှိတယ်... အိမ်ကြီးနဲ့ခပ်လှမ်း လှမ်းတော့ဝေးပါတယ်... အဲဒီဂိုဒေါင်ကြီးဟာ ဦးလေးဘွား ရဲ့အလုပ်ရုံကြီးလို့ပြောရင် မမှားဘူး... အဲဒီထဲမှာ ဦးလေး ဘွားရဲ့လုပ်ငန်းတွေ ရှိတယ်... ဂိုဒေါင်ကြီးထဲမှာ အလုပ် လုပ်တဲ့နေ့ဆိုရင်... ကိုသီဟလို သူတပည့်တွေ ဆယ့်လေး ငါးယောက်ရှိနေတတ်တယ်... ဒါကြောင့်... ဦးလေးဘွား အလုပ်လုပ်တဲ့နေ့ဖြစ်ဖြစ်... မလုပ်တဲ့နေ့ဖြစ်ဖြစ်... မင်းမင်း အဲဒီဂိုဒေါင်ကြီးဘက်ကို လုံးဝမသွားနဲ့... အန္တရာယ်ရှိ



တယ်... ”

“အန္တရာယ်ရှိတာ... မရှိတာဆိုတာကတော့ ကျွန်တော့် အဖို့ အကြောင်းမဟုတ်ပါဘူး... ဒါပေမဲ့... မမနွေးက အဲဒီနေရာကို မသွားနဲ့မှာထားရင် ကျွန်တော် ဘယ်တော့ မှ မသွားဘူး... စိတ်ချ... ”

“မင်းမင်းကို မမနွေး နားလည်ပါတယ်... အခုပြောတာ ကလည်း သူတို့က အုပ်စုနဲ့မို့ မင်းမင်းအတွက် မမနွေး စိုးရိမ်လို့မှာထားတာပါ... ”

“ဦးလှိုင်ဘွား လုပ်ငန်းက အမရပူရမှာ ယက္ကန်းတွေထောင် တယ်ဆိုရင်... ဒီအိမ်ကြီးထဲက ဂိုဒေါင်မှာ သူက ဘာလုပ် တာလဲ... ”

“အင်း... ယက္ကန်းချည်ထုပ်တွေ... ဒီဂိုဒေါင်ကြီးထဲမှာ သိုလှောင်ထားတယ်လို့ပြောတာပဲ... တခြားအရေးကြီးတဲ့ ပစ္စည်းတွေလည်း ထားတယ်တဲ့... မမနွေးကို ဒီဂိုဒေါင် ကြီးမှာ ဦးလေးဘွား အလုပ်လုပ်ကတည်းက တစ်ခါမှ သွားမကြည့်ဖူးဘူး... အခု ပြောတာက မင်းမင်း သိထား ပြီး... အန္တရာယ်ရှောင်နိုင်ဖို့ အဓိကထားပြောတာ... ကဲ... တခြားအကြောင်းပြောစရာရှိသေးတယ် မင်းမင်း... ”

“ပြောလေ... မမနွေး ပြောသမျှ ကျွန်တော် အမြဲနား ထောင်နေတာပဲဟာ...ဒီကို လိုက်လာကတည်းက မမနွေး

www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှနားထောင်မယ်... ခိုင်းသမျှလုပ်မယ်... မမနွေး
ရဲ့အန္တရာယ်ဆိုရင် ကာကွယ်ပေးမယ်ဆိုတဲ့ သံနိုဋ္ဌာန်ချ
လိုက်လာတာပဲဟာ... ”

နွေးနွေးမွန်က သဘောကျစွာ ပြုံးလိုက်ပါ၏။

“ဒါဆို... မင်းမင်းက မေးစရာရှိတဲ့အကြောင်းတစ်ခုက
ခုချိန်ထိ မမနွေးကို ဘာလို့မမေးသေးဘဲ မြှိုနေတာလဲ...”

“ကျွန်တော်က ဘာမေးရမှာလဲ မမနွေး... ”

“နှင်းဆီရဲ့အကြောင်းလေ... နှင်းဆီဟာ ဒီအိမ်ကြီးမှာ
မေးချင်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ပဲ...”

မင်းမင်းကလည်း ပါးနပ်ပါ၏။

မမနွေးသည် ဦးလှိုင်ဘွားအကြောင်းနှင့် ဦးလှိုင်
ဘွား၏လုပ်ငန်းကိစ္စများအကြောင်း မိမိကဆက်ပြီး မေးမြန်းနေ
မည်စိုး၍ တမင်တကာ စကားလမ်းကြောင်းပြောင်းကာ နှင်းဆီ
အကြောင်းဘက်သို့ လွှဲပြောင်းလိုက်မှန်း မင်းမင်း ရိပ်မိပါ၏။

မင်းမင်းက ကိုယ့်ဟာကိုယ်ပြုံးပြီး ပြန်မေးလိုက်
ပါ၏။

“ဒါဆို ကျွန်တော်မေးမယ်... အခု မမနွေးကို မနှင်းဆီက
ဘာလို့စိတ်ကောက်တာလဲ... ”

“မမနွေး... အခုသွားမဲ့ညဈေးကို သူလိုက်ချင်တာ...
မမနွေးက မလိုက်နဲ့ဆိုလို့... စိတ်ကောက်သွားတာ...



မမနွေးက မင်းမင်းကို ခေါ်ပြီး ညဈေးသွားမယ်လို့ ပြော
မိတယ်... နှင်းဆီက သူပါလိုက်မယ်လို့ပြောတာကို...
မမနွေးက မလိုက်နဲ့လို့ ပြောလိုက်တာနဲ့ သူစိတ်ကောက်
သွားတာ... ”

“မနှင်းဆီက... မမနွေးအတွက် မယုံကြည်ရဘူးလား
မမနွေး... ”

ညဈေးတန်းသို့ ရောက်လာပါ၏။

မမနွေးက... ကားရပ်ဖို့နေရာကို အာရုံစိုက်သွား
သည်။ နေရာကို ဖင်ဆုတ်ပြီး ထိုးရပ်လို့ရပါ၏။

“လာ... မင်းမင်း... ကနေ့ညစာအတွက်... ညဈေးက
တရုတ်ဆိုင်မှာပဲ ထမင်းပေါင်းစားစို့... မမနွေး ထမင်းစား
မကောင်းတဲ့အခါ ဒီလိုပဲ ညဈေးလာပြီး ထမင်းပေါင် ်စား
လေ့ရှိတယ်... ”

ထမင်းပေါင်းဆိုင်မှာ ခမ်းခမ်းနားနားဆိုင်ကြီးမျိုး
မဟုတ်ပါလေ။ လမ်းဘေးဆိုင်တစ်ဆိုင် အဆင့်သာရှိပါ၏။

“ထမင်းပေါင်း သုံးပွဲပေးပါ... ”

မမနွေးက မှာလိုက်သည်။

“ဟင်... မမနွေး... စားကြမှာက မမနွေးနဲ့ကျွန်တော် နှစ်
ယောက်တည်း... ဘာလို့သုံးပွဲမှာလိုက်တာလဲဟင်... ”

“လုပ်မနေနဲ့ မင်းမင်း... မမနွေးက မင်းမင်းကို ခွာတ်သိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီ... မင်းမင်းအတွက် နှစ်ပွဲမှာလိုက်တာလေ... စားလက်စမှာ အချိန်မပျက်ဆက်စားလို့ရအောင် မှာလိုက်တာ... နှစ်ပွဲနဲ့ မင်းမင်း မဝသေးရင် စားနေတုန်း ထပ်မှာလိုက်ဦး... မင်းမင်း သိပ်ဆာနေပြီ မဟုတ်လား..."

မင်းမင်းသည် သူ၏မမနွေး မျက်နှာကို အလိုက် ငေးကြည့်မိတော့သည်။ မိမိအပေါ်တွင် ကြင်နာလှပါလားဟု စိတ်ထဲတွင် အရောင်ဟပ်ပြီး ငေးကြည့်မိခြင်းမျိုး ဖြစ်ပါ၏။

ထမင်းပေါင်းပွဲတွေ ရောက်လာသည်။

နှစ်ယောက်သား စားကြပါ၏။ အစားအသောက်နှင့်ပတ်သက်ပြီး မင်းမင်း မရက်တတ်၊ ဟန်မလုပ်တတ်၊ အားပါးရ စားပေသည်။

"ဗုဒ္ဓေါ... မြတ်ဘုရား... ကယ်တော်မူပါ... မန်းတက္ကသိုလ်က ဆရာမလေး... သန်းကြွယ်သူဌေးမလေး ဒေါ်နွေးမွန်က လမ်းဘေးထမင်းပေါင်းဆိုင်မှာ လာစားနေတာ... အမြင်မတော်ဆင်တော်နဲ့ ခလောက်ပါလား ဟရို့..."

နောက်မှကပ်ပြီး ဟာသဆန်ဆန် ပြောလိုက်သော အမျိုးသားတစ်ဦး၏ စကားသံကြားသဖြင့် နွေးနွေးမွန် နောက်သို့လှည့်ကြည့်သည်။ မင်းမင်းကတော့ ထိုအမျိုးသားကို မျက်နှာချင်းဆိုင် မြင်နေရပါ၏။

"ဩော်... ဆရာကိုလတ် ပါလား... ထမင်းပေါင်း ဝင်စား



ဦးလေ..."

ဆရာကိုလတ်သည် အသက်သုံးဆယ်နီးပါးရှိ အံ့သည်။ မြင့်ရှည်နှင့် အထက်တန်း အဆင့်မြင့်အလွှာထဲက အမျိုးသားတစ်ယောက်မှန်း သိသာသည်။ ယဉ်ကျေးသိမ်မွေ့သောပုံစံ အလိုလို ပေါ်လွင်နေပါ၏။ တက္ကသိုလ်က ဆရာတစ်ဦးဖြစ်မှန်း သိသာသည်။

"သုံးဆောင်ပါ မမွန်... ကျွန်တော်လည်း ထမင်းစားမကောင်းလို့... ညဈေးထွက်စားတာ...မြီးရှည်နှစ်ပွဲတောင် ဗိုက်ထဲရောက်သွားပြီ... နှင်းဆီနဲ့တောင် မြီးရှည်ဆိုင်မှာ တွေ့သေးတယ်... နှင်းဆီကပဲ မမနွေးလည်း ညဈေးမှာလို့ ပြောတာနဲ့လိုက်ကြည့်ရင်း... ဒီထမင်းပေါင်းဆိုင်မှာ တွေ့တာ..."

ဆရာကိုလတ်သည် မမနွေးကိုပြောရင်း ထိုင်တုတ်နေသော မင်းမင်းကို အကဲခတ်မျက်လုံးဖြင့် ကြည့်ပါ၏။

"နှင်းဆီက... နွေးကို စိတ်ကောက်နေတယ်လေ ဆရာ... ဆရာ့ကို သူဘာတွေပြောလိုက်သေးလဲ..."

"ထွေထွေထူးထူးမပြောပါဘူး... မမွန်ကို စိတ်ကောက်လာတယ်လို့လည်း မပြောပါဘူး... မမွန် ရန်ကုန်ဆင်းပြီး ပြန်လာတော့ မမနွေးရဲ့မောင်ဝမ်းကွဲကို ခေါ်လာတယ်တဲ့... မမွန်ရဲ့မောင်ဝမ်းကွဲက တကယ့်...တဲ့... သူ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ထွက်ပြေးပြီး တေပေနေလို့ခေါ်လာခဲ့တာတဲ့လို့ မမနွေး ပြောတယ်တဲ့... ”

နွေးနွေးမွန် သက်ပြင်းလေးချမိပါ၏။

ဒီလိုဆိုတော့လည်း ညီမလေးနှင်းဆီသည် အစ်မဖြစ်သူ မမနွေး အပေါ်တွင် တော်ရှာပေသားဟု နွေးနွေးမွန် ရင်ထဲက မှတ်ချက်ချမိပါ၏။

အကယ်၍သာ နှင်းဆီက စိတ်လိုက်မာန်ပါ ဆရာကိုလတ်အား မင်းမင်းနှင့်ပတ်သက်ပြီး မဟုတ်က ဟုတ်ကတွေ ပြောလိုက်လျှင် မန်းတက္ကသိုလ်ဝယ် မိမိအတွက် အပုတ်နံ့သတင်းတွေ ထွက်လာနိုင်ပါ၏။

“ဟုတ်တယ်လေ ဆရာ... ဒီမှာ... အဲ နွေးရဲ့မောင်လေး ဝမ်းကွဲပေါ့... ဆရာပဲကြည့်တော့လေ... နှင်းဆီ ပြောသလို တကယ့်ဂျစ်တူးပုံစံ... ကျောင်းမနေချင်တော့ဘူးဆိုပြီး အိမ်က ထွက်ပြေးပြီး ဝပ်ရှော့တစ်ခုမှာ အလုပ်သွားလုပ်တယ် သတင်းကြားတာနဲ့ နွေး သွားခေါ်လာခဲ့တာ... ”

လိမ်ရ ညာရမည်သာ။

တော်ပါသေး၏။ ညီမလေးနှင်းဆီ ရှေ့မှလမ်းကြောင်းပေးပြီးပြောသည့်နောက်မှ အလိုက်သင့်လိမ်ညာပြောရတော့သည်။ နှင်းဆီကို နွေးနွေးမွန် ကျေးဇူးတင်မိပါ၏။

“ဒီမယ် မင်းမင်း... အဲဒါ မမနွေးတို့တက္ကသိုလ်က... လက်



ထောက်ကထိက ဆရာလတ်တဲ့... သူ့နာမည်ကတော့ မင်းမင်းတဲ့ဆရာ... ”

“ဆရာ့ကို တွေ့ရတာ ဝမ်းသာပါတယ် ဆရာ... ”

မင်းမင်းသည် ဒီလောက်တော့ လူပေါ်ဆန်နိုင်ပါ၏ အားလည်းယဉ်ကျေးပါ၏။

“အေးလေ... ဆရာကလည်း မင်းမင်းနဲ့ သိကျွမ်းရတာ ဝမ်းသာတာပေါ့... မမွန်ရဲ့မောင်လေးဆိုတော့... ဆရာကလည်း ဆရာ့ညီလေးလိုပဲပေါ့... ”

လက်ဆွဲ နှုတ်ဆက်ကြသည်။

“အင်း... မမွန်ရဲ့မောင်လေးက တောတယ် ပေတယ်သာ ပြောတယ်... ရုပ်ကတော့... တော်တော်ဖြောင့်တာပဲ... ခန္ဓာကိုယ်နဲ့အရပ်အမောင်းကလည်း... တကယ့်ဝရိုပိုးရှင်းနိပ်... အချိုးကျပဲ... မမွန်တို့ သွေးသားစပ်သူတိုင်းဟာ သူများထက် ပိုချောပိုလှ ပိုကြည့်ကောင်းတွေချည်းပဲ... ဒါဆို မင်းမင်းနဲ့ နှင်းဆီနဲ့လည်း မောင်နှမဝမ်းကွဲပဲပေါ့... ဟုတ်လား... နှင်းဆီပြောပုံကတော့ မင်းမင်းဟာ သူနဲ့ ဘာမှမတော်စပ်သလိုဘဲ မမွန်... ”

“ဒါတော့ ဟုတ်တယ်ဆရာ... နှင်းဆီနဲ့ကျတော့ မင်းမင်းနဲ့ သွေးသားမစပ်ဘူး... မင်းမင်းက နွေးရဲ့အမေဘက်က တော်တာ... နှင်းဆီကျတော့ အဖေဘက်ကတော်တာ

www.burmeseclassic.com



လေ… ဒီတော့ နှင်းဆီနဲ့မင်းမင်းကျတော့ ဘာမှမတော်ဘူးပေါ့… ”

“ဪ… ဪ… ဒီလိုလား… ကဲ… မမွန်တို့ မောင်နှမဆက်စားကြဦး… ကျွန်တော့်ကြောင့် စားသောက်နေတာ အရှိန်ပျက်သွားပြီ… ကျွန်တော် သွားမယ် မမွန်… ဆီးယူအဂိန်း ကျောင်းမှာဆက်တွေ့ကြသေးတာပေါ့… ”

နွေးနွေးမွန်က ခေါင်းညိတ်ပြသည်။ ဆရာကိုလတ်နေရာမှ ထွက်သွားသည်။

BURMESE CLASSIC

မင်းမင်းနှင့် နွေးနွေးမွန် ဆက်လက်စားသောက်ပြီးစီးပြီး နွေးနွေးမွန်က ကျသင့်ငွေကို ရှင်းလိုက်ပါ၏။

“မင်းမင်း… ကားထဲသွားပြီးထိုင်စောင့်နော်… မမနွေးဝယ်ချင်တာလေးတွေ ညဈေးတန်းမှာ လျှောက်ဝယ်လိုက်ဦးမယ်… ”

မင်းမင်းသည် မမနွေးထံမှ ကားသော့ယူလာကာ ကားတံခါးဖွင့်ပြီး ကားပေါ်တွင် မမနွေးကို ထိုင်စောင့်နေပါ၏။

တစ်ယောက်တည်း ငြိမ်သက်စွာထိုင်နေရတော့လည်း မင်းမင်းသည် အတွေးကလေးတွေ ခေါင်းထဲဝင်လာပြန်သည်။

ရန်ကုန်ဝပ်ရှော့မှ ဦးလေးအောင် တစ်ယောက် မည်သို့ရှိနေသနည်း။ သေများ သွားသလား။ သေသွားပါက မိမိ



ပေါ် ကြီးလေးသော ကိုး မနီးမဝေးရှိ ကွမ်းယာဆိုင်ရှေ့ရပ်နေသူ အောင်လည်း မိမိအပေါ် ရိုက်ိုး ကြည့်မိကြည့်ရာ သဘောဖြင့် မြင်

ဒေါ်ဒေါ်,ဒေါ်စိန်ခင်

လေးအောင် သေသည်ဖြစ်စေ၊ မသေသည်ဖြစ်စေ ိုက်ကိုတူသည်။ သာ မော်တော်ကားများကို မည်သူဆက်၍ ပြင်လေမည်နည်း မိ၏ ညီဝမ်းကွဲ အောင်မောင်းကလည်း ဘော်ကျော့နေသမား ကားကို ဟုတ်တိပတ်တိပြင်တတ်သည် မဟုတ်။

ဦးလေးအောင်နှင့် ဒေါ်ဒေါ်,ဒေါ်စိန်ခင် အောင် အောင်းတို့ မိသားစုအကြောင်း တွေးရာမှ တစ်ဖန် ပီတောက်မြိုင် မိကြီးအကြောင်း ဆက်တွေးမိပြန်သည်။

ဦးလှိုင်ဘွားနှင့် မမနွေးကြားတွင် လျှို့ဝှက်ပြဿ တစ်ခုခုရှိနေသည်တော့ အမှန်။ ဘာပြဿနာဟူ၍တော့ င်းမင်း မစဉ်းစားတတ်။

အမရပူရတွင် ယက္ကန်းလုပ်ငန်း ရှိပါသည်။ သို့ပါ က် အိမ်နောက်ဘက် ဂိုဒေါင်ကြီးထဲတွင် ဦးလှိုင်ဘွား ဘာတွေ ုပ်လေသနည်း။

ဦးဝေလလိုလူ၊ ကိုသီဟလိုလူအား ဦးလှိုင်ဘွား က်သတ်မှေးထားခြင်းမှာ ယက္ကန်းလုပ်ငန်းနှင့်ဘာဆိုင်သနည်း။

ဒေါ်နီမာသည် ပါးနပ်သည်၊ မျှပ်ချောသည်၊ လင် ာ်မောင် ဦးလှိုင်ဘွားကို ချုပ်ကိုင်နိုင်ပုံရသည်။ ဒေါ်နီမာ

www.burmeseclassic.com

www.burmeseclassic.com



ရေလ... ဒီတော့ နှင်းဆီနဲ့မင်းမင်း ...ဒ် ပြောသလိုလိုနှင့် ...
ဘူးပေါ့... " ...ရှိသည်။ ဘာကြောင့် တူ...
"ဪ... ဪ... ဒီ... ...နှမှာ လိုလားသနည်း။
ဆက်စား... ...အကြောင်း မင်းမင်း ဆက်ပြီး တွေး...

နှင်းဆီသည် စကားပြောရာတွင် မန်းသူဟန်... သည်။ ကျွန်တော် ခင်ဗျားတွေနှင့် ပြောသည်။ နှင်းဆီ၏ ပုံ... ယနေ့ခေတ် ငယ်ရွယ်သူ အမျိုးသမီးငယ်များ အများစု၏ခေ... ရေစီးကြောင်းတွင် အတူမျောပါလျက်ရှိသည်။ ရဲတင်းသည်။ ... လပ်သည်။ ဘာကိစ္စတစ်ခုကိုမှ အလေးအနက်ထားပုံလည်း ... ပေါ့ပေါ့တန်တန် နေတတ်သည်။

သို့သော် နှင်းဆီ၏ ရုပ်ရည်မှာ ချောမောလှ... သည်။ ဆယ်ကျော်သက်မျက်နှာလေးသည် နုရွှမ်းသည်။ နှင်း... ၏ နဂိုပင်ရင်းစိတ်ဓာတ်လေး ကောင်းပုံရသည်။ မမနွေးအပေ... တွင် မနာလိုစိတ်နှင့် မကောင်းသောစိတ်မျိုးထားရှိဟန် မတူ... ညီမလေးက အစ်မကို ချစ်သလို ချစ်ပုံရသည်။

ဆရာကိုလတ် ဆိုသည်ကကော... ဟုဆက်စပ်... မင်းမင်း တွေးပြန်သည်။ ဆရာကိုလတ်သည် မမနွေးအား စိ... ဝင်စားနေသူဟု မင်းမင်းက ယေဘုယျသဘော မှတ်ချက်ချသည်...

တောင်စဉ်ရေမရ ပေါက်ကရတွေ တွေးနေစဉ်မှ...



ဝင် ကားပေါ်မှနေပြီး မနီးမဝေးရှိ ကွမ်းယာဆိုင်ရှေ့ရပ်နေသူ တစ်ဦးကို မင်းမင်းလှမ်းပြီး ကြည့်မိကြည့်ရာ သဘောဖြင့် မြင်လိုက်သည်။

"ဟာ... အစ်ကိုဘတိုးကြီး... "

အစ်ကိုဘတိုးနှင့်တူတာတော့ သိပ်ကိုတူသည်။ သို့သော် စဉ်းစားကြည့်။ မနက်ကမှပင် အစ်ကိုဘတိုးကို ရွှေတိဂုံဘုရားပေါ်၌ တွေ့ခဲ့ပါလျက် ယနေ့မနက္ခလေးညဈေး ကွမ်းယာဆိုင်သို့ အစ်ကိုဘတိုးရောက်နိုင်ပါ့မလား... ။

သေချာသွားအောင် အစ်ကိုဘတိုး ဟုတ်မဟုတ် သွားကြည့်ရန် မင်းမင်းသည် ကားတံခါး ဖွင့်ဆင်းလိုက်သည်။

"ဒါက... ဘယ်လဲ မင်းမင်း... "

BURMESE CLASSIC

မမနွေးသည် ရင်ဝယ်အထုပ်တွေ မနိုင်မနင်း ပိုက်လာသည်မို့ မင်းမင်းက ဆီးကြိုကူညီယူလိုက်ရပေသည်။ ကားနောက်ခန်းထဲသို့ ထည့်ပေးရသည်။

"ဟို... ကွမ်းယာဆိုင်မှာ ကျွန်တော့်အသိတစ်ယောက် တွေ့လိုက်လို့... သွားနှုတ်ဆက်မလို့ဟာ... အဲဒီလူ မရှိတော့ဘူး... "

မင်းမင်း ကားပေါ်သို့ အထုပ်တွေ ငုံ့တင်နေစဉ်မှာပင် အစ်ကိုဘတိုးကြီး ထွက်သွားဟန်တူပါ၏။

"သွားစို့ မင်းမင်း... သိပ်မိုးချုပ်သွားရင် ချမ်းမြသာစည်

www.burmeseclassic.com

www.burmeseclassic.com



ဘက်က လှုပြတ်တယ်… ”

မမနွေးကပင် မောင်းပြီး မင်းမင်းက ဘေးမှထိုင်လိုက်ပြီး ပြန်မောင်းထွက်လာကြသည်။

“မင်းမင်းအတွက်ချည်းပဲ… မမနွေးအင်္ကျီချုပ်ပြီးသား… စပို့ရှပ်… ချည်ချောလုံချည်ချုပ်ပြီးသားတွေ ဝယ်လာပေးတယ်… မင်းမင်းမှာ ဘာအင်္ကျီလုံချည် အပိုမပါဘူး… မဟုတ်လား… အိမ်ပြေးလေး… ”

“ဝယ်လာပေးတာ ကျေးဇူးတင်တယ် မမနွေး… ကျွန်တော့်အတွက်လည်း တစ်ထည်စိုလို့ တစ်ထည်လဲစရာ မရှိဘူး မဟုတ်လား… ဒါပေမဲ့ မမနွေး ဝယ်လာတာတွေ မနိုင်မနင်းနဲ့ မများလွန်းဘူးလား… အနည်းဆုံးနှစ်သောင်းသုံးသောင်းဖိုးလောက် ရှိမယ်… ကျွန်တော့်မှာ အဲဒီလောက်ကြီး ပေးစရာပိုက်ဆံမှ မရှိတာ… ”

“လျှာမရှည်နဲ့… ဝယ်လာတာကို ဝတ်… ”

ချမ်းမြသာစည်ပြန်လမ်းသို့ မမနွေးက အစဉ်တစိုက်မောင်းလာရင်း မင်းမင်းကို ခေါ်လိုက်သည်။

“မင်းမင်း… ”

“ဗျာ… မမနွေး… ”

“မင်းမင်း… မှန်မှန်ပြောနော်… မင်းရင်ထဲမှာ တကယ်တဲ့အတိုင်းပြော… ရန်ကုန်မှာ မင်းမင်းနဲ့မမနွေးဟာ…



ပထမကားပျက်လို့တစ်ကြိမ်နဲ့ နောက်နေ့ရွှေတိဂုံဘုရားပေါ်မှာ တစ်ကြိမ်ပဲ တွေ့ကြတယ်… ဒါနဲ့လည်း ဒီလောက်သူစိမ်းဘဝအခြေအနေမှာ မမနွေးက လိုက်ခဲ့လို့ခေါ်တာကို မင်းမင်း ဝိတောက်မြိုင်ရိပ်ငြိမ်ကို လိုက်လာတယ်… မင်းမင်း ရင်ထဲမှာ ဒီကိုလိုက်လာရတဲ့အတွက် ဘယ်လိုခံစားစိတ်နဲ့လိုက်လာတာလဲ… မင်းမင်း ရင်ထဲရှိတဲ့အတိုင်းပြန်ပြောနော်… ”

“တကယ်ရင်ထဲရှိတဲ့အတိုင်း ကျွန်တော် ပြောရမှာလား မမနွေး… ”

“တကယ့်အမှန်ကို သိချင်တာပဲ မင်းမင်း… ”

“ပြောရရင်တော့… မမနွေးနဲ့ ကျွန်တော် ရန်ကုန်မှာ သိကျွမ်းရတဲ့အချိန် စုစုပေါင်းဟာ နာရီပိုင်းလောက်ပဲ ရှိခဲ့တာပါ မမနွေး… အဲဒီလောက် အချိန်လေး သိကျွမ်းရုပါလျက်နဲ့… မမနွေးရဲ့ မန္တလေးက ဝိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးကို ကျွန်တော်လိုက်လာတာ ကြောင်ခံတွင်းပျက်နဲ့ ဇရက်တောင်ပံကျိုးတွေ့ကြတာပဲလို့ပဲ… ကျွန်တော်အဲဒီ အချိန်ထိ ခံယူတယ်… လောလောဆယ် ကျွန်တော့်မှာ နေစရာမရှိတဲ့အပြင် ရန်ကုန်က ရှောင်တိမ်းထွက်သွားရမယ့် အခြေအနေမှာ မမနွေးက စားဖို့ရော လာဥ်လခရောပေးမယ်ဆိုတဲ့အချက်နဲ့ ကျွန်တော် မမနွေးခေါ် ရာကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတာပဲ... "

"ဟုတ်တယ်... မမနွေးလည်း အဲဒီအတိုင်းပဲမြင်တယ်… မမနွေးက စေတနာနဲ့ခေါ်တယ်ဆိုလည်း... မင်းမင်း… ဗိုလ်ဆော်ဖိဦးနှောက်အတွေးအခေါ်ပိုင်းက ခဏသ… တွေ့ဖူးတဲ့ သူစိမ်းက စေတနာထားတယ်ဆိုတာကို လ… ခံမှာ မဟုတ်ဘူးလို့... "

"အဲဒါ... ပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးကို ရောက်တဲ့အ… တော့ အမှန်ပဲ... အဲဒီလိုယူဆတာပဲ မမနွေး... မမနွေး… လိုက်လာတာကိုက ဦးလေးအောင်ရိုက်ခဲ့တဲ့အမှုကရော… ကိုကြီးမြင့်နဲ့ကိုဝေလင်း လက်ကလွတ်ဖို့ အတွက်ရော… လိုက်လာတာ... တကယ်လို့ မမနွေးတို့ မန္တလေးအိ… ရောက်ပြီးမှ ကျွန်တော့်အတွက် အဆင်မပြေလည်း… မန္တလေးက ဝပ်ရှော့တစ်ခုခုမှာ ပြောင်းပြီးအလုပ်လု… မယ်ဆိုတဲ့စိတ်ကူးပါလာပြီးသားပဲ မမနွေး... "

"ဒါဆို... မန္တလေးက မမနွေးရဲ့ ပိတောက်မြိုင်အိမ်ကြီး… ရောက်တာနဲ့ ဦးဝေလကြီးနဲ့စပြီး သတ်ပုတ်ရတဲ့ အဆ… မပြေမှုဖြစ်တာဘဲ... "

"ကျွန်တော့်စကားကို ဆုံးအောင် မမနွေး နားထောင်… ပါလား... ကျွန်တော်... မမနွေးတို့ရဲ့ အိမ်ကြီးကို ရော… ရောက်ခြင်း အဆင်မပြေဖြစ်သွားတာကပဲ... ကျွန်တော်…



မမနွေးအပေါ် စေတနာသက်ရောက်သွားစေတယ် မမနွေး... တစ်ပါးသူရဲ့စေတနာဆိုတာကို မယုံကြည်တဲ့ကျွန်တော် ဟာ စေတနာဆိုတာကိုပဲ အဲဒီမှာစပြီး ယုံကြည်လက်ခံ သွားတယ်... မမနွေးအတွက် မမနွေးရဲ့ ပိတောက်မြိုင် အိမ်ကြီးမှာ ဦးလေးအရင်းဖြစ်တဲ့ ဦးလှိုင်ဘွားပင်လျှင် အန္တရာယ်ကြီးပါလားဆိုတာ ကျွန်တော် မြင်လာတယ်... ဦးဝေလကြီးနဲ့သတ်လိုက်ရတာရော... ဦးလှိုင်ဘွားက မမနွေးအပေါ် ဆက်ဆံပုံရော... ဒေါ်နီမာရဲ့ အပြောအဆို တွေရော... အကဲခတ်ပြီး မမနွေးကို ကျွန်တော် အနီးကပ် စောင့်ရှောက်ကာကွယ်ချင်စိတ်တွေ အလိုလိုပေါ်လာ တယ်... အဲဒီလိုပေါ်လာမှ မမနွေးရဲ့ ဘော်ဒီဂတ်အစစ် ကျွန်တော် ဖြစ်သွားတာ... "

နွေးနွေးမွှန်သည် မင်းမင်း အားတက်သရောပြော …ည်ကို ရင်ထဲမှ တကယ်ပင် ယုံကြည်မိသည်။ ပထမလိုက် …င်းမှာ စေတနာကြောင့်မဟုတ်။ ဆန်ပေးပြီး ဆေးယူသည့် …သော။ အိမ်ကြီးရောက်ပြီးမှ ဖြစ်သမျှ အရေးအခင်းတွေ …ကို စေတနာသက်ရောက်လာပါသည်ဆိုခြင်းမှာ မင်းမင်း …ာ ရှိသည့်အတိုင်း ပြောနေမှန်း နွေးနွေးမွှန် ချင်းချက်မရှိ …ည်မိပါ၏။ မင်းမင်း၏စေတနာကို အလေးအနက်ထား… …ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် မင်းမင်း... ဝိတောက်မြိုင်အိမ်ကြီးမှာ မမ
အတွက် အန္တရာယ်ရှိနေတာ အမှန်ပဲ... ဒါပေမဲ့... မမနွေ
ယုံကြည်စွာ အားကိုးရမဲ့သူ မရှိဘူး... မမနွေး ဘာ
လည်သလို အန္တရာယ်ကြည့်ရှောင်နေခဲ့ရတယ်... "
"မမနွေးမှာ ဘယ်လိုအန္တရာယ်မျိုး ကျရောက်နေတ
ဆိုတာကိုကော... ကျွန်တော် သိခွင့်ရှိမလား... ကျွန်
လို လမ်းပေါ်က ခေါ်လာတဲ့လူကို အသိပေးရဲမလား
"အစကတော့ အသိမပေးရဲဘူး... အခုတော့... မင်း
ရဲ့စေတနာကို မမနွေး ယုံကြည်သွားတာမို့ အသိပေ
သွားပြီ... အဓိကအချက်ကတော့ အမွေဆက်ခံမှုကို
မင်းမင်း... မမနွေး အသက်နှစ်ဆယ့်ငါးနှစ် အစိတ်ပြည့်
အခါမှာ ဒီဝိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးကိုရော... တ
ဖေဖေနဲ့မေမေ ထားခဲ့တဲ့ပိုင်ဆိုင်မှုမှန်သရွေ့တွေကိုရော
ဘဏ်မှာ ထားခဲ့တဲ့ ငွေဟွေအားလုံးရော... အတွင်းပစ္စ
တွေရော... မမနွေးလက်ကို စာရင်းနဲ့တကွ အတိအ
အမွေတွေ လွှဲပေးရမယ်... "
"အဲဒီမမနွေးရဲ့ပိုင်ဆိုင်မှုတွေ အားလုံးကို ဘယ်သူက
ကိုင်ထားလဲ မမနွေး... "
"ဖေဖေနဲ့မေမေ အမြဲထာင်းအလွန်စိတ်ချယုံကြည်တဲ့သ
နဲ့သိက္ခာအလွန်ပြည့်ဝတဲ့ ဝတ်လုံတော်ရကြီးဦးထိန်လ



က ချုပ်ကိုင်ထားတယ်... ထိန်းသိမ်းပေးထားတယ်... "
"နေပါဦး... မမနွေးရော... မမနွေးရဲ့မိဘတွေကရော...
ခရစ်ယာန်ဘာသာဝင်တွေလား... မိဘနှစ်ပါးဆုံးပြီး...
မမနွေး အသက်အစိတ်ပြည့်မှ အမွေတွေကို ဆက်ခံခွင့်
ကို သေတမ်းစာရေးထားခဲ့တာကြောင့်လား... ကျွန်တော်
မမနွေးကို ရွှေတိဂုံဘုရားမှာ တွေ့ခဲ့သားပဲ... မမနွေးဟာ
ဗုဒ္ဓဘာသာဝင်မို့ ဘုရားမှာလာပြီး အာရုံပြုတာ မဟုတ်
လား မမနွေး... "
"မမနွေး မိဘရော... မမနွေးရော... မြန်မာအစစ်... ဗုဒ္ဓ
ဘာသာအစစ်တွေပဲ မင်းမင်း... ဖေဖေ ထားခဲ့တာက
လည်း သေတမ်းစာသဘောမျိုးမဟုတ်ဘူး... ဖေဖေဖြစ်
စေချင်တဲ့ ဆန္ဒကို ရေးခဲ့တာပါ... မမနွေး ကိုယ်တိုင်က
ဖေဖေနဲ့မေမေကို သိပ်ချစ်၊ သိပ်လေးစားလို့ ဖေဖေ့ဆန္ဒကို
လိုက်လျောပြီး အသက်အစိတ်ကျမှ အမွေတွေရယူလက်ခံ
ဖို့ နာခံလိုက်နာတဲ့သဘောပါ... အဲဒီတုန်းက မမနွေးက
တက္ကသိုလ်ကျောင်းသူဘဝပဲရှိသေးတော့ ငယ်သေးပြီး
အမွေတွေကို ရယူလက်ခံလိုက်ရင် ထိန်းသိမ်းနိုင်စွမ်းရှိမှာ
မဟုတ်ဘူး... အသက်အစိတ်လောက်ဆိုရင် တက္ကသိုလ်
ဘွဲ့လည်းရပြီးပြီ... ဘာမဆို ချင့်ချိန်နိုင်တဲ့အရွယ်လည်း
ရောက်ပြီဆိုတဲ့သဘောနဲ့ ဖေဖေ ရေးထားခဲ့တာပါ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အလွယ်သားပဲ… မမနွေးနဲ့ ဦးလှိုင်ဘွား အချေအတင်ပြောကြတဲ့အထဲမှာ… အခုလာမဲ့ ဒီဇင်ဘာဆိုရင် မမနွေး အသက်အစိတ်ရောက်ပြီး အမွေတွေလက်ခံလွှဲယူရုံပေါ့… အခုပဲ ဇွန်လထဲရောက်နေပြီ… နောက်ခြောက်လကြာတဲ့ ဒီဇင်ဘာရောက်ကို ရောက်တော့မှာပဲဟာ… "

"မှန်တယ် မင်းမင်း… နဂိုကတည်းကလည်း ဒီလိုပဲ သတ်မှတ်ခဲ့တာပဲ… ဒီဇင်ဘာရောက်ရင် အမွေတွေလွှဲယူလက်ခံရုံပဲလို့ အေးအေးနေခဲ့တာပဲ… ဒါပေမဲ့… "

"ဒါပေမဲ့… ဘာဖြစ်လဲ မမနွေး… "

"တိုက်ဆိုင်တာလား… ဘာလားတော့ မသိဘူး… အမွေဆက်ခံဖို့ အခုလောက်အလိုမှာပဲ… မမနွေးမှာ အသက်အန္တရာယ်တွေနဲ့ ကြုံလာတယ်လေ… "

"ဟုတ်လား… ဘယ်လိုအန္တရာယ်လဲ… "

"မမနွေးဟာ… နဂိုကတည်းက တက္ကသိုလ်ကျောင်းသူဘဝတုန်းက ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းတက်ကျောင်းဆင်းလုပ်ခဲ့တယ်… ကျောင်းပိတ် အားရက်ဆိုလည်း မမနွေးရဲ့ မိတ်ဆွေတွေဆီ ကိုယ်တိုင်ကားမောင်းပြီး သွားလည်ခဲ့တာ… "

"ဒါတော့… ကျွန်တော်အခု ကိုယ်တိုင်မြင်နေသားပဲ မမနွေး… "



"အင်း… မမနွေးက ကားသာမောင်းတတ်တာ… ကားပျက်ရင် ဘာမှမလုပ်တတ်ဘူးလေ… "

"ဒါကတော့… ကိုယ်ပိုင်ကားမောင်းနေတဲ့ အမျိုးသမီးတိုင်း ဒီလိုချည်းပါပဲ… "

"ဒါကြောင့်… မမနွေးရဲ့ကားကို တစ်လတစ်ခါ ဝပ်ရှော့မှာ ကားအစိတ်အပိုင်းအားလုံးကို စစ်ဆေးပြုပြင်စေတယ်… ဆာဗစ်စင်မှန်မှန် လုပ်တယ်… အထူးသဖြင့်… ကားလက်ကိုင်ဘီးရယ်… ဘရိတ်ရယ်… ဟွန်းရယ်… မမနွေး အမြဲစစ်ဆေးခိုင်းပြီး ကောင်းအောင် အမြဲလုပ်တယ်… ဘာလို့လဲဆိုတော့ မမနွေးက ကားမောင်းရင် စပီမြန်မြန်မောင်းတဲ့အကျင့်ရှိလို့ပဲ… "

မမနွေးက ဆက်ပြောပြပါ၏။

"အဲ… ပြီးခဲ့တဲ့လက မမနွေး ကျောင်းကို ကားမောင်းသွားရင်း ဘရိတ်နင်းဖမ်းလို့ မရတော့ဘူး… မောင်းတဲ့အရှိန်ကလည်း များတယ်… မျက်နှာချင်းဆိုင် ကားတွေဆိုက်ကားတွေ လူတွေကို မနည်းကြီးရှောင်ပြီး ကားကို နောက်ဆုံး ပလက်ဖောင်းပေါ် ထိုးတင်လိုက်မှ ဆောင့်တက်သွားပြီး အလိုလိုစက်ရပ်သွားတယ်… အဲဒါပြင်နေကျနဲ့ စစ်ဆေးပေးနေကျ ဝပ်ရှော့က မတ္တင်းနှစ်ကို ခေါ်ရတယ်… မတ္တင်းနှစ်က ကားကို ပြန်စစ်ဆေးတော့ ဘရိတ်

www.burmeseclassic.com



ဗိုက်တွေရော… ဘရိတ်ဆုံတွေရော… ဘာမှချို့ယွင်း
မရှိဘူး… ဘရိတ်ဆီဆုံထဲမှာ ဘရိတ်ဆီလုံးဝမရှိလို့ ဘရိတ်
ဖမ်းမရတာတဲ့… ဟင်း ဘရိတ်ကြိုးလည်း ပြတ်နေတယ်
တဲ့… အဲဒါ ဘယ်လိုဖြစ်တာလဲတဲ့… ဒါတွေအားလုံး
ကိုယ်တိုင်သေချာစစ်ဆေးထားတာ အကောင်းပကတိ
ပဲတဲ့… သိပ်အံ့ဩဖို့ကောင်းတယ်တဲ့… ဆုံကောင်း ဗိုက်
ကောင်း ဝါရှာကောင်း ခွက်ကောင်းတဲ့ကားမို့ ဘရိတ်
ယိုစရာထွက်စရာမရှိဘူးတဲ့… ဘရိတ်ဆီလည်း သူစစ်
တုန်းက အပြည့်ရှိနေသားပဲတဲ့… ရိုးရိုးသာဆိုရင် ဘရိတ်
ဆီကုန်စရာအကြောင်းမရှိဘူးလို့ ပြောတယ်… အဲဒါစဉ်း
ကြည့်ပေါ့… မင်းမင်း ကိုယ်တိုင်လည်း မကြွင်းနစ်ပဲ…

မင်းမင်းက ဝေဖန်ချက်မပေးသေးဘဲ ဦးခေါင်း
သာ ညိတ်ပြလိုက်သည်။

"နောက်ပြီး… အခုပြီးခဲ့တဲ့ ဇွန်လတုန်းက… မမ
အသက် နှစ်ဆယ့်လေးနှစ်နဲ့ခြောက်လလည်းဖြစ်တယ်
အဲဒီနေ့က တနင်္ဂနွေကျောင်းပိတ်ရက်နဲ့ကြုံပြီး… မမ
ခေါင်းလျှော်တယ်… ခေါင်းလျှော်ထားလို့ တစ်နေ့
ဘယ်ကိုမှ မသွားဘဲ စန္ဒရားတီးနေတယ်… စန္ဒရားအ
တည့်တည့်နံရံမှာ ဖေဖေနဲ့ မေမေရဲ့ဓာတ်ပုံ ချိတ်ထား
တယ်… ဓာတ်ပုံက ထုထည်ဘောင်ကြီးတွေ ကြီးတယ်



နှစ်ပေတစ်ပေခွဲဓာတ်ပုံကြီးမို့ အကြီးကြီးပဲ… အဲဒီ ဓာတ်ပုံ
ချိတ်ဖို့ အုတ်နံရံထဲ သစ်သားမြှုပ်ပြီး သံရိုက်ချိတ်ထား
တာ… မမနွေး စန္ဒရားတီးရင်းအပေါ်တည့်တည့် ဖေဖေနဲ့
မေမေ ဓာတ်ပုံကြီးချိတ်ထားတဲ့နေရာက… ဒေါက်ခနဲအသံ
ကြားလိုက်တယ်… ဒါနဲ့ ကပျာကယာ မော့ကြည့်လိုက်
တော့… ဓာတ်ပုံကြီးဟာ တွဲလောင်းကျပြီး လှုပ်နေတာ
တွေ့တာနဲ့ စန္ဒရားထိုင်ခုံကထပြီး လွတ်ရာကို ပြေးထွက်
တယ်… လွတ်ရုံလေးရှိတယ် မင်းမင်း… မမနွေး ထွက်
အပြေးမှာ ဓာတ်ပုံကြီး ပြုတ်ကျတယ်… မမနွေးသာ
စန္ဒရားခုံပေါ်မှာ ဆက်ထိုင်နေရင်… မမနွေးခေါင်းပေါ်ကျ
မှာ သေချာတယ်… ဓာတ်ပုံကြီးပြုတ်ကျပြီး မှန်တွေကွဲ
သွားတယ်… မှန်ဘောင်တွေ ကျွတ်သွားတဲ့အထိ… ကျတဲ့
အရှိန်ပြင်းတယ်… ဓာတ်ပုံကြ ီ က အလေးကြီးပဲကိုး…
မမနွေးသာ ထမပြေးဘဲ ထိုင်နေမိရင် မမနွေးခေါင်းပေါ်
တည့်တည့် ကျပြီး… မမနွေး ဒုက္ခအကြီးအကျယ်ရောက်
သွားမယ်… မရှုမလှခံရမှာ သေချာတယ်… သေနိုင်လောက်
တယ်… "

"သံမှာချိတ်ထားတာ နှစ်ပေါင်းကြာလို့ သံချေးတတ်ပြီး
ကျတာများလား မမနွေး… "

"အဲဒါကို စဉ်းစားမိလို့ မမနွေး သေချာချိတ်ထားတဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို စစ်ဆေးတယ်... ခာတ်ပုံကြီးမကျခင် 'ဒေါက်'ခနဲအသံ
ကြားတာဟာ ဆန်းနေတယ်ဆိုပြီး လိုက်ရှာကြည့်တော့
ကလေးတွေကစားတဲ့ ကျောက်ဂေါ်လီသီးတစ်လုံး စန္ဒရား
နားမှာပဲ တွေ့တယ်... မမနွေးတို့အိမ်မှာ ကျောက်ဂေါ်လီ
ကစားတဲ့ ကလေးတစ်ယောက်မှ မရှိဘူး... နောက်ပြီး...
ကျောက်ဂေါ်လီသီးက ကစားထားတဲ့အဟောင်း မဟုတ်
ဘူး... ဂေါ်လီသီးမှာ အပြာရစ်တွေ ရစ်ထားတဲ့ အသစ်
ဂေါ်လီသီးကို တွေ့ရတာ... တစ်ယောက်က လက်ဆော့
ပြီး ဒီဂေါ်လီသီးကို စန္ဒရားနားမှာ ထားခဲ့တယ်ဆိုရင်လည်း
မိနှင်းနဲ့မိညို နေ့တိုင်း အိမ်သန့်ရှင်းရေး လုပ်ကျင်းနေတာ
ဒီဂေါ်လီသီးကို တွေ့ရင် ယူလွှင့်ပစ်မှာပေါ့... သူတို့နှစ်
ယောက်ကို ဂေါ်လီလုံးပြပြီးမေးတော့... သူတို့ နေ့စဉ်လုပ်
ကျင်းတာ ဒီဂေါ်လီလုံးကို မတွေ့ဘူးလို့ပြောကြတယ်...
"ဒါဆို မမနွေးက ဘယ်လိုထင်လဲ... "
"ဓာတ်ပုံရိုက်ထားတဲ့သံကို တဲတဲလေးဖြစ်အောင် နှိပ်ပြီး
ဓာတ်ပုံပြန်ရိုက်ထားမယ်... မမနွေး စန္ဒရားတီးမှ အ
လှမ်းလှမ်းက သားရေကွင်းနဲ့ ကျောက်ဂေါ်လီလုံးထည့်ပြီး
ဓာတ်ပုံသံရိုက်ကို ပစ်မယ်... ဒါဆို သံရိုက်ကို ဂေါ်လီလုံး
ထိပြီး ဓာတ်ပုံပြုတ်ကျရမယ်ပေါ့ မင်းမင်း... "
"အင်း... မမနွေး ပြောတာဖြစ်နိုင်တယ်... ဓာတ်ပုံပြုတ်



ကျပြီး... မမနွေး မရှုမလှဖြစ်သွားရင် မတော်တဆဖြစ်
တာလို့ ပြောနိုင်တာပဲ...
"နောက်တစ်ခု ကျန်သေးတယ်... မမနွေး ရန်ကုန်ကို
ဆင်းမလာခင် နှစ်ရက်လောက်မှာ အိမ်ပေါ်ထပ်က ဆင်း
တဲ့ လှေကားမှာ လှေကားထစ်နင်းပြီး မမနွေး ချော်ကျ
တယ်... ဒါပေမယ့်... မမနွေးက လှေကားထစ်က ပြုတ်
အကျမှာ လှေကားလက်တန်းကို မိမိရရ ဖမ်းဆုပ်ကိုင်
နိုင်လို့ ဆက်ပြီးလိမ့်မကျသွားဘူး... မမနွေးသာ လက်
တန်းကို မဆွဲနိုင်ဘဲ အောက်ကို တလိမ့်ခေါက်ကွေးကျ
မယ်ဆိုလည်း အသက်အန္တရာယ်ဖြစ်နိုင်တာပဲ... လှေကား
က အမြင့်ကြီးကိုး... "
"တစ်ယောက်ယောက်က မမနွေးကို နောက်ကနေတွန်း
ချလိုက်တာမျိုးလား မမနွေး... "
"မဟုတ်ဘူး မင်းမင်း... လှေကားထစ်မှာ ငှက်ပျောခွံကို
နင်းမိပြီး... မမနွေး ချော်ကျတာ... "
"ဗျာ... မမနွေးတို့ ဒီလောက်သန့်ရှင်းတဲ့အိမ်ကြီးမှာ ငှက်
ပျောခွံက လှေကားထစ်ပေါ်မှာ... ဘယ်လိုရှိနိုင်မှာလဲ
မမနွေး... ဒါဆို ဒီငှက်ပျောခွံ လှေကားထစ်မှာ ဘယ်သူ
ချထားတာလဲလို့ မမနွေး မမေးဘူးလား... "
"မေးတာပေါ့... ဦးလေးဘွားနှင့် ဒေါ်ဒေါ်မှာ ဒီငှက်

www.burmeseclassic.com

www.burmeseclassic.com



ပျော့ခွံကို နှင်းဆီလွှင့်ပစ်ထားတာလို့ စွပ်စွဲကြတယ်

မမနွေး… နှင်းဆီကို မေးတော့… ဒီနေ့ နှင်းဆီ သီး

ငှက်ပျောသီး နှစ်လုံးစားတယ်တဲ့… အခွံတွေကို

ဘယ်ပစ်လို့ ဘယ်ပစ်မှန်း မမှတ်မိဘူးတဲ့… ”

“အဲဒါကျတော့… မမနွေး ဘယ်လိုယူဆလဲ… ”

“ခက်တယ် မင်းမင်း… နှင်းဆီမှာက အဲဒီအကျင့်မျိုး

ရှိတယ်… နေကြာစေ့စားရင်း အခွံတွေကို စားတဲ့နေရာ

ပဲ ပစ်ချတယ်… သူ့ကားပေါ်မှာစားလည်း ကားထဲ

တာပဲ… လိမ္မော်သီးစားလည်း လိမ္မော်ခွံတွေကို

နေရာ ကားပေါ်မှာဖြစ်ဖြစ်… ဒီပြင်ဘယ်နေရာမှာ

ဖြစ်… ချထားလိုက်တာပဲ… နှင်းဆီရဲ့ အိပ်ရာဘေးမှာ

ရင် မြေပဲအခွံတွေ ယိုထုပ်တွေရဲ့ ပလတ်စတစ်အိတ်

နေ့တိုင်းလိုလို မီနှင်းနဲ့မိညို ဂေါ်မြက်စည်း လှဲတိုင်း

သိမ်းရ အမှိုက်ပုံးထဲပစ်ရတယ်… ဒီတော့… နှင်း

ငှက်ပျောသီးစားရင်း လှေကားထစ်အဆင်းမှာ ငှက်

ပြီးစလွယ်ပစ်ချထားခဲ့တာလည်း ဖြစ်နိုင်နေတယ်…

မင်းမင်းသည် မမနွေး အတွက် အလေး

စဉ်းစားပါ၏။

မမနွေး ပြောသွားသမျှတွေသည် မတော်

တွေရှား။ တစ်ဦးတစ်ယောက်က မတော်တဆထဲ အကျ



အောင် ဖန်တီးကြံစည်ခြင်းပေလား။

“ကျွန်တော်… မမနွေးကို မေးချင်တယ်… ”

“မေးလေကွယ်… မမနွေးက မင်းမင်းကို အားလုံးပြော

ပြနေပြီပဲဟာ… ”

“ဦးဖွ… လွဲစေဖယ်စေ… မပြောကောင်းမဆိုကောင်း…

တကယ်လို့… မမနွေး အသက်အစိတ်မပြည့်ခင်… ဟို…

ဟိုလေ… ”

“ကွယ်… ရဲရဲသာပြောစမ်းပါ… မမနွေး အသက်အစိတ်

မပြည့်ခင်သေသွားရင်ဆိုတာကို မင်းမင်းပြောချင်တာ

မဟုတ်လား… ”

“ဟုတ်ပါတယ်… ဒါပေမဲ့… ကျွန်တော့်ပါးစပ်က ပြော

မထွက်… မပြောရက်လို့… တကယ်လို့… မမနွေးအသက်

အစိတ်မပြည့်ခင် သေသွားရင်… မမနွေးရဲ့ ပိုင်ဆိုင်ခွင့်

အမွေတွေအားလုံးကို ဦးလေးရင်းဖြစ်တဲ့… ဦးလှိုင်ဘွား

က ခံစားရမှာလား မမနွေး…

“မမနွေးဖေဖေရေးခဲ့တဲ့ ဆန္ဒစာထဲမှာ… မမနွေး အသက်

အစိတ်မပြည့်ခင် သေဆုံးသွားခဲ့ရင် ဒီအမွေတွေကို အာ

ဆက်လုပ်ရမယ်လို့ ဖေဖေဆန္ဒပြုထားတဲ့ ရေးသားချက်ရှိ

တယ်… ဖေဖေဆန္ဒပြုချက်ထဲမှာ မမနွေး အသက်အစိတ်

မပြည့်ခင်သေသွားရင်… ဦးလေးဘွား ဆက်ခံရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



တော့မပါဘူး… ”

“ဟင်… ဒါဆို… ဘယ်လိုတွေလဲ မမနွေး… ”

မင်းမင်း ဆိုလိုသည်မှာ မိမိ နွေးနွေးမွန် အသက်အစိတ်မပြည့်မီ သေဆုံးသွားလျှင် ထိုအမွေတွေကို ဦးလေးဘွား က ဆက်ခံရမည်မို့ မိမိအား ဦးလေးဘွားက မတော်တဆပုံစံဖြင့် သေကြောင်းကြံစည်နေခြင်းပေလားဟု ဆိုလိုခြင်း ဖြစ်လေသည်။

“မင်းမင်းဆိုလိုတာက မမနွေး အသက်အစိတ်မပြည့်ခင် သေသွားရင်… ဒီအမွေတွေ ဦးလေးဘွား ဆက်ခံခွင့်ရှိလို့ မမနွေးကို ဦးလေးဘွား ကြံစည်တာလို့… ဆိုချင်တာ မဟုတ်လား မင်းမင်း… ”

“အဲဒီလိုတိုင်းပါပဲ မမနွေး… ”

နွေးနွေးမွန် ဦးခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြရင်း ဆက်ပြောသည်။

“မဟုတ်သေးဘူး မင်းမင်း… မမနွေး အသက်အစိတ်မပြည့်ခင် သေသွားလည်း… ဦးလေးဘွားမှာ ချက်ချင်း အမွေတွေ ခံစားခွင့်မရသေးဘူး… ဝတ်လုံတော်ရ ဦးထိန်လင်းက ကိုသက်ဇင်ဆိုတဲ့လူကို ရှာပြီး… အဲဒီအမွေတွေ ကိုသက်ဇင်ကို ပေးရမှာ… ”

“ကိုသက်ဇင်ဆိုတဲ့လူက… ဘာမို့လဲ မမနွေး… ”

“ကိုသက်ဇင်ဆိုတဲ့လူဟာ… ဖေဖေ့ရဲ့သားတစ်ယောက်



ဆိုပါတော့… ”

“ဗျာ… ဘာပြောတယ် မမနွေး… ကိုသက်ဇင်ဆိုတဲ့လူက သားတစ်ယောက်ဟုတ်လား… နို… မမနွေးသာ တစ်ဦးတည်းသော အမွေဆက်ခံခွင့် သမီးတစ်ယောက်တည်းဆို ပြီး… ကိုသက်ဇင်ဟာ သားတစ်ယောက်ဆိုပါတော့ဆိုတဲ့ စကားက တစ်မျိုးကြီးပဲ… ပီပီပြင်ပြင် မရှိသလိုကြီးပဲ… ”

“ဒီလိုမင်းမင်း… မမနွေးဖေဖေရဲ့မိဘ… မမနွေးရဲ့အဘိုးအဘွားတွေဟာ… လူချမ်းသာမျိုးရိုးတွေ… မမနွေး… ဖေဖေက တက္ကသိုလ်က သမိုင်းအဓိကနဲ့ဘွဲ့ရခဲ့တယ်… ဖေဖေက သူဝါသနာပါတဲ့ ရှေးဟောင်းအနုတေသနဌာနမှာ လခစားဝင်လုပ်ချင်တယ်ဆိုပြီး အရာရှိပေါက်စဘဝနဲ့ဝင် လုပ်တယ်… ဌာနလုပ်ငန်းကိုက အရပ်ရပ်ကိုသွားပြီး ရုပ်အကြွင်းအကျန်တွေ တူးဖော်ရတယ် မဟုတ်လား… ဖေဖေဟာ… ညောင်ဦးမြို့ဘက်မှာ တူးဖော်ရင်း… အဲဒီမှာ တော်တော်ကြာပြီး လူငယ်ဘဝ ညောင်ဦးသူတစ်ဦးနဲ့ ချည်ငင်တယ်… ဖေဖေ့စိတ်ထဲမှာ မိဘတွေကို ဖွင့်ပြောရင် လက်ခံပေးစားမယ်လို့ ထင်ခဲ့တယ်… အဲဒီညောင်ဦးသူကို ပတ်ဝန်းကျင်ရဲ့အသိ… ပတ်ဝန်းကျင်ရဲ့အမြင်နဲ့ပဲ ပေါင်းသင်းခဲ့တယ်… ဒါပေမဲ့ ဖေဖေ့မိဘတွေက အဲဒီသတင်း လည်းကြားရော… လုံးဝသဘောမတူဘဲ ဖေဖေ့ကိုပြန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်… လုံးဝသဘော မတူရတာကလည်း… ဖေဖေ မိဘတွေက… မမနွေး မိခင်နဲ့ လူကြီးချင်း သဘော စကားလွန်ပြီးသားဖြစ်နေလို့ ပဲ… ဖေဖေက မိဘစကား ကို သိပ်နာခံတယ်… မိဘကို သိပ်ငုံညှာတာတယ်… ဒါကြော မိဘပေးစားတာကို မင်္ဂလာဆောင် လက်ထပ်ခဲ့တယ် အဲ… ညောင်ဦးက အမျိုးသမီးမှာလည်း ဖေဖေနဲ့ရ ကိုယ်ဝန်ရှိနေပြီတဲ့… သားယောကျ်ားလေးမွေးတယ် အဲဒီသားယောကျ်ားလေးဟာ… အခုန မမနွေးပြော ကိုသက်ဇင်တဲ့… ဖေဖေက အဲဒီသားအမိကို အ ထောက်ပံ့ခဲ့ပါတယ်… အဲဒီနောက်ပိုင်းမှာ… ဖေဖေနဲ့ အ သားအမိ အဆက်အသွယ်ပြတ်သွားတယ်… အဲဒီအမျိုး သမီးက နောက်အိမ်ထောင်ပြုပြီး… ဘယ်ရောက်သွား မှန်းမသိ ဖြစ်သွားတယ်… ဖေဖေ့ အနေနဲ့ကတော့ ရင်သွေးဖြစ်တဲ့… သားကိုသက်ဇင် အပေါ်မှာ သံယော ထားတယ်… ဒါကြောင့် မမနွေး အသက်အစိတ်ပြည့်လို့ အမွေတွေ ဆက်ခံပြီးရင်… အဲဒီ ကိုသက်ဇင်ကို မမနွေး ရှာပြီး စေတနာရှိသလောက်ပေးပါတဲ့… အဲ… မမနွေး အသက်အစိတ်မပြည့်ခင် သေသွားရင်… အန်ကယ် ဝတ်လုံတော်ရ ဦးထိန်လင်းကိုရှာပြီး… အထောက် အထားခိုင်ခိုင်လုံလုံနဲ့ မှန်ကန်ရင် အမွေတွေကို ပေးပါတဲ့



အဲဒီ ကိုသက်ဇင်ဟာ သေသွားပြီပဲဖြစ်ဖြစ်… လုံးဝ ဘယ်လိုမှ ရှာမတွေ့တော့ရင်ဖြစ်ဖြစ်… အဲဒါကျမှ ဦးလေးဘွား ဆက်ခံပါလို့ ဆိုထားတယ်… ”

“တစ်မျိုးကြီးပဲနော် မမနွေး… ”

“ကဲပါလေ… မမနွေး အသက်အစိတ်မပြည့်ခင် သေသွား လို့… ကျန်ခဲ့တဲ့အမွေတွေ ဘယ်သူပဲဆက်ခံ ဆက်ခံ… ထိုက်သူဆက်ခံပလေ့စေပေါ့… သေသွားသူဟာ ဘာမှ သိတော့တာမှ မဟုတ်တာ… အခုဟာက… မမနွေး အသက်အစိတ်မပြည့်ခင် သွေးရိုးသားရိုးမဟုတ်ဘဲ အသက် ဘေးအန္တရာယ်ကျရောက်မှာတွေကို အမိက ပြောနေတာ မဟုတ်လား… မှန်တဲ့အတိုင်းပြောရရင် မမနွေး ဒီအရွယ် နဲ့ သေရမှာကိုတော့ ကြောက်မိတာအမှန်ပဲ… နောက်ပြီး မမနွေး အသက်က ကြီးသေးတာမဟုတ်တော့… မိဘ အမွေတွေကို ခံစားချင်တယ်… ဒါကြောင့် မင်းမင်းက မမနွေး အသက်အန္တရာယ်တွေကို ကာကွယ်ပေးစေချင် တာ… အခု မင်းမင်းရဲ့ရင်ထဲက စိတ်ကိုက… မမနွေး အတွက် ဆောင်ရွက်ပွေ့တာဟာ မှဆိုးတံငါနှင့် လယ် သမားအလဲအလှယ်မျိုး မဟုတ်ဘဲ… တကယ့်စေတနာနဲ့ ကာကွယ်မယ်မှန်းသိရလို့ မမနွေး သိပ်ဝမ်းသာနေတာ… ”

“စိတ်သာချ မမနွေး… ဒါထက် မမနွေး ရန်ကုန်ကို ဆင်း

www.burmeseclassic.com



လာတာကကော... ဘာရည်ရွယ်ချက်... ဘာကိစ္စနဲ့ဆိုတာ ကျွန်တော့်ကို သိခွင့်ပေးမလား... "

"မမနွေး ရန်ကုန်ကိုဆင်းတာ... အဲဒီမမနွေးနဲ့ ဖအေတူ မအေကွဲ အစ်ကိုဖြစ်တဲ့... ကိုသက်ဇင်ကိုရှာဖို့ပဲ... "

"သူ့နေရပ်လိပ်စာကို သိလို့လား... "

"ဖေဖေ မသေခင်က ဝတ်လုံတော်ရ အန်ကယ်ဦးထိန်လင်းကို ကိုသက်ဇင်ရဲ့ ရန်ကုန်လိပ်စာပေးခဲ့တယ်... တောင်ဥက္ကလာ ခြောက်ရပ်ကွက်ထဲက လမ်းနာမည်ရော အိမ်နံပါတ်ရောပဲ... "

"ဒါဆို... မမနွေး ကိုသက်ဇင်နဲ့တွေ့ခဲ့သလား... "

"အန်ကယ် ဦးထိန်လင်း ပေးတဲ့လိပ်စာဟာ အမှန်အကန်ပါပဲ... ဒါပေမယ့်... အဲဒီလိပ်စာအိမ်မှာ ကိုသက်ဇင် မရှိတော့ဘူးတဲ့... အိမ်ရောင်းပြီး ထွက်သွားတာ တစ်နှစ်လောက်ရှိပြီလို့ အဲဒီ အိမ်နီးချင်းတွေက ပြောတာပဲ... ဒါပေမဲ့ အဲဒီ အစ်ကိုသက်ဇင်ရဲ့သတင်းတွေကြားရတာကတော့ မနိပ်ဘူးမင်းမင်း... "

"ဘာလို့လဲ... "

"ကိုသက်ဇင်ဆိုတဲ့လူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးတဲ့... တကယ့်လူဆိုးတဲ့... ထောင်ကျဖူးတာ နှစ်ခါတောင်ရှိပြီတဲ့... စာရိတ္တတော်တော်ကြီးကို ဆိုးတယ်တဲ့...



အဲဒါတွေကြားရတော့ မမနွေးလည်း တော်တော်စိတ်ပျက်သွားတယ်...

"မမနွေးရဲ့စိတ်ကူးထားချက်က အဲဒီအစ်ကိုသက်ဇင်ကိုရှာပြီး ပိတောက်မြိုင်ရိပ်မြိမ်ကို ခေါ်လာမယ်... မမနွေးအသက်အစိတ်ပြည့်လို့ အမွေတွေရရင် ကိုသက်ဇင်ကိုလည်း တစ်စိတ်တစ်ဝက် ခွဲဝေပေးမယ်... ဖအေတူ မအေကွဲမောင်နှမဆိုတာ အရင်းအချာပဲမဟုတ်လား... ဒီကြားထဲမှာ မမနွေး အပေါ်ကျရောက်လာတဲ့ အန္တရာယ်တွေကို မောင်နှမနှစ်ယောက် လက်တွဲပြီး ကာကွယ်မယ်လို့ ရည်ရွယ်ခဲ့တယ် မင်းမင်း... အေး... နောက်ပိုင်း မင်းမင်းနဲ့တွေ့ဆုံပြီး... မင်းမင်းကို ဒီအိမ်ကြီးအထိ ခေါ်လာတာဟာ... ကိုသက်ဇင်ရဲ့ကိုယ်စားပဲလို့ မမနွေး သဘောထားလိုက်တယ်... မမနွေးကို ထားခဲ့ပြီး မင်းမင်း ထွက်ပြေးမသွားနဲ့နော်... "

မင်းမင်းက အလေးနက်ဆုံးမျက်နှာနှင့် ခေါင်းညိတ်ပြလိုက်ပါ၏။

မမနွေးက အကျိုးအကြောင်းတွေ အားလုံးဖွင့်ပြောပြီး မောင်းလာခဲ့ရာ ပိတောက်မြိုင်ရိပ်မြိမ်ခြံကြီးတံခါးဝသို့ ရောက်လာသည်အထိ ဖြစ်တော့သည်။

ထိုးထားသော ကားရှေ့မီးကြီးအလင်းရောင်ဖြင့်

www.burmeseclassic.com



ဦးဝေလကြီး ခြံတံခါးသော့ကိုင်ကာ ကင်းတဲမှ ဆင်းလာသည်ကို တွေ့မြင်ရပါ၏။

"မမနွေး ပြောတာ မပြည့်စုံသေးဘူး... "

"မမနွေးရဲ့ လျှို့ဝှက်ချက်အားလုံးကို မမနွေး ပြောပြပြီး ပြီပဲ... ဘာမပြည့်စုံလို့လဲ... "

"ကိုကြီးမြင့်နဲ့ကိုဝေလင်းအကြောင်းမှ မပြောသေးတာ... သူတို့နှစ်ယောက်ဟာ မမနွေးကို ပတ်သက်ချင်တဲ့ လူနှစ် ယောက်ပဲ မဟုတ်လား မမနွေး... "

ကိုကြီးမြင့်နှင့် ကိုဝေလင်းအကြောင်းကို မင်းမင်းက မေးလိုက်သည်နှင့် မမနွေး မျက်စိပျက် မျက်နှာပျက်ဖြစ်သွားသည်ကို မင်းမင်း သတိပြုလိုက်မိသည်။

ဦးဝေလကြီးက တံခါးဖွင့်ပေးပြီး သွားသည်။

မမနွေး ခြံတံခါးကို ကျော်ဖြတ်မောင်းလာခဲ့သည်။

အိမ်ကြီး၏ဘေးခြံဝန်းတစ်နေရာတွင် နှင်းဆီ ကားဖြူလေးရပ်ထားသည်ကို တွေ့ရသဖြင့် နှင်းဆီ ပြန်၍ရောက် နှင့်နေမှန်း သိရပါ၏။

"ဆင်ဝင်အောက်မှာပဲ ရပ်ပါလား မမနွေး... ကား ဂိုဒေါင်ထဲ ကျွန်တော် မောင်းသွင်းလိုက်မယ်လေ... နောက် ပြီး... ကိုကြီးမြင့်နဲ့ကိုဝေလင်းအကြောင်း မမနွေး ပြော မဖြေသေးဘူးနော်... "



"အကြမ်းအားဖြင့်ပဲ မမနွေး... မင်းမင်း မေးတာကို ဖြေ မယ်... အသေးစိတ်ကတော့ နောက်မှ ဆက်ပြောမယ်... ကိုကြီးမြင့်နဲ့ ကိုဝေလင်းဟာ မမနွေးကို နာနာကျင်ကျင် ဖြစ်အောင်လုပ်မဲ့ လူနှစ်ယောက်မဟုတ်ဘူး မင်းမင်း... ဒါပေမဲ့ သူတို့နှစ်ယောက် သိပ်ကိုသိချင်နေတဲ့အကြောင်း တစ်ခု ရှိတယ်... အဲဒီသူကို သိချင်နေတာကို မမနွေးကို မေးချင်လို့ မမနွေး နောက်က တကောက်ကောက်လိုက် နေတာ... မမနွေးက သူတို့နဲ့ မတွေ့အောင် တမင်ကို ရှောင်နေတာပဲ မင်းမင်း... ဘာဖြစ်လို့လဲဆိုတော့ ကိုကြီး မြင့်နဲ့ ကိုဝေလင်း သိချင်နေတဲ့မေးခွန်းကို မမနွေး မဖြေ နိုင်လို့ပဲ... ကဲ... မမနွေး ဆင်းမယ်... မင်းမင်း ဆက် မောင်းသွားပြီး သွင်းလိုက်တော့... ကားနောက်ကျရှင်က မင်းမင်းဖို့ ဝယ်လာတဲ့ အထုပ်တွေကိုလည်း မမေ့မထား ခဲ့နဲ့... ကိုယ့်အခန်းယူသွားပြီး ဗီရိုထဲမှာ ထည့်ထားပေ တော့ မင်းမင်း... "

မမနွေး ဆင်းသွားသည်။

မင်းမင်း ဆက်မောင်းခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



# ၇

မင်းမင်းသည် ဝိတောက်မြိုင်ရိပ်ငြိမ် အိမ်ကြီး ရောက်လာပြီးမှ တသွေးတမွေး ဖြစ်လာသည်။

ဦးလေးအောင်၏ ဝပ်ရှော့နေခဲ့စဉ်က မိုးလင်းသည်နှင့် မျက်နှာသစ်သွားတိုက်ပြီး ပဲပြုတ်နှင့် ထမင်းကြော်စားကာ ဝပ်ရှော့လုပ်ငန်းခွင်သို့ ကန်းဝင်ရသည်။

သိပ်ပင်ပန်းသည်။ ဆီချေးအမြဲ ပေကျံနေသည်။ နေပူမရှောင် မိုးရွာမရှောင်လုပ်ရသဖြင့် အသားရောင်သည် ညိုမည်းလာသည်။

ဝိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးသို့ ရောက်လာသည့်နေ့မှစပြီး သက်သောင့်သက်သာ နေရသည်။ မပင်ပန်း၊ နေပူထဲ ထွက်ရန်မလို၊ နံနက်ပိုင်း မမနွေး ကျောင်းသွားသည်ကို ပို့ခဲ့ပြီး ဝိတောက်မြိုင်အိမ်ကြီးသို့ပြန်လာကာ ကိုယ့်ဂိုဒေါင်အခန်းမှာပင်



သက်သောင့်သက်သာနှပ်နေရသည်။ မွန်းလွဲပိုင်း... မမနွေး ကြိုနိုင်းသော အချိန်ကျမှ မမနွေးကို သွားကြိုသည်။

ဒီတော့လည်း... နေ့ခင်းပိုင်း မင်းမင်းမှာ အားလပ်ချိန် ဖြစ်နေသည်။

ယနေ့...

မမနွေးကို ကျောင်းပို့ခဲ့ပြီးနောက် မင်းမင်းသည် သူ့အခန်းမှာပင် လဲလျောင်းရင်း စုံထောက်ဝတ္ထုတစ်အုပ်ကို ဖတ်နေသည်။ တော်တော်လေး ဖတ်မိသောအခါ မျက်စိညောင်းလာသည်။

ဖတ်လက်စ စာမျက်နှာကို မှတ်သားပြီး လဲလျောင်းရာမှ ထကာ ဂိုဒေါင်တန်းလျား၏အပြင်ဘက် လှုံသွားလင် ဇကြိုဝရံတာကိုထွက်ပြီး ခြံကြီးထဲကို ဟိုကြည့် ဒီကြည့် ကြည့်မိသည်။

ခြံထဲမှ ဂိုဒေါင်ကြီးနှင့် မလှမ်းမကမ်းဘေးမြေကြီးပေါ်တွင် ဂန်ဂယားတစ်ယောက် တစ်ယောက်တည်း လှုပ်လှုပ်ရွရွ ဂဏာမငြိမ်ဖြစ်နေသည်ကို လှမ်းမြင်ရသည်။

ဒီကုလားလေး ဘာတွေများ စိတ်ဝင်စားနေပါလိမ့်ဟု မင်းမင်း သိချင်လာသည်။ ပြီး မိမိတစ်ယောက်တည်း ပျင်းနေသည်ဖြစ်သောကြောင့်လည်း တန်းလျားပေါ်မှ ဆင်းကာ ကုလားလေး ဂန်ဂယားရှိရာသို့ မင်းမင်း သွားသည်။

ဂန်ဂယားလက်ထဲတွင် ဆရာဝန်များကိုင်သော

www.burmeseclassic.com

www.burmeseclassic.com



နားကြပ်အဟောင်းကြီးတစ်ခုကို တွေ့ရသည်။

"ဟေ့... ဂန်ဂယား... ဘာလုပ်နေတာလဲ... "

"ဒီဟာကြီးနဲ့ ကျွန်တော့်ရင်ဘတ်ကို ထောက်စမ်း ကြည့်နေတာ အစ်ကို... ဆရာဝန်တွေ ဒီလိုပဲ နားရွက်မှာ နှ... ဘက်တပ်ပြီး လူနာတွေရင်ဘတ်တို့ ကျောတို့ စမ်းစ... နေတာ ကျွန်တော် ခဏခဏ တွေ့လို့... အခုကိုယ့်ဟာ... ကိုယ် စမ်းကြည့်နေတာ... ဘာသံမှလည်း မကြားရဘူး... အစ်ကို... "

"ဘယ်ကြားမလဲကွ... နားကြပ်က အဟောင်းအစုတ်ကြီး... ပဲ... ပျက်စီးနေတာပဲ... အဲဒီနားကြပ် ဂန်ဂယားဘယ်က... ရသလဲ... "

"သစ်ပင်စိုက်မလို့... ဟိုခေါင့်မှာမြေကြီးတူးတာ ဒီဟာကြီး... မြေကြီးထဲက တွေ့တာ အစ်ကို... "

"ပြစမ်း... ကြည့်ရအောင်... "

မင်းမင်းကို ဂန်ဂယားက လှမ်းပေးပါ၏။ မင်းမင်း... ယူကြည့်သည်။ ပျက်စီးနေသည်တော့ အမှန်။ မင်းမင်းက နားကြပ်... ကို သေချာလှော်ကြည့်သည်။

နားကြပ်၏ သားရေပြွန်ပျာနံ့ဆုံတွင် ထွင်းရေး... ထားသော စာတမ်းလေးကို တွေ့ရသဖြင့် သေချာပွတ်ခါစာတမ်း... ကို ဖတ်ကြည့်သည်။



"DR. W.M... "

အင်္ဂလိပ်စာတမ်းလေးကို တွေ့ရသည်။

စာလုံးတွေမှာ အားလုံးအတိုကောက်ရေးထားမှန်း... ...င်းမင်း သဘောပေါက်ပါ၏။

ရှေ့ဆီမှ DR စာလုံးသည် Doctor (ဆရာဝန်)ကို အတိုကောက်ရေးထားခြင်း ဖြစ်သည်။ W.M အတိုကောက်က... ...ကော ဘာအတိုကောက်စာလုံးနည်း။

မိမိ ဝိတောက်မြိုင်ရိပ်မြိမ် ပထမဆုံးစရောက်သော... ...နေ့က ဦးဝေလနှင့် သတ်ပုတ်ပြီးနောက် မမချွေးနှင့် ဦးလှိုင်ဘွား... ...အချေအတင် စကားများရာတွင် "နင်လုပ်ချင်ရာလုပ်တော့မယ်... ဆိုရင် ဒေါက်တာဝေမင်းကို ထည့်စဉ်းစား"ဟု ဦးလှိုင်ဘွားက... မမချွေးကို ပြောလိုက်သည့်စကား မင်းမင်းမှတ်မိသဖြင့် ယခု"W"... ...မှာ "ဝေ"ဖြစ်ပြီး "M"မှာ "မင်း" ဖြစ်မည်။

ဒါဆို "ဒေါက်တာဝေမင်း"ဟု ဘာသာပြန်၍ ရပေ... ...သည်။

ယင်းဆိုပါက ဤနားကြပ်သည် "ဒေါက်တာဝေမင်း"... ...၏ နားကြပ်ဟု ဆိုနိုင်ပါ၏။

ဤနားကြပ်ကို မမချွေးက မိမိအား လုံးဝမေ့... ...၍ သတိပေးထားသော ခြံနောက်ဘက် ကိုခေါင်ကြီးနှင့်... ...မဝေး... ...ရာ မြေကြီးမှာ ဂန်ဂယားရရှိခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းက သူ့အိတ်ထဲမှာ တစ်ရာတန်တစ်ရွက်
ထုတ်ယူကာ ဂန်ဂယားအား ပေးရင်း...

"ဒီနားကြပ် ငါ့ကို ရောင်းကွာ ဂန်ဂယား... "

"ယူပါ အစ်ကို... ကျွန်တော့်အတွက် ဘာမှအသုံး
မကျတဲ့ နားကြပ်ကြီးပဲ... "ဟု ငွေတစ်ရာကို ယူရင်း ဝမ်းမြောက်
ဝမ်းသာ ပြောလိုက်ပါ၏။

မင်းမင်း သူ့ဂိုဒေါင်တန်းလျားအခန်းသို့ ပြန်လာ
သည်။ နားကြပ်ကို စာကြည့်စားပွဲပေါ်တင်ထားလိုက်ပြီး အိပ်ရာ
တွင် ပြန်လှဲကာ စောစောက ဖတ်လက်စ စာအုပ်ကို ဆက်ပြီး
ဖတ်နေသည်။

မမနွေးအား ကျောင်းကြိုဖို့ အချိန်တော်တော်စော
နေသေးသောကြောင့် စာအုပ်ကိုစိတ်ပါလက်ပါဖတ်နေတော့
သည်။ စာအုပ်တွင် စိတ်ဝင်စားသွားသည်မှာ ဘယ်လောက် ကြာ
သွားမှန်း မသိ။

"ကိုမင်းမင်း... "

ခေါ်သံကြားရာသို့ မင်းမင်း လှမ်းကြည့်သည်။

မနှင်းဆီ ဖြစ်ပါ၏။

အခန်းထဲ ဝင်လာသည်တော့ မဟုတ်။ အခန်း
ဝင်ပေါက်တံခါးကို ပခုံးမှေးပြီး အထဲသို့ ကြည့်ရင်း လှမ်းခေါ်ခြင်း
ဖြစ်လေသည်။



"ဪ... မနှင်းဆီ... "

နှင်းဆီသည် အဝတ်သစ်များဝတ်ဆင်ထားသည်။
သောင်းကျော်တန်နေကာမျက်မှန်အကောင်းစား လှလှလေး
တပ်ထားသည်။

မနှင်းဆီ သိပ်လှနေပါ၏။

မင်းမင်းသည် လဲလျောင်းနေရာမှ ချက်ချင်းထထိုင်
လိုက်သည်။ ယောကျ်ားလေးတစ်ယောက်အနေနှင့် အိပ်ရာထက်
တွင် တုံးလုံးပက်လက်လဲနေခြင်းမှာ နှင်းဆီလို အပျိုမလေးရှေ့
တွင် မသင့်တော်သောကြောင့် ဖြစ်ပါ၏။ ထထိုင်ပြီး ခုတင်တွင်
ခြေနှစ်ဘက်တွဲလောင်းချပြီး နှင်းဆီရှိရာသို့ မျက်နှာပေးထား
သည်။

"နှင်းဆီကြောင့်... ကိုမင်းမင်း စာဖတ်နေတာ အနှောင့်
အယှက်ဖြစ်သွားတယ်နော်... "

"မဖြစ်ပါဘူး... ဒီစာအုပ်က ဖတ်ရင်လည်း ဆက်ဖတ်လို့
ရတယ်... မဖတ်ချင်လည်း ချထားလို့ရတဲ့စာအုပ်မျိုးပါ..."

"ကိုမင်းမင်း စကားကအဆန်းပဲ... ဖတ်ရင်လည်း ရတယ်...
မဖတ်ဘဲချထားလည်းရတယ်ဆိုတော့... ဘာစာအုပ်မို့လဲ
ဟင်... "

"ဝတ္ထုစာအုပ်ပါ... ဘာအလုပ်မှ မရှိဘဲ အားနေလို့ ဖတ်
တာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... အခု ကိုမင်းမင်း အားနေတာပေါ့နော်။"

"မမနွေးကို သွားမကြိုရသေးခင်တော့ အားနေတယ်လို့ ပြောရမှာပေါ့..."

"မမနွေးကို ဘယ်အချိန်မှာ ကြိုရမှာလဲ..."

"ညနေ သုံးနာရီခွဲမှပါ..."

"ဒါဆို အတော်ပဲ... နှင်းဆီကို ဈေးချိုလိုက်ပို့ပေး... အခု တစ်နာရီတောင် မထိုးသေးဘူး..."

"မနှင်းဆီမှာ ကားဖြူလေးရှိသားပဲ..."

"စက်နိုးလို့မရလို့ပေါ့... ပျက်နေလို့ပေါ့..."

"ဒါဆို... ကျွန်တော် ကားပြင်တတ်တာပဲ... ပြန်ကောင်းသွားအောင် ပြင်ပေးမယ်လေ..."

"ဟင့်အင်း... နောက်မှပြင်ပေးဗျာ... ကျွန်တော်က အခု ဈေးချိုကိုသွားချင်နေတာ..."

"ဒါဆို... မမနွေးရဲ့ကားကိုပဲ မနှင်းဆီ ယူသွားလေ... မမနွေးကို ကြိုဖို့ အချိန်မီပြန်လာရင် ရသားပဲ..."

နှင်းဆီ မျက်နှာလေးတင်းမာသွားသည်။ မင်းမင်းကိုလည်း နေကာမျက်မှန်ချွတ်ကာ နှုတ်ခမ်းလေးစူပြပြီး စိုက်ကြည့်သည်။

"ဘာလဲ ကိုမင်းမင်း... ကျွန်တော်က နှုနေလို့လား... ဝဲနေလို့လား... ကျွန်တော်နဲ့အတူတူသွားရင် ကိုမင်းမင်းကို



မိုးကြိုးကြီးက ဟတ်တတ်တွဲအောင်ပစ်မှာမို့လား... ဘာလဲ... မမနွေးက ကျွန်တော်နဲ့အတူတူ မသွားမလာရဘူးလို့ မှာထားလို့လား..."

"ဟို... ဟို... မဟုတ်ဘူး... မမနွေးက အဲဒီလို တစ်ခါမှ မမှာဖူးဘူး..."

"ဒါဆို... ခင်ဗျားက ကျွန်တော့်ကို ဘာလို့လိုက်မပို့ချင်တာလဲ..."

"ရှင်းရှင်းပဲ ကျွန်တော်ပြောမယ် မနှင်းဆီ... ကျွန်တော်ကိုသိဟန်ရဲ့ပြဿနာ မတက်ချင်လို့ဘဲ..."

"ဘာ... ဘာ... ပြန်ပြောစမ်းပါ ကိုမင်းမင်း... ဘာဆိုင်လဲ ဘာဆိုဘာမှမဆိုင်တာ..."

မင်းမင်း အလျှော့ပေးလိုက်ပါ၏။

"ကဲ... ဒါဆိုလည်း သွားမယ်ဗျာ... ကျွန်တော်က လခစား ဒရိုင်ဘာပဲ... အလုပ်ရှင်က လိုက်မောင်းပေးစမ်းဆိုရင် မောင်းပေးရမှာပေါ့လေ..."

ပြောပြောဆိုဆိုပင် မင်းမင်းသည် ထကာ နှင်းဆီ ...နေသည့်အပေါက်မှ အပြင်သို့ ထွက်သည်နှင့် နှင်းဆီက မင်းမင်း ...က်မောင်းကို လှမ်းဆွဲလိုက်သည်။

"ဒီလိုတော့ ကိုမင်းမင်း မပြောနဲ့... ကိုမင်းမင်းကို ကျွန်တော်က ဒရိုင်ဘာအနေနဲ့ခေါ်တာမဟုတ်ဘူး... အဖော်

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်းဖရင့်အနေနဲ့ ခေါ်တာ... ဒါကို မကျေနပ်ရင် လိုက်မပို့နဲ့တော့... တက္ကစီနဲ့သွားမယ်... ”

“ဟာဗျာ... ကျွန်တော် ကျေနပ်ပါတယ်... မနှင်းဆီနဲ့ တွဲသွားရတာ ဘယ်သူမကျေမနပ်ဖြစ်မှာတဲ့လဲ... ”

ဒီတော့မှ နှင်းဆီ ရယ်ပြုံးလာသည်။ တန်းလျားမှ အတူတူဆင်းကာ မမနွေး၏ ကားရှိရာသို့ လာခဲ့ကြလေတော့သည်။

❋



## ၈

နှင်းဆီနှင့် မင်းမင်းတို့ မြို့ထဲမှာ အပြန် ဗိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးထဲအဝင်မှာပင် ဖြသနာက ကြိုဆိုလျက် ရှိနေပါလေ၏။

ကားပေါ်မှပင် လှမ်းမြင်နေရသည်။

မြင်ရချက်မှာ မသက်သာကြီးဖြစ်ပါ၏။

ဗိတောက်ပင်ကြီးတစ်ပင်အောက်ဝယ် ကိုသီဟက ဂန်ဂယားကုလားငယ်ကို အသားကုန် ထိုးကြိတ်ရိုက်ပုတ်လို့မှကန်နေသည်ကို မြင်ရခြင်းပါပေ။

ဂန်ဂယားမှာ ငိုပြီး ကိုသီဟကို လက်အုပ်ချီကာန်တောင်းပန်နေရှာသည်။

“ကြည့်စမ်း မနှင်းဆီ... ဒါ သက်သက်အနိုင်ကျင့်တာ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဘယ်လိုမှပြန်မခုခံရရှာမက… မော့လို့တောင် မကြည့်ရဲတဲ့ ကုလားလေးကို ဒီလောက်ထိုးကျိတ်နှိပ်စက်နေတာ ဘယ်ကောင်းပါ့မလဲ… ”

“ခက်တယ် ကိုမင်းမင်း… ဖေဖေကြီးနဲ့အမေကြီးက အဲဒီကိုသီဟကို မျက်နှာသာပေးလွန်းနေတယ်… ကိုသီဟက ဂန်ဂယားလိုကောင်လေးကို မဆိုထားနဲ့ ကျွန်တော့်အပေါ်မှာတောင် လွှမ်းမိုးလာချင်နေတယ်… ဒါတောင် အဖေကြီးနဲ့အမေကြီးက ကိုသီဟကို မဟန့်တားဘူး… ဘယ့်နှယ်ဘာလို့ ကိုသီဟကို ဒီလောက်လိုက်လျောနေမှန်း မသိဘူး… ဒါပေမဲ့… အခု ဂန်ဂယားကိစ္စကို ကျွန်တော် သွားပြီး တားမြစ်ပါ့မယ်… ”

နှင်းဆီကားပေါ်မှ ဆင်းသွားသည်ကို မင်းမင်းလည်း ကားအောက်ဆင်းပြီး ကားကို မှီရပ်ရင်း လှမ်းကြည့်နေသည်။

မမနွေးက မှာထားသည်။ ကိုသီဟနှင့် ထိပ်တိုက်ရင်ဆိုင်မတွေ့ဘဲ ရှောင်နေဖို့ပင်။

“ကိုသီဟ… ဒါဘာလုပ်နေတာလဲ… ”

“ရိုက်နေတာလေ… ”

ကိုသီဟက ပြန်ဖြေရင်း… ဂန်ဂယားဆံပင်ကို ဆုတ်ကိုင်ထားသည်။ ကျန်လက်တစ်ဘက်က ဂန်ဂယားကို ရိုက်



ရန် ရွယ်ထားရင်း နှင်းဆီကို မထီမဲ့မြင်ပြန်ပြောသည်။

“ဘာလို့… ဒီလောက်တောင် ရိုက်နေတာလဲ… ”

“အပြစ်ရှိလို့ရိုက်နေတာ… ကိုယ့်အနေနဲ့တကယ်အပြစ်ရှိတဲ့လူကို မရိုက်ရလို့… ဂန်ဂယားကိုပဲ ရိုက်တာ… နှင်းဆီမှာလည်း အပြစ်ရှိတယ်… ဒါပေမဲ့… နှင်းဆီကျတော့… ကိုယ်က မရိုက်ရဲဘူးလေ… ဒါကြောင့် နှင်းဆီရဲ့ အပြစ်ရောဒီကုလားစုတ်မှာရှိတဲ့ အပြစ်ရော… နှစ်ခုပေါင်းပြီး ဒီကုလားကိုပဲ မဲပြီးရိုက်နေတာ… ”

“ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ… ”

“သိပ်ရှိတာပေါ့… အပြစ်မှ သိပ်ကြီးလေးတဲ့အပြစ်… မိဘမျက်ကွယ်မှာရော… ကိုယ့်မျက်ကွယ်မှာရော ကလေကလွင့် အုတ်ကြားမြတ်ပေါက်ကောင်နဲ့ ကားအတူတွဲစီးပြီး လျှောက်သွားနေတာ… ”

“အမယ်… ကြီးကြီးကျယ်ကျယ်… ”

နှင်းဆီက ရှုံ့မဲ့ပြီးပြောလိုက်သည်။

ကိုသီဟ၏စကားသည် နှင်းဆီအားပြောရင်း မိမိကို စော်ကားသည့်စကား၊ ရန်လိုသည့်စကားကို ပြောလိုက်ခြင်းဖြစ်ပါ၏။

မင်းမင်းက အပြုံးမပျက်နေလိုက်ပါ၏။

မမနွေးက မှာထားသည်။ ကိုသီဟနှင့် ထိပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ပါနှင့်ဟူ၍။

နောက်တစ်ချက်မှာ နှင်းဆီနှင့် ကိုသီဟတို့ တကယ်ရောက်ရှိနေသော အခြေအနေကို မိမိဘာမှ ဂဃနဏ မသိခြင်းကြောင့်လည်း မင်းမင်းအပြုံးမပျက် ဒီအတိုင်းရပ်နေခြင်း ဖြစ်ပါ၏။

ဦးလှိုင်ဘွားနှင့် ဒေါ်နီမာက သီဟကို သိသိသာသာ အရေးပေးထားသူဖြစ်ရာ မိမိနှင့်ကိုသီဟ ထိပ်တိုက်တွေ့လိုက်ခြင်းဖြင့် ဦးလှိုင်ဘွား၊ ဒေါ်နီမာနှင့် မိမိဆက်ပြီး ပြဿနာဖြစ်နိုင်သည်။ မမနွေးအပေါ်ထားရှိသော သံယောဇဉ်ကြောင့် ဦးလှိုင်ဘွားနှင့် မိမိ ရင်မဆိုင်လိုပေ။

နှင်းဆီက ဆက်တွယ်နေပါ၏။

"ဒီမယ် ကိုသီဟ... ကျွန်တော့်ကို ဘယ်သူမှ ချုပ်ချယ်လို့မရဘူးမှတ်ပါ... ဘာဖြစ်လဲ... ကျွန်တော့်ဘာသာ တွဲချင်တဲ့လူနဲ့တွဲပြီး... သွားချင်ရာသွားမယ်... ဒါခင်ဗျား အပူလား... "

"နှင်းဆီ သွားစရာရှိတယ်... သွားချင်တယ်ဆိုရင် အမရပူရယက္ကန်းရုံကို ဖုန်းလှမ်းဆက်ပြီး ကိုယ့်ကိုပြောပေါ့... နှင်းဆီ သွားချင်တဲ့ဆီကို ကိုယ်လိုက်ပို့မှာပေါ့... အခုတော့ ငါးပြားဖိုး ဆယ်ကောင်ကလေကချေကောင်စားမျိုးနဲ့မှ အတူ သွားရတယ်လို့... အန်ကယ်ဦးလှိုင်ဘွားနဲ့ အန်တီ



ဒေါ်နီမာမှာ နှင်းဆီအတွက် ဘယ်လောက် သိက္ခာကျလဲ... "

"ခင်ဗျားနော်... ခင်ဗျား သူများကို ပုတ်ခတ်စကား မပြောနဲ့... မစော်ကားနဲ့... ကျွန်တော်ကိုယ်တိုင်က ကိုမင်းမင်းကို ခယတောင်းပန်ပြီး လိုက်ပို့ခိုင်းတာသိလား... "

"သိတယ်... သိပ်သိတယ်... ဒီကောင်က ရုပ်ကလေးဖြောင့်ပြီး ဂိုက်ကောင်း၊ ဆိုက်ကောင်းနဲ့ မိန်းမကြိုက်ပုံစံရှိနေလို့ နှင်းဆီက မိန်းမနောက်ပိုးလုပ်ချင်နေတာ သိတယ်... အဲဒါကိုလည်း အန်ကယ်ဦးလှိုင်ဘွားကို တိုင်ပြောရဦးမယ်... "

နှင်းဆီ သိပ်ရှက်သွားပါ၏။

"ဟုတ်တယ်... သိပ်ကိုဟုတ်တယ်... ကျွန်တော်က မိန်းမနောက်ပိုး... ကိုမင်းမင်းက ခင်ဗျားထက် အများကြီးရုပ်ပိုသာတယ်... အသက်လည်း ပိုငယ်တယ်... ပညာလည်းသာတယ်... အကျင့်လည်း သာတယ်... အိုဗျာ... ဘာမဆိုခင်ဗျားထက်သာတယ်... အဖေကြီးနဲ့အမေကြီးက ဘာစိတ်ကူးနဲ့ ခင်ဗျားနဲ့ကျွန်တော့်ကို သဘောတူချင်နေမှန်းမသိဘူး... ဘာပြောပြော ကျွန်တော် ခင်ဗျားကို လုံးဝလက်မခံဘူး... ခင်ဗျားထက် ဘာမဆိုသာတဲ့ ကိုမင်းမင်းကို သဘောကျတယ်... ကဲ... ရှင်းပလား...

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီသည် တကယ်ပင် ရွှဲလေပြီ။

"တောက်... "

သီဟသည် ခံပြင်းလှစွာဖြင့် တောက်ခေါက်ပါ၏။

နှင်းဆီ အပေါ် မခံချင်စိတ်ပြင်းပြလွန်းသွားသော ကြောင့် ဂန်ဂယား၏ ဆံပင်ကို ဆွဲကိုင်ထားသော ဆုတ်ကိုင်အားသည် အာရုံပြောင်းပြီး လျော့နည်းသွားသည်နှင့် ဂန်ဂယားသည် လှစ်ခနဲ ဆောင့်ရုန်းလွှတ်ထွက်သွားကာ မင်းမင်းရှိရာသို့ ပြေးလာပြီး အားကိုးတကြီးနှင့် မင်းမင်းကို ပြောသည်။

"အစ်ကို... ကျွန်တော့်ကို ကယ်ပါ... ကိုသီဟကို ဦးဝေလကြီးက ဖုန်းဆက်ပြီး ဂုံး ဒိုက်တာ... ကျွန်တော်က အစ်ကိုကို နားကျပ်ဟောင်းကြီးရောင်းလိုက်တာကိုရော... အစ်မနှင်းဆီနဲ့ အစ်ကိုမော်တော်ကားနဲ့ အတူတူတွဲထိုင်သွားတာရော... ဦးဝေလကြီးက ပြောတာ... ကိုသီဟ ရောက်လာပြီ၊ ကျွန်တော့်ကို သိပ်စိတ်ဆိုးပြီး ရိုက်တော့တာပဲ အစ်ကို... "

သူ့လက်က လွတ်သွားသော ဂန်ဂယားနောက်သို့ ကိုသီဟ လိုက်လာသည်။

ဂန်ဂယားက ကြောက်လန့်ကြီးစွာဖြင့် မင်းမင်း၏ နောက်ကျောဘက် ဝင်ကပ်ရှောင်တိမ်းသဖြင့် ရောက်လာသော ကိုသီဟနှင့် မင်းမင်း မျက်နှာချင်းဆိုင် ဖြစ်သွားတော့သည်။



ကိုသီဟ လည်ပင်းတွင် ဂန်ဂယားတွေ့ရှိပြီး မိမိ ဝယ်ယူထားသော နားကြပ်အဟောင်းအပျက်ကြီး ချိတ်ထားသည်ကို မင်းမင်း တွေ့ရသည်။ ယင်းနားကြပ်ကို မင်းမင်းက ဂန်ဂယားထံမှ ဝယ်ယူထားပြီး မိမိအိပ်ခန်းစားပွဲပေါ် တင်ထားခဲ့ခြင်း ဖြစ်ပါ၏။

မင်းမင်းကိုယ်ကို ထိုနားကြပ်ကို ကိုသီဟ ယူထားသည်ကို တွေ့သည်နှင့် ထောင်းခနဲ ဒေါသထွက်လာပေတော့သည်။

ဒါဆိုလျှင်...

မိမိနှင့် ကိုသီဟ ထိပ်တိုက်တွေ့သင့်ပြီဟု မင်းမင်း ဆုံးဖြတ်လိုက်သည်။ မမနွေးက ထိပ်တိုက်မတွေ့ရန် ဟန့်တားထားစေကာမူ ယခုထိပ်တိုက်တွေ့သင့်ပြီဟုလည်း မှတ်ယူသည်။ ထိပ်တိုက်တွေ့ရန်အကြောင်းအချက် လုံလောက်နေပေပြီ။

"ဗဟုကောင်... ဂန်ဂယားကို လွှတ်ပေးစမ်း... "

မင်းမင်းက တကယ်ဖြစ်လာလျှင် တကယ်သွေးအေးသူ ဖြစ်ပါ၏။ သူ့ကို သင်ပေးသောဆရာများကလည်း တကယ်ဖြစ်လေ... တကယ်သွေးအေးလေဖြစ်ရမည်ဟု လေ့ကျင့်ပေးထားသည်။

"သူဟာသူ ကျွန်တော့်နောက်မှာ ပြေးဝင်ပုန်းနေတာပဲဗျာ... ကျွန်တော်က ဆီးကြိုပြီ၊ ကျွန်တော့်နောက်မှာ ဆွဲခေါ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာမှ မဟုတ်တာ... ”

“မင်း သိပ်လူပါးဝနေတယ် ငမင်း... မင်းက ဒီအိမ်ကြီးရောက်လာပြီး... မွေးမွေးမွန်ကို စည်းရုံးထားတယ်... အနှင်းဆီကိုလည်း စည်းရုံးတယ်... အောက်ခြေက ဒရိုင်ဘာကိုသက်နဲ့ မိနှင်း မိညိုတို့အထိ မင်းစည်းရုံးရေးထဲ ဝင်နေတယ်... ဂန်ယားကိုတောင် မချန်ဘူး... အဲဒါ ဘာသဘောလဲ ငမင်း... ”

“ဟုတ်ပါ့မလား ကိုသီဟ... ဒီပိတောက်မြိုင်အိမ်ကြီးရှိတဲ့ လူအားလုံးကို အကြမ်းနည်းရော... အနုနည်းရောနဲ့ စည်းရုံးထားတာ ကျွန်တော် မဟုတ်ဘဲ ခင်ဗျားဖြစ်နေသလားလို့ပါ... နောက်ပြီး လူပါးဝတာက ကျွန်တော် မဟုတ်ဘူး... ခင်ဗျားသာ လူပါးဝပြီး ကျွန်တော့်အခန်းထဲကို ကျွန်တော့်ရဲ့ ခွင့်ပြုချက်မယူဘဲ ဝင်ပြီး... ဒီနားကြပ်ကို ယူတာပဲဟာ... ”

“အေး... ငါလူပါးဝတော့... မင်းက ဘာလုပ်ချင်သလဲ... ”

နှင်းဆီသည် တကယ်ထပေါက်ကွဲကြတော့မည်မှန်း သိသောကြောင့် အပြေးကလေးရောက်လာကာ မင်းမင်းရှေ့တွင် မားမားလေးဝင်ရပ်လိုက်သည်။

ကိုသီဟ၏ သတ်ရည်ပုတ်ရည်ကို နှင်းဆီက မြင်ဖူး သိဖူးထားပြီး ဖြစ်ပါ၏။ ဦးဝေလကြီးကိုလည်း အနိုင်ယူထားသူ ဖြစ်သည်။ အကယ်၍ ကိုသီဟနှင့် ယှဉ်ပြိုင်ပြီး မင်းမင်းခံ



ည်။ နာသွားမည်ကို နှင်းဆီ စိုးရိမ်သည်။

မင်းမင်းကို ဆက်ပြီး မဖြစ်ရန် နှစ်သိမ့်သည့်သဘောဖြင့် မင်းမင်း လက်မောင်းကို နှင်းဆီက ဆုတ်ကိုင်လိုက်သည်။

ဤသည်ပင်လျှင် ကိုသီဟ၏ ဒေါသသည် ယမ်းပုံးကျအထွတ်အထိပ်ရောက်သွားတော့သည်။

မင်းမင်းကတော့ အေးအေးပင်။

“ခင်ဗျားလူပါးဝပေမဲ့... ကျွန်တော်က ဘာမှမလုပ်ချင်ပါဘူး... မမွေးကလည်း မှာထားတယ်... ခင်ဗျားနဲ့ ပဋိပက္ခမဖြစ်စေနဲ့တဲ့... ဒီတော့... ကျွန်တော့်အခန်းထဲ ပေါ်က ပိုင်ရှင်မရှိတဲ့အချိန် ဝင်ယူသွားတဲ့ နားကြပ်ကို ပြန်ပေးပေါ့ဗျာ... ဒါဆို ပြီးသွားတာပဲ... ”

နှင်းဆီက မင်းမင်း လက်မောင်းကို ကိုင်ထားရင်း မင်းမင်းကို လမ်းလွှဲစကားပြောလိုက်သည်။

“ကိုမင်းမင်း... မမွေးကို သွားကြိုတော့လေ... ”

“စောပါသေးတယ် ထင်ပါရဲ့ မနှင်းဆီ... အခု ဘယ်နှစ်နာရီရှိသွားပြီလဲ... မှန်း... ကျွန်တော့်မှာ နာရီပတ်မထားလို့ ကြည့်ရအောင်... ”

မင်းမင်းက တမင်တကာကိုပင် ကိုသီဟ ရှေ့မှောက်၌ နှင်းဆီ၏ နာရီပတ်ထားသော လက်ကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး နာရီကြည့်လိုက်သည်။

"ဖြောင်...."

ကိုသီဟသည် မျက်နှာကြီးနီ၊ အသားတဆတ်ဆ[illegible] တုန်ကာ သူ့အိတ်ထဲမှ မောင်းပြန်ဓားကို ထုတ်ယူပြီး "ဖြောင်" [illegible] အသံဖြင့် ခလုတ်ဖွင့် ဓားသွားထုတ်လိုက်သည်။

မင်းမင်းသည် မြွေရုပ်ပွဲကို ခေါင်းပုတ်လိုက်လေ[illegible] ကော။

"နားကြပ်တော့ မရဘူး မင်းမင်း... ဒါပဲ မင်းရမယ်..."

ဟု ပြန်ပြောရင်း ဓားရိုးကို အောက်ပင့်ထိုးပုံစံ[illegible] ပြီး ရှေ့သို့တိုးလာသည်။

"ဟင်... ရှင် မလုပ်နဲ့... "ဟု နှင်းဆီက တားသ[illegible] ကို မင်းမင်းကပင်လျှင် ရှေ့မှ ရပ်နေသော နှင်းဆီအား ဘေး[illegible] အရှိန်နှင့် တွန်းပစ်လိုက်သည်။

တမင်ပင် ရန်သူကို အာရုံတခြားရောက်သွားအော[illegible] ဆင်လိုက်သော အကွက် ဖြစ်ပါ၏။

"အို... အမေ့..."

နှင်းဆီမှာ မင်းမင်း တွန်းလိုက်သော အရှိန်[illegible] ဘေးတွင် ဖင်ထိုင်လဲကျသွားကာ အို... အမေ့ဟု အော်သံထွ[illegible] လာသည်။

ဆင်သည့်အတိုင်း အကွက်ဝင်ပါ၏။



လဲကျသွားသော နှင်းဆီအား ကိုသီဟက မျက်စိ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မင်းမင်းသည် လှစ်ခနဲ ကိုသီဟ ၏ နောက်ကျောပိုင်းရောက်အောင် တစ်ချက်တည်း ခုန်ကူးလိုက် သည်။

ကျောဘက်သို့ လှားခနဲရောက်သည်နှင့် ကိုသီဟ လည်ပင်းတွင် ငွေဆုံချိတ်ဆွဲထားသော နားကြပ်ကို လက်တစ်ဘက် ဖြင့်ဆွဲကိုင်ပြီး ကိုသီဟ လည်ပင်းကိုညှစ်ကာ ကျန်လက်တစ်ဘက် က ကိုသီဟ၏ ရင်ဘတ်ကို ဖိုက်ပိုက်ပြီး အားနှင့်ညှစ်ထားလိုက် သည်။

ကိုသီဟအဖြစ်မှာ လည်ပင်းကြိုးကွင်းစွပ်သော်မက လည်ပင်းကို သံကွင်းစွပ်ဖြစ်သွားသည်။ နားကြပ်၏ခွဆုံအပေါ် ပိုင်းသည် သံဖြင့်ပြုလုပ်ထားသည် မဟုတ်လား။ သံကွင်းသဘော မို့ ကိုသီဟ၏လည်ပင်းသားထဲ နစ်ဝင်အောင် မင်းမင်းက နောက် မှ ဆွဲညှစ်ထားသည်။

သီဟရုန်းလေ ပို၍လည်ပင်းအစ်လေ ဖြစ်တော့ သည်။ ချက်ချင်းတော့ သီဟသည် အားနှင့်စိုက်ပြီး ရုန်းသည်။ ကိုင်ထားသော မောင်းပြန်ဓားနှင့်လည်း နောက်ပြန်ကြီးရမ်းထိုး သည်။ အဘယ်မှာလျှင်... မင်းမင်းကို ထိုးမိပေမည်နည်း။ နောက် ပြန်ထိုးခြင်းလည်းဖြစ်ပြန်၊ လည်ပင်းကလည်း အသက်ရှူမရအောင် ဝင် အစ်နေပြန်ဖြစ်နေလေပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ယှဉ်ပြိုင်သော ယောက်ျားသားနှစ်ဦး၏ ဗလခွန်အားသည် စကားပြောလာပါ၏။

မင်းမင်းသည် အရက်မသောက်၊ အပျော်အပါး မလိုက်စား။ စီးကရက်ပင် တစ်ခါတလေ အပျင်းပြေဖွာရုံသာ သောက်တတ်သည်။ မင်းမင်း စားသမျှ အစားအစာသည် မင်းမင်းအား နေ့စဉ်နှင့်အမျှ ခွန်အားဖြစ်စေသည်။ ဝပ်ရှော့တွင် လေးနှစ် လုပ်လာသူမို့ သူ့ခွန်အားဖြင့် ခြေကိုင်လက်ကိုင် အလွန်မြဲသည်။

ကိုသီဟသည် တုတ်ခိုင်ပါ၏။ တစ်ချိန်က ကာယဗလလေ့ကျင့်လိုက်စားသူလည်း မှန်ပါ၏။ သို့သော် အရက်အမြဲ သောက်သည်။ အပျော်အပါးကို တမင်ရှာဖွေလိုက်စားသည်။ စီးကရက်ကို တစ်ဘူးကုန်၊ နောက်တစ်ဘူး အဆင်သင့်ဝယ်ထားပြီး သောက်သည်။ မင်းမင်းထက်လည်း အသက်ကိုးနှစ်ဆယ်နှစ် ပိုကြီးသည်။

သူတို့နှစ်ယောက်ဗလချင်း မကွာဘူးဘဲထား၊ မင်းမင်း၏ ဗလက ကြွက်သားတွေ အမြှောင်လိုက် မာဆယ်တွေ အထပ်လိုက်တို့ထအောင် ဖွဲ့စည်းထားသော ဗလ။

ကိုသီဟ ဗလက... အဆီပိုတွေ၊ အသားပိုတွေဖြင့် ကြီးမားသော ဗလ။

အကယ်၍သာ... မင်းမင်းက လက်မဦးဘဲ နှစ်ယောက်အား သတ်ပုတ်ပညာချင်းယှဉ်ပြိုင်မည်ဆိုပါက... ဘယ်



လိုနေမည်တော့ မသိ။ ကိုသီဟကလည်း ဦးဝေလကြီးကို အနိုင်ယူထားသူပင် ဖြစ်ပါ၏။

သတ်ပုတ်ပွဲသည် မိနစ်အတန်ကြာသည့်အထိ ရှည်လာသည်။ ပြီး... ယှဉ်ပြိုင်ထိုးကြိတ်ကန်ကြောက်သော ပွဲပုံစံ မဟုတ်။

နပန်းသမားနှစ်ဦး တစ်ဦးက တစ်ဦးကို ခွန် မဲ့ အားနှင့် ဖျစ်ညှစ်ထားသော ပုံစံ။

ကိုသီဟ လည်ပင်းအစ်သည်မှာ အသက်ပင် မရှူနိုင်ပဲ ဂူးဂဲ... ဂူးဂဲ အသံပါးစပ်မှ ထွက်လာသည်။ ရှန်းလေ အသက်ရှူကျပ်လေ ဖြစ်နေပါ၏။

“ဓားကို အောက်လွှတ်ချလိုက် ကိုသီဟ... ”

လွှတ်မချဘဲ ဆက်ပြီးရမ်းထိုးသည်။

ရမ်းထိုးလေ... လည်ပင်းအစ်လေဖြစ်ရုံမက မင်းမင်း၏ လက်တစ်ဘက်က ဝိုက်ပြီး ရင်ဘတ်ကို ညှစ်ထားသည်မှာ အရိုးတွေ ကျိုးသွားမလားမသိ။ နာကျင်စွာ ခံစားနေရသည်။

“ဓားကို လွှတ်ချလိုက် ကိုသီဟ... ကြာရင် ခင်ဗျား အသက်ရှူပိတ်ပြီး အသက်ထွက်သွားမယ်... ”

သီဟ တင်းမခံနိုင်တော့သဖြင့် ဓားကို မြေပြင်သို့ လွှတ်ချလိုက်ရတော့သည်။

မင်းမင်းက ဓားလွှတ် ချသည်နှင့် ကိုသီဟ၏ ဓား

www.burmeseclassic.com

www.burmeseclassic.com



ကို လှူချင်းချာတာ နောက်မှဆောင့်ကန်လိုက်သည်။

ကိုသီဟ ရှေ့သို့ ဟပ်ထိုးကျသွားသည်။

ကိုသီဟက အနှောင်အဖွဲ့မှလွတ်သော ကျားကြီးလို တရှူးထိုးကြီး ကျွဲရိုင်းခတ်သလို ပြန်၍ ပြေးဝင်လာသည်။

ဒေါသကြီးလွန်းသော ကိုသီဟ မှားပြီပေါ့။

မင်းမင်းက ပြေးဝင်လာသော ကိုသီဟ၏ ဝမ်းဗိုက်ရင်ဘတ်ဆီသို့ ခြေတစ်ဘက်ဆန့်ကာ ဖြောင့်ကန်ဖြောင့်ထိုး လုပ်လိုက်သည်။

"အွတ်"ခနဲ အသံထွက်ခါ ကိုသီဟသည် ဝမ်းဗိုက်နှင့် ရင်ဝကို လက်နှစ်ဘက်အုပ်ရင်း ခါးကိုင်းသွားသည်နှင့် မင်းမင်းက ဒူးတစ်ဘက်ပင့်မြှောက်ပြီး ကိုသီဟ၏ ကုန်းငုံ့နေသော မျက်ခွက်ကြီးကို ပင့်ဒူးစာကျွေးလိုက်သည်။

"အား"ဟု အော်ရင်း ကိုသီဟမှာ ပက်လက်ကြီး မြေကြီးပေါ် ကျသွားသည်။ နှာခေါင်း၊ ပါးစပ်မှ သွေးတွေ ယိုထွက်လာပေသည်။

မင်းမင်းက ကိုသီဟ ပြန်မထနိုင်၊ မထူနိုင်သော အခြေအနေရောက်သွားပြီမို့ အေးအေးဆေးဆေးပင် ကိုသီဟ လွှတ်ချခဲ့ရသော မောင်းပြန်ဓားကို ကုန်းကောက်ယူစဉ်...

"ကိုမင်းမင်း... ကိုမင်းမင်း... နောက်မှာ... "

ဟု နှင်းဆီ အထိတ်တလန့်အော်ပြောသံကို ကြား



သည်နှင့် ဘေးသို့ တစ်ပတ်လည် နေရာရွှေ့ပြီး ရှေ့သို့ပြန်ရင်ဆိုင်လိုက်သည်။

ကိုဝေလကြီး ဖြစ်ပါ၏။

သူ၏လက်ထဲတွင် နှစ်ပတ်လည် သစ်သားတုတ်တစ်ချောင်း ကိုင်မြှောက်ခါ ဓားကုန်းကောက်နေသော မင်းမင်းကို ရိုက်ချရန် လိမ့်ဝင်လာသည်ကို တွေ့ရတော့သည်။

နှင်းဆီသာ အော်၍သတိမပေးလျှင် မင်းမင်းမှာ ဦးဝေလကြီး ရိုက်အားထိပြီး မရှူမလှကြီး ဖြစ်သွားမှာ သေချာသည်။

"လာလေ ဦးဝေလကြီး... ရှေ့ဆက်တိုးလာတာနဲ့... ခင်ဗျာ ရင်ဘတ်ကြီးကနေပြီး ဝမ်းဗိုက်အထိ ဟက်တက်ကွဲသွားအောင် ဒီဓားနဲ့ ခွဲချပစ်မယ်... လာလေ... "

ဦးဝေလကြီး တန့်ခနဲ ရပ်သွားပါ၏။

သူကိုယ်တိုင် တစ်ခါသေဘူးပြီမို့ ပျဉ်ဖိုးကို နားလည်ပုံရသည်။

သူတို့ဆရာတင်ထားသော ကိုသီဟပင် သွေးထွက်သံယိုနှင့် ပက်လက်လဲပြီး မထနိုင်အောင် စွမ်းဆောင်သော မင်းမင်းကို ဦးဝေလကြီးထိပ်ပြီး ရင်မဆိုင်ရဲပါချေ။ ယခုလည်း လက်ပြင်မှတ်သဖြင့် သစ်သားချောင်းကောက်ယူပြီး နောက်မှ ရိုက်ဖို့သာ ကြံစည်ခြင်းမျှသာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း... မိန်းမညာဏ်သုံးတယ်... ငါ့တုန်းကလည်း မင်းဒီ
ပဲ... အခုလည်း နှင်းဆီကို တွန်းပစ်အယောင်ပြပြီး ဆ
သီဟရဲ့ နောက်ကျောကို ဝင်ကပ်ပြီး နိုင်သွားကာ... "

"အဲဒါ... မိန်းမညာဏ်မဟုတ်ဘူးဗျ ဦးဝေလကြီးရဲ့... သင
ပုတ်ပွဲမှာ တခ်ဏပွတ္တိညာဏ်နဲ့ လျှပ်တစ်ပြက်တိုက်ပွဲ
ခေါ်တယ်... ဒီမယ် ဦးဝေလ... သူနဲ့ကိုယ် လက်ချည်
သက်သက်သတ်ပုတ်ကြစတမ်းဆိုရင်... ကျုပ် ဒီအကွက်
မျိုးမသုံးဘူး... အခု သူက မသတ်ရသေးခင် မောင်းပြ
ဓားထုတ်ပြီး ဓားနဲ့အနိုင်ယူဖို့ ကြံစည်လို့... အခုအကွက်
ကို ကျုပ်သုံးပြီး သူ့နောက်ကျောကို ဝင်ကပ်ရတာ... ကဲ
ခင်ဗျားတို့ဆရာ ကိုသီဟကို ထမ်းခေါ်သွားပြီး... နှာခ
ကုသပေးလိုက်ဦး... ကြာရင် ပါးစပ်နှာခေါင်းက သွေးတွေ
နဲ့ရောပြီး အသက်ပါထွက်သွားဦးမယ်... "

ထို့နောက် မင်းမင်းသည် နှင်းဆီဘက်သို့ လှည့်
လိုက်သည်။

"ကျေးဇူးသိပ်တင်ပါတယ် မနှင်းဆီ... ကျွန်တော်မမွေး
ကို သွားကြိုရတော့မယ်... မနှင်းဆီလည်း စိတ်မောလူ
မောဖြစ်သွားပြီ... အနားယူလိုက်ပါလား... "

"ကိုမင်းမင်း အပြင်ထွက်ဖို့ အဝတ်မလဲတော့ဘူးလား
ဟင်... "



"မလိုပါဘူး မနှင်းဆီ... ဒီပွဲမှာ ကျွန်တော် ချွေးတောင်
မထွက်ဘူး... ဝတ်ထားတဲ့အင်္ကျီလုံချည်လည်း မတွန့်ကြေ
ဘူး... ကဲ... သွားမယ်... "

နားကြပ်ဟောင်းကြီးကို ကိုင်ရင်း မင်းမင်းသည်
မော်တော်ကားဆီသို့ လာခဲ့ပေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



၉

(၉)

"တကယ်ပဲ... မင်းမင်းက မမနွေးရဲ့စကားကို နားမထောင်ဘူး... နားမထောင်လို့လည်း ဒီလိုတွေဖြစ်တာ... "

မမနွေးနှင့်စတင် တွေ့ဆုံသည်မှအစ ယနေ့ယခုအချိန်ထိ မိမိအား မမနွေး စိတ်ဆိုးအပြစ်တင်သည်ကို ယခုတစ်ကြိမ်သာ မင်းမင်း တွေ့ဆုံရဖူးပါ၏။

မင်းမင်းက မမနွေးကို ကျောင်းကြို့ပြီး အပြန်တွင် ဖြစ်ခဲ့သမျှအားလုံး ပြောပြသဖြင့် မမနွေးက မိမိကို စိတ်ဆိုးအပြစ်တင်ခြင်း ဖြစ်တော့သည်။

"ကျွန်တော် မမနွေးရဲ့စကားကို တောက်လျှောက်ကြီး နားထောင်ခဲ့ပါတယ် မမနွေး... ဒါပေမဲ့... အခုကိစ္စမှာတော့ ဘာတတ်နိုင်မှာလဲ... ကိုသီဟက ကျွန်တော့်ကို စော်ကားလွန်းပြီလေ... ကျွန်တော် မမနွေးကို ပြဖို့ယူ



ထားတဲ့ နားကြပ်ကိုလည်း ကျွန်တော့်အခန်းထဲက ခွင့်မတောင်းဘဲ ဝင်ယူတယ်... ကျွန်တော့်ကိုလည်း ငါးပြားဖိုး ဆယ်ကောင်အစားလို့ နှစ်ပြားမတန်ပြောတယ်... နောက်ဆုံး သူက မှောင်းပြန်မားနဲ့ကျွန်တော့်ကို တိုက်ခိုက်ဖို့အထိ ပြုမူလာတာကို ကျွန်တော်က ငုတ်တုတ်ကြီး ခံရမလား မမနွေး... နားကြပ်ကလည်း ကျွန်တော့်အတွက် ဘာမှ တန်ဖိုးမရှိဘူး... မမနွေးအတွက် ထူးခြားနိုင်တာမို့ မမနွေးကိုပြဖို့ ကျွန်တော် ရယူထားတာ... "

"အိုကွာ... ကိုသီဟနဲ့မင်းနဲ့ သတ်ပုတ်ပွဲအတွက် မင်းမင်းကို မမနွေး အပြစ်မတင်ပါဘူး... ကိုသီဟလိုလူနဲ့ မင်းယှဉ်ပြိုင်ပြီး မင်းမှာ အနာတရမဖြစ်တာကိုဘဲ မမနွေး ဝမ်းသာမိသေးတယ်... "

"ဒါဆို... ကျွန်တော်က မမနွေးရဲ့စကားကို ဘယ်နေရာမှာ နားမထောင်မိတာလဲ မမနွေး... "

မမနွေးက မင်းမင်းကို မျက်စောင်းလေး ထိုးပြီး ကြည့်လိုက်ပြီးမှ... ။

"နှင်းဆီနဲ့ ပတ်သက်လို့ပဲ မင်းမင်း... မင်းမင်းကို နှင်းဆီနဲ့မပတ်သက်မိအောင် နေပါလို့... မမနွေး မှာထားတယ် မဟုတ်လား... အေး... ကိုသီဟနဲ့ဖြစ်တာကတော့... ဒီအခြေအနေမှာ ဒီလိုပဲ ဖြစ်ရမယ်လို့ မမနွေး သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တယ်… နှင်းဆီနဲ့ပတ်သက်တာကိုပဲ ပြောနေတာ…”

“ကျွန်တော် မပတ်သက်အောင်နေသားဘဲ မမနွေး… အခု ဟာက နှင်းဆီကိုယ်တိုင် တန်းလျားပေါ်တက်လာပြီး… ကျွန်တော့် အခန်းတံခါးဝမှာရပ်ပြီး… သူ့ကို ဈေးချိုလိုက်ပို့ပေးဖို့ ခွတ်ပြောတာ… ကျွန်တော် အတင်းငြင်းရင် နှင်းဆီက ကျွန်တော့် အိပ်ခန်းထဲဝင်လာတဲ့အထိ ဖြစ်မယ်… ဒါကို ဦးလှိုင်ဘွားတို့ ဒေါ်နီမာတို့ သိသွားရင် ကျွန်တော့်ကို အထင်လွဲမှာ… အခုတောင် ကိုသီဟာက အထင်လွဲပြီး အကြမ်းပတမ်းဖြစ်သွားရတယ် မဟုတ်လား… ”

“တော်စမ်းပါ မင်းမင်းရယ်… နှင်းဆီရောက်လာကတည်းက မင်းမင်း ခြိထဲဆင်းနေလိုက်ပါလား… မင်းမင်းကိုယ်တိုင်ကိုက ငိုချင်လျှက်လက်တို့ဖြစ်နေသလားမှမသိတာ…”

“မမနွေး အရမ်းမပြောနဲ့ဗျာ… ကျွန်တော်ဘာသာ ခုတင်ပေါ်မှာ လှဲပြီးစာဖတ်နေတာ… နှင်းဆီရဲ့ အသံကြားလို့ကြည့်လိုက်တော့… နှင်းဆီက ကျွန်တော့် အခန်းတံခါးဝမှာ ရောက်နေပြီ… အခန်းတံခါးဝကို ပိတ်ပြီးရပ်ထားတဲ့သဘောပဲ… ကျွန်တော် ခြံထဲဆင်းဖို့ မလွယ်တော့ဘူး…”

“ဒါကတော့… မင်းမင်း ပြောတဲ့ဆင်ခြေပဲပေါ့ကွာ… တကယ်တော့ လူတင်ပါလို့ နွားကိုကျားကိုက်တာပဲဟာ… ”

မင်းမင်းသည် ဗ… ီးနေရာမှ လမ်းဘေးသို့ချပြီး



…ားကိုရပ်၊ စက်သတ်လိုက်သည်။

လူတင်ပါလို့ နွားကို ကျားကိုက်တာ ဆိုသည့်စကားသည် မိမိကိုယ်တိုင်က နှင်းဆီပေါ်တွင် မရိုးမသားဆိုသည့် အဓိပ္ပာယ်သက်ရောက်နေပါ၏။

“ဒါ… မမနွေး ကျွန်တော့်ကို စွပ်စွဲတာပဲ… နှင်းဆီဟာ ကျွန်တော်… ဒီပိတောင်ပြိုင်ရပ်ငြိမ်အိမ်ကြီးကို ရောက်လာကတည်းက ကျွန်တော့်အပေါ် ခင်မင်ချင်တဲ့သဘောတွေပြခဲ့တယ်… ခင်မင်ချင်တဲ့စကားတွေ ပြောခဲ့တယ်… ဒါပေမယ့်… ကျွန်တော် အလိမ္မာနည်းနဲ့ ရှောင်ခဲ့ပါတယ်… ဘာကြောင့် နှင်းဆီကို ကျွန်တော် ရှောင်တယ်ဆိုတာကိုကော မမနွေး သိရဲ့လား… ”

“ဘယ်သိမှာလဲ… ”

“ခက်တယ် မမနွေး… ကျွန်တော့်မှာ သိပ်ခက်နေတယ်… ကျွန်တော်နဲ့ကိုက်ညီတဲ့ စကားပုံတွေ အများကြီးပဲ…

အမဲရိုး ဟင်းအိုးအားမနာ

သားရေပေါ်အိပ် သားရေနားစား

မျက်နှာသာပေး ရွှေရေးပန်းကန်တက်

ထိုင်နေ အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုတဲ့စကားပုံတွေနဲ့ ကျွန်တော် ကိုက်ညီနေပြီ… ကျွန်တော့်ရင်ထဲမှာ ခံစားနေရတယ်… ကျွန်တော့် ဘဝဟာ… အဖေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့အမေ သေဆုံးသွားပြီးတဲ့နောက်… စေတနာတို့… မေတ္တာတို့ဆိုတာတွေ ဘာမှမရှိတော့ဘူး… တခြားသူတွေကလည်း စေတနာမေတ္တာ ကျွန်တော့်အပေါ်မှာ မထားကြဘူး… ကျွန်တော်ကလည်း ဘယ်သူ့ကိုမှ စေတနာမေတ္တာ မထားတတ်တော့ဘူး… ကျွန်တော့်အဖို့ မိဘတွေ မရှိတဲ့နောက်ပိုင်းကစပြီး စေတနာမေတ္တာတွေဆိုတာ ကန်းသွားပြီ… အဖေနဲ့အမေ မရှိတော့ အဒေါ်ယောကျ်ားဝပ်ရှော့မှာ ထမင်းစားကျွန်ခံလုပ်ခဲ့တယ်… ဒါတွေ မမနွေး သိပြီးသားတွေပါလေ… ဒါကြောင့်လည်း မမနွေးခေါ်ရာကို ကျွန်တော် လိုက်လာရတဲ့လူပါ… ဒီတော့ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ယောက်ကို ပတ်သက်ဖို့ အခြေအနေလည်း မပေးဘူး… အချိန်လည်း မရဘူး… မိုးလင်းတာနဲ့ကားပြင်… ကားအောက်ဝင်… မိုးချုပ်တာနဲ့ ညစာစားပြီး အိပ်ဘဝပါ… ဒီတော့ မိန်းမကိစ္စ ကျွန်တော် သိပ်ကင်းတယ်… သိပ်ရှင်းတယ်… နှင်းဆီနဲ့လည်း ကျွန်တော် ကင်းကင်းရှင်းရှင်းပဲ… ဒီသပွတ်အူ ပိတောက်မြိုင်ရိပ်ငြိမ်ကြီးရောက်လာပြီးတဲ့နောက်… မမနွေးမှာ အန္တရာယ်တွေ ကြားညပ်နေတာကို တွေ့လာတယ်… သိလာတယ်… အဲဒီမှာ မမနွေးကို ကာကွယ်ချင်တဲ့စိတ်တွေ ဖြစ်လာရာက… ကျွန်တော် ကန်းနေတဲ့ စေတနာနဲ့မေတ္တာ



တွေကို ပြန်မြင်လာတယ်… ပျောက်ကွယ်နေတဲ့ စေတနာမေတ္တာစိတ်တွေ ပြန်ပေါ်လာတယ်… ”

မင်းမင်းသည် ရှည်လျားစွာ စိတ်ထဲမှာရှိသည့်အတိုင်း ပြောနေခြင်းဖြစ်ကြောင်း သဘောပေါက်သည်နှင့်အမျှ မင်းမင်း၏စကားတို့သည် နွေးနွေးမွန်၏ ရင်ဝယ် တလှိုက်လှိုက် ခံစားရပေသည်။ ယခင်က တစ်ကြိမ်တစ်ခါမျှ မခံစားဘူးသော ခံစားမှုမျိုး ခံရခြင်းပါပေ။

“အင်းပါ… ဒီအိမ်ကြီးရောက်ပြီးမှ မမနွေးအပေါ် မင်းမင်း စေတနာတွေ သက်ရောက်လာပြီး… အန္တရာယ်မှန်သမျှ ရှေ့က အသေခံပြီး ကာကွယ်ပေးမယ်ဆိုတာ မမနွေး ယုံကြည်ပြီးသားပဲ… အခုပြောနေတာက… အဲဒါနဲ့ဘာဆိုင်လဲ… အခု နှင်းဆီရဲ့အကြောင်းပြောနေတာပဲဟာ… ”

“မမနွေးက မနက် ရှစ်နာရီကိုးနာရီကျောင်းတက်ပြီး… ညနေသုံးလေးနာရီမှ ဒီအိမ်ကြီးကို ပြန်တာပါ… ကျွန်တော်က တစ်နေ့လုံး ဒီအိမ်ကြီးမှာ နေရတာပါ… ဒါကြောင့် ရှည်လည်း လျှောက်သာ ပျားလည်းစွဲသာဖြစ်အောင်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ နှင်းဆီတို့ အလိုက်အထိုက်သဘော ကျွန်တော် ကားမောင်းပြီးလိုက်ပို့ရတာပါ မမနွေး… ဒါကိုပဲ မမနွေးက စွပ်စွဲတယ်… ”

“မမနွေး စွပ်စွဲတာကိုကော… မင်းမင်းက မမှန်တကာယ်

www.burmeseclassic.com

www.burmeseclassic.com



ငြင်းနိုင်လို့လား… အခု ရှဉ့်လျှောက်သာ ပျားစွဲသာအောင် ဈေးချိုလိုက်ပို့ပေးရတယ်… နောက်ဆို… ဒီရှဉ့်နဲ့ ဒီပျားကိုပဲ အကြောင်းပြုပြီး… ရုပ်ရှင်လိုက်ပြမယ်… ပြင်ဦးလွင်ဘက် အလည်သွားမယ်… ရွှေဘို–မုံရွာ–စစ်ကိုင်းအပျော်ခရီးသွားမယ်ပေါ့… ”

“တော်ပြီ… ”

မင်းမင်းက ပြောပြောဆိုဆို ကားတံခါးဖွင့်ကာ ခြေတစ်ဘက် ကားအောက်ဆင်းလိုက်သည်။

“မမနွေး… အဲဒီလိုထင်နေမှတော့… ဒီသပွတ်အူပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးမှာ ကျွန်တော် ဆက်မနေသင့်တော့ဘူး… ကျွန်တော် ဒီကပဲ လစ်တော့မယ်… မမနွေးပဲ ကားဆက်မောင်းသွားပေတော့… ”

ခြေနှစ်ဘက်စလုံး ဆင်းမည်အပြုမှာပင် မမနွေးထံမှ တည်ငြိမ်အေးဆေးစွာ ပြောလိုက်သောစကားသံ ထွက်လာသည်။

“မင်းမင်းရဲ့နှလုံးသားစိတ်က… မမနွေးတစ်ယောက်တည်း ဒီရိပ်ငြိမ်အိမ်ကြီးမှာ ဖြစ်ချင်တာဖြစ်ကျန်ခဲ့ပေတော့ဆိုတဲ့ စိတ်မျိုး မွေးနိုင်တယ်ဆိုရင်တော့ ဆင်းသွားပေါ့ မင်းမင်း… မမနွေးမှာ အန္တရာယ်တွေရှိနေမှန်း မင်းမင်း သိနေသားပဲ… မမနွေး တစ်ယောက်တည်း ကျန်ခဲ့လည်း မမနွေး



ကတော့… တစ်ယောက်တည်းလာတဲ့ဘေး ပြေးတွေ့ရုံပေါ့… မနိုင်တော့လည်း ရှုံးပလေ့စေပေါ့ကွာ… ”

ချော့သော စကားမဟုတ်။ ချော့ပြောသော အသံမပါ။ သွေးဆောင်ပြောခြင်းလည်း မဟုတ်။ အမှန်တကယ်ဖြစ်ရပ်ကို ပြောခြင်းသာ။

ချော့ပြောသည်ထက် ပိုမိုထိရောက်ပါ၏။

သွေးဆောင်စကားထက် ပိုမိုထက်မြက်ပါ၏။ စေတနာမေတ္တာထားမိပြီသော မင်းမင်း၏နှလုံးသားကို လှိုင်းတံပိုးထစေပါ၏။

မင်းမင်းသည် တုန်ရီသောအသံဖြင့် မမနွေးကို ပြန်ပြောပါလေတော့သည်။

“ခက်လိုက်တာ မမနွေးရယ်… ခက်တာမှ ကျွန်တော့်အဖို့ သေးသေးခက်တာ မဟုတ်ဘူး… အကြီးကြီးကို ခက်တာ… မမနွေးက ကျွန်တော့်ကို နှင်းဆီနဲ့စွပ်စွဲတယ်… အဲဒါ မဟုတ်ဘူးဆိုတဲ့ ခိုင်မာတဲ့သက်သေပြချက်ဟာ ဒီအိမ်ကြီးက ကျွန်တော်ထွက်သွားခြင်းက အခိုင်မာဆုံး မဟုတ်လား… အဲဒီလို ထွက်သွားပြန်လည်း မမနွေး တစ်ယောက်တည်း ဒီသပွတ်အူရိပ်ငြိမ်ကြီးမှာ ထားမပစ်ရက်ခဲ့ဘူး… ကျွန်တော် ဘာလုပ်ရမလဲ မမနွေး… ကျွန်တော် ဘာလုပ်ရမှာလဲ… ”

www.burmeseclassic.com



"ဘာမှမလုပ်နဲ့... ချထားတဲ့ ခြေနှစ်ဘက် ကားပေါ်ပြန်တင်... တံခါးပြန်ပိတ်ပြီး အိမ်ကိုပဲ ဆက်မောင်း... အဲဒါပဲ မင်းမင်း... "

မမနွေး၏စကားကို မင်းမင်း မလွန်ဆန်နိုင်ပါ။

ခြေနှစ်ဘက် ပြန်တင်၊ တံခါးပြန်ပိတ်ပြီး ဆက်မောင်းခဲ့ရတော့သည်။

"နှင်းဆီဟာ... မမနွေးရဲ့ညီအစ်မတစ်ဝမ်းကွဲဆိုပေမယ့်... မမနွေးမှာလည်း အရင်းအချာမရှိဘူး... နှင်းဆီမှာလည်း အရင်းအချာ မရှိဘူး... ဒီတော့... မမနွေးနဲ့ နှင်းဆီဟာ ညီမအရင်းထက်အောင် တစ်ယောက်ကို တစ်ယောက် ပိုပြီး ချစ်ကြသေးတယ်... ဒါပေမဲ့... နှင်းဆီနဲ့ပတ်သက်ပြီး မင်းမင်း မသိသေးတာတွေ အများကြီးရှိသေးတယ်... အဲဒါတွေကိုတော့ မမနွေး ပြောမပြချင်ဘူး... နောက်တစ်ချက်က... နှင်းဆီကို မင်းမင်း သွားပြီးပတ်သက်တာနဲ့ ချက်ချင်း ကိုသီဟနဲ့ရင်ဆိုင်လိုက်ရတယ် မဟုတ်လား... ဒါကြောင့် မင်းမင်းကို နှင်းဆီနဲ့ပတ်သက်လာရင် သတိထားဖို့ မမနွေး ပြောခဲ့တာ... တကယ်တမ်း... နှင်းဆီကလည်း မင်းမင်းကို ခင်တွယ်နေပြီ... မင်းမင်းကလည်း နှင်းဆီကို ခင်တွယ်နေပြီဆိုရင် ဦးလေးဘွားနဲ့ ဒေါ်ဒေါ်...



တို့ မမနွေးကိုယ်တိုင် အကျိုးသင့် အကြောင်းသင့် ပြောပြပြီး... "

"တော်စမ်းပါ မမနွေးရာ... မိုးကြိုးပစ်လို့ ထန်းလက်ကာတာမျိုး မပြောပါနဲ့... ထမင်းရည်ပူလို့ လျှာမလွှဲပါနဲ့... ကဲ... မမနွေးက ဒီလောက် ဘော်လီဘောပုတ်မှတော့ ကျွန်တော့် ရင်ထဲအမှန်တကယ်ရှိနေဖြစ်နေတဲ့အတိုင်း ကျွန်တော် ပြောမယ်...

"ကျွန်တော့်ရင်ထဲက ချစ်နေတာက... မမနွေးပဲ... "

"အိုကွာ... မဟုတ်တာ... "

"အမှန်ပါပဲ မမနွေး... မဟုတ်တာကြကြီးစိုးရာလို့ လူတိုင်းကကို ပြောရလောက်အောင် ကျွန်တော်က ကိုယ်နဲ့မတန်မရာစကား မမနွေးကို ဖွင့်ပြောလိုက်တာပါ... မမနွေးနဲ့ ကျွန်တော့်ရဲ့ဘဝချင်း ကွာခြားချက်က မိုးနဲ့မြေကြီးပါ... ဒီလိုဖွင့်ပြောလိုက်ရင် နဂိုရှိရင်းစွဲ ခင်မင်မှုလေးတောင် ပျက်ပြယ်သွားပြီး... ကျွန်တော့်ကို ခါးခါးသီး မခေါ်မပြောနေမှာကြောက်လို့ ကျွန်တော် ဖွင့်မပြောရဲဘဲ မျိုသိပ်ထားတာပါ... အခုတော့... နှင်းဆီနဲ့ကျွန်တော့်ကို သံသယရှင်းစေသွားအောင်... ကျွန်တော် တကယ်ချစ်တာ မမနွေးလို့ ဖွင့်ပြောတဲ့အခြေအနေရောက်သွားတာပါ မမနွေး...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်... ကျွန်တော့်ဘဝက မိဘမဲ့... ကားပြင်သမား... တက္ကသိုလ်ကိုတောင် မတက်နိုင်တဲ့ ဥတစ်လုံးတစ်ကောင် ကြွက်ဆိုတော့ ကျွန်တော် မမနွေးကို ချစ်တယ်လို့ဖွင့်ပြော လိုက်တာနဲ့ ကာယကံရှင် မမနွေးသာ မကဘူး... ဘေးက ကြားတဲ့လူရှိရင်တောင်... ဒီကောင် ဘာကြောင်တာလဲ... မဟုတ်ကဟုတ်ကကြံကြီးစီရာတွေပြောတဲ့ကောင်လို့ ပြောကြမှာပါ... "

"အိုကွယ်... အဲဒါတွေနဲ့မဆိုင်ပါဘူး... "

"သိုပ်ဆိုင်တာပေါ့... ကျွန်တော့်မှာ မမနွေးနဲ့တန်ကြေးညီ တဲ့ ဂုဏ်၊ ငွေ၊ အဆင့်အတန်း... ဘာတစ်ခုမှ မပေးနိုင် ဘူး... ကျွန်တော် ပေးနိုင်တာက... ကျွန်တော့်အသည်း နှလုံးပဲ... အင်း... ပြောရရင်တော့ ကြက်အသည်း၊ ဆိတ် အသည်း၊ ဝက်သည်း၊ ဆိတ်သည်း၊ နွားသည်းနဲ့ နှလုံး သားတွေကမှ ဈေးမှာချရောင်းရင် ဝယ်မဲ့သူရှိသေး တယ်... ကျွန်တော့်အသည်းနှလုံးကျတော့... တန်ဖိုး ပေးဝယ်ဖို့ နေနေသာသာ... ကွင်းပြင်မှာ ချထားတောင် ထိုးမဲ့ကျီးကန်းမရှိဘူး... လင်းတမရှိဘူး... ကျွန်တော် သိပ်နုံချာတယ်လေ မမနွေး... ကိုယ့်ဟာကိုယ် မမနွေး မျက်ကွယ်မှာဆိုရင် နုံချာမှန်းသိချင်မှ သိမယ်... အခု မမနွေးနဲ့ကျတော့... ကျွန်တော့်ဘဝဟာ သေချာကြည့်



လေ... နုံချာလေပဲ... "

"ကဲ... မင်းမင်း... မင်းရင်ထဲရှိတာတွေ ပြောချင်သလောက် သာပြောပေတော့... ပြောသမျှ မမနွေး နားထောင်မယ်... ဒါပေမယ့်... မင်းမင်း ဘယ်လောက်ပဲပြောပြော... နောက် ဆုံး မမနွေးဆီက တစ်ခုတည်းသော အဖြေသာထွက် မယ်... အဲဒီတစ်ခုတည်းသော အဖြေဟာ... မင်းမင်းကို မမနွေး ကိုယ့်မောင်လေးလိုပဲ ခင်မယ် ချစ်မယ်... ဒီထက် မပိုဘူး... ဒါကြောင့်လည်း... အန်ကယ်ဝတ်လုံတော်ရ ဦးထိန်လင်းနဲ့သွားတွေ့ပြီး မင်းမင်း တက္ကသိုလ်မှာ ဆက် တက်ပြီး ပညာသင်ကြားရေးတွေရော... မင်းမင်းရဲ့ အနာ ဂတ်နောင်ရေးတွေအတွက်ရော... သွားတိုင်ပင်ဖို့ မမနွေး စီစဉ်ထားတယ်... ဒါဆိုရင် မင်းမင်းအပေါ်မှာ မမနွေး ထားရှိတဲ့ စေတနာမေတ္တာကို သဘောပေါက်ပါ... "

"မလိုဘူး မမနွေး... လုံးဝကြီးကို မလိုဘူး... သွေးမစပ် သားမစပ်... သူစိမ်းသက်သက် အရွယ်ရောက်ပြီး ဗိုနဲ့မ ဟာ မောင်လိုနှမလို သဘောထားတယ်ဆိုတာ လုံးဝကြီး ကို မဖြစ်နိုင်ဘူး... အဲဒါဟာ... ကိုယ့်ကိုယ်ကို လှည့်စား တာ... ကိုယ့်ကိုယ်ကို လိမ်ညာတာ... ကျွန်တော့် အနာ ဂတ်အရေးအတွက် မမနွေး ဘာဆိုဘာမှ မစီစဉ်ပါနဲ့... မမနွေးရဲ့ ကိစ္စအဝဝတွေ အေးအေးဆေးဆေးနဲ့ပြီးသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွား… ပူပူဆူဆူနဲ့ပြီးသွားပြီးသွား ကျွန်တော်က မမနွေး ကိစ္စတွေ အားလုံးပြီးစီးတဲ့အထိတော့ အသက် ပေးဆောင်ရွက်မယ်… အဲ… ပြီးသွားတဲ့အချိန်ထိ ကျွန်တော် အသက်ရှင်နေသေးရင် ဟောဒီသပွတ်အူပိတောက် မြိုင်ရိပ်ငြိမ်အိမ်ကြီးမှာ ကျွန်တော် တစ်စက္ကန့်တောင် ဆက်မနေဘူး… ကျွန်တော့် အနာဂတ်လမ်းကို ကျွန်တော့်ဘာသာပဲ လျှောက်မယ် မမနွေး… လမ်းပေါ်က လာတဲ့လူ… လမ်းပေါ်ပြန်ရောက်တာ ဆန်းတာမှမဟုတ်တာ— ကားပြင်သမား ကားအောက်ပြန်ဝင်မယ်… ဒါဟာ သဘာဝကျပြီး အင်မတန်မှန်ကန်တဲ့လုပ်ရပ်ပဲ… အခု မမနွေးကို ကျွန်တော် ချစ်တယ်လို့ပြောလိုက်တာဟာလည်း— မပိတ်နိုင်တော့လို့ ပွင့်ထွက်သွားရတဲ့ သဘောလောက်ပါ… မမနွေးက ကျွန်တော့်ကိုပြန်ချစ်ပါလို့ လုံးဝမတောင်းခံပါဘူးနော်… မမနွေးဆီက ကျွန်တော် ဘာဆိုဘာမှလည်း မတောင်းခံသေးပါဘူး… မတောင်းလည်း မတောင်းရက်ပါဘူး မမနွေးရာ… မမနွေးက ခြသေ့ံဆီပါ… သိဂီရွေခွက်နဲ့သာ ထည့်သိမ်းဖို့ ထိုက်တန်မှာပေါ့… ဆရာကိုလတ်လို သိဂီရွေခွက်မျိုးလေ မမနွေး… "

"ဘာကွဲ့… မင်းပါးစပ်ပိတ်ထား မင်းမင်း… နောက်ထပ်ဒီစကားမျိုး မမနွေး ထပ်ပြီး ဘယ်တော့မှမကြားချင်ဘူး—



ဘယ်တော့မှ ထပ်မပြောနဲ့… "

နောက်ထပ် မင်းမင်းက ဆက်ပြီး ပြောချင်ပါသေး၏။

သို့သော်… မင်းမင်း မမနွေးကို နောက်ထပ်ဆက်ပြီး မပြောဖြစ်စေသောအကြောင်း ကိစ္စတစ်ခုက ကားရှေ့တွင် ဘွားခနဲပေါ်ပေါက်လာပေတော့သည်။

မိမိတို့ ကားရှေ့လမ်းလယ်တွင် ရပ်ပြီး လူတစ်ယောက်က ကားကိုလက်တားနေသည်ကို တွေ့မြင်လိုက်ရခြင်းဖြစ်တော့သည်။

ထိုလက်တားသူကို မင်းမင်း သေသေချာချာ မှတ်မိပါ၏။

ခါးပိုက်နှိုက် အစ်ကိုဘတိုးကြီးပါပေ။

www.burmeseclassic.com



# ၁၀

"ဟော… အစ်ကိုဘတိုးကြီးပါလား… "

"မင်းမင်းရဲ့အသိလား… "

"သိတယ်မမနွေး… ရန်ကုန်တုန်းက သိခဲ့တဲ့အစ်ကိုဘတိုးလေ… "

"ဒါဆိုလည်း… ကားရပ်ပေးလိုက်ပေါ့… သူကားကြုံလိုက်ချင်လို့လား… ဒါမှမဟုတ်… မင်းမင်းကို တွေ့ချင်လို့လားမှ မသိဘူး… "

မင်းမင်းက ကားကို စက်မပိတ်ဘဲ ဘရိတ်နင်းဖရီးဂီယာနှင့် ရပ်ပေးလိုက်သည်။

"အစ်ကိုဘတိုးကြီး… ဘယ်တုန်းက မန္တလေးကို ရောက်နေတာလဲ… ကျွန်တော်က… "

မင်းမင်း စကားမဆုံးခင်မှာပင် ကိုဘတိုးသည်



ကားနောက်တံခါးကို ဖွင့်ကာဝင်ရောက်ပြီး နောက်ကုရှင်တွင် ထိုင်လိုက်သည်။

မမနွေးက ဘယ်တော့မဆို မင်းမင်း မောင်းသောရှေ့ကုရှင်မှာပင် ထိုင်လေ့ရှိသည်။

ကိုဘတိုးကြီးသည် ကားပေါ်ရောက်ပြီးထိုင်မိသည်နှင့် သူ၏ခါးကြီးကို ကိုင်းကာ လက်ဝဲရှည်ကြီးဖြင့် ကားသော့ကို စက်ပိတ်၍ ယူလိုက်သည်။

"အဲဒါ… အဲဒါ ဘာလုပ်တာလဲ အစ်ကိုဘတိုး… "

ကိုဘတိုးကြီး သူ့မခုံးချိုင်းအောက်လက်နှိုက်ပြီး ပြန်အထုတ်တွင် စုံထောက်ကိုင်ပြောင်းတို ခြောက်လုံးပြူးထုတ်ယူပြီး မင်းမင်း မြင်သာအောင် ပြလိုက်ပြီး ပြောသည်။

"ငါ့ညီမင်းမင်းက… မခံချင်စိတ်ဖြစ်လာရင် ကြမ်းတတ်လို့ အစ်ကိုက သေနတ်ထုတ်ပြထားတာပါ… ငါ့ညီ နားလည်ထားဖို့က အစ်ကိုတို့ဟာ… ငါ့ညီနဲ့မနွေးနွေးမွန်ဘက်က ရပ်တည်ပေးမယ့်လူတွေဆိုတာကိုပဲ… မင်းမင်း ထကြမ်းရင် ဒီသေနတ်နဲ့ မပစ်တော့ မင်းမင်းခေါင်းကိုတော့… နောက်ကနေပြီး သေနတ်အပြားလိုက်နဲ့ရိုက်ပစ်ရမှာပဲ… ငါ့ညီ… လိမ္မာစမ်းပါကွာ… အစ်ကိုက ငါ့ညီကို အကျိုးမဲ့ပြီး ထိခိုက်နစ်နာအောင် ဘယ်တော့မှ မလုပ်ဘူး… "

မင်းမင်း ငြိမ်နေပါ၏။ အစ်ကိုဘတိုးကြီးက နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျောဘက်မှ သေနတ်ကိုင်ထားသည်ဖြစ်နေပေပြီ။ ထကြွမ်းလျှင် ကိုယ်ပဲ ခံရမည်သာတည်း။ နောက်တစ်ချက်မှာ အစ်ကိုဘတိုးသည် မိမိအပေါ် စေတနာထားသူမှန်း ရှေ့တိုက်ဂုံစောင်းတန်းတွင် ညအတူအိပ်ခဲ့ကတည်းက မင်းမင်း စိတ်ထဲက ခံယူထားသည်။

အခြေအနေနှင့်ဖြစ်ရပ်ကိုသာ မင်းမင်း စောင့်ကြည့် အကဲခတ်ရပေတော့သည်။

အစ်ကိုဘတိုးသည် ကားတံခါးမှ လက်ထုတ်ပြီး လက်ကိုင်ပဝါကို ဝှေ့ပြလိုက်သည်နှင့် လမ်းဘေးသစ်ပင်အကွယ်မှ လူနှစ်ယောက်ထွက်လာသည်ကို တွေ့ရပြန်သည်။

ထိုလူနှစ်ယောက်ကို မင်းမင်းရော၊ နွေးနွေးမွန်ပါ သိထားသူ နှစ်ဦးဖြစ်နေပါ၏။

ကိုကြီးမြင့်နှင့် ကိုဝေလင်းတို့ပါပေ။

"အဲ... ကိုကြီးမြင့်နဲ့ ကိုဝေလင်းပါလား မင်းမင်း... "

"ဟုတ်တယ် မမနွေး... ကျွန်တော် ဒီပြင်စကားတွေ အများကြီးပြောနေတာနဲ့ မမနွေးကို မပြောဖြစ်လိုက်ဘူး... နေ့ခင်းက မနှင်းဆီကို လိုက်ပို့ရင်း မျက်ပါးရပ်မီးပွိုင့်အချိုမှာ တွေ့လိုက်တယ်... "

"ဘုရား... ဘုရား... အန္တရာယ်တွေပါလား... "

မမနွေးက ဘုရားတ,ရင်း အားကိုးအားထားပြုသော မင်းမင်း၏လက်မောင်းကို သူမလက်ဖြင့် ဆုတ်ကိုင်လိုက်



ပေသည်။

ကိုဘတိုးကြီးက မင်းမင်းနှင့် နွေးနွေးမွန်ကြားကူရှင်ပေါ်တွင် တင်ထားသော နားကြပ်ဟောင်းကြီးကို ကုန်းယူကာ... ကိုကြီးမြင့်နှင့် ကိုဝေလင်းအား ထောင်ပြနေပေသည်။

ကိုကြီးမြင့်နှင့် ကိုဝေလင်း ကားအနီးသို့ရောက်လာသည်။

"ရော့... ကိုဝေလင်း... ဒီနားကြပ်လား... "

ကိုဝေလင်းက နားကြပ်ကို သေချာအသေးစိတ် အမြီးပြန် ခေါင်းပြန် ကြည့်ရှုသည်။

"အစစ်ပေါ့... ကိုဘတိုး... အစစ်မှတကယ့် မွေစစ်ပ... ဒီနားကြပ်က ညီလေးဒေါက်တာဝေမင်း နောက်ဆုံးကိုင်ခဲ့တဲ့ နားကြပ်ပဲ... ကျွန်တော် ကိုယ်တိုင်ဝယ်ပေးပြီး... နားကြပ်မှာ DR. W.M ဆိုတဲ့ စာလုံးထွင်းပြီး ပေးပို့ထားတာ... "

"ကဲ... ဒါဆိုလည်း ကားပေါ်တက်ကြလေဗျာ... ကျုပ်ညီ မင်းမင်းကိုတော့ သတိထားနော်... သူက ကြမ်းပြီဆိုရင် ကျားပေါက်လေးတစ်ကောင်လို ကြမ်းတယ်... ရန်ကုန်မှာ တောင် ခင်ဗျားတို့နှစ်ယောက်ခံခဲ့ရပြီးပြီမဟုတ်လား... "

ကိုကြီးမြင့်က မင်းမင်းမောင်းနေသော ရှေ့တံခါး ပေါက်ကိုဖွင့်ကာ မောင်းသူနေရာတွင် အတင်းတိုးဝင်ထိုင်သော

www.burmeseclassic.com



ကြောင့် မင်းမင်းက မမနွေးဘက်သို့ ရွှေပေးတိုးပေးလိုက်ရသည်။

"ကဲ... မင်းမင်းက အလယ်ကပဲ ထိုင်... ဒီကားကို အစ်ကိုမောင်းမယ်... "ဟုလည်း ကိုကြီးမြင့် နှုတ်မှ ပြောနေကျ ပုံမှန်အတိုင်း ပြောလိုက်သေးသည်။

အကယ်၍သာ...

မမနွေးပါ မလာပါက ကိုကြီးမြင့် ကားတံခါးဖွင့် အဝင်မှာ မင်းမင်းအတွက် အကွက်ကောင်းဖြစ်နိုင်ပါ၏။ ကိုကြီးမြင့်ကို အပိုင်တီးနိုင်လျှင် ကိုကြီးမြင့်ကိုပင် တန်စာခံထားပြီး ကိုဇေလင်းနှင့် ကိုဘတိုးကို ပြန်ခုခံနိုင်မည် ဖြစ်ပါ၏။

ယခုမူ... မမနွေး ပါလာနေသည်။ မိမိက အရှမ်းကားရော ကြမ်းလိုက်လျှင် မမနွေးတစ်ခုခုအထိနာသွားမည်ကို မင်းမင်း စိုးရိမ်သောကြောင့် ငြိမ်နေလိုက်သော်လည်း မင်းမင်း ပါးစပ်က အငြိမ်မနေဘဲ ပြောလိုက်သည်။

"အင်း... အစ်ကိုဘတိုးက ကမ္ဘာမှာအတော်ဆုံး မျက်လှည့်ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတာလားဗျာ... ရွှေတိဂုံဘုရား စောင်းတန်းမှာတွေ့ကြတုန်းက ခါးပိုက်နှိုက်ကြီးဆိုပြီး— အခု မန္တလေးမှာတွေ့ရတော့ သေနတ်ကိုင် လူဆိုးကြီးပါ လား... "

"အစ်ကိုက ခါးပိုက်နှိုက်အစစ်မဟုတ်ပါဘူး ငါ့ညီ... ရန်ကုန်မှာတုန်းက ခါးပိုက်နှိုက်ယောင်ဆောင်ခဲ့တာပါ... နောက်



ပြီး... သေနတ်ကိုင်လူဆိုးကြီးလည်း မဟုတ်ပါဘူး ငါ့ညီ..."

"ဒါဆို... အစ်ကိုဘတိုးက ဘာလဲ... "

"တဖြည်းဖြည်း... သိလာရမှာပေါ့ ငါ့ညီရာ... အေး... ဒါထက်... ငါက သတိမေ့တတ်လို့ သတိရတုန်းလေး... မင်းမင်းကို ပြောထားရဦးမယ်... မင်းမင်း မှာခဲ့တဲ့အတိုင်း စမ်းချောင်းဆီဆုံလမ်းက ဦးအောင်ရဲ့ဝပ်ရှော့မှာ အစ်ကို သွားစုံစမ်းပါတယ်... "

"ဟုတ်လား... အဲဒါက ဘယ်လိုလဲဟင်... "

"ဘယ်လိုမှမလဲဘူး... ငါ့ညီ မင်းမင်းအတွက် အခြေအနေ အားလုံးကောင်းတယ်... မင်းဦးလေးအောင်ကို မင်းဆော် ထည့်ခဲ့တာ ခေါင်းတော့ ကွဲသွားတယ်... ဒါပေမဲ့ မများ ပါဘူး... မင်းဦးလေးအောင် ကိုယ်တိုင်က အဲဒီအချိန်မှာ အရက်တွေမူးနေတော့ အရိုက်ခံရတဲ့အရှိန်နဲ့ သတိမေ့ သွားတာပါ... သူက ရုံးတွေဂါတ်တွေတိုင်ရင် ရှုတ်တယ်... အလုပ်ပျက်တယ်ဆိုပြီး... အမှုမဖွင့်ဘူး... ဒီတော့ ငါ့ညီမှာ ဘာမှုဘာအပြစ်မှ မရှိဘူး... ဘယ်ရဲကမှ ငါ့ညီကို မဖမ်း တော့ဘူး... စိတ်ချ... အဲဒါ ငါသတိရတုန်း ငါ့ညီကို ပြော ပြထားတာ... "

ဒီကိစ္စကို မင်းမင်း သိပ်အသိချင်ဆုံးဖြစ်ပါ၏။ ယခု သိရတော့လည်း ဦးလေးအောင်လည်း ဘာမှမဖြစ်၊ မိမိလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်မို့ အရမ်းဝမ်းသာမိပါလေ၏။ ခုဘယ်နေရာမှာမဆို ထင်ထင်ပေါ်ပေါ် နေရဲပေပြီ။

ကိုဝေလင်းက နောက်ကူရှင်တွင် အစ်ကိုဘတိုးနှင့် အတူထိုင်ပြီး ကိုကြီးမြင့်က ကားကို မောင်းထွက်လာပါ၏။

ကိုကြီးမြင့်သည် ကားမောင်းကြမ်းသူဖြစ်ပါ၏။ ကားကွေ့ရာတွင် အရှိန်မလျှော့သောကြောင့် ရှေ့ခန်းတွင် သုံးယောက်ထိုင် ပူးကပ်နေရာ မမနွေးနှင့် မင်းမင်းမှာ မလွှဲမရှောင်သာ ပေါင်နှင့်ပေါင်းချင်း လက်မောင်းနှင့်လက်မောင်းချင်း ဖိခါ အိခနဲ ထိတွေ့ရပါ၏။

မင်းမင်းမှာ ပြဿနာကြားကပင် ဖောရွှာ အာရုံတစ်မျိုးခံစားရပြီး ဖိန်းခနဲ ရှိန်းခနဲ ဖြစ်ရသည်။ မမနွေး ခန္ဓာကိုယ်သည် ဘယ်နေရာကိုထိထိ တင်းတင်းလေးနှင့် အိနေ လေ၏။ အစိမ်းသက်သက် လူပျိုသိုးမင်းမင်းမှာ မ,ဆိုလျှင် ယင် တောင် မသမ်းခဲ့ဖူးသူမို့ ရင်တွေ လှိုက်ဖိုရတော့သည်။ သို့ ဤသို့ ရှိန်းဖိန်းလှိုက်ဖိုရသော အရသာကို မင်းမင်း နှစ်သက် ခံစားမိပါ၏။

မမနွေးလည်း မင်းမင်း ကဲ့သို့ပင် ရှိန်းဖိန်းလှိုက် ဖိုခံစားရသည်ပင်။ အမျိုးသမီး၏ သဘာဝမှာ ကိုယ့်ရင်ထဲမှ နှစ် သက်သော ယောကျ်ားသား၏အထိအတွေ့ကို စက်ဆုပ်ရွံ သော်လည်း ကိုယ်နှစ်သက်သူ၏ အထိအတွေ့တွင်မူ သာယာ



စမြဲ မဟုတ်ပါလား။

သို့သော် မင်းမင်းစိတ်ထဲတွင် မမနွေးကို အားနာ စိတ်ဖြစ်မိသည်။ ပြီး... မမနွေးဘက်သို့ မိမိခန္ဓာကိုယ်အိကျခြင်း ဖြင့် မမနွေး ကားတံခါးဘောင်နှင့် ညပ်ကာ နာကျင်သွားမည်ကို စိုးရိမ်သည်။

"ခင်ဗျားကားမောင်းတာ မကြမ်းလွန်းဘူးလားဗျာ... နောက်ကူရှင်မှာ နှစ်ယောက်တည်း ထိုင်နေသူအဖို့ အရေး မကြီးဘူး... ရှေ့မှာ သုံးယောက်ဆိုတော့... ကြပ်ညပ်သွား တယ်ဗျ... "

"ကားမောင်းတာပဲ ငါ့ညီရာ... လှည်းမောင်းတာမှ မဟုတ် တာ... မင်း ကြပ်ညပ်တယ်ထင်ရင် နောက်ကူရှင်ကို ကျော် သွားပြီး ထိုင်လေကွာ... "

"ဘာလို့ သွားရမှာလဲ... "

ဒါကျတော့ မင်းမင်းက ချက်ချင်း ကိုကြီးမြင့်ကို ခွန်းတုံ့ပြန်လိုက်ပါ၏။

မင်းမင်း၏ ခွန်းတုံ့ပြန်သံကို နားထောင်ပြီး ကိုကြီး မြင့်၊ ကိုဝေလင်းနှင့် ကိုဘတိုး သုံးယောက်သည် ဘာကိုဘယ်လို သဘောပေါက်သွားသည်မသိ ပြိုင်တူရယ်လိုက်ကြသည်။

နွေးနွေးမွန်သည် သိပ်မကြာက်တော့။ ယခု သူတို့သုံးယောက် မင်းမင်းကို ဆက်ဆံပြောဆိုနေပုံမှာ မိမိတို့အား

www.burmeseclassic.com

www.burmeseclassic.com



ရန်ပြုရန်မဟုတ်ဟု ယူဆနိုင်သည်။

မင်းမင်းအား ကိုဘတိုးဆိုသူက ခင်မင်သည်ဆို ခြင်းမှာလည်း ယုံကြည်လောက်ဖွယ်ရှိနေပါ၏။

ကိုကြီးမြင့်နှင့်ကိုဝေလင်း အပေါ်၌လည်း ကိုဘတိုးကြီးက ညြှဖာသက်ရောက်ပုံရထားသဖြင့် မင်းမင်းကို ခင်မင်သော ကိုဘတိုးက ကိုကြီးမြင့်နှင့် ကိုဝေလင်းတို့က မင်းမင်းအား ရန်ပြုခံလိမ့်မည် မဟုတ်ဟု တွေးဆရယူနိုင်သည်။

ကိုဘတိုး သေနတ်ထောင်ကိုင်ပြထားခြင်းမှာလည်း မင်းမင်း တရှူးထိုးလုပ်မည်ကို သေနတ်ပြပြီး ဟန့်တားထားသည် သဘောသာဖြစ်မည်။

"အစ်ကိုဘတိုး... "

"ပြော... မင်းမင်း... "

"ကျွန်တော် မမနွေးကားနဲ့ ရန်ကုန်က လိုက်လာတဲ့မနက် အစောကြီးက အစ်ကိုဘတိုးကို ရွှေတိဂုံစောင်းတန်းထဲမှာ ရပ်နေတာ တွေ့ခဲ့တယ်... ညနေပိုင်း မိုးချုပ်ကာနီး ကျွန် တော် မန္တလေးဈေးကြီးကို မမနွေး လိုက်ပို့ရင်း... အစ်ကို ဘတိုး ကွမ်းယာဆိုင်ရှေ့မှာ ရပ်နေတာ တွေ့တယ်... "

"အေးလေ... အဲဒါ ဘာဖြစ်လဲ မင်းမင်း... "

"ဟောဒီ... မမနွေးရဲ့ကားက ကားသစ်ကြီးမောင်း သလောက်ပြေးတယ်... ရန်ကုန်က ဝေလီဝေလင်းထွက်



လာတာ ညနေစောင်းကျမှ ရောက်တယ်... အစ်ကိုဘတိုး ကလည်း မနက်ပိုင်းရန်ကုန်မှာကျန်ခဲ့ပြီး... ညနေပိုင်း မန္တလေးကို ရောက်နေတယ်... "

"အေးလေကွာ... အဲဒါလည်း မှန်သားပဲ... "

"ဒါဆို... အစ်ကိုဘတိုးက အခုရန်ကုန်ဝပ်ရှော့က ဦးလေး အောင်ရဲ့အကြောင်းပြောတာ ညာပြောတာပဲဖြစ်ရမယ်... ဦးလေးအောင်ရဲ့အခြေအနေကို စမ်းချောင်းဝပ်ရှော့သွား စုံစမ်းပြီးမှ အစ်ကိုဘတိုး ရန်ကုန်ကလာတယ်ဆိုတာ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး... "

"ဟဲ... ဟဲ... ဟဲ... "

အစ်ကိုဘတိုးက ရယ်သံကို ပဏာမပျိုးလိုက်ပြီး

မှ... ။

"မင်းမင်းက ဘာမဆို အတွက်အချက်လေးနဲ့ကိုးကွ... ရန်ကုန်က မန္တလေးကို မော်တော်ကား၊ မီးရထားနဲ့သာ ဆိုရင်တော့... မင်းမင်း ပြောသလို နေ့ချင်း၊ ညနေပိုင်း ဘယ်ရောက်မလဲ... တကယ်လို့ အစ်ကိုက နေ့ခင်းထွက် တဲ့ လေယာဉ်နဲ့ ရန်ကုန်က လိုက်လာတာဆိုရင် မန္တလေး ကို ချက်ချင်းရောက်တာပေါ့ကွာ... ရန်ကုန်နဲ့မန္တလေးဆို လေယာဉ်က အများဆုံးနှစ်နာရီပဲ မောင်းတာပဲဟာ... ဒီတော့... တစ်မနက်လုံး အစ်ကို စမ်းချောင်းဝပ်ရှော့ကို

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး စုံစမ်းဖို့ အချိန်လုံလုံလောက်လောက် ရတာပေါ့ ငါ့ညီ... ”

“လေယာဉ်ပျံနဲ့ဆိုရင်တော့ ဟုတ်တာပေါ့... ဒါပေမဲ့... အစ်ကိုဘတိုးလိုလူက... ”

“အေးလေ... ငါ့လိုလူက တတ်နိုင်စွမ်းရှိတဲ့လူဆိုရင်... မနက် ရန်ကုန်မှာတွေ့ပြီး... ညနေ လေယာဉ်နဲ့လိုက်လာလို့ ညနေမန္တလေးမှာ တွေ့တာ မဆန်းဘူးပေါ့... ဟုတ်လား... ”

“ထားပါတော့... အစ်ကိုဘတိုး ပြောနေတာ ဝေ့လည်လည်နဲ့... ဒါဆို ဈေးကြီးထဲက ကွမ်းယာဆိုင်မှာ အစ်ကိုဘတိုးရောက်နေတုန်းက မမနွေး ကားထဲမှာ ကျွန်တော်ထိုင်နေတာ မမြင်ဘူးလား... ”

“မြင်သားပဲ... မင်းရဲ့မမနွေး ကားကို ငါက သေချာမှတ်မိတာပဲဟာ... ”

“ဒါနဲ့တောင်ဗျာ... ရန်ကုန်က ဦးလေးအောင်ကိုစွ အဆင်ပြေသွားပြီဆိုတာ... ကျွန်တော့်ကို လာမပြောဘူး... ဒါကိုစောစောသိရရင် ကျွန်တော် စောစောစိတ်အေးရတာပေါ့... ”

“အင်း... အချိန်မကျသေးလို့... မင်းကို လာမတွေ့တာ လာမပြောတာဘဲ မင်းမင်း... အထူးသဖြင့်... ဝပ်ရှော



ဦးလေးအောင် ဘာမှလဲမဖြစ်ဘူး... မင်းကိုလည်း အမှုမလုပ်ဘူးဆိုတာ မင်း အဲဒီနေ့က သိသွားရင် ငင်းမှာရဲနဲ့ပတ်သက်တဲ့အမှု ရှင်းပြီဆိုပြီး... ဝိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးက တခြားကို ထွက်သွားမှာစိုးလို့... အဲဒီနေ့က တမင်လာမတွေ့... တမင်လာမပြောတာ... ”

“ကျွန်တော် နားမလည်ဘူး... ဝိတောက်မြိုင်အိမ်ကြီးက နေပြီး ကျွန်တော် တခြားကို ထွက်သွားမှာ အစ်ကိုဘတိုးက ဘာလို့မလိုလားတာလဲဗျ... ကျွန်တော် ဘာမှနားလည်လို့ မရဘူး... ”

“ငါ့ညီ... ပိတောက်မြိုင်ရိပ်ငြိမ်ထဲ ဝင်တာနဲ့... ဦးဝေလကြီးနဲ့ ချဲရတယ်... မင်းဘက်က မနွေးနွေးမွန်က မားမားကြီးရပ်ခဲ့လို့... ဒီပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးမှာ မင်းကို လက်ခံလိုက်ရပေမယ့်... ဦးလှိုင်ဘွားနဲ့ ဒေါ်နီမာ မင်းကို လုံးဝ မလိုလားဘူး ငါ့ညီ... ”

“ဟာ... ဒါတွေတောင် အစ်ကိုဘတိုးက သိနေလိုက်ပြန်ပါလား... မနောပေါက်နေတဲ့ တရားရှင်များ အစ်ကိုဘတိုးဖြစ်နေသလား... ”

“ငါ... ဘာမနောမှ မပေါက်ဘူး ငါ့ညီ... ငါက မင်းထင်တောင် စောပြီး မန္တလေးကို ရောက်နေတာ... ပြီး... မင်းနဲ့တန်းလျားအတူနေ ဒရိုင်ဘာကိုသက်က... မနွေးနွေးမွန်

www.burmeseclassic.com



မိဘလက်ထက်ကတည်းက အဲဒီမှာ ဒရိုင်ဘာလုပ်လာတာ... ကိုသက်က မနွေးနွေးမွန်အပေါ်မှာ ကရုဏာရှိတယ်... ဒါပေမယ့်... သူကိုယ်တိုင် မနွေးနွေးမွန်ကို ဘာမှမကူညီနိုင်ဘူး... သူကတောင် ဦးလှိုင်ဘွားကို ကြောက်နေရတာ... ဒါကြောင့်... ငါ့ဆီကို သူသိသမျှ သတင်းပို့တယ် မင်းမင်း... "

မင်းမင်းက သဘောပေါက်သွားပါ၏။

ဒရိုင်ဘာ ကိုသက်သည် မနွေးအား ဆူးကြားထဲက ဘူးသီးဟု ကရုဏာစကား မိမိကိုပင် ပြောဖူးသေးသူဖြစ်ပါ၏။

အစ်ကိုဘတိုးက ဆက်ပြောပြသည်။

"ပိတောက်မြိုင်အိမ်ကြီးမှာ... မင်းမင်းနဲ့ ဦးလှိုင်ဘွား၊ သီဟာ၊ ဒေါ်နီမာ၊ ဦးဝေလကြီးတို့နဲ့ အဆင်မပြေဖြစ်တာဟာ တို့အတွက် ကောင်းတဲ့အခြေအနေပဲလို့ တို့စောင့်ကြည့်နေတာပဲ... ဒီလူသိုက်ကို ရင်ဆိုင်ဖို့ မင်းမင်း ပညာအပြည့် သတ္တိအပြည့် စွန့်စားစိတ်အပြည့်ရှိနေမှန်းလည်း ငါတို့သိထားလို့... ဘေးကပဲ စောင့်ကြည့်နေခဲ့တာပဲ မင်းမင်း— မင်းမင်း ဒီအိမ်ကြီးရောက်သွားပြီး... မကြာခင် ပေါက်ကွဲမှုကြီးဖြစ်တော့မယ်လို့လည်း ငါတို့ မျှော်လင့်ထားတယ်— ဘာဖြစ်လို့လဲဆိုတော့... ဦးလှိုင်ဘွား ဒေါ်နီမာရဲ့ သမီးရှင်းဆီက မင်းမင်းကို လိုလိုလားလားဆက်ဆံနေတာဟာ



ပဲ... ပေါက်ကွဲတော့မယ့်စနက်တံကို မီးရှို့နေပြီမို့ ငါတို့နားလည်ထားတယ်... "

ထိုစကားကြောင့် မမနွေးသည် လှုပ်လှုပ်ရှရှလေးမျိုး ဖြစ်သွားမှန်း မင်းမင်း သတိထားမိသည်။ သို့တစေ... မမနွေးသည် ဘာမှဝင်မပြောပေ။

"အေး... ပေါက်ကွဲပြီဆိုတာနဲ့... အစ်ကိုတို့လိုချင်တဲ့ ငသွန်စပေါ်လာရမယ်လို့လည်း အစ်ကိုတို့တွက်ကိန်းချတယ်... ဒါကြောင့်... မင်း ပိတောက်မြိုင်အိမ်ကြီးက ဘယ်မှထွက်မသွားစေချင်လို့... မင်းဦးလေးအောင်ကိစ္စ ငါမပြောဘဲနေတာ... "

"ဒါဆို... အခုဖွင့်ပြောတာကကော... "

"ဟာ... မင်းတို့ပေါက်ကွဲသွားကြပြီလေကွာ... သီဟနဲ့မင်း ဒီနေ့ ပွဲကြီးပွဲကောင်း နွှဲခဲ့ပြီမဟုတ်လား... မင်းမင်းတို့ ပေါက်ကွဲတဲ့ကိစ္စမှာ နားကြပ်ဟာ အဓိကပဲမဟုတ်လား... အဲဒီနားကြပ်ကလည်း အစ်ကိုတို့အတွက် အင်မတန်နိုင်မာတဲ့ သက်သေ... အင်မတန် နိုင်မာတဲ့ သဲလွန်စဖြစ်လာတယ်ကွ... မင်းတို့ဖြစ်ပျက်ခဲ့သမျှအားလုံး မာလီကုလားလေး ဂန်ဂယားကို ငါချော့မေးလို့... အားလုံးငါတို့သိထားပြီးပြီ ငါ့ညီ... အခုလည်း... မင်းနဲ့အတူ... နားကြပ်ပါသွားတယ်လို့ ဂန်ဂယားကပြောလို့ အခုကျောင်းကြီးအပြန်ဆီး

www.burmeseclassic.com



တားပြီး အခုနေ ေါ်လာတာပဲ... ”

“ကျွန်တော်နဲ့ မမနွေးကို အစ်ကိုဘတိုးတို့ ဘယ်အထိခေါ်

သွားကြမှာလဲ... ”

“တံခွန်တိုင်တင်ပါကွာ...’ ဟော... ပြောရင်းဆိုရင် ရောက်

တောင်ရောက်လာပြီပဲ... ”

မော်တော်ကားကို လက်ဖယာဘက် ခြံတစ်ခြံထဲသို့

ကွေ့ဝင်လိုက်သည်။ ခြံထဲတွင် တစ်ထပ်တိုက်လေးတစ်လုံး ရှိနေ

ပါ၏။ ဝင်ပေါက်တံခါးကို ဖွင့်လိုက်သည်။ ထိုအိမ်လေးထဲတွင်

ပြတင်းပေါက်တံခါးတွေ အားလုံး ပိတ်လျက်သားရှိနေသည်။

သူတို့သည် ပြတင်းတစ်ပေါက်ကိုမျှ မဖွင့်ပါချေ

“ကဲ... နွေးနွေးမွန်ရော... မင်းမင်းရော... အိမ်ထဲ ခေ

ဝင်ပါ... ”

ပြောပြီး သူတို့သုံးယောက် ကားပေါ်မှ ဆင်းကြ

သည်။ နွေးနွေးမွန်က ချက်ချင်း မဝင်သေးဘဲ မင်းမင်းကို အား

သောအကြည့်ဖြင့် ကြည့်ပြီး မေးလိုက်သည်။

“ဝင်ရမလား မင်းမင်း... ဘာမှန်းမသိ... ညာမှန်းမေ

နဲ့... ”

“ဝင်သာဝင်ပါ မမနွေး... မဝင်လို့မှမရတော့တာ... မေ

တော်ကားသော့ကိုလည်း ကိုကြီးမြင့်က ဖြုတ်ယူသွာ

တယ်... အဲ... တစ်ခုတော့ မမနွေးကို ကျွန်တော် သေ



မှာထားမယ်... ”

“မှာပါ မင်းမင်း... ”

“တကယ်လို့ အခြေအနေဟာ ဆိုးဆိုးဝါးဝါးဖြစ်လာရင်...

မမနွေး လွတ်ပေါက်ပြေးပေါက်ရအောင် ကျွန်တော် ဖန်

တီးမယ်... မမနွေး လွတ်အောင်သာပြေး... မမနွေးရဲ့

ကားနဲ့ပြေးလို့ရရင်ပြေး... ကားသော့မရှိလို့ မောင်းမရရင်

ခြံပေါက်ကနေပြီး ကတ္တရာလမ်းမကြီးပေါ်သာ အရောက်

ပြေး... လမ်းပေါ်ရောက်တာနဲ့ ကူညီနိုင်တဲ့သူတွေကိုတွေ့

မှာပါ... မတွေ့လည်း တွေ့ရာမော်တော်ကားကို လက်

တားပြီး လွတ်အောင်သာ ပြေး... ကျွန်တော့်ကို လုံးဝ

မစောင့်ပါနဲ့... ကျွန်တော်က မမနွေး ထွက်ပြေးခွင့်ရအောင်

ဖွတ်ဖန်တီးမှာ... ကျွန်တော် ဘာမှမဖြစ်ရင် ပိတောက်

မြိုင်အိမ်ကြီးကို ကျွန်တော် လိုက်လာမယ်... ”

“မပြေးပါဘူး... မမနွေး တစ်ကိုယ်ကောင်းထွက်မပြေး

ဘူး... မင်းမင်းနဲ့အတူတူပဲပေါ့... သေလည်းအတူ... ရှင်

လည်းအတူပေါ့ မင်းမင်းရယ်... ”

နှစ်ယောက်သားလက်ချင်းတွဲပြီး တိုက်အိမ်ထဲသို့

သူတို့နောက်မှ ဝင်လိုက်ခဲ့ကြသည်။

အထဲသို့ဝင်လိုက်သည့် ဧည့်ခန်းကုလားထိုင်တွင်

အမြင့်သားထိုင်နေသော အန်ကယ်ဝတ်လုံတော်ဦးထိန်လင်းကို

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးမွန် အံ့သြစွာ တွေ့လိုက်ရသည်။

"ဟင်... အန်ကယ်... "

"ဟုတ်ပါတယ် သမီး... အန်ကယ် ဒီကနေပြီး... သမီး ရောက်အလာကို စောင့်နေတာပါ... "

ဝတ်လုံတော်ရကြီး ဦးထိန်လင်း ဆိုသူကို မင်းမင်း က ဧသချာကြည့်သည်။

အသက်ငါးဆယ်ကျော် ဖြူဖြူခန့်ခန့်ဝဝဖြင့် ဥပဓိ ရုပ် အင်မတန် ရည်မွန်သည်ကို တွေ့ရသည်။ ဆေးပြင်းလိပ် ခဲ ထားသည်။

ဒီနောက်တော့... ကိုဘတိုး၊ ကိုကြီးမြင့်၊ ကိုဝေလင်း တို့သည် ဝိုင်းထိုင်လိုက်သည်။

"ထိုင်ပါ... မနွေးနွေးမွန်နဲ့ မင်းမင်း... "

မမနွေးနှင့်အတူ ယှဉ်တွဲပြီး မင်းမင်းရော မမနွေး ရော ထိုင်လိုက်ကြသည်။

✱



## ၁၁

"မောင်ကြီးမြင့်နဲ့ မောင်ဝေလင်းကိုတော့... သမီးနွေးနွေး မွန်က သိပြီးသားဖြစ်နေမယ်လို့ အန်ကယ်ထင်တယ်..."

ဝတ်လုံတော်ရ ဦးထိန်လင်းကပင် စကားဝိုင်းကို စတင်ပြောကြားလိုက်သည်။

"ကိုဝေလင်းကို ဒေါက်တာဝေမင်းရဲ့ အစ်ကိုလို့ နွေး သိ ထားပါတယ်... ကိုကြီးမြင့်ဟာလည်း ဒေါက်တာဝေမင်း ရဲ့ အခင်မင်အရင်းနှီးဆုံး သိပ်ခင်ကြတဲ့သူငယ်ချင်းလို့... နွေး သိထားပါတယ် အန်ကယ်... "

"မောင်ဘတိုးကိုကော... "

နွေးနွေးမွန်က မသိကြောင်း ခေါင်းခါပြသည်။

"ဒါဆို... မောင်ဘတိုးနဲ့ သမီးနွေးနွေးကို အန်ကယ်က

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးမယ်... မောင်ဘတိုးက အန်ကယ့်ရဲ့ဆွေ အရင်းပဲ... အန်ကယ့်အစ်မက မွေးတာ... မောင်ဘတိုးက တက္ကသိုလ်ဘီအက်(စ်)စီဘွဲ့ရထားပြီးသား... မောင်ဘတိုး မိဘတွေက ပြင်ဦးလွင်မှာ ရွှေပန်းတိမ်လုပ်ငန်းနဲ့ ရွှေဆိုင် ဖွင့်ထားတယ်... မောင်ဘတိုးက ငယ်ငယ်ကတည်းက စုံထောက်အလုပ်ကို ဝါသနာပါတယ်... သူဘွဲ့ရတော့လည်း ဒုရဲအုပ်ရာထူးလျှောက်တယ်... ရတယ်... သက်ဆိုင်ရာ သင်တန်းတွေတက်ပြီးတဲ့နောက် သူသိပ်ဝါသနာပါတဲ့ စီအိုင်ဒီမှာ ဒုရဲအုပ်တာဝန်ထမ်းဆောင်တယ်... ရဲစုံထောက် တာဝန်ထမ်းဆောင်ရင်း... ဒုရဲအုပ်က ရဲအုပ်အထိ ရာထူး တက်ပြီး တာဝန်ထမ်းဆောင်နေတုန်းမှာပဲ... အကြောင်း အမျိုးမျိုးကြောင့်ပေါ့ကွယ်... ရာထူးက နုတ်ထွက်ခွင့် တောင်းပြီး မိဘတွေရဲ့ ပန်းတိမ်လုပ်ငန်းနဲ့ ရွှေဆိုင်လုပ် ငန်းတွေမှာ ဦးစီးလုပ်ကိုင်ရတယ်... အခုအချိန်ထိ အိမ် ထောင်မကျသေးဘူး... "

နွေးနွေးမွန်က တွေ့ရတာဝမ်းသာပါတယ်ဟု မိတ်ဆက်ပေးခြင်းကို အတည်ပြုစကားဆိုသည်။ ကိုဘတိုးက လည်း တန်ပြန်စကားဆိုပါ၏။

အန်ကယ် ဦးထိန်လင်း ဆက်ပြောသည်။

"အဲ... သမီးနဲ့ပတ်သက်တာတွေ အန်ကယ် ဆက်ပြော



မယ်... သမီးဟာ ပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးမှာ အရှုပ် အထွေးနဲ့ရှိပြီး... အန္တရာယ်ရှိနေတယ်လို့ အန်ကယ် တစေ့ တစောင်းကြားတယ်... ဒါကြောင့်... တူတော်မောင်ဘတိုး ကို လှမ်းခေါ်ပြီး ပိတောက်မြိုင်အိမ်ကြီးရဲ့ တကယ့်အစစ် အမှန်ဖြစ်ရပ်တွေကို စုံစမ်းပေးပါလို့ အန်ကယ်တာဝန်ပေး တယ်... အဲ... မောင်ဘတိုးကိုယ်တိုင်ကလည်း... အဲဒီ ပိတောက်မြိုင်အိမ်ကြီးကိုစိတ်ဝင်စားတယ်လေ...ဒါကြောင့် ပြင်ဦးလွင်က သူ့လုပ်ငန်းတွေကို သူ့လက်ထောက်နဲ့ ခဏ လွှဲထားပြီး ပိတောက်မြိုင်အိမ်ကြီးအကြောင်းစုံစမ်းတယ်..."

မင်းမင်းက ဝင်ပြောသည်။

"မမနွေး... ပိတောက်မြိုင်အိမ်ကြီးမှာ အရှုပ်အထွေးတွေ နဲ့ငြိပြီး အန္တရာယ်ရှိနေတယ်ဆိုတာကိုကော အန်ကယ် ဘယ်လိုသိတာလဲ အန်ကယ်... "

"အင်း... ဘယ်လိုသိတယ်ဆိုတာ... အန်ကယ် ရှင်းပြပြော ပြရင်း အလိုလိုပေါ်လာမယ်... အခု သမီးနွေးမွန်ရောက် ရှိနေတဲ့ အရှုပ်တွေကို ပြောရမယ်ဆိုရင် အပိုင်းသုံးပိုင်း ခွဲပြီး ပြောပြဖို့ လိုတယ်... ရှင်းပြတဲ့နေရာမှာလည်း... တစ်ပိုင်းချင်း ရှင်းပြရမယ်... အဖြစ်အပျက်တွေက တစ်ခု နဲ့တစ်ခုရောနှောပြီး တော်တော်အရှုပ်သားမို့လေ... "

ဆက်ပြီး ရှင်းပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပထမပိုင်းက... သမီးနွေးနွေးမွန် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အခါ... မိဘထားခဲ့ရတဲ့ အမွေကိစ္စပိုင်း... ဒုတိယ ဒေါက်တာဝေမင်း ပျောက်ဆုံးသွားတဲ့အပိုင်းနဲ့... တတိယပိုင်းက... ဒီအမွေတွေကို ဒုတိယဆက်ခံခွင့်ရှိနေတဲ့ မောင်သက်ဇင်ကိစ္စပဲ... အဲဒီလို သုံးပိုင်းဖြစ်နေပေမဲ့... တစ်ပိုင်းနဲ့တစ်ပိုင်းဟာ ဆက်စပ်နေတယ်... "

"အန်ကယ့်အနေနဲ့လည်း သမီးနွေးမွန် အသက်အစိတ်ပြည့်လို့... အမွေတွေအားလုံး စနစ်တကျ လွှဲပြောင်းပေးပြီးတဲ့အခါ... အန်ကယ် အနားယူတော့မှာ... သိပ်ကိုလည်း အန်ကယ် အနားယူချင်နေပြီ... အခု သမီးနွေးရဲ့ အမွေကိစ္စကို စိတ်ရောကိုယ်ပါ အန်ကယ် ဆောင်ရွက်နေတာဟာ... အခကြေးငွေလိုချင်လို့မှ မဟုတ်တာ... နွေးမွန်ရဲ့ ဖေဖေနဲ့အန်ကယ်ဟာ သိပ်ကိုခင်မင်တဲ့ ငယ်သူငယ်ချင်း... ညီရင်းအစ်ကိုလို သိပ်ချစ်တယ်... ဒါကြောင့်လည်း... သူမသေခင်ကတည်းက သူသေသွားရင်... သမီးနွေးမွန်ကို အန်ကယ်က အစွမ်းကုန်စောင့်ရှောက်ပေးပါလို့ တတွတ်တွတ် အတန်တန်မှာသွားလို့... အန်ကယ်ကလည်း... စောင့်ရှောက်ပေးမယ်ဆိုတဲ့ ကတိပေးလိုက်လို့... အခုလို အသေးစိတ် သမီးနွေးမွန်အတွက် ဆောင်ရွက်ပေးနေတာပဲ... ဇာတ်က ရှုပ်တာတော့ တော်တော်ရှုပ်သား... "



"ပထမပိုင်းဖြစ်တဲ့... သမီးနွေးမွန် အသက်အစိတ်ပြည့်မှ အမွေတွေ အားလုံးလွှဲပေးရမယ်ဆိုတာကတော့... အလွယ်သားပဲ... အသက်အစိတ်မပြည့်သေးလို့ အမွေတွေ လွှဲမပေးခင်... ပိတောက်မြိုင်ကြီးရဲ့ လစဉ် ကုန်ကျစရိတ်တွေ ထုတ်ပေးတာတို့... နွေးမွန်က သီးသန့်ငွေတောင်းတာတို့ စီစစ်ပြီး အန်ကယ်ထုတ်ပေးတာထို့တ သီးခြားစာရင်းဖွင့်ပြီး ထုတ်ပေးနေတာ... ဘာမှ အခက်အခဲ မဟုတ်ဘူး...

"ဒါပေမယ့်... နွေးမွန်... အသက်နှစ်ဆယ့်လေးနှစ်ထဲ အရောက်မှာ ပိတောက်မြိုင်အိမ်ကြီးက ရှုပ်ထွေးလာတယ်... နွေးမွန်မှာ မတော်တဆပုံစံနဲ့ အသက်အန္တရာယ်တွေရှိလာတယ်ဆိုတာတွေ အန်ကယ်ကြားသိရတယ်... ဒီတော့... အန်ကယ်က ကြိုတင်စီစဉ်သင့်တာကို တင်ကြိုစီစဉ်ရတယ်... အကယ်၍ မတော်တဆ သမီးနွေးမွန် အသက်မစိတ်မပြည့်ခင် သေသွားခဲ့သည်ရှိသော... ဒုတိယ အမွေခံစားခွင့်ရှိတဲ့ မောင်သက်ဇင်ကို ပေးနိုင်ဖို့... မောင်သက်ဇင်ကို အန်ကယ်ကြိုတင်ရှာဖွေခဲ့တာဟာ... ဒုတိယပိုင်းပဲ... "

"အန်ကယ်ရှာတာ... ကိုသက်ဇင်ကို တွေ့ခဲ့သလား... အန်ကယ်... "

နွေးနွေးမွန်က မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ် သမီးနွေးမွန်... အဲဒီမောက်သက်ဇင်ဆိုတာ ရန်ကုန်–တောင်ဥက္ကလာ–မြောက်ရပ်ကွက်မှာနေတယ် ဆိုလို့ အဲဒီကို အန်ကယ် ကိုယ်တိုင်ရောက်သွားပါတယ်..."

"ဒါဆို... အစ်ကိုသက်ဇင်ကို အန်ကယ်က ပြောမပြဘူးလား... နွေး အသက်အစိတ်ပြည့်လို့ အမွေတွေ ဆက်ခံပြီးရင် အစ်ကိုသက်ဇင်ကိုလည်း ထိုက်သင့်သလို ခွဲပေးမှာဆိုတာကိုလေ... ဘာပဲဖြစ်ဖြစ် သွေးဟာသွေးပဲ အန်ကယ်... ဖအေတူ မအေကွဲဆိုတာ မောင်နှမအရင်းလို့ အကျုံးဝင်တာပဲဟာ... "

ဦးထိန်လင်းက လူကြီးဆန်စွာ ခေါင်းညိတ်ပြရင်း ဆက်ပြောပါ၏။

"အင်း... သမီးနွေးမွန်ကတော့ စိတ်ထားလေးကောင်းရှာပါပေတယ်... ဒါပေမယ့်... နေရာတိုင်းမှာ သွေးဟာသွေး ဖြစ်မလာဘူး နွေးမွန်... လူတစ်ယောက်ရဲ့စိတ်နေသဘောထားဆိုတာက မွေးရာပါ ပဋိသန္ဓေစိဇနဲ့ ဆိုင်တာတွေလည်းရှိတတ်တယ်... အဲဒီ ပဋိသန္ဓေစိဇစိတ်ဟာ အဓိကပဲ... တချို့ ဖအေတူ မအေကွဲ ညီအစ်မ... ညီအစ်ကို မောင်နှမတွေဟာ တစ်ယောက်ကို တစ်ယောက် သေတပန် သက်တစ်ဆုံး ချစ်ချစ်ခင်ခင်ရှိသွားတာမျိုးတွေလည်းရှိရဲ့... တချို့ကျတော့လည်း ဖအေတူ မအေကွဲတွေ



ဟာ တုတ်တစ်ပြက်၊ ဓားတစ်ပြက်နဲ့ ရန်သူလိုသဘောထားတွေလည်းရှိရဲ့ပေါ့ကွယ်... သိမ်မွေ့ယဉ်ကျေးသူဟာ စိတ်ရောကိုယ်ပါ သိမ်မွေ့ယဉ်ကျေးတာပဲ... ကြမ်းတမ်းရက်စက်ယုတ်မာသူတွေကျတော့လည်း စိတ်ရောကိုယ်ပါ ကြမ်းတမ်းရက်စက်ယုတ်မာကြတာပဲ... မောင်သက်ဇင်ရဲ့ လိပ်စာအတိုင်း သူ့အိမ်ကို အန်ကယ်ရောက်ခဲ့ပါတယ်... ဒါပေမဲ့ မောင်သက်ဇင်ကိုတော့ မတွေ့ရပါဘူး... မောင်သက်ဇင်ဟာ သူ့အမေ နောက်အိမ်ထောင်ပြုသွားကတည်းက... သူ့ဟာသူ သီးသန့်နေတယ်တဲ့... အခုနေ တဲ့ အိမ်ကို သော့ခတ်ပိတ်ပြီး... သော့ကို သူယုံကြည်တဲ့ အိမ်နီးနားချင်းကိုပေးခဲ့ပြီး ထွက်သွားပြီတဲ့... "

"အဲဒီ အိမ်နီးနားချင်းတွေကိုပဲ အန်ကယ် ဆက်စုံစမ်းကြည့်တော့... မောင်သက်ဇင်ဟာ တကယ့်လူဆိုးလူမိုက်ပဲတဲ့... အမှုအမျိုးမျိုးနဲ့ ထောင်ကျလိုက်... ထောင်ထဲကထွက်လာရင် ထပ်ပြီးအမှုတွေကျူးလွန်လို့ ထောင်ပြန်ကျလိုက်နဲ့... အခုတစ်ခါ ထောင်ကလွတ်လာတော့... သူ့အိမ်ကို ဝယ်သူရှိရင် ရောင်းပေးပါ... ရောင်းပြီးရင် ဒီအိမ်လိပ်စာအတိုင်း ရောင်းပြီးပြီလို့ သတင်းစာထဲကသာ ကြော်ငြာထည့်ပါ... သူပြန်လာပြီး ရောင်းပေးသူ အိမ်နီးနားချင်းကို ကုန်ကျစရိတ်ရော... ထိုက်သင့်တဲ့ ပွဲခကော ပေးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထွက်သွားတယ်တဲ့… ”

“ဒီတော့ အန်ကယ်က သက်ဆိုင်ရာ ရပ်ရွာလူကြီးတွေ— သက်ဆိုင်ရာ နယ်မြေရဲအရာရှိတွေ ရှေ့မှောက်မှာ— တရားဝင် ဝတ်လုံတော်ရတစ်ယောက်အနေနဲ့ အိမ်ကို သော့ဖွင့်ကြည့်တယ်… ဘာမှမည်မည်ရရ မတွေ့ပါဘူး— သွားစားပွဲအံဆွဲထဲက မောင်သက်ဇင်ရဲ့ ဓာတ်ပုံကိုတော့ ရခဲ့ တယ်… အိမ်နီးချင်းအားလုံးက သက်ဆိုင်ရာလူကြီးတွေ ရဲအရာရှိတွေရှေ့မှာပဲ… ဒီဓာတ်ပုံဟာ ကိုသက်ဇင်ရဲ့ ဓာတ်ပုံပဲလို့ ပြောကြတာနဲ့ အဲဒီဓာတ်ပုံကို လူကြီးတွေရဲ့ ခွင့်ပြုချက်နဲ့ပဲ ရယူခဲ့တယ်… ”

“နွေး ဖြတ်မေးမယ်နော် အန်ကယ်… နွေး ဖေဖေက— ကိုသက်ဇင်နဲ့ပတ်သက်ပြီး အန်ကယ့်ကို ပြောပြတုန်းက သူ့လိပ်စာနဲ့အတူ ကိုသက်ဇင်ရဲ့ဓာတ်ပုံကို မပေးခဲ့ဘူး လား… ”

“ပေးပါတယ် နွေးနွေးမွန်… မောင်သက်ဇင် ငါးနှစ်သား အရွယ်က ရိုက်ထားတဲ့ ဓာတ်ပုံရယ်… အသက်ဆယ့်တစ် နှစ်သားမှာ ရိုက်ထားတဲ့ဓာတ်ပုံတွေ ပေးခဲ့ပါတယ်… အဲဒီ ဓာတ်ပုံတွေက ကလေးငယ်ဓာတ်ပုံတွေပဲ… မောင်သက်ဇင် အသက်ဆယ့်တစ်နှစ်သားအရွယ် အဲဒီဓာတ်ပုံကိုရပြီးတဲ့ နောက်… သမီးရဲ့ဖေဖေနဲ့ သူတို့သားအမိ လုံးဝအဆက်



ပြတ်သွားတယ်တဲ့ကွယ်… ကဲ… အဲဒါက… မောင်သက်ဇင် နဲ့ ပတ်သက်တဲ့ ဒုတိယပိုင်းပဲ… အခု မောင်ဝေလင်းရဲ့ညီ ဒေါက်တာဝေမင်းကိစ္စ တတိယပိုင်းကို ဆက်ပြောမယ်…”

ပြောပြချက်မှာ…

ကိုဝေလင်းနှင့် ဒေါက်တာဝေမင်းသည် ညီအစ်ကို အရင်း ဖြစ်ကြပါ၏။ ကိုဝေလင်းကအစ်ကို၊ ဒေါက်တာဝေမင်းက ညီ။ မိဘတွေ ဆုံးပါးသောအခါ အစ်ကိုဖြစ်သူကိုဝေလင်းက မိဘ များ၏ ကျန်ရစ်ခဲ့သော လက်ငုတ်လက်ရင်းတွေ အားလုံးကို ဦးစီး ခေါင်းဆောင်ပြီး ဆက်လုပ်သည်။ သူတို့ညီအစ်ကိုသည် မိဘ သက်ထက်ကတည်းက ကြွယ်ဝချမ်းသာသူများ ဖြစ်ကြသည်။ ကိုဝေလင်းက ရိုးရိုးဘီအေဘွဲ့ရထားသည်။ ထိုစဉ်က… ညီဝေမင်း က ဆေးတက္ကသိုလ်ကျောင်းသားဘဝပင်ရှိသေးသည်မို့ ဆက်ပြီး ဆရာဝန်ဖြစ်သည့်အထိ ပညာသင်ကြားသည်။

ကိုဝေမင်းသည် ဉာဏ်ထက်မြက်သည်။ စာတော် သည်။ သို့သော် မိန်းမကိစ္စတွင် သိပ်ဝါသနာကြီးသည်။ နှစ်စဉ် မေးပွဲအောင်သလို မိန်းမကိစ္စတွင် လူပေလူတေ ဖြစ်သည်။

အစ်ကိုဖြစ်သူ ကိုဝေလင်းက ညီတော်မောင် ငြိမ်သွားအောင် သင့်တော်သူ အမျိုးသမီးနှင့် အိမ်ထောင်ချ ပေးသည်ဆိုသည့်မျိုးကျတော့လည်း ညီဝေမင်းက လုံးဝလက်မခံ။ ယ်မိန်းမကိုမှ အတည်တကျ အိမ်ထောင်မပြုချင်သေးဟု ငြင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒီတော့လည်း... ကိုဝေလင်းမှာ ညီတော်

ကြိုက်သလိုနေပေတော့ဟု လွှတ်ပေးထားရတော့သည်။

ကိုကြီးမြင့်နှင့် ကိုဝေမင်းမှာ ဟိုက်စကူးတည်

သိပ်ခင်သောသူငယ်ချင်းဖြစ်ကြသည်။ ဆယ်တန်းကိုအတူ

ပြီး နှစ်ယောက်စလုံး ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်မီသော

ဆေးတက္ကသိုလ်တွင် ဆက်တက်ကြသည်။

သို့သော်... ကိုကြီးမြင့်က မလိုက်နိုင်။ ဒုတိ

တွင် နှစ်ခါဆက်ကျသဖြင့် ဆေးတက္ကသိုလ်မှထွက်ခဲ့ရပြီး

ဘီအက်(စ်)စီပြန်တက် ဘွဲ့ရခဲ့ခြင်း ဖြစ်သည်။

ကိုဝေမင်းကတော့ နှစ်စဉ် အတန်းတိုင်းအော

ဆရာဝန်ဖြစ်သွားသည်။

ဒေါက်တာဝေမင်း ဖြစ်သွားလေပြီ။

အစ်ကိုကိုဝေလင်းက ညီဒေါက်တာဝေမ

အစိုးရခန့် ဆရာဝန်လျှောက်ထားပြီး အစိုးရဆရာဝန်အဖြစ်

ထမ်းဆောင်စေချင်သည်။

ဒေါက်တာဝေမင်းက လက်မခံပေ။ ကိုယ့်

ကိုယ်ပိုင်ဆေးခန်း ဖွင့်သည်။

ဖွင့်သည့်ဆေးခန်းကလည်း ရန်ကုန်တွင် မ

ဒေါက်တာဝေမင်းအဖို့ ရန်ကုန်တွင် နေရသည်မှာ ကြာ



မို့ ရန်ကုန်ကို ငြီးငွေ့သည်ဟု ပြောသည်။ ပြီး... ကျောင်းသား ဘဝထဲက မိန်းမမှုတွေ အမျိုးမျိုးပွေခဲ့သဖြင့် ရန်ကုန်တွင် ဒေါက်တာဝေမင်း နာမည်ပျက်နေသည်။

"မန္တလေးမှာ ဆေးခန်းဖွင့်မယ်ဆိုပြီး... ကျွန်တော့်ဆီက ငွေသိန်းနှစ်ဆယ်တောင်းပြီး... မန္တလေးကို ထွက်သွားတာ ပဲ... အဲဒီကတည်းက ညီအစ်ကိုဟာ စာအဆက်အသွယ်... ဖုန်းအဆက်အသွယ်သာရှိပြီး ညီအစ်ကိုချင်း မတွေ့ကြ ဘူးလေ... ကျွန်တော်ကလည်း မိဘရဲ့စီးပွားရေးကို ဆက် လုပ်နေတော့ မန္တလေး သူ့ဆီကို သွားဖို့ မအားလပ်ဘူး..."

"စာအဆက်အသွယ်... ဖုန်းအဆက်အသွယ်ရှိတယ်ဆိုပေ မယ့်... ကျွန်တော်ကသာ... ညီဝေမင်းဆီကို စာရေးတာ ဖုန်းဆက်တာပါ... သူကစပြီး စာရေးဖို့နေနေသာသာ ဖုန်း တောင် မဆက်ဘူး... တစ်ခါတလေ... သူ့ဆီဖုန်းဆက် လည်း ကိုင်မယ့်သူမရှိဘူး... သူအပြင် ထွက်နေတာချည်း ထင်ပါရဲ့...အဲဒီပုံစံနဲ့ပဲ ညီအစ်ကိုနေလာခဲ့ကြရာက... ဟော ဒီစာကျတော့ ဒေါက်တာဝေမင်း စာအရှည်ကြီးရေးလိုက် တယ်... အဲ... ဒီစာကို မနေ့နေ့မွန်း ဖတ်ကြည့်ပါ... အန်ကယ်ဦးထိန်လင်းကတော့ ဖတ်ပြီးသားပါ... ဒီစာကို မနေ့နေ့မွန်း ဖတ်ပြီးမှသာ အကျိုးအကြောင်းဆက်စပ် မှုတွေ ပေါ်လာမှာမို့ ဖတ်ကြည့်ပေးပါ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်းပေးသော စာရွက်တစ်ထပ်ကြီးကို နွေးနွေးမွန်က မယူချင်ယူချင်ဖြင့်ပင် ယူပြီး စာခေါက်ကို ဖွင့်ဖတ်ကြည့်ရတော့သည်။

*ဟော… ဒီမှာအစ်ကိုလင်း*

*ဒီတစ်ခါတော့… ကျွန်တော် အစ်ကိုလင်းကို စကားအဆန်းတစ်ခုပြောတော့မယ်ဗျ… အဲဒီစကားအဆန်းက ဘာလဲဆိုတော့… ကျွန်တော် အဆင်ပြေရင် အတည်တကျ မင်္ဂလာလက်ထပ်ပွဲကြီး ကျင်းပပြီး မိန်းမယူ အိမ်ထောင်ပြုတော့မလို့ဆိုတဲ့စကားပဲ… ။*

*အဲဒီစကားက အစ်ကိုလင်း အံ့သြသွားအောင် တမင်တကာ အမှုဖောက်ပြီးပြောလိုက်တာ။*

*တကယ့်ဖြစ်ရပ်က ဒီလိုဗျ။*

*ကျွန်တော် မန္တလေးမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်လို့ မကြာခင်မှာပဲ…*

*"နှင်းဆီ… "*

*ဆိုတဲ့ကောင်မလေးတစ်ယောက်နဲ့ ကျွန်တော် ပယောပယ်ဖြစ်ကြတယ်… နှင်းဆီဟာ ခေတ်ရေစီးကျောင်းမှာ မြောပါနေတဲ့ ချစ်စရာကောင်းတဲ့ ဆယ်ကျော်သက်လုံမငယ်လေးတစ်ဦးပဲဗျ… ကျွန်တော့်အဖို့ မန္တလေးအရောက်မှာ ပထမဆုံး ရှေးဦးပေါက်တွေ့ဆုံရတဲ့ နှင်းဆီ လုံမငယ်လေး*



*ပဲဆို ပါတော့ဗျာ… ။*

*နှင်းဆီတို့က ချမ်းမြသာစည်ထဲမှာ မြို့ကြီးက ကျယ်မှကျယ်၊ နှစ်ထပ်တိုက်အိမ်ကြီးက ဟီးမှဟီးနဲ့ "ပိတောက်မြိုင်ရိပ်မြုံ"လို့ နာမည်ပေးထားတဲ့ မြို့ကြီးနဲ့တိုက်ကြီးလေဗျာ… ထားပါ… ဒါက သဘောလောက်ရေးပြတာပါ… နှင်းဆီတို့ ချမ်းသာတော့ကော ကျွန်တော်က ဘာလုပ်ရမှာ လဲ… ကျွန်တော်တို့ ညီအစ်ကိုကလည်း ချမ်းသာပြီးသားတွေပဲဟာ… ။*

*နှင်းဆီက သူတို့ရဲ့ ပိတောက်မြိုင်အိမ်ကြီးကို ကျွန်တော့်ကို ခေါ်သွားလေ့ရှိတယ်ဗျ… များသောအားဖြင့် နေ့ခင်းပိုင်း အချိန်တွေမှာ ခေါ်သွားလေ့ရှိတာပါ… ။*

*ကျွန်တော်ဆေးခန်းဖွင့်ချိန်က မနက်(၈)နာရီက (၁၁)နာရီ မွန်းလွဲ (၃)နာရီက ည(၉)နာရီဆိုတော့ နေ့ခင်းပိုင်းမှ ကျွန်တော် အားတာကိုး… တနင်္ဂနွေနေ့မှာတော့… ကျွန်တော့်ဆေးခန်းပိတ်တယ်… ။*

*နှင်းဆီနဲ့ ကျွန်တော် တွဲနေတာကို နှင်းဆီရဲ့ အဖေဦးလှိုင်ဘွားနဲ့ နှင်းဆီရဲ့ အမေ ဒေါ်နီမာက သိကြမြင်ကြသားပဲ… ဒါပေမယ့် သဘောတူတဲ့ပုံစံမျိုး ရှိနေတယ်… ။*

*နှင်းဆီရဲ့ အဖေနဲ့ အမေက ကျွန်တော် ပိတောက်မြိုင်အိမ်ကြီးကို ရောက်သွားတဲ့အချိန်မှာ အမရှေ့ကကယကွန်းရုံကို*

www.burmeseclassic.com



သွားနေတတ်တယ်... ။

တစ်ခုတော့ ရှိတယ် အစ်ကိုလင်းရေ... နှင်းဆီက ကျွန်တော့်ကို တင်းတင်းကျပ်ကျပ်မှာထားတာရှိတယ်... စနေတနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက် ဟောလီးဒေးတွေမှာတော့ သူ့ရဲ့ဝိတောက်မြိုင်အိမ်ကြီးကို ကျွန်တော်လုံးဝမလာဖို့ မှာထားတာပါ... ။ သူ့အဖေ ဦးလှိုင်ဘွားဟာ ယဉ်ကျွန်းရုံးပိတ်တဲ့ အဲဒီလို ဟောလီးဒေးမှာဆိုရင်... သူတို့အိမ်ကြီးမှာ အရက်ဝိုင်း... ဖဲဝိုင်းနဲ့ သိပ်လှုပ်ရှားတယ်လို့အကြောင်းပြတယ်... ။

ဒီကြားထဲကပဲ... ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆေးခန်းပိတ်ပြီး ကျွန်တော် သိပ်ပျင်းတာနဲ့ မြို့ထဲ ကျွန်တော့်ကားနီလေးနဲ့ထွက်ရင်း... နှင်းဆီ အိမ်မှာရှိလည်း နှင်းဆီနဲ့စကားပြောမယ်... နှင်းဆီမရှိရင်လည်း အိမ်ပြန်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျွန်တော် ဝိတောက်မြိုင်အိမ်ကြီးကို ရောက်သွားတယ်... ။

မြစောင့်ဦးဖေလကြီးက ကျွန်တော့်ကို သိပြီးသားမို့ အတားအဆီးမရှိ သူတို့ခြံနဲ့တိုက်အိမ်ကြီးဆီ မောင်းဝင်သွားတယ်။

အာယိုယို... အစ်ကိုလင်းရေ...

အစ်ကိုလင်း ဥမ္မာဒန္တီဇာတ်ကို ဖတ်ဖူးသလား...

မဒ္ဒလက္ခဏာဇာတ်ကိုဖတ်ဖူးသလား...



ပဒ္ဓပါဒီဇာတ်ကို ဖတ်ဖူးသလား...

ပပဝတီဇာတ်ကို ဖတ်ဖူးသလား...

ကျွန်တော် အဲဒီဇာတ်တွေ ဖတ်ဖူးထားတယ်...

ဥမ္မာဒန္တီရဲ့ အချောအလှအကြောင်း သိဝိမင်းကြီး ရူးသွားတယ်... ။

မဒ္ဒလက္ခဏာမင်းသမီးရဲ့ အချောအလှကို လှစ်ခနဲ မြင်လိုက်တဲ့ ရှာန်ပုံ့ရသေ့ကြီးဟာ ရှာန်လျှောပြီး မုတ်ခနဲကျသွားတယ်... ။

ပဒ္ဓပါဒီရဲ့ကအတွေ့ထူးကြောင့် ဘုရင်ကြီး မူးမေ့သွားတယ်... ။

ပပဝတီရဲ့ အချောအလှကို မက်မောလွန်းတဲ့ မင်းကုသဟာ လှူပေါ်ကြီးဖြစ်ရမယ်... ။

အဲဒီဇာတ်တွေကို ကျွန်တော် ဖတ်ပြီး... ဒီဘုရင် ဒီရသေ့တွေဟာ မိန်းမတစ်ယောက်ရဲ့ အလှကြောင့် ရူးရ မူးမေ့ရသလားဆိုပြီး ဟားမိတယ် အစ်ကိုလင်းရေ... ။

အခုတော့... အစ်ကိုလင်းရဲ့ညီတော်မောင်... ကျွန်တော် လက်တွေ့ကြီးကို ခံရပြီလေဗျာ... ကျွန်တော် ရူးမတတ် မူးမတတ်ဖြစ်ရပြီလေ... ။

ကျွန်တော့်မှာ ရှာန်တွေရှိရင် အခုဆို တစ်စက်မှ မကျန်အောင် ရှာန်လျှောပြီး ကျွန်တော့်အကြောင်း အစ်ကိုလင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိပါတယ်ဗျာနော်... ကျွန်တော်ဆိုတဲ့ကောင်က မိန်းမအချောအလှတွေကို တစ်ယောက်ပြီး တစ်ယောက် ထည်လဲထားခဲ့တာပါ.. အရေကျွံသောက်လာတာပါ.. အပျော်တွဲမယ်.. အတည်လက်ထပ်ဖို့ဆိုရင် အဝေးကြီးကနေ နှိမ်းပေးပဲ... အစ်ကိုလင်း သဘောတူတဲ့သူကိုတောင် ကျွန်တော် လက်ထပ်ဖို့ ခေါင်းခါငြင်းခဲ့တာပဲ... ။

အခုတော့...

မယုံမရှိနဲ့အစ်ကိုလင်း... ဒီကောင် လက်တွေ့ကြီးကို ခံရပြီဗျ... ။

အမေရိကန်ရုပ်ရှင်မင်းသမီးလေး၊ ဥရောပသူ၊ ပပဝတီတွေရဲ့ ချောတယ် လှတယ်ဆိုတာတော့... ကျွန်တော် မြင်ဖူးတာမဟုတ်လို့ မသိဘူးပေါ့ဗျာ... အဲဒီစာအုပ်ထဲက အချောအလှတွေဟာ အခု"သူ"ကို မီပါ့မလားလို့တောင် ကျွန်တော် သံသယဖြစ်ရတယ် အစ်ကိုလင်း... ။

အဲဒီ "သူ"ဟာ ဘယ်သူဆိုတာ အစ်ကိုလင်း သိချင်နေပြီလား... ပြောမယ်... နွေးနွေးမွန်တဲ့... ။

နာမည်လေးက ယဉ်တယ်နော် အစ်ကိုလင်း... လုံးဝ မကလက်ဘူး... မန်းတက္ကသိုလ်မှာ နည်းပြဆရာမလုပ်နေတယ်... ငွေကြေးချမ်းသာပြီးသားပါ.. ဦးလှိုင်ဘွားရဲ့



တူမအရင်းပဲ... ဝါသနာနဲ့စေတနာကြောင့် ဆရာမလုပ်နေတာ... နှင်းဆီနဲ့ညီအစ်မ တစ်ဝမ်းကွဲပေါ့... ။

ခါတိုင်းနေ့တွေ ကျွန်တော် ဝိတောက်မြိုင်အိမ်ကြီးကို ရောက်ပေမယ့်... ကြားရက် ကျောင်းတက်ရက်တွေမို့ အဲဒီ နွေးနွေးမွန်ကို တစ်ခါမှ မမြင်ဖူးဘူး... နှင်းဆီကလည်း သူမှာ အစ်မရှိတဲ့အကြောင်း ပြောမပြဖူးဘူး... နှင်းဆီက အဲဒီ နွေးနွေးမွန်နဲ့ ကျွန်တော် တွေ့သွားမှာစိုးလို့ကို... ဟောလီးဒေးရက်တွေမှာ မလာနဲ့လို့ တားဖြစ်ထားတယ်လို့ ထင်ရတာပဲ အစ်ကိုလင်း... ။

အဲဒါပါပဲ အစ်ကိုလင်း... ကျွန်တော် အဖို့တော့ နွေးနွေးမွန်ကို တစ်ခါတွေ့ တစ်သက်မမေ့နိုင်ဖြစ်နေပြီ... ကျွန်တော် နွေးနွေးမွန်ကို ချဉ်းကပ်မယ် အစ်ကိုလင်း... ခါတိုင်းလိုးစံပုံစံမဟုတ်ဘူး... တကယ့်ကို လက်ထပ်ရယူချင်တာမျိုး...။

အဲဒါ အစ်ကိုလင်းကို အစ်ကိုကြီး အဖအရာမှာ တင်ကြိုပြောထားတာ... ဒီကြားထဲမှာတော့ နွေးနွေးမွန်ကို ကျွန်တော် မင်းကုသ ရွှဲ... မာဒဂံရွှဲမျိုးတွေနဲ့ ရွတ်ချဉ်းကပ်မှာ... ။

တကယ်တော့ ရင်ထဲမှာရှိတဲ့ နှလုံးသားအချစ်ဆိုတာ... ငှက်ကောင်တစ်ကောင်ပဲ အစ်ကိုလင်း... သူငှက်နေတဲ့ အချိန် မျှားယူလည်း မရဘူး... ကွန်နဲ့အုပ်ဖမ်းလည်း မရဘူး... ။

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်တော့်အဖို့... မိန်းမဆိုတာ ထမင်းစားရေသောက် လောက်သဘောထားခဲ့ရာက နွေးနွေးမွန်ကျတော့...နှလုံးသားငှက်ကောင်ဟာ ဘွားခနဲပေါ်လာတာမျိုးဗျ... ။*

*နွေးနွေးမွန်ကို ကျွန်တော် ရအောင်ကြိုးစားမယ်... မြိမ့်မြိမ့်သိလက်ထပ်ယူ မင်္ဂလာဆောင်ယူမယ်... ။*

*အဲဒါ ကျွန်တော့်ရဲ့ သံမဏိဆုံးဖြတ်ချက်ပဲ အစ်ကိုလင်းကြီးရေ... ။*

*ညီ-ဝေမင်း*

နွေးနွေးမွန်သည် တစ်ရွက်ဖတ်ပြီးလေတိုင်း... မင်းမင်းကိုပါ ပေးဖတ်လေသည်။ အားလုံးစာရွက်တွေ ဖတ်ပြီးသွားပါ၏။ နွေးနွေးမွန်၏ မျက်နှာတွင် စာဖတ်ပြီးသော်လည်း ထူးခြားသောအရိပ်အရောင် စိုးစဉ်းမျှ ပေါ်မလာပေ။

မင်းမင်းပါ အားလုံးဖတ်ပြီးသောအခါ စာရွက်တွေကို အစဉ်လိုက်ထပ်ပြီး သူ့ခေါက်ရိုးအတိုင်းခေါက်ကာ ကိုဝေလင်းအား ပြန်ပေးသည်။

ကိုကြီးမြင့်နှင့် ကိုဝေလင်းက ဤစာကို နွေးနွေးမွန် ဖတ်ပြီးသွားပြီမို့ နွေးနွေးမွန်က တစ်ခုခုပြောလေမလားဟု မျှော်လင့်နားစွင့်ထားမိကြသည်။

ဘာမှ နွေးနွေးမွန်ထံမှ ထွက်မလာလေမှ ကိုဝေ



လင်းက စကားဆက်ပြောသည်။

"ဒီစာဟာ ညီဝေမင်းဆီက ကျွန်တော့်ဆီကို နောက်ဆုံးလာတဲ့စာပဲ... ဒီနောက် ခုချိန်ထိ သူ့ဆီက ဘာစာမှ မလာဘူး... ဒီကောင် မနွေးနွေးမွန်ကို ချဉ်းကပ်ဖို့ ကြိုးစားနေလို့... အစ်ကိုဆီကိုတောင် စာမရေးတာဘဲ ထင်ပါရဲ့ ဆိုပြီး ဒီအတိုင်းနေနေလိုက်တယ်... နှစ်လကြာတဲ့အထိ... ကျွန်တော့်ဆီကို ဖုန်းလည်းမဆက်... စာလည်းမပေးဆိုတော့... ကျွန်တော် စိတ်ထဲမှာ သို့လော သို့လောနဲ့ သိပ်မသက်မသာချင်တော့ဘူး... မန္တလေး သူ့ဆေးခန်းကို ကျွန်တော် သုံးလေးရက်ဆက်တိုက် အကြိမ်ပေါင်းအများကြီး ဖုန်းဆက်ခေါ်တယ်... ဖုန်းက ခေါ်ပေမဲ့ ကိုင်မယ့်သူမရှိဘူး... ကျွန်တော် စိတ်ပူလာတယ်... ဒါကြောင့် ကျွန်တော် မန္တလေးကို လိုက်လာတယ်... သူ့ဆေးခန်းကို သော့ပိတ်ထားတာတွေ့ရတယ်... သူ့အနီးအနားက လူတွေ မေးကြည့်တော့... ဒေါက်တာဝေမင်းဟာ ခရီးပဲထွက်သွားသလိုလို... ဒီဆေးခန်းက လူနာသိပ်မရလို့ တခြားမြို့မှာသွားပြီး ဆေးခန်းဖွင့်သလိုလို စကားတွေကြားရတယ်... အဲဒီစကားတွေ ကျွန်တော် တစ်ခုမှမယုံဘူး... ဘာဖြစ်လို့လဲ ဆိုတော့ ခရီးရက်ရှည်ထွက်သွားရင်လည်း ကျွန်တော့်ဆီ စာရေးအကြောင်းကြားမှာပဲ... ဒို့ပြင် မြို့မှာ ဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖွင့်တယ်ဆိုလည်း… ကျွန်တော့်ဆီကို အကြောင်းကြားမှာပဲ… ညီဝေမင်းဟာ သာမန်ဘာမှမထူးခြားတဲ့ အခြေအနေမှာ ကျွန်တော့်ဆီကို စာဖြစ်စေ… ဖုန်းဖြစ်စေ မဆက်သွယ်ဘဲ နေတာပေမဲ့… သူ့မှာ အပြောင်းအလဲကြီးကြီးမားမားဖြစ်လာရင် အစ်ကို့ဆီကို အကြောင်းမကြားဘဲ ဘယ်တုန်းကမှ မနေခဲ့ဘူး… တစ်လောကလုံးမှာ… ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာ…

“နောက်တစ်ချက်က… ဆေးခန်းလူနာမရလို့ တခြားပြောင်းသွားတယ်ဆိုတာကသာပြီး မဖြစ်နိုင်သေးတယ်… ဒီကောင့်မှာ ငွေရေး ကြေးရေး ဂရုစိုက်ထည့်တွက်နေစရာမှ မလိုတာ… ကျွန်တော်အမွေခွဲပေးပါဆိုရင်… သူ့အတွက် သိန်းငါးရာအထက်မှာပဲ ရနိုင်နေတာပဲ… အခုလည်း… ညီအစ်ကိုနှစ်ယောက်တည်း နှစ်ယောက်လုံးအိမ်ထောင်မယူကြသေးတော့ အမွေခွဲဖို့ လုံးဝစိတ်မကူးသေးဘူး… သူဘယ်နှစ်သိန်းလိုသလဲ ကျွန်တော်က ပေးဖို့အဆင်သင့်ပဲ… ဒီတော့… ဒီကောင် ငွေရေး ကြေးရေးကြောင့်တော့ တခြားပြောင်းစရာ လုံးဝမရှိဘူး…

“ဒါကြောင့်… သတင်းအခိုင်အမာရအောင် ကိုကြီးမြင့်နဲ့အတူ… မနွေးနွေးမွန်ကို ပိတောက်မြိုင်ရိပ်မြုံအိမ်ကြီးကို လာမေးမြန်းစုံစမ်းတာ… မနွေးနွေးမွန် မှတ်မိမှာပါ…



ဒီကောင်က… အဲဒီပိတောက်မြိုင်အိမ်ကြီးကို သိပ်အသွားအလာများခဲ့တဲ့အကြောင်း သူ့စာထဲမှာပါတယ်လေ…

“ကျွန်တော်နဲ့ ကိုကြီးမြင့် လာကြတော့… ပိတောက်မြိုင်အိမ်ကြီးမှာ ဦးလှိုင်ဘွားရော… ဒေါ်နီမာရော… နှင်းဆီရော… မနွေးနွေးမွန်ရော ရှိနေကြတာပဲ… ဦးလှိုင်ဘွားကိုယ်တိုင်က ဒေါက်တာဝေမင်းဟာ ဒီအိမ်ကြီးကို ခဏခဏလာတယ်ဆိုတာတော့ ဟုတ်ပါတယ်… ဒါပေမဲ့… အခုတလော ဘယ်ကိုအဆက်ကျနေသလဲ မသိဘူး… ဒီအိမ်ကြီးကို မလာတာ တစ်လကျော်သွားပြီလို့ ပြောခဲ့သေးတာပဲ… ကျွန်တော် ပြောတာဟုတ်ပါရဲ့လား မနွေးနွေးမွန်… ”

နွေးနွေးမွန်က ခေါင်းညိတ်ပြလိုက်သည်။

“အဲဒီတုန်းက မနွေးနွေးမွန်က ဘာတစ်ခွန်းမှမပြောပေမယ့်… နှင်းဆီက ဝင်ပြီး… ကျွန်တော်နဲ့ကြီးမြင့်ကို ရိုင်းရိုင်းစိုင်းစိုင်းစကားတွေ ပြောခဲ့သေးတယ်… ဒေါက်တာဝေမင်းဟာ တော်သလင်းခွေးလိုပဲ… ခွေးမနောက်ကို အမြဲတန်းနံ့နံ့ တကောက်ကောက်လိုက်တဲ့လူပဲ… အခုလည်း… ဘယ်ခွေးမနောက်ကို လိုက်မှန်းမသိဘဲ ပျောက်နေတာဖြစ်မှာပေါ့တဲ့…

“ကျွန်တော် နှင်းဆီကို ဗွေမယူပါဘူး… အဲဒါကလည်း

www.burmeseclassic.com



ငယ်သေးတယ်... ညီဝေမင်း ကိုယ်တိုင်က နှင်းဆီအ
မှာ မခံမရပ်နိုင်ရလောက်တာမျိုး လုပ်တာဆိုတော့
နှင်းဆီကို ကျွန်တော် ခွင့်လွှတ်ပါတယ်... သူ့ခမျာ ခံ
စိတ်နဲ့ ဒီလိုပြောတာလို့ပဲ ယူမှတ်လိုက်ပါတယ်...

"ကျွန်တော် ဆက်ရှင်းပြမယ် မနွေးနွေးမွန်... ညီဝေ
ဟာ မိန်းမကိစ္စရှုပ်တယ်... အကျင့်မကောင်းဘူးဆို
မယ့်... သူ ကောင်းတာပဲလုပ်လုပ်... မကောင်းတာ
လုပ်လုပ်... အစ်ကိုဖြစ်တဲ့ ကျွန်တော့်ဆီကို အကြော
ကြားလေ့ရှိပါတယ်... တစ်ခါတလေ အစ်ကိုဖြစ်တဲ့
တော့်ကို သူ့ဂါရဝစိတ်ထားနဲ့ အပြောရခက်တဲ့စကား
ဆိုရင်တောင် သူ့အင်မတန်ချစ်ခင်တဲ့ သူ့သူငယ်ချ
ကိုအတိုးကိုပြောပြပြီး ကျွန်တော့်ကို ကိုဘတိုးက တစ်
ပြောစေပါတယ်... အခုတော့... ညီဝေမင်း ပျောက်သ
ပုံက သိပ်ဆန်းနေတယ်... သိပ်မသင်္ကာစရာကြီးဖြစ်
တယ်... သူ ငွေအပ်တဲ့ဘဏ်ကိုသွားပြီး မန်နေဂျာဆီ
ခွင့်တောင်းပြီး ညီဝေမင်းရဲ့ ဘဏ်အပ်ဘဏ်ထုတ်
စာရင်းကို ကျွန်တော် ကြည့်ရှုခွင့်ရပါတယ်... ညီဝေ
အိမ်ကသွားတုန်းက ငွေသိန်းနှစ်ဆယ်... ဒီမှာလေးဘ
မှာ သူ့ငွေ ဆယ့်ငါးသိန်းတောင် ကျန်သေးတယ်... မနွေ
ဆေးခန်းဖွားလို့ စမေ့ပေးတာရော... လခပေးတာရော



သုံးစွဲဖို့ရောဆိုရင် ငွေဟာ ဒီလောက်အများကြီးလျော့သင့်
နေပေမဲ့... ဘဏ်ငွေအများကြီး မလျော့တာဟာ သူ
မထုတ်ဘဲ... အကြာကြီးနေလို့မလျော့တာဘဲလို့ တွက်လို့
ရတယ်... "

မင်းမင်း ဝင်ရောက်မေးမြန်းလိုက်ပါ၏။

"သူ့ဆေးခန်းက နေ့စဉ်ရတဲ့လူနာတွေဆီက ဝင်ငွေနဲ့ လုံ
လောက်နေလို့ ဘဏ်ကငွေမထုတ်တာကော မဖြစ်နိုင်ဘူး
လား အစ်ကိုဝေလင်း... "

"ဒါကို အစ်ကိုစုံစမ်းပြီးပြီလေ... သူ့ဆေးခန်းမှာ လူနာ
အလာနည်းတယ်ဆိုတာ အနီးအနားချင်းတွေက ပြော
လိုက်ပြီပဲ... ဒီကောင် လူနာဆီကရတဲ့ငွေနဲ့ ဘယ်လောက်
မလဲ... နောက်ပြီး... ညီဝေမင်းအကြောင်း အစ်ကိုက
ခတ်သိလေ... တစ်နေ့ကို ငါးသုံးလုံးစီးကရက် တစ်ဘူး
ကုန်တယ်... ထမင်းစားကာနီးဖြစ်ဖြစ်... နေ့ခင်းပွဲအိုက်တဲ့
အခါဖြစ်ဖြစ် ဘီယာအအေးဘူးကို သောက်တယ်... ထမင်း
စားပြီဆိုလည်း တကယ့်ဆိုင်ကြီးတွေ ဟိုတယ်ကြီးတွေမှာ
စားတယ်... သူ့လူနာရဲ့ဝင်ငွေဆိုတာလောက်ကတော့...
ညီဝေမင်းအတွက် ဆင်ပါးစပ် နှမ်းပက်လောက်ရှိသလို
မှာပါ... နောက်ပြီး... ဘဏ်မှာ ငွေမထုတ်တာ အစ်ကို့ဆီ
စာအရှည်ကြီးရေးပြီးတဲ့နောက်ပိုင်း နှစ်လကျော်လောက်

ဘဏ်က ငွေလုံးဝမထုတ်တာဆိုတော့… အများကြီးစဉ်းစားစရာပေါ့ မင်းမင်း… ”

မင်းမင်း ကိုယ်တိုင် ဒေါက်တာဝေမင်း ပျောက်နေမှုကို စိတ်ဝင်စားမိသောကြောင့် သူစိတ်ထဲမေးချင်သည်ကို မေးလိုက်သည်။

“ဒေါက်တာကိုဝေမင်း… မန္တလေးမှာစီးဖို့ ကိုယ်ပိုင်ကားရှိလား အစ်ကို… ”

“ရှိတယ် မင်းမင်း… ညီဝေမင်းက မော်တော်ကားကို တစ်စီးပြီး တစ်စီး အလိုက်ပေးလဲတာပဲ… အလိုက်ယူလဲတာလည်း လုပ်ချင်တာလုပ်နေတာ… နောက်ဆုံး သူမန္တလေးကိုသွားကာနီးမှာ တစ်ယောက်တည်းသမားမို့ ကားသေးသေးပဲ စီးမယ်ဆိုပြီး ၄/က တီကိုကားအနီလေးတစ်စီးကို ဝယ်လိုက်တယ်… အဲဒီ ၄/က တီကိုကားလေးဟာ သူ့နောက်ဆုံးစီးတဲ့ကားပဲ… ”

“အဲဒီကားကိုကော… သူ့ဆေးခန်းကားဂိုဒေါင်မှာ မတွေ့ဘူးလား အစ်ကို… ”

“အေး… မင်းမင်း ပြောမှ သတိရတယ်… ဟုတ်တယ်… အဲဒီတီကိုကားအနီလေးကို ဆေးခန်းဂိုဒေါင်မှာ မတွေ့တဲ့အပြင် ကားဂိုဒေါင်ကိုတောင် သော့မခတ်ဘဲ ပွင့်လျက်သားတွေ့တယ်… ”



“ဒါဆိုရင်တော့… စဉ်းစားစရာပဲ အစ်ကိုဝေလင်း… ”

“သိပ်ကို စဉ်းစားစရာပေါ့… ငွေဆိုတာ မနက်မိုးလင်း အိပ်ရာကထတဲ့အချိန်ကစပြီး နောက်အိပ်ရာပြန်ဝင်တဲ့အထိ လိုအပ်နေတာပဲ… ညီဝေမင်းဆို ပိုဆိုးသေးတယ်… အမြဲတမ်း ,အသုံးအစွဲလက်ဖွာတဲ့လူပဲ… အဲဒီလိုလူက… ဘဏ်က နှစ်လနီးပါးအထိ ငွေထပ်ပြီး လုံးဝမထုတ်ဘူးဆိုတော့ သိပ်ကို စဉ်းစားစရာပေါ့… ”

ကိုဝေလင်းပြောနေပုံမှာ နှုတ်က မထွက်ရက်လို့သာ မထွက်တာ။ သူပြောချင်သည့်အဓိပ္ပာယ်မှာ ဒီနှစ်လအတွင်းမှာ သူ့ညီဒေါက်တာဝေမင်း သေသွားသောကြောင့် ဘဏ်ငွေမထုတ်တော့တာဟု ယူဆပုံရသည်။

“အစ်ကိုဝေလင်းက ရဲစခန်းမှာ ဒေါက်တာဝေမင်း ပျောက်ဆုံးနေကြောင်း အမှုဖွင့်မတိုင်ကြားထားဘူးလားဟင်…”

“မတိုင်သေးဘူး မင်းမင်း… ကိုယ့်ဟာကိုယ်ပဲ ညီဝေမင်းကို လိုက်ရှာနေတယ်… လူပျောက်တိုင်တယ်ဆိုတာက အရွယ်မရောက်သေးတဲ့ ကလေးငယ်… နောက်ပြီး… စိတ်မနှံ့တဲ့သူ… အပျိုရွယ်ငယ်ငယ်တွေ ပျောက်လို့တိုင်ရင် လူကြားလို့ မြင်လို့ ကောင်းတယ်… ဆရာဝန်တစ်ယောက်လုံးဖြစ်ပြီး… အသက်သုံးဆယ်နားရောက်နေတဲ့ ညီဝေမင်းအတွက် သိက္ခာကျမယ်… ဒါကြောင့်… ရဲစခန်းမှာ မတိုင်

www.burmeseclassic.com



သေးတာ... ဒါပေမယ့်... နောက်ဆုံးဘယ်လိုမှ ကိုယ့်ဟာ
ကိုယ် ရှာမတွေ့တော့ဘူးဆိုရင်တော့ လူပျောက်ရဲစခန်း
မှာ တိုင်ရမှာပဲ... ”

“အင်း... ဒီကဏ္ဍမှာတော့ အန်ကယ်ဝင်ပြီး ဆွေးနွေးသ
ပြီ... ”

ဟု တစ်ချိန်လုံး ပြောသမျှ ငြိမ်နားထောင်နေသေ
ဝတ်လုံတော်ရ ဦးထိန်လင်းက ဝင်ပြောလာပါ၏။

“ပြောပါ အန်ကယ်... ဒီကိစ္စတွေမှာ အန်ကယ်က အခ
အကျဆုံးပုဂ္ဂိုလ်ပါ... အန်ကယ် ပြောသမျှ ကျွန်တော်
စိတ်ဝင်စားပါတယ်... ”

“ပြောရရင်... ဒီပိတောက်မြိုင်အိမ်ကြီးမှာ နွေးနွေး
အဖေ မကွယ်လွန်မီအချိန်တုန်းက... နွေးနွေးမွန်ရဲ့အ
နဲ့ အန်ကယ်ဟာ ညီအစ်ကိုလိုလည်း ခင်တယ်... စစ်ဘု
ထိုးတာလည်း ဝါသနာကြီးတာချင်းတူတာမို့ မကြာ
ဒီအိမ်ကြီးမှာ အန်ကယ်တို့ စစ်ဘုရင်ထိုးကြတယ်...မြ
စစ်ဘုရင်ပါ... အန်ကယ့်အတွက် ပိတောက်မြိုင်အိမ်
ဟာ... စားအိမ်သောက်အိမ် အပန်းဖြေအိမ်ကြီး
လေ... အဲဒီတုန်းက... နွေးနွေးမွန်က ငယ်သေးတ
တက္ကသိုလ်စပြီးရောက်စပဲရှိသေးတယ် ထင်ပါရဲ့နော်

နွေးနွေးမွန်က ခေါင်းညိတ်ပြပြန်သည်။



“သမီးနွေးနွေးမွန်ရဲ့ ဖေဖေဆုံးသွားပြီးတဲ့နောက်... သိပ်
မကြာခင်မှာဘဲ ပိတောက်မြိုင်အိမ်ကြီးက သိပ်ကြီး... မြို့ကြီး
ကသိပ်ကျယ်နဲ့ သမီးနွေးနွေးမွန်တစ်ယောက်တည်း ဖြစ်
နေတယ်... ဒရိုင်ဘာမောင်သက်နဲ့ မာလီကုလားလေး
ဂန်ဂယားကတော့ သမီးဖေဖေ လက်ထက်ကတည်းက
လူဟောင်းတွေပဲ... သမီးနွေးနွေးမွန်က တက္ကသိုလ်
ကျောင်းသူဘဝ ငယ်သေးတယ်...စောင့်ရှောက်ပေးရမယ်
ဆိုပြီး ဦးလှိုင်ဘွား မိသားစုက အမရပူရကနေပြီး...
ပိတောက်မြိုင်အိမ်ကြီးကို ပြောင်းလာတယ်... ဒါကို...
သမီးနွေးနွေးမွန်ကလည်း လိုလားတယ်... အမွေထိန်း
ဖြစ်တဲ့ အန်ကယ်ကလည်း သမီးနွေးနွေးမွန်အတွက်
ပိုသင့်တော်တယ်ဆိုပြီး သဘောတူလိုက်တယ်... ဦးလှိုင်
ဘွားတို့မိသားစု ပိတောက်မြိုင်အိမ်ကြီးကို ပြောင်းရွှေ့
ရောက်လာကာစကတော့... အန်ကယ့်သမီးရဲ့ပိတောက်
မြိုင်အိမ်ကြီးကို အရင်သမီးဖေဖေရှိတုန်းကလိုပဲ ဝင်ထွက်
သေးတယ်... ဒါပေမဲ့... အန်ကယ့်စိတ်ထဲမှာ ဘဝင်မကျ
လှဘူး... ဦးလှိုင်ဘွားက ခြံတံခါးဝမှာ ကင်းတဲဆောက်ပြီး
ဦးဝေလကို အစောင့်ခန့်ထားတာ... အိမ်နောက်ဖေး
ဂိုဒေါင်ကြီးမှာ လူတစ်သိုက်နဲ့ လုပ်ကိုင်နေတာတွေ တွေ့ရ
တယ်... ဒါနဲ့အတွင်းကျကျ အန်ကယ်စုံစမ်းကြည့်တော့...

www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်ဘွားဟာ အမရပူရမှာ တကယ်လည်း ယက္ကန်းလုပ်ငန်းလုပ်တယ်… ဒါပေမဲ့… တစ်ဘက်ကလည်း အစိုးရဥပဒေနဲ့ဆန့်ကျင်တဲ့ ဒုစရိုက်လုပ်ငန်းတွေလည်း လုပ်နေတယ်လို့ စုံစမ်းသိရှိရတယ်… ဒါကြောင့် ပိတောက်မြိုင်အိမ်ကြီးကို အန်ကယ်မလာတော့ဘဲ သမီးရဲ့အမွေထိန်းတာကိုပဲ ဆောင်ရွက်ပေးတယ်… သမီး အလိုရှိတဲ့ ငွေတို့သမီးလက်မှတ်ထိုးနဲ့ အန်ကယ်ထုတ်ပေးခဲ့တယ်…

"ဒါပေမယ့်… သမီးနွေးနွေးမွန်ရဲ့အဖေဟာ… အန်ကယ်ရဲ့အခင်မင်ဆုံးမိတ်ဆွေသူငယ်ချင်းဖြစ်ခဲ့တာမို့… သံယောဇဉ်ပိုင်းအရ သမီးကို အပြင်ကနေပြီး စောင့်ရှောက်နိုင်ဖို့အတွက် ဒရိုင်ဘာမောင်သက်နဲ့ မာလီကုလားဂန်ဂယားကို ကိုယ့်လူသူ့ဘက်သားဖြစ်အောင် လုပ်ထားတယ်… သူတို့ကို ပေးကမ်းချီးမြှင့်သင့်သလောက် ပေးကမ်းချီးမြှင့်ပြီး… ကိုယ်လူယုံဖြစ်အောင်လုပ်ထားလိုက်တယ်… သူတို့နှစ်ယောက်ကို ပေးကမ်းချီးမြှင့်တာ အန်ကယ့်ရဲ့ငွေနဲ့ပေးတာ… သမီးအမွေထဲက တစ်ပြားမှ မထိဘူး… ဒရိုင်ဘာမောင်သက်နဲ့ ဂန်ဂယားကိုယ်တိုင်ကလည်း… ဦးလှိုင်ဘွားနဲ့ သူ့အုပ်စုကို ရွံကြောက်ကြီးဖြစ်နေကြတော့… အန်ကယ့်ကို လွယ်လွယ်နဲ့ပူးပေါင်းပါတယ်… ဒရိုင်ဘာမောင်သက်က ပိတောက်မြိုင်အိမ်ကြီးမှာ သမီးနွေးနွေးမွန်မှာ



ထူးထူးခြားခြားဖြစ်လာတာမှန်သရွေ့ အန်ကယ့်ဆီကို အပြင်ဖုန်းနဲ့ဆက်ပြီး သတင်းပေးတယ်… ဂန်ဂယားကတော့… ဒီလောက်မစွမ်းဆောင်နိုင်ပါဘူး…

"အေး… ပြောလက်စနဲ့ အားလုံးပြောပြမယ်… ပြီးခဲ့တဲ့နှစ်ဒီဇင်ဘာမှာ သမီးနွေးနွေးမွန် အသက်နှစ်ဆယ့်လေးနှစ်ပြည့်ခဲ့တယ်… ဒီနှစ် မတ်လပိုင်းမှာ ဦးလှိုင်ဘွားက သီဟဆိုတဲ့လူကို သူ့လုပ်ငန်းမှာ အလုပ်ခန့်လိုက်တယ်ဆိုတဲ့အကြောင်း ဒရိုင်ဘာမောင်သက်က အန်ကယ့်ဆီ ဖုန်းသတင်းပေးတယ်… ပြီး… ကိုသီဟကို ဦးလှိုင်ဘွား အလုပ်ခန့်ပုံဟာ တစ်မျိုးထူးဆန်းနေတယ်တဲ့… ဒီပြင်… အလုပ်သမားတွေကို ဆက်ဆံပုံ ဆက်ဆံနည်းမျိုးမဟုတ်ဘဲ… ကိုသီဟကို သိပ်အရေးပေးတယ်တဲ့… ဦးလှိုင်ဘွားရဲ့သမီးနှင်းဆီနဲ့တောင် အတူသွားအတူလာအထိ ဦးလှိုင်ဘွားနဲ့ဒေါ်နီမာက လိုက်လျောခွင့်ပြုထားတယ်တဲ့… ဦးလှိုင်ဘွားလင်မယားက အထူးသိပ်ပြီး အခွင့်အရေးပေးထားတဲ့အတွက် အန်ကယ်ကလည်း… အဲဒီမောင်သီဟဆိုတဲ့လူကို တိတ်တဆိတ် မြင်ဖူးအောင်သေချာကြည့် မှတ်သားထားရတယ်…

"အဲ… နောက်ထပ်သတင်းထူးလည်း မောင်သက်ပဲ အန်ကယ့်ကို သတင်းပေးတယ်… လွန်ခဲ့တဲ့လေးငါးလ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကစပြီး... နှင်းဆီဟာ ဒေါက်တာဝေမင်းကို ပီတောက်မြိုင်အိမ်ကြီးကို ခေါ်လာမလေ့ရှိတယ်တဲ့... ရုံး ပိတ်ရက်မဟုတ်တဲ့ ကြားရက်တွေမှာ နေ့ခင်းမွန်းတည့် လောက်မှာ ဒေါက်တာဝေမင်းလာပြီး... မွန်းလွဲနှစ်နာရီ မှာ ပြန်လေ့ရှိတယ်တဲ့...

"အဲ... နောက်တစ်ခါ လွန်ခဲ့တဲ့တစ်လခွဲသာသာ... နှစ်လ လောက်က ကိုသက်က ထပ်ပြီး သတင်းပေးပြန်တယ်... အဲဒီနေ့က ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ ကိုသီဟဟာ အမရပူရ ယက္ကန်းရုံက ပြန်နေကျအချိန် မဟုတ်ဘဲ... အချိန်စောပြီး ပြန်လာတယ်တဲ့... အဲဒီပြန်လာချိန်မှာ ကိုသက်က ကား မောင်းပြီး ခြံကြီးထဲဝင်လာတော့... ပီတောက်မြိုင်တိုက် အိမ်ကြီးရဲ့ပေါ်တီကိုမှာ တီကိုကားအနီလေးရပ်ထားတာ တွေ့ကယ်တဲ့... အဲဒီကားအနီလေးနောက်မှာ မောင်သက် က ကားရပ်ပေးလိုက်တာနဲ့ ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ ကိုသီဟတို့ဟာ ကမန်းကတန်းကားပေါ်ကဆင်းပြီး... အိမ်ကြီးထဲ ပြေးဝင်သွားကြတယ်တဲ့... မောင်သက်က ကားနီလေးဘေးပတ်ကျော်ပြီး ဂိုဒေါင်မှာကားသွားထား ပြီးတဲ့နောက်... ဂိုဒေါင်တန်းလျားအပေါ်ထပ် သူ့အခန်းမှာ ပဲ အနားယူဆေးလိပ်ဖွာနေတုန်းမှာပဲ... ပီတောက်မြိုင် အိမ်ကြီးဆီက သေနတ်သံကြားလိုက်တယ်တဲ့... အဲဒီ



နောက် ဘာသံမှမကြားရဘဲ ငြိမ်သွားတယ်တဲ့... တစ် အောင့်လောက်ကြာတော့... ကိုသီဟက အိမ်ကြီးပေါ်က ဆင်းလာပြီး ဒရိုင်ဘာမောင်သက်ကို ဘီယာခြောက်ဘူး သွားဝယ်ခိုင်းတယ်... မောင်သက်က ကြံ့ရာဘတ်(စ်)ကား နဲ့ မြို့ထဲသွားပြီး ဘီယာခြောက်ဘူးဝယ်ပြီး ပြန်လာတော့ အိမ်ကြီးရဲပေါ်တီကိုအောက်မှာ တီကိုကားအနီ လးကို မတွေ့ရတော့ဘူးတဲ့...

"တစ်ခါ... အဲဒီနေ့ညပိုင်းမှာပဲ ပူလွန်း အိုက်လွန်းလို့... မောင်သက်က အခန်းထဲ အိပ်မရတာနဲ့ တန်းလျားအပြင် ဝရံတာမှာ ထွက်ရပ်တော့... အိမ်ကြီးရဲ့နောက်ဘက် ဂို ဒေါင်ကြီးနားမှာ လှုပ်ရှားသံတွေကြားလို့ ချောင်းကြည့် တာ... လူသုံးယောက်က ဂိုဒေါင်နဲ့မလှမ်းမကမ်းဘေးမှာ ကုန်းကွ၊ ကုန်းကွနဲ့ လုပ်နေကြတာကို တွေ့တယ်တဲ့... ဒီဂိုဒေါင်ကြီးဘက်မှာ ညကျရင် ဦးလှိုင်ဘွားက သူ့လူတွေ နဲ့ အလုပ်လုပ်နေကျဆိုတော့... အခု ကုန်းကွသုံးယောက် ဟာလည်း မဆန်းပါဘူး... ဦးလှိုင်ဘွားတပည့်တွေ တစ်ခုခု လုပ်နေတာဖြစ်မှာပေါ့ဆိုပြီး သူ့အခန်းပြန်ဝင်အိပ်လိုက် တယ်တဲ့...

"အန်ကယ့်အနေနဲ့ကတော့... ဒရိုင်ဘာမောင်သက်ပေးတဲ့ သတင်းမှန်သမျှ သူ့ရက်စွဲအတိုင်း မှတ်သားထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာကလွဲပြီး တခြားဘာမှဆက်မတွေးဘဲ အေးအေးပဲ နေလိုက်တာပဲ… ဒရိုင်ဘာကိုသက် ပေးသမျှသတင်းထဲမှာ သမီးနွေးနွေးမွန်ရဲ့အကြောင်း မပါသေးတော့… ကိုယ့်ဟာကိုယ် အေးအေးနေတဲ့သဘောပေါ့လေ…

"ဒရိုင်ဘာမောင်သက် သတင်းပေးပြီးနောက်ထပ်တစ်လ ခွဲလောက်မှာ… မောင်ကြီးမြင့်နဲ့မောင်ဝေလင်း အန်ကယ့် ဆီရောက်လာပြီး မောင်ဝေလင်းရဲ့ညီတော်မောင် ဒေါက်တာမောင်ဝေမင်း လွန်ခဲ့တဲ့တစ်လခွဲ နှစ်လလောက်က တည်းက ဘာသတင်းမှမရအောင် မန္တလေးမှာ ပျောက်ဆုံးနေပါတယ်လို့ ပြောတယ်… ဒေါက်တာမောင်ဝေမင်းဟာ ဆရာဝန်ဘွဲ့ရပြီးတာနဲ့ မန္တလေးကို ပြောင်းရွှေ့ပြီး ဆေးခန်းလာဖွင့်တာပါတဲ့… အခု ဒေါက်တာဝေမင်း ပျောက်ဆုံးသွားတယ်တဲ့… အန်ကယ်က မန္တလေးမှာ ကျွမ်းကျင်တဲ့ ဥပဒေအကြံပေးတော်သား ဝတ်လုံတော်ရတစ်ဦးမို့ ရဲကို ဒေါက်တာဝေမင်း ပျောက်ဆုံးမှုမတိုင်ကြားခင် အန်ကယ့်ဆီလာပြီး အကူအညီတောင်းတာပါတဲ့… ကြိုက်သလောက် အခကြေးငွေပေးမယ်လို့လည်း ပြောပါတယ်… ဒါပေမယ့်… မောင်ဝေလင်း အပ်တဲ့ အမှုကို အန်ကယ် လက်မခံခဲ့ပါဘူး… အန်ကယ့်အဖို့ နွေးနွေးကိစ္စပြီးတာနဲ့ အလုပ်က အနားယူတော့မှာမို့ပဲ… "



"ဟုတ်ပါတယ် အန်ကယ်… ကျွန်တော် အပ်တဲ့အမှုကို အန်ကယ်လက်မခံခဲ့တော့… ကျွန်တော်က ဟောဒီကြီးမြင့်ကို မန္တလေးမှာထားခဲ့ပြီး… ညီတော်မောင် ဒေါက်တာဝေမင်းရဲ့ကိစ္စကို ဆက်စုံစမ်းပေးခိုင်းပါတယ်… ကျွန်တော်က ရန်ကုန်မှာ အလုပ်တွေအရမ်းများတာမို့… ကြီးမြင့်ကိုပဲ အပ်ခဲ့ပြီး ရန်ကုန်ကို ပြန်ခဲ့တယ်… "

ဒေါက်တာဝေမင်း၏အစ်ကို ကိုဝေလင်းက ရှင်းပြီးနောက် ဝတ်လုံတော်ရဦးထိန်လင်းက ဆက်ရှင်းပြန်သည်။

"အင်း… အန်ကယ့်ကို မောင်ဝေလင်းက သူ့ညီဒေါက်တာဝေမင်း ပျောက်ဆုံးမှုအပ်တာကို အန်ကယ်ငြင်းလိုက်ပေမယ့်… အန်ကယ့်ရဲ့ ဉာဏ်နဲ့ဝါသနာပဲဆိုပါတော့… အန်ကယ့်ရဲ့ဦးနှောက်က မောင်ဝေလင်းပြောသွားတဲ့ ပျောက်ဆုံးသွားတဲ့ ဒေါက်တာဝေမင်းနဲ့ ပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးနဲ့ ဆက်စပ်မှုတွေကို တွေးကြည့်မိတယ်… ပိတောက်မြိုင်အိမ်ကြီးက ဒရိုင်ဘာမောင်သက်ပေးတဲ့ သတင်းထဲမှာ အဲဒီအိမ်ကြီးက နှင်းဆီဆိုတဲ့ကောင်မလေးဟာ ဒေါက်တာဝေမင်းနဲ့တွဲပြီး ပိတောက်မြိုင်အိမ်ကြီးကို ခဏခဏလာတတ်တယ်ဆိုတာရယ်…

"နောက်တစ်ခုက တစ်နေ့မှာ… အမရပူရက ဒရိုင်ဘာမောင်သက် ပြန်လာတော့… ပိတောက်မြိုင်အိမ်ကြီးရဲ့

www.burmeseclassic.com



မှာ တီကိုကားအနီလေးရပ်ထားတာတွေကတယ်ဆိုတာရယ်...

"နောက်ပြီး... ပိတောက်မြိုင်အိမ်ကြီးပေါ်က သေနတ်သံနှစ်ချက်လိုလို ကြားလိုက်ကြားရတယ်ဆိုတာရယ်...

"အဲဒီနောက်... ပိတောက်မြိုင်အိမ်ကြီးပေါ်က မောင်သီဟဆင်းလာပြီး ဒရိုင်ဘာမောင်သက်ကို မြို့ထဲစေလွှတ်ပြီး... ဘီယာဘူးတွေ ဝယ်ခိုင်းတယ်ဆိုတာရယ်...

"ဒရိုင်ဘာမောင်သက် ဘီယာဘူးတွေ ဝယ်လာပြီး... ပိတောက်မြိုင်အိမ်ကြီး ပြန်ရောက်လာတော့... ရပ်ထားတဲ့ တီကိုကားအနီလေးဟာ သူနေရာမှာ မရှိတော့တာရယ်...

"အဲဒီ 'ရယ်'တွေ အားလုံးပေါင်းစပ်ကြည့်တော့... ဒေါက်တာဝေမင်း ပျောက်ဆုံးနေမှုနဲ့ အဲဒါတွေဟာ ဆက်စပ်မှုရှိနေသလားဆိုတာ... အန်ကယ် တွေးကြည့်မိပြန်တယ်... ဒါပေမယ့်... ဒါ ဒေါက်တာဝေမင်းအမှုကို ငါလက်ခံလိုက်တာမှ မဟုတ်တာ... ကိုယ့်ဟာကိုယ် အေးအေးနေတာကောင်းပါတယ်ဆိုပြီး ဖာသိဖာသာနေလိုက်တယ်...

"ဒါပေမယ့်... "

ဝတ်လုံတော်ရကြီး ဦးထိန်လင်းက ဆက်ပြောပြပါ၏။



"နွေးနွေးမွန် သူ့မော်တော်ကားနဲ့ ရန်ကုန်ကို ထွက်မသွားခင် သီတင်းတစ်ပတ်လောက်က... ဒရိုင်ဘာမောင်သက်က အန်ကယ့်ဆီ သတင်းပို့ပြန်တယ်...

"ပထမသတင်းက... ပိတောက်မြိုင်အိမ်ကြီးက ကိုသီဟဟာ နွေးနွေးမွန်ရဲ့မော်တော်ကားဘောနက်ကို ဖွင့်ပြီး... ဘရိတ်ဆီတွေ ပလတ်စတစ်ပိုက်နဲ့ စုတ်ယူနေတာတွေ့တယ်ရယ်...

"ဒုတိယသတင်းကတော့... နွေးနွေးမွန် တို့ရဲ့ ပိတောက်မြိုင်ရိပ်ငြိမ်ကြီးမှာ... နွေးနွေးမွန် စန္ဒရားတီးနေတုန်း... သီဟက အပြင်ကနေပြီး အထဲကို သားရေလောက်လေးခွနဲ့ လှမ်းပစ်တာတွေ့တယ်... အဲ... ဒီကိုသီဟရဲ့ လေးခွနဲ့ ပစ်ချလို့ နွေးနွေးမွန် စန္ဒရားတီးနေတဲ့အပေါ်မှာ ချိတ်ထားတဲ့ခေါင်ပုံကြီး ပြုတ်ကျတာ ကံကောင်းလို့... နွေးနွေးမွန်ကို မထိဘဲ လွတ်သွားတယ်ဆိုတဲ့သတင်းပဲ...

"ဒီတော့ အန်ကယ်တွက်ပြီလေ... မောင်သီဟဟာ ဦးလှိုင်ဘွား မြှောက်စားအရေးပေးထားတဲ့ လက်သတ်မွေးတမည့်က နွေးနွေးမွန်ကို အသက်အန္တရာယ်ပြုပြီး... ဒီကိစ္စအတွက် နွေးနွေးမွန်နဲ့ခေါ်တွေ့ပြီး ဆွေးနွေးသင့်ပြီဆိုပြီး... ပိတောက်မြိုင်အိမ်ကြီးကို ဖုန်းဆက်ပြီး နွေးနွေးမွန်ကို ခေါ်ပေးပါလို့ဆိုတော့... ဖုန်းကို ဦးလှိုင်ဘွားကပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးမောကြီးနဲ့ ပြန်ပြောတယ်…

“နွေးမွန်… မနေ့ကဘဲ အိမ်က ထွက်သွားတယ်တဲ့… ဘယ်ကိုသွားမယ်ဆိုတာလည်း ပြောမသွားဘူးတဲ့… ဘာလုပ်မယ်ဆိုတာလည်း ပြောမသွားဘူးတဲ့… လူကြီးတွေကို မထီလေးစားလုပ်သွားတယ်လို့ ဦးလှိုင်ဘွားက ပြန်ပြောတယ်…

“အဲဒီတော့… အန်ကယ်က အန်ကယ့်ရဲ့တပည့်တွေကို နွေးနွေးမွန် ဘယ်သွားသလဲဆိုတာ စုံစမ်းတယ်… နွေးနွေးမွန်ဟာ သူ့ကား သူမောင်းပြီး ရန်ကုန်ကို ဆင်းသွားတယ်လို့ သတင်းသိရတယ်… ဒါကြောင့်အန်ကယ်က ပြင်ဦးလွင်မှာနေတဲ့ အန်ကယ့်ရဲ့တူအရင်း မောင်ဘတိုးကို ချက်ချင်းလှမ်းခေါ်ပြီး နွေးနွေးမွန်ရဲ့ဓာတ်ပုံကို ပေးပြလိုက်တယ်… ပြီး… အဲဒီဓာတ်ပုံထဲက နွေးနွေးမွန် ရန်ကုန်ထွက်သွားတဲ့နောက်ကို လိုက်စုံစမ်းစမ်းဆိုပြီး တူတော်မောင်ဘတိုးကို ထပ်လွှတ်လိုက်တယ်… မောင်ဘတိုးက မော်တော်ဆိုင်ကယ်နဲ့ ရန်ကုန် နွေးနွေးမွန်နောက်ကို လိုက်သွားတာပဲ… ”

ဆက်စပ်မှုလေးတွေသည် တစ်ခုနှင့် တစ်ခု ဆက်စပ်လာလေပြီကောဟု မင်းမင်း၏ စိတ်တွင် တွက်မိပါ၏။

ယခုဆိုလျှင်



ကိုကြီးမြင့်က ဘာ…

ကိုဝေလင်းက ဘာဟုလဲ သဲကွဲစွာ သိလာရပေပြီ။ အစ်ကိုဘတိုးကြီးလည်း “ဘာ”ဟု သိရပေပြီ။

အန်ကယ်ဦးထိန်လင်းသည် သူ၏အပေါ် အင်္ကျီအိပ်ထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်ယူလိုက်သည်။

၎င်းဓာတ်ပုံကို နွေးနွေးမွန်အား လှမ်းပေးပြီး အဲဒီလူပုံကို သမီးကြည့်စမ်း ဘယ်သူလဲဆိုကာ…

နွေးနွေးမွန် လှမ်းယူကြည့်သည်။ အလားတူပင်… မင်းမင်းရော၊ ကိုကြီးမြင့်နှင့် ကိုဝေလင်းရော ကိုဘတိုးရော နွေးနွေးမွန် လက်ထဲမှ ဓာတ်ပုံကို ဝိုင်းကြည့်သည်။

“ဟင်… ”

“ဟာ… ”

အားလုံး အာမေဋိတ်သံထွက်လာကြပြီး…

“ဒါဟာ… ဦးလှိုင်ဘွားရဲ့တပည့် ကိုသီဟပဲ… ” ဟု အားလုံးက တစ်ညီတည်း ပြောလိုက်ကြပါ၏။

“အေး… ဟုတ်တယ်… ဒရိုင်ဘာမောင်သက်ကလည်း ဒါဟာ သီဟရဲ့ဓာတ်ပုံလို့ပဲ ပြောတာပဲ… ”

“အန်ကယ် ဒီဓာတ်ပုံဘယ်လိုရတာလဲ… ”

ဦးထိန်လင်းက ဖြည်းလေးစွာပင် တစ်ခုချင်း ပြောပြလိုက်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံဟာ... နွေးနွေးမွှန်နဲ့ ဖအေတူ... မအေကွဲ မောင်နှမဆိုတဲ့ မောင်သက်ဇင်ရဲ့ပုံပဲ... "

အားလုံးက ဟင်ခနဲ ဟာခနဲ ထပ်ဖြစ်သွားရပြန်ပါ၏။

"အန်ကယ်... နွေးနွေးမွှန်ရဲ့ဖခင် မှာကြားချက်အရ... နွေးနွေးရဲ့အဖေ သေဆုံးပြီးတဲ့နောက်ပိုင်း... ရန်ကုန်ကို လိုက်သွားပြီး မောင်သက်ဇင်ရဲ့ အိမ်ကို ရပ်ကွက်လူကြီးတွေနဲ့ဝင်ပြီး ရှာကြည့်တုန်းက အဲဒီအိမ်စာရေးစာပွဲ အံဆွဲတစ်ခုထဲက ဒီဓာတ်ပုံကိုရခဲ့တာပဲ... အန်ကယ်က ပိတောက်မြိုင်အိမ်ကြီးကို ဦးလှိုင်ဘွားတို့ ရောက်လာပြီးတဲ့နောက် လုံးဝမသွားတော့ဘဲ... အဆက်အသွယ်ဖြတ်ထားတော့ အဲဒီအိမ်ကြီးမှာ... မောင်သက်ဇင် ခေါ် မောင်သီဟ ရောက်နေမှန်းလည်း မသိဘူးလေ... ဒရိုင်ဘာမောင်သက် ပြောစကားအရ ဦးလှိုင်ဘွားဟာ မောင်သီဟဆိုတဲ့တပည့်တစ်ယောက်ကို ဦးစားပေးလက်သတ်မွေးထားတယ် ဆိုတာလောက်သာ ကြားတာ... ဒီဓာတ်ပုံ ဒရိုင်ဘာမောင်သက်ကို ပြကြည့်မှ... ဒီဓာတ်ပုံထဲက လူဟာ မောင်သီဟအဖြစ်နဲ့ အန်ကယ်သိရတယ်... "

"ဒါဆို... ကိုသက်ဇင်ဟာ... ဘာလို့ ကိုသီဟ နာမည်နဲ့ ပိတောက်မြိုင်အိမ်ကြီးမှာလာနေတာလဲ အန်ကယ်... "



"ဆက်စပ်ကြည့်ရင်ပေါ့ကွယ်... ဦးလှိုင်ဘွားဟာ ဒုစရိုက်သမားဆိုတော့... မောင်သက်ဇင် ဆိုတဲ့လူကလည်း... ဒုစရိုက်ကောင် ထောင်ထွက်ဖြစ်နေတော့... မောင်သက်ဇင်နဲ့ ဦးလှိုင်ဘွား ဒုစရိုက်သားချင်း တစ်နည်းနည်းနဲ့ ဆက်သွယ်မိတာနေမှာပေါ့... အဲ... နွေးနွေးမွှန် အသက်အစိတ် မပြည့်သေးခင် မောင်သက်ဇင်နဲ့ ဦးလှိုင်ဘွားကလည်း နွေးနွေးမွှန်ရဲ့ ဖေဖေ သေတမ်းစာရေးခဲ့တဲ့အထဲမှာ... မောင်သက်ဇင် ပါနေတာကို တစ်နည်းနည်းနဲ့သိသွားပုံရတယ်... ဒါကြောင့် ဦးလှိုင်ဘွားက... မောင်သက်ဇင်ကို လိုက်ရှာပြီး ဆက်သွယ်မိသွားတာဖြစ်မယ်... မောင်သက်ဇင် အနေနဲ့ကတော့ သေတမ်းစာမှာ ရေးထားတာတွေကို သိချင်မှသိမယ်... ဒါပေမဲ့... ဦးလှိုင်ဘွားက မောင်သက်ဇင်ကိုပဲ တပည့်မွေးပြီး... နွေးနွေးမွှန် အသက်အစိတ် မပြည့်ခင် သတ်ပေးရင် ဘယ်လောက်ငွေကြေးပေးမယ်လို့ ပြောထားပြီး ခိုင်းတာဖြစ်ချင်ဖြစ်မှာပေါ့... "

ဘုရား... ဘုရား... ဟု နွေးနွေးမွှန် ဘုရားတမိသည်အထိ တုန်လှုပ်သွားပါ၏။

မင်းမင်းက...

"ဒီလိုမှန်းသာ ကျွန်တော်အစက သိခဲ့ရင်... ကိုသီဟနဲ့ နားကြပ်လုတုန်းက ကိုသီဟကို ကျွန်တော် အသေသတ်

www.burmeseclassic.com



ပစ်လိုက်မိမှာ... ”

“ကဲ... ကဲ... နွေးနွေးမွှန်လည်း သူတို့ကြံစည်ပေမယ့်...အခုအထိဘာမှမဖြစ်ဘူး...နောက်ပြီး...သီဟဟာ သက်ဇင်ဖြစ်နေမှန်းလည်း သိကြပြီပဲ... ရှေ့လျှောက် ကြောက်စရာမရှိတော့ဘူး... ကဲ... မောင်ဘတိုးက နွေးနွေးမွှန် နောက်ကိုလိုက်သွားရင် ကြုံတွေ့ခဲ့သမျှတွေ ပြန်ပြောပြလိုက်ပါကွယ်... ”ဟု ဦးထိန်လင်းက ပြောလိုက်ရာ...

“ဟုတ်ကဲ့ ဦးလေး... ”ဟု ပြောပြီး ကိုဘတိုးက သူ ရန်ကုန်တွင် ကြုံတွေ့သမျှ ဆက်ပြောတော့သည်။

❋



# ၁၂

“ဦးလေးဦးထိန်လင်းက... ကျွန်တော့်ကို လှမ်းခေါ်ပြီး... အကျိုးအကြောင်း အားလုံးပြောတယ်... နောက်ပြီး... မနွေးနွေးမွှန် နောက်ကို လိုက်ခိုင်းတယ်... မနွေးနွေးမွှန် တစ်ယောက်တည်း သွားတာကို စိတ်မချလို့ရော... တခြား သိသင့်တဲ့ အကျိုးအကြောင်းတွေ သိစေဖို့ဆိုပြီ...ကျွန်တော့် မော်တော်ဆိုင်ကယ်နဲ့ မနွေးနွေးမွှန် နောက်ကို လိုက်စေတာပဲ...

“မနွေးနွေးမွှန်က... အချိန်စောပြီး ထွက်သွားပေမယ့်... ကျွန်တော်က မော်တော်ဆိုင်ကယ်နဲ့ဆိုတော့ လိုက်လို့ မီပါတယ်... ပြီး... မနွေးနွေးရဲ့ အိမ်မှုကိုရော... ကားနံပါတ်ကိုရော ဦးလေးထိန်လင်းက ကျွန်တော့်ကို ပြထား

www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာပဲ…

"မနွေးနွေးမွန်က မိန်းမသားဖြစ်လို့ သိပ်မမောင်းနိုင်တာကြောင့်ရော… ကျွန်တော်က မော်တော်ဆိုင်ကယ်သမားဖြစ်သွားနေတာရောကြောင့်… မနွေးနွေးမွန်နဲ့ သူ့ကားကို တောင်ငူအထွက်မှာ ကျွန်တော် မီလာတယ်… မနွေးနွေးမွန်ရဲ့ကားကို ကျွန်တော်က နောက်ယောင်လိုက်သလို တခြားကားတစ်စီးကလည်း နောက်ယောင်ခံလိုက်တာကို ကျွန်တော် သတိထားမိလာတယ်… "

"အဲဒီ နောက်ယောင်ခံလိုက်တဲ့ကားကတော့… ဟောဒီ ကိုကြီးမြင့်ရဲ့ကားပဲပေါ့… "

ကိုကြီးမြင့်က ပြုံးပြီး ခေါင်းညိတ်ပြရင်း ပြောပြသည်။

"ဟုတ်ပါတယ်… ကျွန်တော့်ကို ဝေလင်းက မန္တလေးမှာ ထားခဲ့ပြီး… သူညီဒေါက်တာဝေမင်းအကြောင်း ဆက်ပြီး စုံစမ်းစေတယ်လေ… ဒေါက်တာဝေမင်းဟာ ပိတောက်မြိုင်အိမ်ကြီးထဲ အဝင်သာ အရိပ်အယောင်တွေ့ရပြီး… ပြန်ထွက်တဲ့အရိပ်အယောင် မရှိခဲ့ဘူးဆိုတာ… ကျွန်တော်က သိထားပြီးသားမို့… ပိတောက်မြိုင်အိမ်ကြီးကိုပဲ အကဲခတ်နေတာ… အဲ… မနွေးနွေးမွန်က သူ့မော်တော်ကားနဲ့ မနက်ဂိုင်းစောစော ပိတောက်မြိုင်အိမ်ကြီးက မောင်း



ထွက်ပြီး… ရန်ကုန်လမ်းအတိုင်း မောင်းထွက်လာတဲ့နောက်ကို ကျွန်တော်ကလည်း ကျွန်တော့်ကားနဲ့ မသိမသာ နောက်ယောင်ခံလိုက်လာခဲ့တာပဲ ကိုဘတိုး"

မင်းမင်းက သူ၏မမနွေးကို ကြားဖြတ်မေးပါ၏။

"ဒါ… မမနွေးက နောက်က မော်တော်ဆိုင်ကယ်ရော… ကားတစ်စီးရော နောက်ယောင်ခံလိုက်လာတာကိုတောင် မသိဘူးလား မမနွေး… "

"ဟင့်အင်း… လုံးဝသတိမထားမိဘူး… မိုးမချုပ်ခင် ရန်ကုန်ကို အမီရောက်ချင်တဲ့ဇောနဲ့ မောင်းနေတာမို့… တခြားဘာမှ အာရုံမစိုက်မိဘူး… "

ကိုကြီးမြင့်က ဆက်ပြောပြပါ၏။

"မနွေးနွေးမွန်ရဲ့ကား ထောက်ကြန့်ရောက်ခါနီး ပျက်ပြီး ရပ်သွားတာ ကျွန်တော် မြင်သားပဲ… မနွေးနွေးမွန်က ကားပေါ်ကဆင်းပြီး… ကားရှေ့ဘောနက်ဖုံးကိုဖွင့်ပြီး… ငုံ့ကြည့်နေတုန်း… ကျွန်တော်… မနွေးနွေးမွန်ရဲ့ကားကို ကျော်တက်ပြီး ရန်ကုန်ကို ရောက်အောင်ဆက်မောင်းတယ်… ကျွန်တော့်တာဝန်က မနွေးမွန် ရန်ကုန်ကို တစ်ယောက်တည်း ထွက်လာတာယ်ဆိုတဲ့ ထူးခြားချက်ကို ဝေလွင့်ကို ထောက်ကြန့်မှာ မနွေးနွေးမွန် ကားပျက်နေတော့ ဘယ်နည်းမဆို မနွေးနွေးမွန်ဟာ ထောက်ကြန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုရာနဲ့လိုက်သွားပြီး ကားပြင်ဆရာကို ခေါ်လာရမယ်… နောက်ပြီး ကားပြင်ရမယ်ဆိုတော့ အချိန်တွေကြာမယ်… ဒါကြောင့် ဝေလွှင့်ဆီကို ကျွန်တော် အမြန်မောင်းသွားတာ… ရန်ကုန်ရောက်ပြီး ဝေလွှင့်ကို ခေါ်လာတော့… မနွေးနွေးမွန်ရဲ့ကားဟာ မူလပျက်ပြီး ရပ်ထားတဲ့နေရာမှာ မရှိတော့ဘူး… ”

“ဘယ်တွေ့မလဲ… နွေးနွေးကားကို ဟောဒီ မင်းမင်းက ပဲခူးကအပြန် သူ့ကားပေါ်ကဆင်းပြီး… နွေးရဲ့ကားကို ပြင်ပေးတယ်လေ… ဒီတော့ ထောက်ကြန့်အထိတော့ မောင်းလို့ရပြီး… ထောက်ကြန့်ကျမှ ကွိုင်အသစ်ဝယ်လဲတော့… ကားပြန်ကောင်းသွားလို့… ရန်ကုန်ကိုမောင်းသွားပြီပဲ ကိုကြီးမြင့်… ”

ကိုဘတိုးကလည်း ဝင်ပြောပြန်သည်။

“ကျွန်တော့်ကို ဦးလေးဦးထွန်းလင်း ပေးလိုက်တဲ့တာဝ ကား… မနွေးနွေးရဲ့အန္တရာယ်ကို ကာကွယ်ပေးဖို့အစီ ဆိုတော့… မနွေးနွေးမွန် ထောက်ကြန့်မှာ ကားပျက်နေ တာကို ဒီအတိုင်းထားခဲ့ပြီး… ကိုကြီးမြင့်ဟာ မနွေးနွေး ကို ဘယ်လိုအန္တရာယ်ပေးမှာလဲဆိုတာ အကဲခတ် တာနဲ့… ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ ကိုကြီး နောက်ကိုပဲ ဆက်လိုက်ခဲ့တယ်… ကိုကြီးမြင့်က ရန်ကု



မှာ ကိုဝေလွှင်ကိုခေါ်ပြီး နောက်တစ်ခါ ထောက်ကြန့်ဘက် မနွေးနွေး ကားပျက်ရာနေရာကို ပြန်လာတော့လည်း… ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ ပြန်လိုက်လာတာပဲ… ဒါပေမယ့်… မနွေးနွေးမွန်ကိုရော… မော်တော်ကားကိုရော… ပြန်မတွေ့တော့ဘူးလေ… ကိုကြီးမြင့်နဲ့ကိုဝေလင်း နောက်ကြောင်းပြန်တဲ့နောက်ကို ကျွန်တော် ဆက်ပြီး နောက်ယောင်ခံလိုက်ခဲ့ပြန်တယ်…ခက်ဗျားတို့နှစ်ယောက် စမ်းချောင်း ဆီဆုံလမ်းက ဦးအောင်ရဲ့ ဝပ်ရှော့နားမှာ ကားရပ်ထားတာကို ကျွန်တော် တွေ့တယ်… မယောင် မလည်နဲ့ ကျွန်တော် အဝေးကပဲ စောင့်ကြည့်နေတယ်… နောက်ဆုံး ခင်ဗျားတို့နှစ်ယောက်… လမ်းပေါ်ကမင်းမင်း ကို ကားနဲ့ခေါ်သွားပြီး… ခင်ဗျားတို့ခြံအဝင်မှာ ကားနဲ့ ခြံအုတ်တိုင်ဝင်တိုက်ပြီး… မင်းမင်းထွက်ပြေးသွားတာ လည်း ကျွန်တော် မြင်တာပဲ…

“ခင်ဗျားတို့ ဝင်တိုက်တဲ့ခြံအိမ်ဟာ ခင်ဗျားတို့ စတည်း ချတဲ့ နေရာပါလားလို့… ကျွန်တော် သတ်မှတ်ပြီး… ထွက် ပြေးသွားတဲ့ မင်းမင်းနောက်ကို ကျွန်တော် ဆက်လိုက် သွားတာပဲ ကိုကြီးမြင့်… ”

မင်းမင်းက ဝင်ပြောပြန်ပါ၏။

“ဒါဆို… ကျွန်တော် ဘုရားစောင်းတန်းထဲမှာ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



တုန်း… အစ်ကိုဘတိုး ကျွန်တော့်ကို လာတွေ့တာ…
တမင်လာတွေ့တာပေါ့… ဟုတ်လား… ”

“အေးပေါ့… ငါ့ညီရာ… ငါ့ညီကို မတွေ့ခင် ဆိုင်ပိတ်မေ
တဲ့ ဗေဒင်ဆရာကြီးဦးဖိန္နကို ငွေတစ်ထောင်ပေးပြီး… ဒီည
အဲဒီဗေဒင်အိမ်လေးမှာ တည်းဖို့ စီစဉ်ထားလိုက်ပြီး…
မင်းမင်းကို အစ်ကိုလာတွေ့တာခဲ့ပြီး… အစ်ကို့ပုံစံကို
ခါးပိုက်နှိုက်ပုံစံ အဝတ်ဝတ်ပြီး ငါ့ညီကို တမင်လာတွေ့
တာ… အဲဒီမှာက ငါတို့နှစ်ယောက် ဦးဖိန္နရဲ့ ဗေဒင်တ
အိမ်လေးမှာ အိပ်ကြတယ်လေ… မနက်အစောကြီး…
မင်းထပြီးထွက်အသွား… အစ်ကိုမင်းကို နောက်ယောင်း
လိုက်ကြည့်တာ… မင်းဟာ မနွေးနွေးမွန်နဲ့ နှစ်ယောက်
တွဲလာတာ ငါတွေ့တယ်… မင်းဟာ… မနွေးနွေးမွန်
အန္တရာယ်ပေးတဲ့လူ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့… ငါ
ယုံကြည်လိုက်တယ်… ငါ့တာဝန်က မနွေးနွေးကိုအန္တရာယ်
ပေးမဲ့သူကိုသာ ကာကွယ်ပေးရမှာကိုး… ငါ မြင်ရတာ
မင်းနဲ့ မနွေးနွေးမွန်ဟာ ခင်မင်သူချင်းပုံစံ တွေ့တော့ ငါ
စိတ်ချသွားတယ်…

“အဲဒီနောက်… အစ်ကိုဘတိုးဟာ ဘာဆက်လုပ်လဲ…
အင်း… နောက်ပြီး… အဲဒီနေ့ညပိုင်းမှာပဲ ရန်ကုန်မှာ
ခဲ့တဲ့ အစ်ကိုခါးပိုက်နှိုက်ဘတိုးဟာ… မန္တလေးရောက်ပြီ



နားက ကွမ်းယာဆိုင်မှာ ကျွန်တော် မမနွေးကားကို
စောင့်ပေးရင်း လှမ်းမြင်လိုက်တယ်… ဘယ့်နှယ် မနက်
အစောကြီးက ဗေဒင်ဆရာတဲမှာ အိပ်ကျန်ခဲ့တဲ့ အစ်ကို
ဘတိုး… အခုည မန္တလေးကို ဘယ်လိုရောက်လာသလဲ
လို့တောင် ကျွန်တော် အံ့ဩခဲ့တယ်…

“မနွေးနွေးမွန်ဟာ မင်းကို အဖော်ပြုပြီး… မ ့လေးကို
ပြန်တော့မယ်ဆိုတာ ငါ သေချာအကဲခတ်ပြီးပြီလေ…
ဒီတော့ ငါလည်း မန္တလေးကို ပြန်ရုံပဲပေါ့… မပြန်ခင်…
မင်း ငါ့ကိုသေချာမှာထားတဲ့အတိုင်း စမ်းချောင်းက မင်းရဲ့
ဦးလေးအောင်ရဲ့ ဝပ်ရှော့ကို ငါသွားပြီး… အခြေအနေကို
သေချာစုံစမ်းသေးတယ်… မင်းဦးလေးအောင် ဘာမှ
မဖြစ်တာရော… မင်းကို ဘာမှငွေမယူတာကော… ငါ
သိရပြီးတဲ့နောက်… ငါ… ကိုကြီးမြင့်နဲ့ ကိုဝေလင်းတို့ရဲ့
အိမ်ကို ပြန်လိုက်သွားတယ်… သူတို့နှစ်ယောက်နဲ့ငါ…
မန္တလေးပီတောက်မြိုင်အိမ်ကြီးအကြောင်း ဆွေးနွေး
တယ်… နွေးနွေးမွန်အကြောင်း ဆွေးနွေးတယ်… ကိုဝေ
လင်းက သူ့ညီဒေါက်တာဝေမင်းအကြောင်း ငါ့ကိုပြောပြ
တယ်… သူ့ညီဒေါက်တာဝေမင်းဆီက နောက်ဆုံးလာ
ထားတဲ့စာအရ… ဒေါက်တာဝေမင်းဟာ… နွေးနွေးမွန်
ကိုချဉ်းကပ်တယ်တဲ့… ဒါကြောင့်… ကျွန်တော် မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့... ပိတောက်မြိုင်အိမ်ကြီးကိုဝင်ပြီး... ဒေါက်တာဝေမင်းအကြောင်း မေးတယ်... ဦးလှိုင်ဘွားနဲ့ပဲ တွေ့ပြီး... ဦးလှိုင်ဘွား ပြန်ဖြေကြားပုံကို မနှစ်သက်တာနဲ့ နွေးနွေးမွန်ကို တိုက်ရိုက်တွေ့မေးမြန်းရင်... ညီဝေမင်း ပျောက်ဆုံးနေတာကို နွေးနွေးမွန်က ပြောပြနိုင်မယ်လို့ယူဆတယ်... ဒါကြောင့်... နွေးနွေးမွန်ကို ခြေရာခံလိုက်တော့တာပဲ...

"အဲဒီအချိန်ကစပြီး... ကိုကြီးမြင့် ကိုဝေလင်းနဲ့ ကိုဘတိုးတို့ပူးပေါင်းမိကြတာပဲ... ကိုဘတိုးက သူ့မော်တော်ဆိုင်ကယ်ကို ကိုဝေလင်းရဲ့အိမ်မှာပဲ ထားခဲ့ပြီး... အဲဒီနေ့ခင်းလေယာဉ်နဲ့ပဲ မန္တလေးကို ပြန်ခဲ့တယ်... ကိုဝေလင်းနဲ့ ကိုကြီးမြင့်လည်း သူတို့ကားနဲ့ မန္တလေးကို ပြန်လာကြတယ်... နောက်ပြီး... သုံးယောက်စလုံး... ပိတောက်မြိုင်အိမ်ကြီးကို မပြတ်အကဲခတ်တယ်... ဦးလေးဦးထိန်လင်းကလည်း ဒရိုင်ဘာကိုသက်နဲ့ ဂန်ဂယားကို သတင်းထူးရင် လာပြောဖို့မှာထားတယ်... "

"ဟော... ဒီနေ့... နားကြပ်ကိစ္စ... ဂန်ဂယားက... ဦးလေးကို လာပြောတယ်"

ဟု ဦးထိန်လင်းက ဆက်ပြောပြပြန်သည်။

ဒါကြောင့် အခု... မင်းမင်းနဲ့ နွေးနွေးမွန် ကျောင်းကြို



ပြီးအပြန် ကားကိုတားပြီး ကိုဝေလင်းနဲ့ ကိုကြီးမြင့်က နားကြပ်ကို ယူကြည့်တာ... အဲဒီနားကြပ်ဟာ ဒေါက်တာဝေမင်းရဲ့နားကြပ် အစစ်အမှန်လို့ အစ်ကိုဖြစ်တဲ့... မောင်ဝေလင်း က အတိအကျဆိုတယ်...

"ဒါကြောင့် အခု... မင်းမင်းနဲ့ နွေးနွေးမွန်ကို ကျောင်းကြိုလမ်းကဖြတ်ပြီး ဦးလေးဦးထိန်လင်းဆီကို ခေါ်လာခဲ့တာပဲ... အကျိုးအကြောင်းတွေ နွေးနွေးမွန်ကို ပြောပြတာပဲ"

"အဲဒါပါပဲ သမီးနွေးနွေးမွန်... အခု အန်ကယ်တို့ အားလုံးယူဆတာကတော့... ဒီနားကြပ်ဟာ ပိတောက်မြိုင်အိမ်ကြီးရဲ့ မြေကြီးထဲ တစ်နေရာက တွေ့ရတာဆိုတော့... ပျောက်ဆုံးနေတဲ့ ဒေါက်တာဝေမင်းကလည်း သူ့နားကြပ်နဲ့အတူ... ဒီပိတောက်မြိုင်အိမ်ကြီးရဲ့ နားကြပ်တွေ့တဲ့နေရာ မြေကြီးထဲမှာပဲ အလောင်းအဖြစ် အမြှုပ်ခံထားရတယ်လို့... အားလုံးယူဆကြတယ်... "

ကိုဝေလင်းက ပြောပြန်သည်။

"ဒီတော့... ကျွန်တော် သိချင်တယ် မနွေးနွေးမွန်... ကျွန်တော့်ညီ ဒေါက်တာဝေမင်းဟာ ပိတောက်မြိုင်အိမ်ကြီးထဲမှာ ဘယ်သူ့လက်ချက်နဲ့ သေရတာလဲ... ဘာလို့အသတ်ခံရတာလဲ... အဲဒါကို မနွေးနွေးမွန် ပြောပြနိုင်မှာပဲဆိုပြီး... မနွေးနွေးမွန် နောက်ကို ကျွန်တော်တို့လိုက်

www.burmeseclassic.com



နေတာပဲ... "

ကိုဝေလင်း၏မေးမြန်းချက်ကို နွေးနွေးမွန်သည်
အတန်ကြာအောင် ကိုဝေလင်းကိုပြန်ကြည့်နေပြီး ဘာမပြောညာ
မပြော မျက်နှာကိုလက်ဝါးနှစ်ဖက်အုပ်ကာ ငိုချလိုက်တော့သည်

မင်းမင်းသည် မမနွေး ငိုချလိုက်သည်ကို ဘာလု
ပေးရမည်မှန်း မသိဘဲ မမနွေး၏ပခုံးကိုသာ အကြင်နာဖြင့် ဆုပ်
ကိုင်ထားမိသည်။

ဦးထိန်လင်းက ဆက်၍ ရှင်းပြသည်။

"ဒီမယ် သမီး... မောင်ဝေလင်းရော... မောင်ကြီးမြင့်
ရော... မောင်ဘတိုးရော... အန်ကယ်ရောဟာ အစိုး
ဝန်ထမ်းတစ်ယောက်မှ မဟုတ်ဘူး... ရဲဝန်ထမ်းလေ
လည်းမဟုတ်ဘူး... အန်ကယ်ရဲ့တူ ဘတိုးဟာတစ်ချိန်
ဝါသနာအလျောက် ဘွဲ့ရပြီးတဲ့နောက်... ရဲအဖွဲ့ဝင်
အမှုထမ်းခဲ့ဖူးပေမယ့်... ဒုရဲအုပ်ရာထူးနဲ့ပဲ အလုပ်ထွက်
ခဲ့တာ ကြာလှပြီ... အခု ဘတိုးလည်း သာမန်အရပ်သာ
ပဲ... အန်ကယ်ဟာ သမီးနွေးနွေးမွန်ရဲ့ဖေဖေနဲ့ ခင်မ
ခဲ့တဲ့သူမို့... သမီးအပေါ်မှာ သံယောဇဉ်ရှိထားတယ်
အခု... အန်ကယ်တို့ ဒေါက်တာမောင်ဝေမင်းရဲ့ တကယ့်
အဖြစ်မှန်ကိုသိချင်လို့ မေးကြည့်တဲ့သဘောပဲ... ဒီတော့



သမီးနွေးနွေးမွန်က ဒေါက်တာဝေမင်း သေဆုံးရတာနဲ့
ပတ်သက်ပြီး တကယ်မြင်သလောက် သိသလောက်နဲ့
ကြုံခဲ့သလောက်တွေကို ပြောပြပါလား... "

နွေးနွေးမွန်သည် ဘာမှပြန်မပြောဘဲ ပို၍ငိုသည်
ဦးခေါင်းကိုသာ ရမ်းပြနေသည်။

ဤတွင် မမနွေးကို ကြည့်ပြီး မင်းမင်းက ဝင်ပြော
လိုက်ပါ၏။

"အန်ကယ်ရော... ဒီအစ်ကိုသုံးယောက်စလုံးရောဟာ ရဲ
အဖွဲ့ဝင်မဟုတ်ပါဘူး... သာမန်အရပ်သားတွေကိုဆိုပေ
မယ့်... အခုလုပ်ပုံက မမနွေးကို အတင်းခေါ်လာပြီး...
စစ်ဆေးမေးမြန်းတဲ့သဘော... သက်ဝင်နေတာပဲ... အခု
အန်ကယ်တို့လေးယောက်ကြောင့် မမနွေး ငိုနေရပြီ...
တကယ်ဆို... အန်ကယ်တို့ အားလုံးဟာ ပညာတတ်တွေ
ချည်းပဲဟာ... တကယ်အစစ်အမှန်ကို သိချင်ရင်... ကိုယ့်
ဟာကိုယ်ပဲ ဆက်စုံစမ်းကြပေါ့... မမနွေးကို ဘာမှစွတ်
မေးနေစရာ မလိုဘူး... "

"ငါ့တူ... မင်းမင်းက... အင်မတန် ငယ်ပါသေးတယ်... "

ဦးထိန်ဝင်းက ဆက်ပြောသည်။

"ငါ့တူမင်းမင်းဟာ... သမီးနွေးနွေးမွန်နဲ့ ကုန်ကုန်ကအတူ

www.burmeseclassic.com

www.burmeseclassic.com



ပါလာပြီး... ပိတောက်မြိုင်အိမ်ကြီးမှာ သတ်ပုတ်ပွဲတွေ ဆင်နွှဲခဲ့ရတယ်ဆိုတာလည်း အန်ကယ်တို့ ကြားထားပြီးပါပြီ... သမီးနွေးနွေးမွန်ကို မင်းမင်းက ဘယ်နေရာမဆို ကာကွယ်ပေးချင်တဲ့ စေတနာကိုလည်း အန်ကယ်တို့ နားလည်ထားပါတယ်... သိပ်ကိုလည်း ကျေနပ်ပါတယ်... ဒါပေမဲ့ အခုကိစ္စက ပေါ့ပေါ့လေးမဟုတ်ဘူး မင်းမင်း... တော်တော်ရှုပ်ထွေးလာတယ်... လူသတ်မှုအထိ... ရှုပ်ထွေးတဲ့သဘောရှိနေတယ်... အန်ကယ့်အနေနဲ့... သမီးနွေးမွန်ဘက်က ရပ်တည်မှာချည်းပဲ... ဒါကြောင့်... တကယ့်အဖြစ်မှန်ကို သိဖို့လိုတယ် မောင်မင်းမင်း... ဒါကြောင့်လည်း သမီးနွေးမွန်ကို တကယ့်အဖြစ်မှန် ဘယ်လိုလဲဆိုတာ မေးနေတာ... အဖြစ်မှန်ကို အန်ကယ်တို့ သိမထားရင်... ပိတောက်မြိုင်အိမ်ကြီးမှာ သိပ်ညာဏ်များတဲ့... ဦးလှိုင်ဘွားရဲ့ ဆင်တဲ့အကွက်တွေထဲ သမီးနွေးမွန် ဝင်သွားနိုင်တယ်... သမီးနွေးမွန် တစ်ခုခုဖြစ်တာနဲ့... ဦးလှိုင်ဘွားက အမွေတွေ ဆက်ခံချင်နေတာ... ”

မင်းမင်း ငြိမ်သွားသည်။ အန်ကယ်ဦးထိန်လင်း၏ ပြောပြချက်ကိုလည်း မင်းမင်း ယုံကြည်သည်။

ဦးထိန်လင်းက မင်းမင်းကို ပြောပြပြီးနောက်



နွေးနွေးမွန်ကို ဆက်ရှင်းပြပြန်သည်။

“ဥပဒေစကားနဲ့ပြောရရင် မှုခင်းတစ်ခုဖြစ်လာပြီဆိုရင် အဲဒီအမှုရဲ့ မိုးတစ်(ဖ်)ကို ရှာဖွေရတယ်... မိုးတစ်ဆိုတာက ပြုလုပ်ခြင်းခံရတဲ့သူကို ပြုလုပ်သူက ဘယ်လိုမကျေနပ်စရာအကြောင်းခြင်းရာကြောင့် ပြုလုပ်လိုက်တယ်ဆိုတဲ့ အကြောင်းအရာ အချက်အလက်ပဲ... ”

“အခု... ဒေါက်တာဝေမင်း အသတ်ခံရတာကို ကြည့်... ပထမ ဒေါက်တာဝေမင်းဟာ နှင်းဆီနဲ့တွဲတယ်... ဦးလှိုင်ဘွားနဲ့ ဒေါ်နီမာကလည်း သူတို့သမီးနဲ့ သဘောတူတယ်... ဒီကြားထဲမှာဖောက်ပြီး ဒေါက်တာဝေမင်းက နှင်းဆီကို ခွာပြီး... သမီးနွေးမွန်ကို လက်ထပ်ဖို့အထိ ချဉ်းကပ်တယ်... ဒါဆိုရင် ဒေါက်တာဝေမင်းကို မကျေနပ်သူဟာ... ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ နှင်းဆီတို့ သုံးယောက် မိုးတစ်(ဖ်) စာရင်းထဲမှာ ပါနိုင်တယ်... အဲ... [illegible]သီဟကလည်း နှင်းဆီကို မျှော်မှန်းထားတဲ့[illegible]ဆိုတော့...နှင်းဆီနဲ့ ဒေါက်တာဝေမင်း တွဲနေတာကို မလိုလားတဲ့သဘောရှိတာမို့... ဒေါက်တာဝေမင်းကို သတ်ချင်... သေစေချင်တဲ့ မိုးတစ်(ဖ်)မောင်သီဟမှာလည်း ရှိတာပေါ့...

“ဒါပေမယ့်... ဒရိုင်ဘာမောင်သက် သတင်းပေးချက်အရ

www.burmeseclassic.com



ဆိုရင်… အဲဒီ ဒေါက်တာဝေမင်း အသတ်ခံရတဲ့လူသတ်သမားစာရင်းထဲမှာ နှင်းဆီ မပါနိုင်ဘူး… အဲဒီနေ့က အမရပူရကို သွားကြတာ… ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ မောင်သီဟတို့ပဲ သွားတယ်… နှင်းဆီ အမရပူရကို လိုက်မသွားဘူး… နောက်ပြီး နှင်းဆီဟာ နေ့စဉ် သူ့သဘောနဲ့ သူ သူ့ကားကို မောင်းပြီး အပြင်ထွက်လေ့လည်း ရှိတယ်… ဒေါက်တာဝေမင်း သေနတ်ပစ်ခံရတဲ့အချိန်… နှင်းဆီဟာ ဝိတောက်မြိုင်အိမ်ကြီးမှာ ရှိမနေဘူးလို့… ဒရိုင်ဘာ မောင်သက်က ဆက်ပြောသေးတယ်… အဲဒီနေ့က ခါတိုင်းလို အလုပ်သိမ်းပြန်ချိန် မဟုတ်တဲ့… နေ့ခင်းပိုင်းမှာပဲ… ဦးလှိုင်ဘွား… ဒေါ်နီမာနဲ့ ကိုသီဟတို့ဟာ ပိတောက်မြိုင်အိမ်ကြီးကို ပြန်လာကြတယ်တဲ့… အဲဒီအချိန်မှာ ဒေါက်တာဝေမင်းရဲ့ တီကိုကားနီလေးဟာ အိမ်ကြီးဆင်ဝင်အောက်မှာ ရပ်ထားတာ မောင်သက် တွေ့တယ်…

"ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ မောင်သီဟတို့ ပြန်ရောက်လာပြီး အိမ်ကြီးပေါ် ပြေးတက်သွားပြီးတဲ့နောက်… မကြာခင် အိမ်ကြီးပေါ်က သေနတ်သံကို မောင်သက် ကြားရတာပဲတဲ့… "

မင်းမင်းက မေးခွန်းတစ်ခု ဝင်မေးသည်။

"မမနွေးမှာကော… ဒေါက်တာဝေမင်းကို သတ်စေတဲ့



မိုးတစ်(ဗ်)ရှိသလား အန်ကယ်… "

"ရှိနေတယ် မင်းမင်း… ဒေါက်တာဝေမင်းက သူ့အစ်ကို မောင်ဝေလင်းဆီရေးတဲ့စာထဲမှာ သမီးနွေးနွေးမွန်ကို သူမရမက ချဉ်းကပ်မယ်လို့ပါတယ်… သမီးနွေးနွေးမွန်က လည်းဒေါက်တာဝေမင်းကိုလုံးဝလက်မခံမနှစ်သက်ဘူး… အဲဒါဟာပဲ… မိုးတစ်(ဗ်)လို့ ယူဆနိုင်တယ်… သဘောကတော့… ဝိတောက်မြိုင်အိမ်ကြီးမှာ ဘယ်သူမှ မရှိဘဲ သမီးနွေးနွေးမွန်တစ်ယောက်တည်းရှိချိန်မှာ… ဒေါက်တာဝေမင်း ရောက်လာပြီး သမီးနွေးနွေးမွန်ကို ဇွတ်ကြံစည်မယ်… သမီးနွေးက လက်မခံနိုင်တာမို့… ရှန်းကန်ရင်း ဒေါက်တာဝေမင်းကို သမီးနွေးမွန်က သေနတ်နဲ့ပစ်သတ်တာလို့ မိုးတစ်(ဗ်)ဆွဲနိုင်တယ်… "

ဦးထိန်လင်း စကားအဆုံးကို နွေးနွေးမွန်သည် ငို၍ပင် သည်းထန်စွာ ငိုပြန်ပါလေ၏။

မင်းမင်းသည် ထိုင်ရာမှ ထ၍ သူ့မမနွေး၏ လက်ကို ဆွဲလိုက်သည်။

"ကဲ… အန်ကယ်… အန်ကယ်တို့ပြောလေ မမနွေးက ငိုလေဖြစ်နေပြီ… ကျွန်တော်နဲ့မမနွေး ပြန်မယ်… နောက် ကျမှဘာဖြစ်ဖြစ်… ဖြစ်ချင်ရာဖြစ်ပလေ့စေတော့ဗျာ… လာ… ထ… မမနွေး ပြန်ကြစို့… "

www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလင်းနှင့် ကိုကြီးမြင့်လည်း ထ၍ ရပ်လိုက်ပြီး မင်းမင်းအား ဟန့်တားစကားပြောလိုက်သည်။

"နေရာတိုင်းမှာ ဂမူးရှူးထိုးမလုပ်နဲ့မင်းမင်း… မင်းဦးနှောက်နဲ့စဉ်းစားပါ… ခုချိန်ထိ… ငါဟာ ငါ့ညီဝေမင်းအမှုကို ရဲမှာ အမှုမဖွင့်သေးဘူး… ဘာလို့လဲဆိုတော့… ငါကိုယ်တိုင် အဖြစ်မှန်ကို သိချင်လို့ပဲ… ဒါကြောင့်… အန်ကယ်ဦးထိန်လင်းနဲ့တိုင်ပင်ပြီး မနွေးနွေးမွန်ကို ဒီကိုခေါ်လာတာ… မင်းမင်း နားလည်ထားဖို့က အန်ကယ်ဦးထိန်လင်းဟာ… မနွေးနွေးမွန်ရဲ့အမွေထိန်းဖြစ်တဲ့အပြင်… မနွေးနွေးမွန်ရဲ့ အဖေနဲ့သိပ်ခင်မင်သူဆိုတော့… ဘာပဲဖြစ်ဖြစ် မနွေးနွေးမွန်ဘက်က ရပ်တည်မယ်ဆိုတာပဲ… အခုသိဖို့လိုနေတာက တကယ့်အဖြစ်မှန်ကိုပဲ… အဲဒီတကယ့်အဖြစ်မှန်ကို မနွေးနွေးမွန် သိမယ်ထင်လို့ပဲ မင်းမင်း… ဘယ်လိုအကြောင်းနဲ့ ဘာကြီးပဲဖြစ်ဖြစ် အန်ကယ်ဦးထိန်လင်းက မနွေးနွေးမွန် ဘက်ကပဲ ရပ်တည်မှာ မင်းမင်း… "

နွေးနွေးမွန်သည် မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီး စိတ်ကိုတင်းလိုက်သည်။ ပြီး… မင်းမင်းကို မော့ကြည့်ကာ ပြောလိုက်သည်။

"ပြန်ထိုင်ပါ မင်းမင်း… မမနွေးအနေနဲ့ အမှန်အတိုင်းဖြစ်ခဲ့သမျှကို ပြောပြဖို့ဆုံးဖြတ်လိုက်ပြီ… မမနွေး အမှန်



အတိုင်းပြောတဲ့ အပေါ်မှာမူတည်ပြီ… အန်ကယ်ဦးထိန်လင်းက မမနွေး ဘက်ကရပ်တည်ပေးမှာသေချာပါတယ် မင်းမင်း… "

✵

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"မှန်တယ် အန်ကယ်… ဒေါက်တာကိုဝေမင်းဟာ လစ်တာ နဲ့ နွေးကိုကပ်ပြီး ချစ်ရေးဆိုတယ်… နွေးနွေး သူပြောတိုင်း အပြတ်ငြင်းတာချည်းပဲ… အဓိက,ကတော့ ညီမလေး နှင်းဆီကို ငဲ့ညှာလို့ပဲ… "

"အင်း… ဆက်ပြောပါ သမီးနွေးမွန်… "

"ဆက်ပြောရရင်… ဒရိုင်ဘာဦးသက်က အိမ်ကြီးပေါ်က သေနတ်သံကြားတယ်ဆိုတဲ့နေ့ကပေါ့…နွေး နေမကောင်း လို့ ကျောင်းတစ်ရက်ခွင့်ယူပြီး အိမ်မှာနေတဲ့နေ့ပဲ… နွေး အဲဒီနေ့က ကျောင်းမတက်ဘဲ အိမ်ကြီးမှာ တစ်ယောက် တည်းရှိနေတာကို ဒေါက်တာဝေမင်း သိသွားပုံရတယ်… "

"နေဦး သမီး… အန်ကယ် ကြားဖြတ်မေးမယ်… ဦးလှိုင် ဘွားနဲ့ ဒေါ်နီမာ သိပ်ဟာကတော့… နေ့စဉ်အတိုင်း အ…



မှုရ အလုပ်ခွင်ကို သွားတယ်ထားပါတော့… နှင်းဆီက အဲဒီနေ့က ဘယ်သွားနေလဲ… "

"ညီမလေးနှင်းဆီ… သူ့ကားနဲ့အပြင် ထွက်သွားတယ် လေ… ဒေါက်တာဝေမင်းက နွေးကိုစပြီး ချဉ်းကပ်မှန်းသိ ကတည်းက… ညီမလေးနှင်းဆီဟာ နွေးကို မျက်နှာချင်း မဆိုင်မိအောင် ရှောင်လေ့ရှိတယ်… နွေး… ကျောင်းတက် ရက်မှာဆိုရင် အိမ်မှာနေသေးတယ်… နွေး ကျောင်းမတက် တဲ့နေ့ဆို နှင်းဆီဟာ တစ်နေ့လုံး ထွက်သွားတာပဲ… ဒေါက်တာဝေမင်းက သူ့ကို ပစ်ထားပြီး… နွေးကို ချဉ်း ကပ်တဲ့အတွက် သူဟာသူ အားငယ်နေပုံရတယ်… သူဟာ နွေးလိုပိုက်ဆံမချမ်းသာဘူး… ပညာမတတ်ဘူး… ရုပ် မချောဘူး… ဒါကြောင့် ဒေါက်တာဝေမင်းက… မမနွေး ဘက် ယိုင်သွားတာဆိုတဲ့ အားငယ်စိတ်မျိုး နှင်းဆီခံစား နေရပုံရတယ်… ဒါကြောင့်… နွေးကို မျက်နှာချင်းမဆိုင် မိအောင် သူရှောင်နေတယ်… "

"ဟုတ်ပြီ… ဆက်ပြောပါ သမီး… "

"တိုတို ပြောရရင်… အဲဒီနေ့က ဒေါက်တာဝေမင်း ရောက် လာတယ်… ခိုးချောင်ခိုးဝှက်ရောက်လာတဲ့ပုံစံမျိုးပါ… အဲဒီအချိန် နွေးက နွေးအိပ်ခန်းထဲမှာ နေမကောင်းလို့ လှဲနေတယ်… ဒေါက်တာဝေမင်းဟာ… ခြေသံမကြား

www.burmeseclassic.com

www.burmeseclassic.com



အောင် နွေးရဲ့အိပ်ခန်းတံခါးကို ဖွင့်ဝင်လာတယ်… ”

“သမီးက… အိပ်ခန်းကို အထဲက ဂလန့်ထိုးမထားဘူးလား… ”

“အိမ်မှာ လူစိမ်းမှမရှိတာ… နောက်တစ်ချက်က နှင်းဆီဟာ နွေးအခန်းထဲကို ဝင်လာပြီး… နွေးရဲ့မှန်တင်ခုံမှာ အလှပြင်တဲ့အကျင့်ရှိတယ်… အတွင်းဂလန့်ထိုးထားရင် နှင်းဆီ အထင်လွဲစိတ်ကောက်မှာစိုးရိမ်လို့ ဂလန့်ဖွင့်ပေးထားတယ်… ”

“အင်း… ဆက်ပြောပါ သမီး… ”

“နားရှက်စရာပါ အန်ကယ်… တိုတိုပြောရရင် ဒေါက်တာဝေမင်းဟာ အကွက်ရတာနဲ့ နွေးကို အတင်းဖွတ် အဓမ္မအပိုင်စီးဖို့ ကြိုးစားတော့တာပဲ… နွေးရဲ့ခေါင်းအုံးအောက်မှာ သေနတ်လေး ရှိတယ်… သူ့ကို သေနတ်နဲ့ချိန်ပြီး… ထွက်သွားဖို့ပြောတာ သူက နွေး လက်ထဲက သေနတ်ကို အတင်းဝင်လုတယ်… အဲဒီလို သူလု ကိုယ်လု သေနတ်ကို လုရင်း သေနတ်သံထွက်လာပြီး ကိုဝေမင်း မှောက်လျက်ကြီး လဲကျသွားတယ်… သူ့ကျောပြင်က သွေးတွေထွက်လာတာကို နွေး ကြည့်ရင်း… တအားလန့်သွားပြီး နွေး ရှော့(ခ)ဖြစ် သတိလစ်သွားတယ်…

“နွေး . ပြန်သတိရတဲ့အခါကျတော့… နွေး အခန်းထဲမှာ



ပဲ ဦးလေးဘွား ဒေါ်လေးနီမာနဲ့ ကိုသီဟတို့ရောက်နေတာကို တွေ့ရတယ်… ဒေါက်တာကိုဝေမင်း ပက်လက်ကြီးအလောင်းကိုလည်း နွေး တွေ့ရတယ်… နှင်းဆီ ပြန်ရောက်နေတာလည်း တွေ့ရတယ်… ”

“နေဦး သမီး… ”

ဟု ဦးထိန်လင်းက လက်ဝါးကာ တားလိုက် သဖြင့် နွေး အပြောရပ်သွားသည်။

“ဒေါက်တာဝေမင်းရဲ့အလောင်းကို သမီး ပြန်သတိရတဲ့အချိန်မှာ ပက်လက်ကြီးတွေ့ရတယ် ဟုတ်လား… ”

“ဟုတ်တယ် အန်ကယ်… နွေး ပြန်သတိရပြီး ကြည့်လိုက်တော့… ဒေါက်တာဝေမင်းရဲ့အလောင်းဟာ ပက်လက်ကြီး… ”

ဦးထိန်လင်းက ကိုဝေလင်းကို ကြည့်လိုက်သည်။

ကိုဝေလင်းကလည်း အန်ကယ်ဦးထိန်လင်းကို အဓိပ္ပာယ်ဆောင်သော အကြည့်ဖြင့် ပြန်ကြည့်ပါ၏။

ရဲအဖွဲ့တွင် အမှုထမ်းခဲ့ဖူးသော ကိုဘတိုးက ဝေဖန်ချက် ဝင်ပေးလိုက်သည်။

“အလောင်းပက်လက်ကြီးဆိုတာ…စဉ်းစားစရာပဲ ဦးလေး…”

ဦးထိန်လင်းက ခေါင်းညိတ်ပြပြီး ဘာမှဆက်မပြောသေးရန် လက်ဝါးကာပြတားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါ သမီး... "

"နွေး သတိပြန်ရတော့... ဒေါ်လေးနီမာနဲ့ နှင်းဆီက နွေးကို တွဲခေါ်ပြီး နှင်းဆီရဲ့ အိပ်ခန်းကို ခေါ်သွားတယ်... နွေး အိပ်ခန်းထဲမှာ ဦးလှိုင်ဘွားရယ် ကိုသီဟရယ် ကျန်ခဲ့တယ်... နာရီဝက်လောက်ကြာသွားပြီးတဲ့နောက်... ဦးလေးဘွား နွေးတို့ဆီ ပြန်ရောက်လာတယ်... သူတို့ အမရပူရပြန်လာလို့ အိမ်ပေါ်တီကိုအောက်ရောက်မှာ အိမ်ပေါ်ထပ်က သေနတ်သံကြားတယ်တဲ့... အားလုံး အပေါ်တက်ကြည့်တော့... နွေးရဲ့အခန်းထဲမှာ ဒေါက်တာဝေမင်းက ပက်လက်ကြီးသေနေပြီး... နွေးက သေနတ်ကိုင်ရင်း မှေ့နေတာကို တွေ့တယ်တဲ့... ဘယ်လိုဖြစ်ကြတာလဲလို့ မေးလို့... နွေးက တကယ်ဖြစ်သမျှကို ပြောပြလိုက်တယ်...

"ဦးလေးဘွားက... ငါတူမ ဘာမှမစိုးရိမ်နဲ့... ငါတူမ ဒုက္ခရောက်မှာကို ဦးလေးဘွား မကြည့်ရက်ဘူး... ဒေါက်တာဝေမင်းရဲ့အလောင်းကို သိုသိုသိပ်သိပ်ဖုံးဖုံးဖိဖိနဲ့ မောင်သီဟနဲ့အတူ ဖျောက်ဖျက်ပေးမယ်လို့ပြောတယ်... အဲဒီနောက် နှစ်ရက်လောက်အကြာမှာ ဦးလေးဘွားက... ဓာတ်ပုံတစ်ပုံယူလာပြတယ်... အဲဒီဓာတ်ပုံဟာ... နွေး အိပ်ခန်းထဲမှာ ဒေါက်တာဝေမင်းက ပက်လက်ကြီးသေနေ



ပြီး... နွေးက သေနတ်ကိုင်လျက်သား မှေ့နေတဲ့ဓာတ်ပုံပဲ... ဓာတ်ပုံပြပြီး ဦးလေးဘွားက နွေး အသက်အစိတ်ပြည့်လို့ အမွေတွေ လွှဲပြောင်းလက်ခံပြီးရင်... သူ့ကို တစ်ဝက်ချီးမြှင့်ပါလို့ပြောတယ်... အဲဒါကို နွေးက ခေါင်းညိတ်လိုက်လျှောခဲ့ရတယ် အန်ကယ်... "

ဦးထိန်လင်းက မေးစေ့ကို လက်ဝါးပွတ်ရင်း သူ့တူ ကိုဘတိုးအား လှမ်းပြောသည်။

"ကဲ... ဘတိုး... မင်းမေးချင်တဲ့ မေးခွန်းတွေ... သမီးနွေးကို မေးပေတော့... ပြီးတော့ ငါတို့အားလုံး ညှိပြီး အဖြေမှန်ကို ရှာကြည့်ကြတာပေါ့... "

ကိုဘတိုး စတင်မေးမြန်းတော့သည်။

"မနွေးနွေးမွန် ကိုင်တဲ့သေနတ်က ဘာအမျိုးအစားလဲ..."

"ဝက်ဘလီကုမ္ပဏီက ထုတ်တဲ့ ပွိုင့်တူးဖိုက် ငါးလုံးပြူး သေနတ်လေးပါ... ဖေဖေ ရှိကတည်းက... နွေး အန္တရာယ်ကာကွယ်နိုင်ဖို့ဆိုပြီး ဝယ်ပေးထားတာပါ... "

"အဲဒီသေနတ်ရဲ့ကျည်ဆန်က... ကျောက်တံအကြီးစားလောက်ပဲရှိတယ်မဟုတ်လား... ခပ်သေးသေးကျည်ဆန်မျိုးလေ... "

"ဟုတ်ပါတယ်... "

"သေနတ်ပစ်တော့... မနွေးနွေးမွန် ကျွမ်းကျင်သလား...

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထားသလား… ”

“ဟင့်အင်း… မလေ့ကျင့်ထားဘူး… ဖေဖေကပဲ… ကျည်ဆန်ဘယ်လိုလည့်ရတယ်… ပစ်ချင်ရင် ခလုတ်ဆွဲပစ်ရတယ်ဆိုတာ သင်ပေးတာလောက်ပဲရှိတယ်… ဒီအရင်က… ဒီသေနတ်ကို တစ်ခါမှလည်း ပစ်စရာအကြောင်း အန္တရာယ်မရှိခဲ့လို့ မပစ်ခဲ့ဘူး… ”

“အဲဒီသေနတ်မှာ… မောင်းထိန်း ဆေ့(ဖ်)လေးပါတယ် မဟုတ်လား… ”

“ပါပါတယ်… ”

“အဲဒီမောင်းထိန်း ဆေ့(ဖ်)ကို မနွေးနွေးမွန် ပိတ်ထားလေ့ရှိသလား… ဖွင့်ထားလေ့ရှိသလား… ”

“ဖေဖေက… သေနတ်ကိုပစ်ဖို့ မလိုအပ်ချိန်မှာ မောင်းထိန်း ဆေ့(ဖ်)ကို ပိတ်ထားရမယ်လို့ သင်ပေးတဲ့အတိုင်း… သေနတ်ရဲ့ ဆေ့(ဖ်)ကို နွေး ပိတ်ထားပါတယ်… ”

“ဆေ့(ဖ်)ပိတ်ထားပါလျက်နဲ့ ဒေါက်တာဝေမင်းနဲ့သေနတ် လုကြစဉ်က… ဘာလို့ကျည်ဆန်ထွက်သွားသလဲ… ”

ထိုမေးခွန်းကို နွေးနွေးမွန်မဖြေတတ်ပေ။ ကိုဘတိုးက ဆက်မေးသည်။

“မနွေးနွေးမွန်… အိပ်ရာခေါင်းအုံးအောက်က သေနတ်ဆွဲယူချိန်မှာ သေနတ်ရဲ့မောင်းထိန်း ဆေ့(ဖ်)ကို ဖြုတ်ဖွင့်



လိုက်သလား… ”

နွေးနွေးမွန် ငိုင်သွားပြန်သည်။

“အဲဒါလည်း မသေချာဘူး ကိုဘတိုး… အဲဒီအချိန်က… တစ်ကိုယ်လုံး မွန်ထူနေတယ်… ဆေ့(ဖ်)ကိုဖြုတ်မိသလား မဖြုတ်မိဘူးလားဆိုတာ အမှတ်တရ မရှိဘူး… ”

“အဲဒီသေနတ်ကို မနွေးနွေးမွန်ရဲ့ အိပ်ရာခေါင်းအုံး အောက်မှာ ထားတာကို ဘယ်သူတစ်ယောက်ယောက်ကမှ လာမကိုင်ဘူးလား… ”

“အဲ… ညီမလေးနှင်းဆီကတော့… တစ်ခါတလေ နွေး အိပ်ခန်းထဲ အိပ်ရာပေါ်လှဲရင်း… အဲဒီသေနတ်လေးကို ကိုင်ပြီး ပါးစပ်က ဒိုင်းဒြောင့်ဒိုင်းဒြောင့်နဲ့အော်ပြီး ဆော့တာမျိုးတော့ ရှိတယ်… ”

“မနွေးနွေးမွန်နဲ့ ဒေါက်တာဝေမင်းတို့ သေနတ်လုကြရင်း သေနတ်သံထွက်လာတော့… ဒေါက်တာဝေမင်းဟာ မှောက်လျက်ကြီး လဲကျသွားတာ သေချာတယ်နော်… ”

“သေသေချာချာ မြင်တာပါ… ”

“ဒါပေမယ့်… မနွေးနွေးမွန် သတိပြန်ရလို့ကြည့်လိုက်တော့ ဒေါက်တာဝေမင်းရဲ့အလောင်းဟာ ပက်လက်ကြီး ဖြစ်နေတယ်နော်… ”

“ဟုတ်ပါတယ်… ”

www.burmeseclassic.com

www.burmeseclassic.com



“ဦးလှိုင်ဘွားပြတဲ့ ခတ်ပုံထဲမှာ… အလောင်းဟာ ပက်လက်လား… မှောက်လျက်လား… ”

“ပက်လက်ကြီးပါ… ”

ကိုဘတိုးက သူ့ဦးလေး ဦးထိန်လင်းကို လှမ်းကြည့်လိုက်သည်။ ဦးထိန်လင်းက သဘောပေါက်သလို ခေါင်းညိတ်ပြလိုက်ပါ၏။

“စောစောက… မနွေးနွေးမွန်ပြောတဲ့အထဲမှာ ဒေါက်တာဝေမင်း ရောက်လာချိန်အထိ… အိမ်မှာ နှင်းဆီ မရှိဘူးလို့ပြောတယ်… မနွေးနွေးမွန် ရှော့(စ်)ဖြစ်ပြီး သတိပြန်ရလာတော့… နှင်းဆီဟာ ဦးလှိုင်ဘွား ဒေါ်နီမာနဲ့အတူရှိနေတယ်လို့ပြောတယ်… အဲဒီလို အတူရှိနေတာ သေချာတယ်နော်… ”

“သိပ်သေချာပါတယ် ကိုဘတိုး… နှင်းဆီဟာ နွေးအတွက် ဒိုပြီး နွေးကိုတောင် သူ့အိပ်ခန်းထဲခေါ်သွားတာပါ… ”

ကိုဘတိုးက လက်ဝါးနှစ်ဘက်အားရပါးရ ပွတ်ပြီး ကိုဝေလင်းကို လှမ်းပြောလိုက်သည်။

“ကဲ… ကိုဝေလင်း… ဒီနယ်မြေနဲ့သိပ်ဆိုင်တဲ့ ရဲစခန်းမှာ တိုင်ချက်ဖွင့်အမှုဖွင့်ပေတော့… ခင်ဗျားရဲ့ညီ ဒေါက်တာဝေမင်းဟာ ပီတောက်မြိုင်အိမ်ကြီးထဲမှာ အသတ်ခံရပြီး— အလောင်းကို နောက်ဖေးဘက် ပိုဒေါင်ကြီးဘေးမှာ မြှုပ်



ထားတယ်လို့… ရဲရဲသာ တိုင်ချက်ဖွင့်ပေတော့… ဒါဆို ရဲအဖွဲ့က အဲဒီနေရာမှာ အလောင်းကိုပြန်ဖော် စစ်ဆေးလိမ့်မယ်… အလောင်းကို စစ်ဆေးရင် အမှုမှန်ပေါ်လာမှာပဲ… ”

ကိုဘတိုး စကားအဆုံးတွင် မင်းမင်းက ခုန်ထလိုက်သည်။

“ဘယ်ဖြစ်မလဲ အစ်ကိုဘတိုး… ရဲမှာ အမှုဖွင့်လိုက်တာနဲ့ ရဲက မမနွေးကို ဖမ်းမှာပေါ့… ”

“ဖမ်းတယ်လို့တော့ မပြောနိုင်ဘူး… ဒါပေမဲ့… ရဲက မင်းရဲ့ မမနွေးကို ခေါ်ယူစစ်ဆေးမှုတော့ ပြုလိမ့်မယ်… အမှုတစ်ခုမှာ ရဲဟာ အဘက်ဘက်က မခိုင်လုံဘဲ လူတစ်ယောက်ကို ဖမ်းလေ့မရှိဘူး မင်းမင်း… ”

ကိုဝေလင်းက ဝင်ပြောသည်။

“ဟုတ်ပါ့မလား ကိုဘတိုး… အခု မနွေးနွေးမွန် ပြောပုံအရ…သေနတ်လုရင်းညီဝေမင်းကိုထိသွားတာဆိုတော့…”

“ကျွန်တော် ရှင်းပြမယ် ကိုဝေလင်း… လူနှစ်ယောက်ဟာ ပစ္စည်းတစ်ခုကို ပြိုင်ပြီးလုကြရင် မျက်နှာချင်းဆိုင်ပြီး… လက်နှစ်ဘက်ကိုယ်စီနဲ့လုကြရစမြဲ မဟုတ်လား… ကဲ… ရှင်းအောင် မနွေးနွေးမွန်ကို ကျွန်တော် မေးမယ်… ဒေါက်တာဝေမင်းနဲ့ မနွေးနွေးမွန် သေနတ်လုကြတုန်းက မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်လား... ”

“ဟုတ်ပါတယ်... မျက်နှာချင်းဆိုင်ပါ ကိုဘတိုး... ”

“တကယ်လို့ မနွေးနွေးမွန်ဟာ... သေနတ်ဆော့(ဖ်)ဖွင့်ပြီး နှစ်ယောက်သားလုကြလို့ ကျည်ဆန်ထွက်တယ်ဆိုရင် ဒေါက်တာဝေမင်းရဲ့ ရင်ဘတ်... ဝမ်းဗိုက်ရှေ့ပိုင်းမှာသာ သေနတ်ကျည်ဆန်ထိရမှာပေါ့... နောက်ပြီး... ပွိုင့်တူး ဖိုက်သေနတ်ကျည်ဆန်ဟာ ကျောက်တံလောက်သာ ရှိတာမို့... ရင်ဘတ်တို့ ဝမ်းဗိုက်တို့ကိုထိရင် မသေနိုင်ဖို့က များတယ်... နောက်ပြီး... တကယ်လို့ သေနတ်လုရင်း... ရင်ဘတ်ဝမ်းဗိုက်ပိုင်းကို ကျည်ဆန်ထိသွားတယ်ဆိုရင်... ဒေါက်တာဝေမင်းဟာ ပက်လက်ကျသွားရမယ်... အခု တော့... သေနတ်သံထွက်လာပြီး ကျောပြင်က သွေးတွေ ပန်းထွက်တာ မြင်ပြီး... မနွေးနွေးမွန် ထိတ်လန့် ရှော့(ခ်) ဖြစ်တာ... ဒါကြောင့် သေနတ်သံထွက်အလာမှာ ဒေါက် တာဝေမင်း မှောက်လျက်ကြီး လဲကျပြီး... ကျောပြင်ကို သေနတ်ကျည်ဆန် ထိတယ်ဆိုတာ သိပ်စဉ်းစားစရာပဲ... အဲ... မနွေးနွေးမွန်နဲ့ သေနတ်ပြိုင်လုနေတုန်း... ဒေါက် တာဝေမင်းကို နောက်ကနေပြီး တခြားလူတစ်ယောက်က ကျည်ဆန်အားပြင်းတဲ့ သေနတ်မျိုးနဲ့ လှမ်းပစ်တာဖြစ်နိုင် နေတယ်... ဒါကြောင့် ဒေါက်တာဝေမင်း ပွဲချင်းပြီးသေ



တာ... ”

ကိုဘတိုးက ဆက်ပြောသည်။

“အဲဒါပဲ ကိုဝေလင်း... ခင်ဗျားရဲ့ညီ ဒေါက်တာဝေမင်းကို တခြားလူတစ်ယောက်ယောက်က သေနတ်လုနေတုန်း... နောက်ကနေပြီး ကျည်အားကောင်းတဲ့ ကျည်ဆန်အကြီး စား သေနတ်မျိုးနဲ့ပစ်တာဖြစ်ရမယ်... မနွေးနွေးမွန်ရဲ့ ပွိုင့်တူးဖိုက်မိန်းမကိုင် သေနတ်လေးထဲက ကျည်ဆန် ကြောင့် မဟုတ်နိုင်ဘူး... ဒါကြောင့် မနွေးနွေးမွန်ရဲ့ လက် ချက်နဲ့ ဒေါက်တာဝေမင်း သေတာ မဟုတ်ကိုမဟုတ်ဘူး လို့ ကျုပ်ပြောတယ်... ”

“ဒါဆို... ကျွန်တော်နဲ့မမနွေး ဘာဆက်လုပ်ရမလဲ အစ်ကိုဘတိုး... ”ဟု မင်းမင်းက အားတက်သရော မေးလိုက်ပါ၏။

“မင်းမင်းနဲ့ မနွေးနွေးမွန် ခါတိုင်းကျောင်းကပြီးပြန်လာ တဲ့ပုံစံနဲ့သာ ဝိတောက်မြိုင်အိမ်ကြီးကို ပြန်ကြပေတော့... ကဲ...ကိုဝေလင်း အရေးအကြီးဆုံးက ရဲအဖွဲ့အနေနဲ့ တရား ဝင် ဝိတောက်မြိုင်ခြံကြီးထဲက ဒေါက်တာဝေမင်းကို မြှုပ် ထားတဲ့အလောင်းကို အမြန်ဆုံး ပြန်ဖော်ပြီး သက်ဆိုင် သလို ဆန်းစစ်ကြည့်ဖို့ပဲ... အဲဒါ... ကိုဝေလင်း ဖန်တီးပေး ပေတော့... ”

www.burmeseclassic.com

www.burmeseclassic.com



ဦးထိန်လင်းက ထပ်ဆင့်ပြောပါ၏။

"အလောင်းမြန်မြန် ပြန်ဖော်ကြည့်ဖို့ သိပ်အရေးကြီးတယ် မောင်ဝေလင်း... ဦးလှိုင်ဘွားတို့က ရိဝ်မိပြီး အလောင်းကို အရင်ဖော်ဖျောက်ဖျက်လိုက်ရင် မျှော်လင့်ချက်မရှိ ဖြစ်သွားမယ်... "

❋



## ၁၄

ပိတောက်မြိုင်ရိပ်ငြိမ်ခြံကြီးဝင်းတံခါးမှတဆင့် အိမ်ကြီး၏ဆင်ဝင်အောက်တွင် မင်းမင်း ကားရပ်ပေး၍ နွေးနွေးမွန် ကားပေါ်မှ ဆင်းလိုက်သည်နှင့်... ။

ဦးလှိုင်ဘွားက အိမ်အဝင်အပေါက်ဝတွင် မားမား ကြီး ခါးထောက်ပြီး ရပ်လာသည်ကို တွေ့ရပါ၏။ အိမ်ဝင်ပေါက် ကို ပိတ်ဆို့ရပ်သည့်သဘော သက်ရောက်ပါ၏။

တစ်ချိန်တည်းမှာပင် ကိုသီဟနှင့်သူ့တပည့်တစ် ယောက်က မောင်တော်ကားရှေ့တွင် ပိတ်ရပ်သည်ကို မင်းမင်း တွေ့ရသည်။

မင်းမင်းက ကားနောက်မှန်မှ နောက်သို့ကြည့်ပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားနောက်တွင် ဦးဝေလနှင့်အခြားဦးလှိုင်ဘွား၏ တပည့်လူမိုက် (၂)ယောက်ရပ်နေသည်ကို မင်းမင်း တွေ့ရသည်။

အခြေအနေမကောင်းတော့ပြီမှန်း ချက်ချင်း မင်းမင်း သဘောပေါက်သည်။

"ဒါ… ဘာလုပ်တာလဲ ဦးလေးဘွား… "

"နင်ကော ဘာတွေလုပ်ခဲ့လဲ နွေးမွန်… "

"ဘာလုပ်ရမလဲ… ကျောင်းကပြန်လာတာပေါ့… "

"ခါတိုင်းကျောင်းကပြန်နေကျအချိန်ထက် နှစ်နာရီနောက်ကျပြီးမှရောက်လာတယ်… နင့်မျက်နှာကလည်း ငိုထားတဲ့မျက်နှာ… "

"ခါတိုင်း နွေးမွန် ကျောင်းကပြန်လာချိန်မှာ ဦးလေးဘွား အမရပူရက ပြန်မရောက်သေးဘူး… ဒီနေ့ဦးလေးဘွားကကော အိမ်ကို ဘာလို့အစောကြီး ရောက်နေလဲ… "

မင်းမင်း ရိပ်မိသည်။ ယခု မိမိနှင့် မမနွေးကို သူတို့ ဝိုင်းထားခြင်းမှာ ဒေါက်တာဝေမင်း၏ နားကြပ်ကိစ္စကြောင့်ပင် ဖြစ်ရမည်။

မင်းမင်းက ကိုသီဟအား ထိုးကြိတ်ပြီး နားကြပ်ကို အရယူသွားကြောင်း ဦးလှိုင်ဘွားထံသို့ တပည့်တစ်ယောက်က ဖုန်းဆက်အကြောင်းကြားသောကြောင့် ဦးလှိုင်ဘွား အချိန်မီစောစွာ ရောက်ရှိနေခြင်းဖြစ်နိုင်သည်။ ယခု ဦးလှိုင်ဘွား



သည် နားကြပ်ပြန်ရရှိရန် ပေမည်။ နားကြပ်သည် ခိုင်မာသော သက်သေခံပစ္စည်း ဖြစ်နေသည်။

ယင်းနားကြပ်သည် ကိုဝေလင်းနှင့် ကိုကြီးမြင့်တို့ လက်ထဲ ထားပစ်ခဲ့ရသည်။

"ဒီမယ် နွေးမွန်… နင်နဲ့နင့်ကောင်လေးဟာ တော်တော်လှုလည်ကျနေတယ်… ဒီကောင်လေး နားကြပ်လုပြီး… နင့်ကို ကျောင်းသွားကြိုကတည်းက ငါ့ဆီကို ကိုဝေလက ဖုန်းဆက်ပြောပြလို့ ငါလိုက်လာတာပဲ… နောက်ပြီး ကိုဝေလက အိမ်မှာထားခဲ့တဲ့ ငါ့တပည့်မောင်စိမ်းကို ဒီကောင်လေး ကျောင်းသွားကြိုတဲ့ကားနောက်က နောက်ယောင်ခံလိုက်ကြည့်စေတယ်… မောင်စိမ်းက သူ့နောက် ယောင်ခံလိုက်ပြီး တွေ့မြင်သမျှ ငါ့ကို ပြောပြပြီးပြီ… နင်နဲ့ နင့်ကောင်လေး ဒေါက်တာဝေမင်းရဲ့အစ်ကို ဝေလင်းနဲ့ တံခွန်တိုင်က အိမ်ကြီးတစ်အိမ်မှာ သွားတွေ့ခဲ့ကြတယ် မဟုတ်လား… "

"နွေးက သွားတွေ့တာမဟုတ်ဘူး… ကိုဝေလင်းတို့က နွေးတို့ နှစ်ယောက်ကို ဖမ်းခေါ်သွားတာ… "

မင်းမင်းသည် အခြေအနေ သိပ်ဆိုးသွားပြီမှန်း အကဲခတ်မိပါ၏။

ယခု ဦးလှိုင်ဘွားသည် နားကြပ်ပြန်ရရေးကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



သာမကပဲ ကိုဝေလင်းတို့နှင့် တွေ့ဆုံခဲ့သည်ကိုပင် ဦးလှိုင်ဘွားက သိနေပေပြီ။

ပွဲကြမ်းတော့မည်သာ။

မင်းမင်းသည် အလွန်မျက်စိလျှင်လျှင်၊ နားပါးပါးဖြင့် အခြေအနေကို အကဲခတ်ရတော့သည်။

မင်းမင်းသည် ကားဒက်(ရှ်)ဘုတ်ထဲတွင် ထည့်ထားသော မောင်းပြန်စားကို ယူလိုက်သည်။

ရှေ့တွင် ကိုသီဟနှင့်အခြားတစ်ယောက်။

နောက်တွင် ဦးဝေလနှင့် တပည့်သုံးယောက်။

ယင်းလူမိုက်ငါးယောက်ကို မင်းမင်းတစ်ယောက်တည်း ပြန်ချနိုင်မည်လား။

သိပ်ကို စွန့်စားပေမည်။

မည်သို့ဖြစ်စေ မင်းမင်းသည် မမနွေးအတွက် စွန့်စားမည်သာ။

"နင်တို့ကို ဖမ်းသွားတာပဲဖြစ်ဖြစ်... နင်တို့သဘောတူသွားတွေ့တာပဲ ဖြစ်ဖြစ်... ဝေလင်းတို့နဲ့ နင်ဘာတွေပြောခဲ့လဲ နွေးမွန်... "

နွေးနွေးမွန်က ဘာမှပြန်မပြော။

"နားကြပ်ကော ဘယ်မှာလဲ... "

"ကိုဝေလင်း ယူထားလိုက်တယ်... "



"ဒါဆို... ဒေါက်တာဝေမင်းနဲ့ နင် ဖြစ်ပျက်ခဲ့တာတွေ... ဝေလင်းတို့က သိသွားပြီပေါ့ ဟုတ်လား... "

"ဟုတ်တယ် သိသွားပြီ... ရဲရုံထောက်လုပ်ခဲ့ဖူးတဲ့ ကိုဘတိုး က အဖြစ်အပျက်အားလုံးကို အသေးစိတ်နားထောင် လေ့လာပြီး ဒေါက်တာဝေမင်း သေဆုံးတာဟာ... နွေးရဲ့ လက်ချက်မဟုတ်နိုင်ဘူးလို့ မှတ်ချက်ပြုတယ်... "

"တောက်... "

ဦးလှိုင်ဘွား ခြင်းထန်စွာ တောက်ခေါက်ပါ၏။

ကားရှေ့မှ ကိုသီဟသည် သူ့ခါးကြားတွင် ထိုးထားသော ဒဿမသုံးရှစ်သေနတ်ကို ဆွဲထုတ်လိုက်သည်။ ပစ္စတိုကို မောင်းဆွဲတင်ရင်း မင်းမင်း ထိုင်နေသည့်ကားဘေးသို့ လျှောက်လာသည်။

၎င်း ဒဿမသုံးရှစ်ပစ္စတို ယခင်က ကိုသီဟ ကိုင်ဆောင်ခဲ့ဖူးသည်လို့ မတွေ့ဘူးပေ။ ၎င်းဒဿမသုံးရှစ်ပစ္စတိုသည် ဦးလှိုင်ဘွား၏ ပစ္စတိုသာ ဖြစ်ရပေမည်။ ယခု ဦးလှိုင်ဘွားက ကိုသီဟကို ပေးကိုင်ထားခြင်း ဖြစ်သည်။

ရန်သူက (၅)ယောက်။

ကိုသီဟ လက်တွင် ပစ္စတိုရှိနေသေးသည်။

မလွယ်သောပွဲပါလား။

www.burmeseclassic.com

www.burmeseclassic.com



သီဟ ကားဘေးသို့ သေနတ်ကိုင်ပြီး လျှောက်လာသည်ကို မင်းမင်းက စောင့်ကြည့်သည်။

သီဟ ကားဘေးသို့ ရောက်လာသည်နှင့် သီဟ၏ ရင်ဘတ်သို့ ကားတံခါးချိန်ကာ မင်းမင်းသည် တအားဆောင့်ဖွင့်လိုက်သည်။

ဒီတစ်ခါတော့ သီဟသည် အငိုက်မမိပေ။ ကားတံခါးအရှိန်နှင့် သူ့ရင်ဘတ်ဆီသို့ ပွင့်လာသည်နှင့် ဘေးသို့ခုန်ပြီး ရှောင်လိုက်နိုင်သည်။

မင်းမင်းက ချက်ချင်းပွင့်သွားသော ကားတံခါးမှ ဓားကိုင်ရင်း အောက်သို့ ဆင်းလိုက်သည်။

"ဒီတစ်ခါတော့… မင်းမလွယ်တော့ဘူး ,မင်းမင်း… မင်းလက်ထဲက ဓားကို အောက်ချလိုက်…"

အမှန်ပင် မင်းမင်းအတွက် မလွယ်တော့သည်မှာ အမှန်ဖြစ်ပါ၏။

သို့တိုင်အောင် ကိုသီဟ လက်ထဲ၌သာ သေနတ်ရှိသည်။ အခြားလူများလက်တွင် ဘာသေနတ်မျှ မရှိ။

ဟာကယ်တမ်း မင်းမင်း ခြံပေါက်ဝရောက်သည်အထိ မြွေလို ကွေ့တကောက်ကောက်ပြေးလျှင် မင်းမင်း အပြေးသန်သူမို့ ကိုသီဟ သေနတ်မှ လွတ်အောင်ပြေးနိုင်လောက်သည်။ ခြံတံခါးကလည်း ယခုအချိန်ထိ ပြန်မပိတ်သေးဘဲ ပွင့်နေဆဲမို့ လမ်း



ပေါ်အရောက်ပြေးလျှင် လွတ်စရာလမ်းရှိသည်။

သို့သော်…

မိမိပြေးနိုင်သဖြင့် လွတ်သွားသည်ပဲထား။ မမနွေးတစ်ယောက်ကို ထားပစ်ခဲ့ရမည်။ လုံးဝ မမနွေးကို ထားမပစ်ခဲ့နိုင်ပါပေ။

"အေးပေါ့ဗျာ ကိုသက်ဇင်… ခင်ဗျားတို့က ဦးလှိုင်ငွေ ‌ ဒးကို ထည့်တွက်ရင် ခြောက်ယောက်ရှိတဲ့အပြင် ခင်ဗျားလက်ထဲမှာ သာတီးအိတ်ပစ္စတိုကြီးလည်း ရှိနေပေတာကိုး… "

"ဩော်… ဩော်… ဩော်… မင်းက ငါ့ကို သက်ဇင်မှန်းတောင် သိနေပြီကိုး… အဲဒီလိုသိသွားတာကပဲ ခင်းအတွက် ပိုပြီးမကောင်းတာဘဲ မင်းမင်း… ကဲ… မင်းလက်ထဲကဓား အောက်ကို ချလိုက်… "

မင်းမင်းက ဓားကို မချပေ။ သက်ဇင် ခေါ် သီဟသည် အိမ်ရှေ့ပြောင်တလင်းကြီးတွင် သေနတ်နှင့် မိမိ မပစ်ရဲဟု ယူဆသည့် သေနတ်ဆိုသည်မှာ ကျည်ဆန်ထွက်ချိန်တွင် အမျိုးအစားအလိုက် ကျယ်လောင်သော အသံထွက်လေမည်သာ… ။ သေနတ်သံကြားလျှင် မည်သူမဆို လှမ်းကြည့်မည်သာ။

ပြီး…

မင်းမင်း စိတ်ဓာတ်ကိုက အလွယ်တကူ အရှုံးပေးချင်တတ်သည်မဟုတ်။ သူတို့ လူအုပ်ထဲသို့ အတင်းဝင်ပြီး ဓားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုးလျှင် ဦးလှိုင်ဘွား၏ တပည့်တစ်ယောက်နှစ်ယောက်ကို မိမိနှင့်အတူ သေမင်းနိုင်ငံသို့ ခေါ်သွားနိုင်မည် ဖြစ်သည်။

"ဟော့ကောင်... မင်းလက်က ဓားချလိုက်... မချရင် နွေးမွှန်ရဲ့လက်ကို ငါတကယ်လိမ်ချိုးပစ်တော့မယ်... "

ဦးလှိုင်ဘွား လှမ်းပြောသံကြောင့် မင်းမင်း လှမ်းကြည့်သည်။

ဦးလှိုင်ဘွားက မမနွေး၏ လက်တစ်ဘက်ကို နောက်ပြန်လိမ်ထားသည်ကို တွေ့ရသည်။

မမနွေးသည် အလွန်နာကျင်စွာ ရှုံ့မဲ့ပြီး တကျွတ်ကျွတ် ငြီးနေရှာသည်။

"မင်းမင်း... ဓားချလိုက်ပါ... မမနွေး လက်နာလှပြီ... "

"ဗိုး... ဒေါက်... "

မင်းမင်းသည် ဓားကို မြေကြီးပေါ်သို့တော့မချဘဲ မနီးမဝေးသစ်ပင်သို့ ပစ်ပေါက်လိုက်ရာ ဗိုးခနဲ ဓားအချွန်သည် ဒေါက်ခနဲ သစ်ပင်တွင် တန်းလန်းစိုက်ဝင်သွားပါ၏။

မင်းမင်းနောက်မှာ နောက်မှာဟု မမနွေးအော်သံ ပြောသံကြားရလိုက်ချိန်မှာပင် မင်းမင်းအား ဦးဝေလကြီးက သစ်သားတုတ်ချောင်းဖြင့် ဦးခေါင်းနောက်ပိုင်းသို့ ရိုက်ချလိုက်ရာ မင်းမင်းမှာ မျက်လုံးတွင် အရောင်တွေတောက်ပသွားပြီး ခွေခနဲ ဒူးညွှတ်လဲကျ သတိမေ့သွားပေတော့သည်။



မင်းမင်း ဘာမှမသိပါလေတော့။

မည်မျှကြာအောင် သတိမေ့သွားသည်မသိ၊ ဦးခေါင်းတစ်ခုလုံး နာကျင်မှုံးဝေစွာဖြင့် ပြန်လည်မျက်စိဖွင့်သတိရသောအခါတွင်...

မင်းမင်းသည် မမနွေး၏ပေါင်တစ်ဖက်ပေါ်တွင် ဦးခေါင်းတင်ထားပြီး မမနွေးက သူ့အား မျက်ရည်စက်လက်ဖြင့် ငုံ့ကြည့်နေသည်ကို တွေ့မြင်ရပါ၏။

မင်းမင်းနှင့်မမနွေးသည် ဂိုဒေါင်ကြီးတစ်ခုထဲ ထည့်သွင်းထားခြင်းခံရခြင်း ဖြစ်သည်။ ဂိုဒေါင်တံခါးတွေ ပိတ်ထားသော်လည်း ဂိုဒေါင်ထဲရှိ ပစ္စည်းတွေကို မသဲမကွဲမြင်ရသည်။

"ဟော... မင်းမင်း သတိပြန်ရနေပြီနော်... မမနွေး ဝမ်းသာလိုက်တာ... မင်းမင်း ခေါင်းတော်တော်နာနေသေးလားဟင်... "

မင်းမင်း ထထိုင်ပြီး သူ့ခေါင်းနောက်စေ့တစ်နေရာသို့ လက်ဖြင့်စမ်းကြည့်သည်။ ငုံးဥအရွယ် ဘုသီးတက်နေသည်ကို စမ်းမိသည်။

"ကျွန်တော့်ခေါင်း တော်တော်မာသားပဲ... သွေးထွက်သံယို ကွဲမသွားဘူး... အခု... ကျွန်တော် သက်သာသွားပါပြီ မမနွေး... အခု... ကျွန်တော်တို့ဘယ်ကို ရောက်နေကြတာလဲ... "

www.burmeseclassic.com



"ပိတောက်မြိုင်ရိပ်ငြိမ်ကြီးရဲ့ အိမ်နောက်ဖေးက ဂိုဒေါင်ကြီးထဲ ရောက်နေတာပဲ မင်းမင်း... မမနွေးတို့နှစ်ယောက်ကို ဂိုဒေါင်ထဲထည့်ပြီး အပြင်က သော့ခတ်သွားကြတာပဲ"

"သူတို့က ကျွန်တော်နဲ့ မမနွေးကို ခုချိန်ထိ ဘာလို့ မသုတ်သင်သေးတာလဲ... သူတို့အနေနဲ့ မမနွေးနဲ့ ကျွန်တော့်ကို တစ်ခုခုလုပ်မှာတော့ သေချာတယ်... "

"သိပ်သေချာတာပေါ့... အခုလောလောဆယ်မှာတော့ ဒေါက်တာဝေမင်းရဲ့ အလောင်းကို သူတို့ပြန်ဖော်ဖို့ရယ်... သူတို့ကို ဥပဒေနဲ့ မငြိစွန်းစေဘဲ မမနွေးနဲ့မင်းမင်းကို ဘယ်လိုစီစဉ်ရမလဲဆိုတာတွေ... လုပ်နေကြတုန်းမို့... မမနွေးတို့နှစ်ယောက်ကို ဂိုဒေါင်ထဲထည့် တံခါးပိတ် သော့ခတ်ထားတာပဲ ဖြစ်မှာပေါ့... "

"ဒါဆို... ကျွန်တော်တို့ တစ်ခုခုတန်ပြန်လုပ်ရမယ် မမနွေး... ကျားများလိုပေါ့... မုဆိုးလက်ချက်ကြောင့် မထနိုင်အောင်လဲသွားတာတောင် မိရာကို ဖမ်းကိုက်တာပဲ... လူတွေမှာ စိတ်မာန်အားရှိဖို့ပဲ လိုပါတယ်... "

မင်းမင်းပြောရင် ဂိုဒေါင်အတွင်းအားလုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။

"ကျွန်တော် သူတို့ကို တစ်ခုခု ပြန်လုပ်ပြီးမှ အသေခံမယ် မမနွေး... ကျွန်တော့်လိုကောင် သေသွားလို့... ငိုမယ့်သူ



တောင်မရှိတာ... ဘာမှလောကကြီးကို ခင်တွယ်နေစရာမလိုဘူး... "

"မင်းမင်း မှားနေပြီ... "

"ဘာမှားတာလဲ မမနွေး... "

"အိုကွယ်... မင်းမင်း မသေရဘူး... မမနွေး မငိုချင်ဘူး... ဒါပဲ... "

နွေးမွန်၏စကားမှာ မင်းမင်းသေလျှင် ချစ်ခင်သံယောဇဉ်ကြောင့် မမနွေး ငိုမှာဟု အဓိပ္ပာယ်သက်ရောက်ပါ၏။

ထို့ထက်မှာမူ...

မမနွေးက မင်းမင်းကို ချစ်နေပါပြီဟုလည်း အဓိပ္ပာယ်ကောက်နိုင်သည်။

မင်းမင်းထိုင်ရာမှ ထသည်။ ဂိုဒေါင်ကြီးထဲတွင် အားလုံးလိုက်ကြည့်သည်။

ဂိုဒေါင်မှာ အုတ်ဂိုဒေါင်မဟုတ်။ မြေစိုက်၊ သွပ်မိုးသွပ်ကာ ဂိုဒေါင်မျိုးသာဖြစ်သည်။

မင်းမင်းနှင့် မမနွေးအတွက် အချိန်ကို အလုအယက်လုပ်ရမည်။ သူတို့ ဒေါက်တာဝေမင်း၏အလောင်းကို ပြန်ဖော်ပြီး ဖျောက်ဖျက်ပြီးသည်နှင့် မမနွေးနဲ့ မိမိရှိရာသို့ ပြန်လာကြမည်မှာ သေချာသည်။

"ဟင်... ဒီမှာ တီကိုကားနီလေးပဲ... ဒီကားလာ... ဒေါက်

www.burmeseclassic.com

www.burmeseclassic.com



တာဝေမင်းရဲ့ကားပဲ ဖြစ်ရမယ်... ဒီဂိုဒေါင်ထဲမှာ ဝှက်ထားတာဖြစ်မှာပေါ့... ”

မင်းမင်းက ကျင်လည်စွာ ကားလေး၏ဘောနက်ကို ဖွင့်ကြည့်သည်။ ဘတ္တရီကို မီးစစ်ကြည့်သည်။ မီးထွက်သည်။ ကွိုင်တွေကိုလည်း စစ်ဆေးကြည့်ရာ အားလုံးအကောင်းကတိအတိုင်း ရှိနေပါ၏။ ကားအသစ်ပေကိုး။ ကားသော့ဖွင့်ကြည့်ရာ ကားထဲတွင် ဓာတ်ဆီအပြည့်ရှိကြောင်း ဓာတ်ဆီမှန်ခွက်ခွင်း မြားတံက ဖော်ပြနေသည်။

ထပ်မံကြည့်ရာ...

ဂိုဒေါင်ကြီးတစ်နေရာတွင် ယက္ကန်းချည်ထုပ်တွေ ထပ်ထားသည်ကို တွေ့ရပြန်သည်။

“ကဲ... မမနွေး... ကျွန်တော် ဒီကားထဲက ဓာတ်ဆီတချို့ကို ထုတ်ယူပြီး... ယက္ကန်းချည်ထုပ်တွေအပေါ်မှာ လိုက်ဖြန်းမယ်... မော်တော်ကားကို စက်အရင်နှိုးထားမယ်... မမနွေး အသင့် စောင့်ကြည့်နေ... ချည်ထုပ်တွေကို ကျွန်တော် မီးညှိပြီး ကားကိုတစ်ရှိန်ထိုး တံခါးကို တိုက်ဖွင့်မယ်... ဂိုဒေါင်တံခါးပွင့်တာနဲ့ မမနွေးလွတ်ရာကိုပြေးပေတော့... ”

“မင်းမင်းကကော... ”

“ကျွန်တော် ဂိုဒေါင်တံခါး တိုက်ဖွင့်တဲ့အခါ ဘယ်လို



အဖြေထွက်မယ်ဆိုတာ မသိနိုင်ဘူး... မမနွေးသာ လွတ်အောင်ပြေးပါ... ”

“မပြေးဘူး... မမနွေးလည်း မင်းမင်းမောင်တဲ့ကားအတူတူထိုင်လိုက်မယ်... ”

“ဟာ... အန္တရာယ်သိပ်ကြီးတယ်... ”

“ဘာပဲဖြစ်ဖြစ်... မမနွေး... မင်းမင်းနဲ့ပဲအတူတူ ကားထဲကလိုက်မယ်... ဒါပဲ... ”

“တကယ်ဗျာ... မမနွေးက ခွတ်ကြီးပဲ... ”

“ကဲ... အစီအစဉ်အတိုင်းသာလုပ်... မမနွေး ကားပေါ်တက်ထိုင်ပြီး စောင့်နေမယ်... ”

မင်းမင်းက ဓာတ်ဆီထုတ်ယူပြီး ချည်ထုပ်တွေအပေါ်ဖြန်း၊ ကားကိုစက်နှိုးမောင်းထွက်ရင်း ချည်ထုပ်များအပေါ်သို့ အဝတ်စုတ် ဓာတ်ဆီစွတ် မီးရှို့ပြီး ချည်ထုပ်တွေအပေါ် ပစ်လိုက်သည်။ ဝုန်းခနဲ မီးလောင်တော့သည်။

မင်းမင်း ကားပေါ်ပြန်တတ်ပြီး၊ တံခါးပေါက်သို့ ဦးတည်ကာ ဂီယာနံပါတ်တစ်ထိုးပြီး အရှိန်ကြီးမားစွာဖြင့် ဂိုဒေါင်တံခါးကို တိုက်ဖွင့်ကွေ့သည်။

ဂိုဒေါင်တံခါးမှာ ရိုးရိုးသွပ်တံခါးဖြစ်ပြီး အပြင်ဘိတ်သော့ဂလန့်မှာ ဝက်အူစုတ်လေးတွေသာဖြစ်သောကြောင့် ကားနှင့်တိုက်ဖွင့်ရာတွင် ပွင့်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝုန်းဒိုင်းသံကြီးနှင့်အတူ ချည်ထုပ်များမီးလောင်သော မီးခိုးများပါ တံခါးပေါက်မှ အူထွက်လာသည်။ ဂိုဒေါင်ထဲတွင် မီးတောက်ကြီး ဖြစ်ပေါ်နေပါ၏။

"မမန္တေး ဘာဖြစ်သွားသေးလဲဟင်... "

"ဘာမှမဖြစ်ဘူး... "

"ကျွန်တော်လည်း ဘာမှမဖြစ်ဘူး... ဂိုဒေါင်တံခါးက အနိုင်အမာ မဟုတ်လို့ ကားနဲ့တိုက်ရုံနဲ့ ပွင့်သွားတဲ့သဘောပဲ... ကျွန်တော် ခြံတံခါးဆီ ဆက်မောင်းမယ်... နောက်က သူတို့ ပြေးလိုက်လာကြပြီ... "

မင်းမင်းကားကို ဆက်မောင်းသည်။

နောက်မှလိုက်လာသည့် လူအုပ်ကြီးထဲမှာ သက်ဇင်ခေါ် သီဟသည် သူ့လက်ထဲမှ သေနတ်ဖြင့် နောက်မှ လှမ်းပစ်ပါ၏။

"အား... "

"ဟင်... မင်းမင်း ဘာဖြစ်သွားလဲ... "

"ကျွန်တော့်ပခုံးကို နောက်ကပစ်တဲ့ သေနတ်ကျည်ဆန် ထိသွားတယ်... ဒါပေမယ့် ကိစ္စမရှိဘူး မမန္တေး... ပခုံးကို ရှပ်ထိတဲ့သဘောလောက်သာ ရှိမှာပါ... ကျွန်တော် ခြံတံခါးပေါက်ကို ဆက်မောင်းမယ်... "

သို့သော်...



ခြံတံခါးကို မင်းမင်း၏တီကိုကားလေး မထွက်မီ ရဲကားအပြာကြီးတစ်စီးက ထိုးဝင်လာပြီး... နောက်မှလိုက်လာသော လူအုပ်အား ရဲတွေရောက်လာပြီမှန်းသိအောင် ရဲသားတွေက သေနတ်ကို လူအုပ်ခေါင်းပေါ် ကျော်ပြီး ပတ်ခတ်သေနတ်သံ ပေးလိုက်ခြင်းဖြင့် လူအုပ်မှာတန့်ခနဲ ရပ်သွားတော့သည်။

မင်းမင်းသည် တီကိုကားလေးကို ရပ်ထားလိုက်တော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ရာဇဝတ်ကြောင်းနှင့်ယှက်နွယ်နေသောကြောင့် ပခုံးကို သေနတ်ဒဏ်ရာရခဲ့သော မင်းမင်းကို တရားဝင်ဆေးရုံတွင် တက်ရောက်ကုသရပါ၏။

မင်းမင်းဆေးရုံသို့ရောက်ပြီး နှစ်ညအိပ် သုံးရက် ရောက်လာသည်အထိ မင်းမင်းထံသို့ မည်းသူမျှ ရောက်မလာကြပေ။

မမနွေး ကိုယ်တိုင်မလာ၊
ကိုဝေလွင် မလာ၊
ကိုကြီးမြင့် မလာ၊
ကိုဘတိုး မလာ၊



ဦးထိန်လင်း မလာ၊ ဘယ်သူဆို ဘယ်သူမှမလာကြပေ။ စားသောက်ဖို့အတွက်တော့ စီစဉ်ပေးထားသည်။

အဲ... (၃)ရက်မြောက် ညနေပိုင်း ရေညှိလာချိန် ရောက်မှ ကိုဘတိုးတစ်ယောက် မင်းမင်းဆီ ရောက်လာပါ၏။

"ငါတို့အားလုံးကို ခွင့်လွှတ်ပေးတော့ မင်းမင်း... ဝိတောက်မြိုင်အိမ်ကြီးကို ရဲအဖွဲ့က ကျကျနနစီးထားပြီး... စစ်ဆေးနေနေလို့ကွ... စခန်းမှူးဦးကိုကိုလွှင် ဒီအမှုကို ကိုင်တယ်... လိုအပ်ချိန်မှာ လိုအပ်သလို စစ်ဆေးမေးမြန်းဖို့ ငါတို့အားလုံးက မင်းဆီ ဆေးရုံကိုလာကြည့်ခွင့် မပေးဘူး... မင်းဆေးရုံမှာ စားဖို့သောက်ဖို့ကိုတောင်... ဒရိုင်ဘာကိုသက်က အားလုံးဆေးရုံးဝိတ်မှာ ပေးပြီးပို့ပေးရတာ"

"ရပါတယ်... အခု... အမှုအခြေအနေကကော အမှန်အတိုင်း ပေါ်ရဲ့လား အစ်ကိုဘတိုး..."

"အေး... အခိုင်အမာအဖြစ်ဆုံးကတော့ ဒေါက်တာဝေမင်းရဲ့ အလောင်းကို ရဲက တူးဖော်တယ်... ဒေါက်တာဝေမင်းကိုယ်ထဲက တွေ့ရတဲ့သေနတ်ကျည်ဖူးကို ယူပြီး... သီဟကိုင်တဲ့ ဒသမ ဆက်ရှစ်သေနတ်နဲ့ တိုက်ဆိုင်စစ်ဆေးဖို့ ရဲက ဓာတုဗေဒရုံးကို ပေးပို့စစ်ဆေးစေတယ်... ဓာတုဗေဒရုံးက ရရှိတဲ့အဖြေဟာ အဲဒီကျည်ဖူးဟာ... အဲဒီ သေနတ်ကပစ်လို့ထွက်တဲ့ ကျည်ဆန်လို့ အခိုင်အမာဆုံးဖြတ်

www.burmeseclassic.com



ချက်ပေးတယ်… ”
“မမနွေးရဲ့သေနတ်ကိုကော… ရဲက မစစ်ဆေးဘူးလား အစ်ကိုဘတိုး… ”
“စစ်တာပေါ့… ရယ်စရာကောင်းကောင်းသေး… မနွေးနွေးမွန်ရဲ့ သေနတ်ဟာ ဆော့(ဖ်)ပိတ်လျက်သားကြီးရှိနေတဲ့အပြင်… သေနတ်ထဲမှာလည်း ကျည်ဆန်တစ်တောင့်မှ မလျော့ဘဲ ပကတိအပြည့်အတိုင်း ရှိနေတယ်… ဒီတော့ နွေးနွေးမွန်ဟာ အမှုက လုံးဝလွတ်ကင်းသွားတာပေါ့…
“ဒါဖြင့်… ဒေါက်တာဝေမင်းကို ဘယ်သူက ပစ်သတ်တာလဲ… ”
“သီဟလေ… သက်ဇင်ဆိုတဲ့ သီဟ… သေနတ်ကတော့ ဦးလှိုင်ဘွားရဲ့သေနတ်ပဲ… သီဟကို ဒေါ်နီမာက အဲဒီ ဦးလှိုင်ဘွားရဲ့သေနတ်ကို သီဟပေးပြီး… သီဟက ဝေမင်းကိုပစ်သတ်လိုက်တာပဲ… မနွေးနွေးမွန်နဲ့ ဒေါက်တာဝေမင်း သေနတ်ပြိုင်လုနေတုန်းမှာ ဒေါ်နီမာ၊ ဦးလှိုင်ဘွားနဲ့ သီဟရောက်လာပြီး… ဒေါ်နီမာက ဦးလှိုင်ဘွားရဲ့သေနတ်ကို ထုတ်ယူပြီး သီဟကိုပေးတယ်… သီဟက သူတို့ဘက်ကိုကျောပေးပြီး သေနတ်လုနေတဲ့… ဒေါက်တာဝေမင်းကို နောက်ကနေ ပစ်လိုက်တာပဲ… သီဟက သေနတ်ပစ်ကျွမ်းကျင်တယ်… ဒေါက်တာဝေမင်းရဲ့ အသုတ်ကိုထိပြီး



မှောက်လျက်ကြီး ဒေါက်တာဝေမင်း လဲကျသွားတာပဲ… အခု ဦးလှိုင်ဘွား၊ ဒေါ်နီမာ၊ ဦးဝေလနဲ့ သီဟတို့ကို ရဲအုပ်ဦးကိုကိုလှိုင်က ဖမ်းထားတယ်… နှင်းဆီကိုလည်း ဖမ်းထားတယ်… ”
“နှင်းဆီက အမှုနဲ့ပတ်သက်နေလို့လား… ”
“အင်း… သွယ်ဝိုက်တဲ့နည်းနဲ့တော့ နည်းနည်းပါးပါး သွားငြိတာပေါ့ကွာ… ပိတောက်မြိုင်အိမ်ကြီးမှာ အမွေကိစ္စ ရှုပ်ထွေးနေချိန်မှာ ဒေါက်တာဝေမင်းနဲ့ နှင်းဆီက… တစ်ယောက်နဲ့တစ်ယောက် ပြိတီတီဖြစ်ကြတာတိုး… ဒေါက်တာဝေမင်းကို ဦးလှိုင်ဘွားနဲ့ ဒေါ်နီမာက သူတို့သမီး နှင်းဆီနဲ့ ဖြစ်မြောက်စေချင်တယ်… အဲဒါကို သီဟခေါ် သက်ဇင်က မကျေနပ်ဘူး… ဒေါက်တာဝေမင်းနဲ့သာ နှင်းဆီမဖြစ်ရင်… သီဟအနေနဲ့ နှင်းဆီကို သူရမှာလို့ တွက်ပြီး ဒေါက်တာဝေမင်းကို သတ်ချင်နေတယ်… နှင်းဆီရဲ့အကျင့်ကို ယောက်ျားဆိုရင် အရောဝင်ချင်တဲ့ အကျင့်ရှိနေလို့… သီဟကိုလည်း အရောဝင်မိတာပဲ… ဒါကို သီဟက နှင်းဆီကိုရရင် ဦးလှိုင်ဘွားနဲ့ဒေါ်နီမာရဲ့ သမက်ဖြစ်ပြီး ရုပ်ချောတဲ့ နှင်းဆီကို ရမှာဆိုတဲ့ မက်မောတဲ့ အစွဲအလမ်းရှိတယ်… ”
“ဓာက်လမ်းကတော့ သပွတ်အူပဲ မင်းမင်း… နှင်းဆီ

www.burmeseclassic.com



ကလည်း ဒေါက်တာဝေမင်းဟာ သူ့အပေါ် တိမ်းညွတ်နေရာက သူ့အစ်မ ခွေးခွေးမွှန်ဘက်ကို ယိုင်သွားတာဟာ အစ်မခွေးခွေးမွှန်က ဒေါက်တာဝေမင်းကို ကြားဖြတ်ခုတ်တာလား... ဒါမှမဟုတ် ဘယ်လိုအဖြစ်မှန်လဲဆိုတာကို သိချင်နေတယ်... ဒေါ်နီမာ ကိုယ်တိုင်ကလည်း အဲဒါကို သိချင်နေတယ်... ဒါကြောင့် အဖြစ်မှန်ကို တကယ်သိနိုင်တဲ့ အခွင့်အရေးကို စောင့်ကြည့်နေကြတယ်... ”

“အဲဒီအခင်းဖြစ်ပွားတဲ့နေ့က မခွေးခွေးမွှန်က ကျောင်းခွင့်ယူပြီး အိမ်မှာပဲ နားနေတာကို... နှင်းဆီက ဒေါက်တာဝေမင်းကို သိစေလိုက်တယ်... ဒေါက်တာဝေမင်းက မခွေးခွေးမွှန်ကို အပိုင်စီးဖို့အတွက် ချောင်းနေတဲ့လူဆိုတော့ နှင်းဆီပြန်သွားတာနဲ့... သူ့တီကို ကားအနီလေးနဲ့ ဒေါက်တာဝေမင်း ပိတောင်မြိုင်အိမ်ကြီးကိုလာတာပဲ”

“ဒေါက်တာဝေမင်း ပိတောက်မြိုင်အိမ်ကြီးကို ရောက်လာတဲ့အကြောင်း... ဦးဝေလုက ဦးလှိုင်ဘွားရှိတဲ့ အမရပူရကိုလှမ်းဖုန်းဆက် သတင်းပေးလိုက်တာနဲ့ ဦးလှိုင်ဘွား၊ ဒေါ်နီမာနဲ့ သီဟာတို့ ပိတောက်မြိုင်အိမ်ကြီးကို ပြန်လာတယ်... ခြံပေါက်ဝမှာ တီကိုကားနီလေးရပ်ထားပြီး... ဒေါက်တာဝေမင်း အိမ်ထဲက အပေါ်ထပ်မှာ ရောက်နေမှန်းသိတာနဲ့... တက်ကြည့်တာ... ဒေါက်တာဝေမင်းနဲ့



မခွေးခွေးမွှန် သေနတ်လုနေတာကိုတွေ့တယ်...ဒေါ်နီမာက ဦးလှိုင်ဘွားရဲ့အသံမသုံးရှစ်သေနတ်ကိုယူပြီး... သီဟာကို ပေးလိုက်တယ်... သီဟာက ဝေမင်းကို သေစေချင်မုန်းတဲ့လူဆိုတော့ အဲဒီသေနတ်နဲ့ ဝေမင်းရဲ့နောက်ကျောကို ပစ်ချလိုက်တာပဲ... အဲဒီလိုပစ်ပြီးမှ နှင်းဆီဟာ အိမ်ကို ပြန်ရောက်လာတာ... အဖြစ်အပျက်တွေကိုကြည့်ပြီး... ဒေါက်တာဝေမင်းဟာ သူ့ဟာသူ ဖောက်ပြန်တာ... မမခွေးနဲ့ သူ့ကိုလက်ခံတာ မဟုတ်ဘူးဆိုတာ သိသွားတယ်... ”

“ဒေါက်တာဝေမင်း မှောက်လျက်ကြီး လဲကျပြီး... ကျောကသွေးတွေ ထွက်နေတာ မြင်တာနဲ့... ခွေးခွေးမွှန်က ရှော့(ခ်)ဖြစ်ပြီး သတိမေ့သွားတယ်... ဝေမင်းကို သူပစ်လိုက်မိတာလို့ ထင်လို့...

“အဲဒီအချိန်မှာ ဦးလှိုင်ဘွား ဝင်ပြီးအကွက်ဆင်လိုက်တာပဲ... ဒေါက်တာဝေမင်းဟာ မွှန်မွှန်သေနတ်နဲ့ပစ်လို့ သေသွားပြီ... အဲ... ခွေးမွှန်ကို ဘယ်လိုမှ အမှုမပတ်အောင် လုပ်ပေးမယ်... အမွေတွေ... သူ့ကိုထက်ဝက်ပေးဖို့... တောင်းခံတယ်... ခွေးမွှန်က ဘာမှနားမလည်တဲ့သူဆိုတော့ ဦးလှိုင်ဘွားစကားကို ခေါင်းညိတ်တာပေါ့... အဲဒီမှာတင် ဒေါက်တာဝေမင်းရဲ့အလောင်းကို ဂိုဒေါင်ကြီးနားမှာ မြှုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တယ်… တီကိုကားနီလေးကို ဂိုဒေါင်ထဲမှာထည့်ပြီး ဖွက်ထားလိုက်တယ်… ”

“အဲဒီအချိန်အထိ… သီဟသက်ဇင်ဟာ သူ့မှာအမွေတွေ ရပိုင်ခွင့်… သူ့မှာရှိနေမှန်း မသိဘူးလား… အစ်ကိုဘတိုး”

“ရဲအဖွဲ့က သူတို့အားလုံးကို ဖမ်းမိပြီး… အချုပ်ထဲရောက်မှ အန်ကယ်ဦးထိန်လင်းက သက်ဇင်ခေါ် သီဟကို ပြောပြလို့ သိသွားတယ်… အဲဒီမှာတင် သူ့အပေါ် ဦးလှိုင်ဘွားလှည့်စားထားတာကို စိတ်နာပြီး… ဦးလှိုင်ဘွားဟာ ယတ္တြာန်းလုပ်ငန်းကို ဗန်းပြပြီး… မှောင်ခိုလုပ်နေတာကို… သီဟက အားလုံးဖော်ထုတ် ပြောချလိုက်တယ်… အဲဒီပစ္စည်းတွေ ဖွက်ထားတဲ့နေရာတွေကို သီဟသက်ဇင်ကပဲ လိုက်ပြဖော်ထုတ်လိုက်တယ်”

“ဒါပဲပေါ့… မင်းမင်း… မကောင်းမှုဟာ ဆိတ်ကွယ်ရာရှိတာမှမဟုတ်တာ… တရားကိုနတ်စောင့်တယ်ဆိုသလိုပဲပေါ့… နောက်ဆုံးတော့ အဖြစ်မှန်တွေပေါ်ပြီး ထိုက်တန်တဲ့ တရားဥပဒေရဲ့ အပြစ်ပေးတာကို ခံကြမယ်ပေါ့… အဲ… ဒါပါပဲ မင်းမင်း… မင်းသိစေချင်လို့ ငါက ပြောတာ… ကဲ ငါ သွားမယ်… ”

*



## ၁၆

ပိတောက်မြိုင်အိမ်ကြီး၏ သပွတ်အူအရှုပ်တော်ပုံကြီးမှာ အားလုံးပေါ်သွားပေပြီ။ ရဲအဖွဲ့ကလည်း အပြစ်ရှိသူကို ရှိသလောက်၊ ပုဒ်မတစ် အရေးယူစွဲချက်တင်ပြီး တရားရုံးတော်သို့ တင်ပြထားလေပြီ။

မင်းမင်း ဘာဆက်လုပ်မည်နည်း။

မမနွေးသည် သူ့ထံသို့ ယခုတိုင် ပေါ်မလာ။ ပွဲပြီးပြီမို့ ပတ်စာချာပြီထင့်။

မမနွေးလို တန်ဖိုးကြီးမြင့်လွန်းသော အမျိုးသမီးအတွက် မိမိသည် ဤပွဲကြီးတွင် ဗိုတွင်ကပ်သောပတ်စာလေးသာ မမနွေးက သဘောထားလိုက်ပြီလား မပြောတတ်။

မိမိ ရန်ကုန်ကိုပဲ ပြန်မည်။ အစ်ကိုဘတိုးစကားအရ ဝပ်ရှော့မှဦးလေးအောင် ပြန်ကောင်းသွားပြီ… မိမိကို အရေး

www.burmeseclassic.com



ခယ္ယရှိမက ဝပ်ရှော့တွင် မိမိမရှိသည့်အချိန်မှစပြီး... လုပ်ငန်းကျဆင်းသည်ဖုရ ပြောသည်။ ဦးလေးအောင်၏သားအရင်း အောင်မောင်းကလည်း ဝပ်ရှော့လုပ်ငန်း လုံးဝမလုပ်တတ်။ ဒီတော့ မိမိအဖို့ ရန်ကုန်ပြန်ဖို့သာ ရှိတော့သည်။

ဆရာဝန် လာရောက်စစ်ဆေးချိန်တွင် မိမိဆေးရုံမှ လက်မှတ်ထိုးပြီး ဆင်းခွင့်တောင်းမည်။ ဆင်းခွင့်ရပြီးသည်နှင့် ရန်ကုန်သို့ပြန်ရန် မင်းမင်း ဆုံးဖြတ်လိုက်ပါ၏။

ထိုစဉ်မှာပင် အင်မတန် သာယာကြည်နူးဖွယ်ရာ အသံလေးတစ်ခု မိမိခုတင်ဘေးမှကပ်ပြီး ထွက်ပေါ်လာသဖြင့် မင်းမင်းချာခနဲ လှည့်ကြည့်လိုက်သည်။

"ဟော့... ကောင်လေး မင်းမင်း... ဘာတွေများဒီလောက်ကြီး စဉ်းစားနေလို့ မမနွေးတစ်ယောက်လုံး ရောက်လာတာတောင် မသိတာလဲ... "

မမနွေးသည် မိမိခုတင်ဘေးတွင်... အင်မတန်ကျက်သရေရှိစွာ လှပချောမောစွာရပ်ပြီး ပြောနေသည်ကို မြင်ရပါ၏။

"ဟာ... မမနွေး... ကျွန်တော့်ဆီကို မမနွေး လာသားနော်... "

"မင်းမင်းဆီကို မမနွေး လာရုံဘယ်ကမလဲ... အခု မင်းမင်းကို မမနွေးရဲ့ ပိတောက်မြိုင်ရိပ်ငြိမ်အိမ်ကြီးပေ



ပြန်ခေါ်ဖို့လာခဲ့တာပဲ မင်းမင်း... ဒီဆေးရုံက ဆရာဝန်ကြီးနဲ့ မမနွေး သွားတွေ့ပြီးပြီ... မင်းမင်း ဒဏ်ရာက သိပ်မကြီးကဲ့ပါလို့ အိမ်မှာဆက်ကုရင် ရတယ်လို့ပြောပြီး ဆင်းခွ ...ပြီ... ကဲ... လာ... သွားစို့... မင်းမင်း"

"ကျွန်တော့်... ဘာလို့ ပိတောက်မြိုင်အိမ်ကြီးကို ပြန်ခေါ်တာလဲ မမနွေး... ကိစ္စတွေအားလုံးပြီးပြီပဲ... ရန်ကုန်က ဦးလေးအောင်ကလည်း ကျွန်တော်ပြန်လာရင် လက်ခံဖို့ အသင့်ရှိတယ်လို့ အစ်ကိုဘတိုးက ပြောပြီးပြီ... ဒီတော့ ကျွန်တော် ရန်ကုန်ပြန်ဖို့ပဲ ရှိတော့တာပေါ့... ပိတောက်မြိုင်အိမ်ကြီးမှာ ကျွန်တော်က ဘာလိုက်လုပ်စရာလိုတော့လို့လဲ... "

"လျှာမရှည်နဲ့... လိုက်ဆိုလိုက်ခဲ့... ဒီတစ်ခါ ပိတောက်မြိုင်ရိပ်ငြိမ်ကြီးကို မင်းမင်း ပြန်လိုက်ရမှာ ဒရိုင်ဘာဘော်ဒီဂတ်အဖြစ် မဟုတ်တော့ဘူး... သိလား... "

"ဒါဆို... ဘာလို့ခေါ်တာလဲ မမနွေး... "

"လျှာရှည်တယ်... ကဲ... ထ... သွားစို့... အောက်က ကားထဲ ...ကိုလှိုင် စောင့်နေတယ်... မင်းမင်းဆီက ...ယူမလို့တဲ့... ပိတောင်မြိုင်အိမ်ကြီးအထိ သူလိုက်ပြီး မင်းမင်းဆီက စစ်ချက်ယူမယ်တဲ့... အခု ကားထဲမှာ စောင့်ကျန်ခဲ့တာ အားနာစရာ... လာ... သွားစို့တော့"

www.burmeseclassic.com

www.burmeseclassic.com



မမနွေးကပင် တွဲခေါ်သဖြ

ကာ မင်းမင်း လိုက်လာခဲ့ပါ၏။ မှစပြီး... လုပ်ငန်းကျ

"မမနွေး..." ၏သားအရင်း အောင်

"ပြော... ကောင်လေး..." မလုပ်တတ်။ ဒီတော့ မိမိ

"အခု... ကျွန်တော့်ကို ဝိ

တာ... ဒရိုင်ဘာဘော်ဒီဂတ်အဖြစ် ဆိုရင်...

ဘာအဖြစ်နဲ့ ခေါ်တာလဲဟင်... ဒါ... မမနွေး မဖြေ

သေးဘူး..."

"ကဲ... ဖြေမယ်... နားထောင်... အခုပြန်ခေါ်တာ...

မင်းမင်းကို မမနွေးက တရားဝင်လက်ထပ်ပြီး...ဝိတောက်

မြိုင်ရိပ်ငြိမ်ကြီးရဲ့ အရှင်သခင် အဖြစ်ထားဖို့ ပြန်ခေါ်

တာ... ကဲ... ကြားပြီလား...

"ကဲ... ကြားပြီလား... ကောင်လေး...

www.burmeseclassic.com